The HOT NEWS weekly

Vol-5,No ... - 30, 2015 E-mail - admin@hotnewsweekly.com



# မင်္ဂလာအချိန်မှာ မင်္ဂလာမယူနိုင်လောက်အောင် စိတ်သောကရောက်နေရတယ်

" အိမ်ကိုရဲတွေရောက်လာတယ်။ သူတို့ပြောတာတော့ လူကြီးတွေ မင်္ဂလာယူနေတဲ့အချိန်မှာ မင်းရဲ့ကျိန်စာဆိုတဲ့စကားလုံးက လူကြီးတွေ စိတ်အနှောင့်အယှက်ဖြစ်တယ်. . . "

စာ-၁၇သို့



" ဆရာကြီးဦးဝင်းတင်ဟာ ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်ရုံတင်မကဘူး ရဲဘော်ကောင်းတစ်ယောက်လည်းဖြစ်ပါတယ်။ တကယ်တော့ ခေါင်းဆောင်တွေဆိုတာ ရဲဘော်တွေမရှိဘဲနဲ့ ခေါင်းဆောင်ဆိုတာ မဖြစ်နိုင်ပါဘူး ... "

(ဒေါ်အောင်ဆန်းစုကြည်)

စာ-၄သို့

## လောက်ကိုင်ပြန်မည့်စစ်ဘေးရှောင်များ အကြောက်တရားလွှမ်းမိုးနေဆဲဟုဆို

စာ-၅သို့

## ကျူးကျော်အိမ်ကိစ္စ သတင်းစာရှင်းလင်းပွဲလုပ်သူ အကြမ်းဖက်ခံရ

စာ-၆သို့

## သက်ဆိုင်ရာမဲဆန္ဒနယ်မြေ၌ (၆)လခန့်နေထိုင်မှသာ နယ်စပ်မှမဲဆန္ဒရှင်များ မဲပေးခွင့်ရမည်

စာ-၇သို့

## ပုသိမ်၌ရွှေညဝါဆရာတော်တရားပွဲကျင်းပနိုင်ရေး ကျောင်းသားသပိတ်ဦးဆောင်သူတို့စိစဉ်နေ

စာ-၃သို့

## ပန်းလှိုင်မြစ်ကမ်းမှကျူးကျော်အိမ်ခြေ ၅၀၀၀ဖျက်သိမ်းခိုင်းသည့်ကိစ္စ တိုင်းဒေသကြီးအစိုးရကို မေးမြန်းရန်ပြင်ဆင်

စာ-၂သို့



The HOT NEWS
Vol - 5, No - 239, Apr 24 - 30 , 2015

# မြေနီကုန်းတံတားအနီးလိုအပ်နေသော မျဉ်းကျားနှင့် အသွားအပြန်မရှိသော မှတ်တိုင်

မြေနီကုန်း၊ ခုံးကျော်တံတား အနီးရှိ မဟာမြိုင် မှတ်တိုင်တွင် လူကူးမျဉ်းကျား ပြုလုပ်ပေးထားခြင်း မရှိသေးသဖြင့် ခြေလျင်ခရီးသွားများ ယာဉ်အန္တရာယ်နှင့် ကြုံတွေ့ရနိုင်ကြောင်း သိရသည်။

'ရန်ကုန်ဘက်အသွားမဟာမြိုင်မှတ်တိုင်နဲ့ လှည်းတန်းဘက်အသွားမဟာမြိုင်မှတ်တိုင်နှစ်ခုမှာ ဟိုဘက်ဒီဘက်ပြည်လမ်းကိုဖြတ်ကူးဖို့လူကူးမျဉ်းကျားမရှိသေးဘူး။ လမ်းကူးတဲ့လူတွေကြုံတဲ့နေရာကကူးနေကြရတယ်။ ခုံးကျော်တံတားပေါ်ကအရှိန်နဲ့ ဆင်းလာတဲ့ကားတွေ၊ခုံးကျော်တံတားပေါ် အရှိန်နဲ့ တက်လာတဲ့ကားတွေကြောင့် ယာဉ်အန္တရာယ်ဖြစ်လာနိုင်တယ်'ဟု မဟာမြိုင်မှတ်တိုင်ကိုနေ့စဉ်အသုံးပြုနေရသူအမျိုးသားတစ်ဦးကပြောသည်။

'မဟာမြိုင်မှတ်တိုင်နှစ်ခု (အသွား/အပြန်)နဲ့ ခုံးကျော်တံတားကအရမ်းနီးတယ်၊ ခုံးကျော်ပေါ်ကဆင်းလာတဲ့ကားတွေနဲ့ တံတားဘေးအောက်ကနေထွက်



လာတဲ့ ကားတွေယာဉ်ကြောပေါင်းသွားတဲ့နေရာလည်းဖြစ်နေတယ်။ လမ်းကူးတဲ့သူတွေက ခုံးဆင်းအပေါ်နဲ့ အောက်ယာဉ်ကြောဆုံတဲ့နေရာကလည်းကူးကြတယ်။ မဟာမြိုင်မှတ်တိုင်နှစ်ခုနားကလည်းကူးကြတယ်။ အသွားအပြန်မှတ်တိုင်နှစ်ခုကြားပြည်လမ်းမှာ လူကူးမျဉ်းကျားတစ်ခုလုပ်ပေးစေချင်တယ်'ဟု ၎င်းကထပ်ပြောသည်။

မြေနီကုန်း ခုံးကျော်တံတား၏ ရန်ကုန် မြို့တွင်းဘက်အဆင်း ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်ရှေ့တွင်လည်း လှည်းတန်းဘက်သို့သွားရန် မြေနီကုန်းမှတ်တိုင်သာရှိပြီး ရန်ကုန်ဘက်သို့ သွားရန်မှတ်တိုင်မရှိသဖြင့် အလွန်ဝေးကွာသော ဟယ်လ်ပင် မှတ်တိုင်သို့မဟုတ်မဟာမြိုင်မှတ်တိုင်သို့ သွားရောက် စီးနင်းရသဖြင့် အဆင်မပြေမှုများ ရှိနေသောကြောင့် ရန်ကုန်ဘက်သို့ သွားရန် မှတ်တိုင်တစ်ခု သတ်မှတ်ပေးစေလိုကြောင်း ခရီးသည်တင် ကားများကို အားထားနေရသော ခရီးသွားတို့က ပြောသည်။

**မြေမြန်တော်**

# ပန်းလှိုင်မြစ်ကမ်းမှကျူးကျော်အိမ်ခြေ ၅၀၀၀ဖျက်သိမ်းခိုင်းသည့်ကိစ္စ တိုင်းဒေသကြီးအစိုးရကို မေးမြန်းရန်ပြင်ဆင်

ရန်ကုန်တိုင်းဒေသကြီးလှိုင်သာယာမြို့နယ် ညောင်ကျေးရွာအုပ်စုရှိ ကျူးကျော်အိမ်ခြေ ၅၀၀၀ ခန့်ဖျက်သိမ်းခိုင်းထားသည့်ကိစ္စအား တိုင်းဒေသကြီးအစိုးရကို ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အတွင်းမှမေးမြန်းသွားရန် ပြင်ဆင်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ညိုညိုသင်းထံမှ သိရှိရသည်။ "ရန်ကုန်မှာ ကျူးကျော်ကိစ္စနဲ့ပတ်သက်ပြီး မေးမြန်းတာတွေ အများကြီးရှိပါတယ်။ အခုမေးမှာက ဒီဖျက်သိမ်းခိုင်းတဲ့ မြေနေရာမှာ အစိုးရက ဘာလုပ်ဖို့လဲ။ တကယ်လို့ စီမံကိန်းလုပ်မယ်ဆိုရင်လည်း သူတို့အတွက် နေစရာ စီစဉ်ပေးဖို့ရှိလားမေးမှာပါ"ဟု ၎င်းကပြောသည်။

ပန်းလှိုင်မြစ်ကမ်းဘေး မြေဧက (၆၀)ရှိ ကျူးကျော်အိမ် (၅၀၀၀)ကျော်အား ဧပြီလ ၁၉ ရက်တွင် နောက်ဆုံးထား ဖယ်ရှားရန် လှိုင်သာယာမြို့နယ် အုပ်ချုပ်ရေးမှူးက ဧပြီလ ၃ ရက်နေ့က ပေးပို့ထားသည့်ကိစ္စအား မေလပထမပတ်တွင် ပြန်လည်စတင်မည့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးတွင် မေးခွန်းမေးမြန်းရန် ပြင်ဆင်နေခြင်းဖြစ်ကြောင်း သိရသည်။ "အစိုးရက လုပ်ပေးမလား၊ မလုပ်ပေးလား မသိဘူး။ အန်တီတို့ ကိုယ်စားလှယ်တွေက လွှတ်တော်မှာ အော်ရုံပါပဲ။ အခု အန်တီတို့ မေးတယ်။ (၁၀၀)လောက်မှာ (၂၀)၊ (၃၀)လောက်တော့ ဖြေရှင်းပေးနေတာတွေ့ရတယ်"ဟု ဒေါ်ညိုညိုသင်းက ဆိုသည်။ အဆိုပါ မြစ်ကမ်းဘေးနေရာတွင်နုန်းမြေများအား ကိုယ်ထူကိုယ်ထ ရှင်းလင်း၍ မူလနေထိုင်ခဲ့ကြသည်မှာ (၁၂) နှစ်ကျော် ကြာမြင့်ပြီဖြစ်ပြီး နာဂစ်ဖြစ်ပြီးနောက်ပိုင်း ဧရာဝတီတိုင်းဒေသကြီးမှအများအပြားဝင်ရောက်လာကြောင်း ကျူးကျော်မြေနေရာတွင် နေထိုင်သူတစ်ဦးဖြစ်သည့် ဦးဝါဝင်းကပြောသည်။

"ကျူးကျော်နေထိုင်တယ်ဆိုပေမဲ့ မြေနေရာက အစိုးရစီမံကိန်းနေရာလည်း မဟုတ်ပါဘူး။ မြေလွတ်မြေရိုင်းကြီးကို ရှင်းလင်းပြီး နေခဲ့ရတာပါ။ အခုမှပြောင်းရမယ်ဆိုရင် လူတစ်သောင်းကျော်လောက် အိုးမဲ့အိမ်မဲ့ဖြစ်တော့မှာပါ"ဟု ဦးဝါဝင်းကပြောသည်။

လက်ရှိမြေနေရာ မဖျက်သိမ်းရေးအတွက် နိုင်ငံတော်သမ္မတ၊ လွှတ်တော်နှင့် သက်ဆိုင်ရာ အစိုးရဌာနများထံ ကျူးကျော်နေထိုင်သူများက ဧပြီလ ၉ ရက်တွင် အသနားခံစာတင်ထားသော်လည်း သက်ဆိုင်ရာမှ အကြောင်းပြန်ကြားခြင်းမရှိသေးကြောင်း ကျူးကျော်မြေတွင် နေထိုင်သူတို့က ဆိုသည်။

"အစိုးရပိုင်မို့လို့ ဖယ်ခိုင်းတာပါ။ အခုသူတို့ဘက်က စာတင်ထားတယ်လို့ သိရတယ်။ ဒါက သူတို့လုပ်ပိုင်ခွင့်ပါပဲ။ ကျွန်တော်ကတော့ ပြောစရာမရှိပါဘူး" ဟု ညောင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဇော်ကြီးက ပြောသည်။

ညောင်ကျေးရွာအုပ်စုနှင့် တဆက်တည်းပန်းလှိုင်မြစ်ကမ်းတွင် ဝင်ရောက်နေထိုင်သူ(၁၆၀၀၀)ကျော်ရှိနေကြောင်း ကျူးကျော်နေထိုင်သူများထံမှ သိရသည်။

**ပိုင်ထက်(မြစ်မခ)**


သင်၏လက်ဝါးပြင်သည်...
သင့်ဘဝ၏ကြေးမုံပြင်ဖြစ်သည်...



ဒါတွေကိုဆောင်ရွက်ပေးနေပါတယ်
၁။ ဗေဒင်/လက္ခဏာဟောပြောခြင်း။
၂။ အကျိုးပေးသောကလေးအမည်၊ စီးပွားရေးလုပ်ငန်းအမည်များရွေးချယ်ပေးခြင်း။
၃။ ကွန်ပျူတာဖြင့်ဇာတာဖွဲ့ပေးခြင်း။ (မင်္ဂလာရက်မြတ်များရွေးချယ်ပေးခြင်း)
၄။ ဗေဒင်/လက္ခဏာပညာသင်ပေးခြင်း။
၅။ ဓါတ်ရိုက်၊ ဓါတ်ဆင်ယတြာများပြုလုပ်ပေးခြင်း။
၆။ နယ်မှပရိသတ်များကို ဖုန်းဖြင့်ဟောခြင်း၊ ဟောစာတမ်းပို့ပေးခြင်း။
* နယ်မှဆွေးနွေးလိုလျှင် ဘဏ်ပူဇော်ခကို ဘဏ်မှလွှဲပေးရပါမည်။

(ချမ်းသာသုခပြည့်ဝကြပါစေ)

လက္ခဏာဆရာကြီး မူလ ဆရာနေရောင် (စည္ဝတီ)

အမှတ်(၂၇-B)ပထမထပ်၊ သတိပဋ္ဌာန်လမ်း(ကားပွဲစားတန်းအနီး)၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း ၀၉၄၂၀၇၁၈၁၃၀ Email Sirnayrung@ gmail.com




# ရန်ကုန်မြို့တွင်း၊ မြို့ပြင်ပတ်လမ်းချိတ်ဆက်ရန် တံတားနှစ်စင်း ဆောက်မည်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့ယာဉ်ကြောပိတ်ဆို့မှုပြဿနာကို လျှော့ချနိုင်ရန် ကောင်းမွန်သောလမ်းကွန်ရက်စနစ်ဖြစ်လာရေးအတွက် မြို့တွင်း၊ မြို့ပြင်ပတ်လမ်းများ တိုးချဲ့ဖောက်လုပ်ခင်းကျင်းခြင်းလုပ်ငန်းများလုပ်ဆောင်နေကြောင်း သိရသည်။

မြို့တွင်း၊ မြို့ပြင်ပတ်လမ်း စီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံကုန်ကျမည်ဟု ခန့်မှန်းထားပြီး ပတ်လမ်းကွန်ရက်ချိတ်ဆက်သွားလာနိုင်ရန်အတွက် ရန်ကုန်မြစ်ကူးတံတား(ထီးတန်း)နှင့် လှိုင်မြစ်ကူးတံတား(ဝါးတစ်ရာ) တစ်စင်းစီထပ်မံဆောက်လုပ်မည်ဖြစ်သည်။

ရန်ကုန်မြစ်ကူးတံတားမှာ အလျား ၁ ဒသမ ၅ ကီလိုမီတာ၊ လှိုင်မြစ်ကူးတံတားမှာ အလျား ၁ ဒသမ ၂ ကီလိုမီတာရှိမည်ဖြစ်ပြီး ယင်းစီမံကိန်းကို ၂၀၁၆-၁၇ ဘဏ္ဍာနှစ်၊ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်များအတွင်း ဆောင်ရွက်မည်ဖြစ်ပြီး ပြည်တွင်းလုပ်ငန်းရှင်များကိုပါ တင်ဒါခေါ်ယူ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့တွင်း၊ မြို့ပြင်ပတ်လမ်းစီမံကိန်းကို ရန်ကုန်စည်ပင်ကရေးဆွဲထားပြီး ချိတ်ဆက်မည့်လမ်းပိုင်း ၆ ခုကိုလည်း တိုးချဲ့ဖောက်လုပ်သွားရန် စီစဉ်ထားကြောင်း သိရသည်။ HN-018

# ကမ္ဘာမှာတစ်ဆူတည်းရှိသည့် ကျောက်စိမ်းစေတီတော်



အာမခံချက်အပြည့်အဝပေးနိုင်သော
စင်ထွာ
မီးလင်းကတ္တား
CENTRA
DIGITAL WEIGHING SYSTEM
"Smart Choice for Smart Business"
၀၉.၇၃၀၀.၉၆၄၁၊ ၀၉.၉၁၀၀၀.၇၅၃

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ဆင်ရွာမြင်းမူကျေးရွာအုပ်စု ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး အနောက်ဘက် စစ်ကိုင်း-မြစ်ငယ်ကားလမ်းမိုင်တိုင်အမှတ် (၄/၅) အနီးမြေ ၅ ဧက အကျယ်အဝန်း၌တည်ထားလျက်ရှိသည့် ကမ္ဘာ့ပထမဦးဆုံးကျောက်စိမ်းစေတီတော်မှာ ရာနှုန်းပြည့်နီးပါးပြီးစီးလျက်ရှိပြီး မေလအတွင်း ထီးတော်တင်နိုင်ရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

ကျောက်စိမ်းစေတီတော်နှင့်မြေနေရာအား တစ်ဦးတည်းလှူဒါန်းသူမှာ ဦးစိုးနိုင်ဖြစ်ပြီး ကုန်ကျစရိတ်အဖြစ် ကျောက်စိမ်းတန်ဖိုးမှာ သိန်းပေါင်းကျပ်တစ်သိန်းကျော်ရှိပြီး အခြားကုန်ကျစရိတ်မှာ ကျပ်သိန်းလေးထောင်ကျော်ရှိကြောင်း သိရသည်။ မြေပြင်ပေါ်တွင် D အဆင့်ရှိ ကျောက်စိမ်းတန်ချိန် ၈၅၀ ကို အသုံးပြုထားပြီး မြေအောက်၌ဌာပနာအဖြစ် A အဆင့်ရှိ ကျောက်စိမ်းကီလို ၁၁၀ ထည့်သွင်းပူဇော်ထားသည်။ စုစုပေါင်း ကျောက်စိမ်းတန်ချိန်တစ်ထောင်ကျော်ဖြင့် တည်ထားရာ နေ့စဉ်ပြည်တွင်း၊ ပြည်ပ ဘုရားဖူးများဖြင့် စည်ကားလျက်ရှိသည်။

ကျောက်စိမ်းစေတီတော်ကြီးသည် ဉာဏ်တော်အမြင့် ၇၅ ပေ ၆ လက်မ၊ လုံးပတ်တော် ၁၇၆ ပေ၊ ပန်းတင်ခုံအလျား၅၂ ပေ ၆ လက်မ၊ အနံ ၅၂ပေ ၆လက်မ၊ အမြင့် ၁၂ ပေ၊ ထီးတော်အမြင့် ၇ ပေ၊ ငှက်ပျောဖူးအမြင့် ၈ပေ ၆ လက်မရှိပြီး စေတီတော်တောင်ဘက်တွင် အလျား ၈၀ ပေ၊ အနံပေ ၆၀ ရှိ မြေအောက်ထပ်ပါ ကျောက်စိမ်းဓမ္မာရုံကိုလည်း တည်ဆောက်ထားသည်။

ထို့ပြင် မုခ်ဦးလေးခု၌ ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်ထားရှိမည်ဖြစ်ပြီး စေတီတော်ခိုင်ခန့်ရန်အတွက် ဘိုးပိုင်စနစ်သံကူကွန်ကရစ်၊ အဆင့်မြင့်စတီးလ်များအသုံးပြုကာ မြေအုတ်များ အသုံးမပြုဘဲ ကျောက်စိမ်းများဖြင့်သာ တည်ဆောက်ထားခြင်းဖြစ်သည်။ ငလျင်ဒဏ် ၆. ၆ ရစ်ချ်စတာစကေးခံနိုင်ပြီး စေတီတော်၏ ဘွဲ့အမည်မှာ ဝေရောစနဖြစ်သည်။

ကျောက်စိမ်းများဖြင့်သာတည်ထားသောစေတီမှာ ကမ္ဘာပေါ်တွင် မြန်မာတစ်နိုင်ငံတည်းရှိလာမည့် တစ်ဆူတည်းသောစေတီဖြစ်ပြီး ကမ္ဘာ့လှည့်ခရီးသွားများ အဓိကလာရောက်ကြမည့် ဒေသဖြစ်လာမည်ဖြစ်သည်။ HNT

# ပုသိမ်၌ ရွှေညဝါဆရာတော်တရားပွဲ ကျင်းပနိုင်ရေး ကျောင်းသားသပိတ်ဦးဆောင်သူတို့စီစဉ်နေ



ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့တွင် ဧပြီလ နောက်ဆုံးပတ်အတွင်း ရွှေညဝါဆရာတော်ကြီး၏ တရားပွဲကို ကျင်းပသွားရန် စီစဉ်နေကြောင်း ဧရာဝတီကျောင်းသားသပိတ်ဦးဆောင်သူများထံမှ သိရသည်။

ဧရာဝတီကျောင်းသားသပိတ်စစ်ကြောင်း ပုသိမ်မှရန်ကုန်မြို့သို့ မတ်လအတွင်းက ချီတက်ရာတွင် ကျောင်းသားများကို စောင့်ရှောက်ခဲ့သည့် ရွှေညဝါဆရာတော်ကြီးအား တစ်နိုင်ငံလုံး တရားဟောပြောခွင့် ပိတ်ပင်ခဲ့ခြင်းမှာ တရားမျှတမှုမရှိသည့်အတွက် ယခုတရားပွဲကို ကျင်းပရန်စီစဉ်ရခြင်းဖြစ်သည်ဟု ဧရာဝတီကျောင်းသား သပိတ်ဦးဆောင်ကော်မတီဝင်များကဆိုသည်။

"ရွှေညဝါဆရာတော်ကြီးကို တရားဟောခွင့်ပိတ်လိုက်တာဟာ တရားမျှတမှုမရှိတဲ့အတွက် ဒီတရားပွဲကို စီစဉ်ရတာပါ။ ပုသိမ်မြို့က အများပိုင်နေရာမှာဖြစ်ဖြစ်၊ ဧရာဝတီကျောင်းသားသပိတ်ကျောင်းသားတွေနဲ့ပဲ သီးသန့်ဖြစ်ဖြစ် တရားပွဲကို ကျင်းပသွားမှာပါ"ဟု ဧရာဝတီကျောင်းသားသပိတ်စစ်ကြောင်း ဦးဆောင်သူ ဆရာဦးဝေယံအောင်က ပြောသည်။

ရွှေညဝါဆရာတော်ကြီးသည် ဧရာဝတီကျောင်းသား သပိတ်ချီတက်စဉ်က ရန်ကုန်သို့ရောက်လျှင် ဧရာဝတီတိုင်းအစိုးရအဖွဲ့က တာဝန်မယူကြောင်းပြောဆိုထားချိန်တွင် ရွှေညဝါဆရာတော်က ကျောင်းသားများ ရန်ကုန်မြို့အဝင်မှစတင်ကာ ဘေးမသီ ရန်မခစေရန် မိမိဦးဆောင်ပြီး ခေါ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း ဗိုလ်မြတ်ထွန်းတံတားထိပ်၌ လာရောက်မိန့်ကြားခဲ့သည့် ဆရာတော်ဖြစ်သည်။

ထို့နောက် ဧရာဝတီကျောင်းသားသပိတ်စစ်ကြောင်း မအူပင်မြို့သို့ရောက်ရှိချိန်တွင် ခေတ္တတည်းခိုရာသို့ ဧရာဝတီတိုင်းအစိုးရအဖွဲ့ဝန်ကြီးများနှင့်အတူ ကိုယ်တိုင်ရောက်ရှိလာပြီး ကျောင်းသားကျောင်းသူများကို တွေ့ဆုံအားပေးခဲ့သေးသည်။

"အခုက ခွပ်ဒေါင်းပျို့ သကြိန်သံချပ်အဖွဲ့ ထွက်တဲ့ကိစ္စတွေ လုပ်နေရလို့ပါ။ ဒီကိစ္စတွေပြီးရင် တရားပွဲကို စီစဉ်သွားမှာပါ။ အများပြည်သူကြားနာနိုင်မယ့်နေရာမှာ ကျင်းပဖြစ်ဖို့များပါတယ်"ဟု ဧရာဝတီ ကျောင်းသားသပိတ်ဝန်းရံကော်မတီဝင် ပညာပါရမီကျောင်းမှ တာဝန်ခံဆရာ ဦးကျော်နန္ဒက ပြောသည်။

ရွှေညဝါဆရာတော်ကြီးမှာ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ကို ဆုံးမဩဝါဒများ မိန့်ကြားနေသည့် တိုင်းအစိုးရအဖွဲ့ကိုးကွယ်ယုံကြည်ဆည်းကပ်ရာ ဆရာတော်တစ်ပါးဖြစ်သည်ဟု တိုင်းအစိုးရအဖွဲ့ဝင် အသိုင်းအဝိုင်းမှ သိရသည်။ မျိုးမင်းထွန်း-ဧရာဝတီတိုင်း(မြစ်မခ)



# ဓမ္မစကူးလ်ဖောင်ဒေးရှင်း ၃နှစ်ပြည့် အခမ်းအနား အကြိုတရားပွဲများ ပြည်သူ့ရင်ပြင်၌ သုံးရက်တိုင် ကျင်းပမည်

ကလေးများကို အကောင်းဆုံးစိတ်ဖြင့် ဘဝကိုနေသွားနိုင်ရန်နှင့် ပတ်ဝန်းကျင်ကို အကောင်းဆုံးများပေးသွားနိုင် ရန်ပြုစုပျိုးထောင်လျက်ရှိသည့် ဓမ္မစကူးလ်ဖောင်ဒေးရှင်းတည်ထောင်ခြင်း သုံးနှစ်ပြည့်အခမ်းအနားကို မေ ၉ရက်နှင့် ၁၀ ရက်တို့တွင် MCC ခန်းမ၌ ကျင်းပသွားမည်ဖြစ်ပြီး အခမ်းအနားအကြို တရားပွဲများအဖြစ် မေ ၁ရက်မှ ၃ရက် အထိ ပြည်သူ့ရင်ပြင်၌ တရားပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း ဧပြီ ၂၁ ရက်က မီဒီယာများသို့ ပြောကြားလိုက်သည်။

ဓမ္မစကူးလ်ဖောင်ဒေးရှင်းကို ၂၀၁၂ ခုနှစ် မတ်လ ၁၄ရက်တွင် ထူထောင်ခဲ့ပြီး ယခုအခါ မြန်မာတစ်နိုင်ငံလုံးကျောင်း ပေါင်း ၅၀၀၀ ကျော်ဖွင့်လှစ်၍ ကျောင်းသား ၆သိန်းကျော်အား သင်ကြားပေး လျက်ရှိကြောင်း၊ ဓမ္မစကူးလ်ဆရာ/မ ပေါင်းတစ်သောင်းကျော်က ကလေးဗဟို ပြုစနစ်ဖြင့် သင်ကြားပေးနေခြင်းဖြစ်ကြောင်း၊ ဓမ္မစကူးလ်ဖောင်ဒေးရှင်း၏ ဘဏ္ဍာရေးမှူး ဆရာလေးဒေါ်ခေမာစာရီက မိန့်ဆိုသည်။

ဗုဒ္ဓဘာသာစာရိတ္တပညာရေးစနစ်ကို အကောင်အထည်ဖော်နေသော ဖောင်ဒေးရှင်းကြီးတစ်ခု မြန်မာနိုင်ငံမှာရှိနေပြီ ဆိုတာ သိစေချင်သည့်အတွက် ပြည်သူ့ရင်ပြင်တွင်တရားပွဲများ စီစဉ်ရခြင်းဖြစ်ကြောင်းမေလ ၉ရက်နှင့် ၁၀ရက်တွင် MCC ၌ ကျင်းပသွားမည့် ၃နှစ်ပြည့် အခမ်းအနားကိုလည်း တစ်နိုင်ငံလုံး အတိုင်းအတာ ညီလာခံတစ်ခုအဖြစ် ကျင်းပသွားမည်ဖြစ်ကြောင်း၊ ဓမ္မစကူးလ်သည် မည်သည့်အဖွဲ့အစည်း၏ ကိုယ်ပွားလက်အောက်ခံမဟုတ်ဘဲ သီးခြား ရပ်တည်သည့်အဖွဲ့ကြီးဖြစ်ကြောင်း ဓမ္မစကူးလ် တွဲဖက်အတွင်းရေးမှူး အရှင်ရာဇိန္ဒာလင်္ကာရ၏ မိန့်ကြားချက်အရ သိရသည်။

ပြည်သူ့ရင်ပြင်၌ ကျင်းပသွားမည့် တရားပွဲများတွင် ဟောကြားမည့်ဆရာတော်များမှာသီတဂူဆရာတော်၊ ကိုရီးယားဆရာတော်၊ မေတ္တာအေးဆရာတော်တို့ဖြစ်ကြောင်းသိရသည်။

စော်မြင့်

The HOT NEWS

Vol - 5, No - 239, Apr 24 - 30 , 2015

# အောင်ချက်နည်းနေသော အဋ္ဌမတန်းအောင်ချက်မြင့်မားရေးအတွက် ညွှန်ကြားချက်များ လျှော့ချရန်လိုဟုဆို

၂၀၁၄ - ၂၀၁၅ ပညာသင်နှစ်၌ အဋ္ဌမတန်းစာမေးပွဲကို တိုင်းစစ်စာမေးပွဲအဖြစ် ပြောင်းလဲကျင်းပခဲ့ပြီးနောက် ရန်ကုန်တိုင်းတွင် အဋ္ဌမတန်းအောင်ချက် ၄၁ ရာခိုင်နှုန်းသာရှိခဲ့ရာ အဋ္ဌမတန်းအောင်ချက်ရာခိုင်နှုန်း မြင့်မားလာရေးအတွက် ပညာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များ လျှော့ချရန်လိုကြောင်း သိရသည်။

“ကလေးတွေမှာ ငယ်စဉ်ကတည်းက သင်ယူခဲ့တဲ့နည်းလမ်းတွေ၊ စာမေးပွဲစစ်ဆေးပုံနည်းလမ်းတွေရှိနေရာက စနစ်တစ်ခုပြောင်းလိုက်တဲ့အခါကျတော့ မနိုင်တဲ့ဝန်ကို ထမ်းသလိုဖြစ်သွားတယ်။ပညာရေးဝန်ကြီးဌာနရဲ့ စီမံကိန်းအရ သင်ရိုးညွှန်းတမ်းရဲ့ အခန်းအလိုက် ဘယ်အချိန်မှာ အပြီးသင်ပေးပါ။ တတ်အောင်သင်၊ ပြီးအောင်သင်ဆိုတဲ့အခါကျတော့ မဖြစ်နိုင်တာ နှစ်ခုကို တစ်ပြိုင်တည်းတွဲပြီးလုပ်ခိုင်းတယ်။ တတ်အောင်သင်စေချင်ရင် အချိန်ပေးရမယ်။ အချိန်ပေးမှ တတ်အောင်သင်နိုင်မယ်။ ပြီးတော့ အချို့ကျောင်းသားတွေမှာ ဉာဏ်ရည်မမီတဲ့ သဘာဝရှိတဲ့အတွက် အခက်အခဲတွေရှိတယ်” ဟု သာကေတမြို့နယ်ရှိ ပညာရွှေပြည်ပုဂ္ဂလိကကျောင်းမှ ကျောင်းအုပ်ဆရာ ဦးစိုးအောင်(သင်္ချာ)ကပြောသည်။

“ပညာရေးစီမံကိန်းအရအချိန်အကန့်အသတ်နဲ့ ညွှန်ကြားချက်အတိုင်း သွားနေရတယ်။ ဒါကိုကျောင်းတွေမှာ Open System ဖွင့်ပေးပြီးတော့ အတန်းတင်စာမေးပွဲကျမှ ဒီကျောင်းရဲ့ အောင်မြင်တိုးတက်မှုကို သိစေချင်တယ်။ အဲဒါကို အကြံပြုချင်တယ်။ အဲဒီလိုလုပ်တာကို ခွင့်မပြုဘူးဆိုရင် အထက်ကို လိမ်ပြောရမယ်။အောက်ကနေလိမ်ပြီးတော့အထက်က အကြိုက်ကို လိုက်လုပ်ပေးမှာဖြစ်လို့ လုပ်ငန်းအောင်မြင်မှုမရှိဘူးဆိုတာ ကျွန်တော်ထောက်ပြအကြံပြုချင်တယ်” ဟု ဦးစိုးအောင်(သင်္ချာ)က ဆက်လက်ပြောသည်။

သင်ကြားရေးအတွေ့အကြုံ ၃၀နှစ်ခန့်ရှိသော အဆိုပါကျောင်းမှဆရာဦးဌေးအောင်က “ကျွန်တော်အပြင်က ကျူရှင်ဆရာတစ်ယောက်အနေနဲ့ လွတ်လွတ်လပ်လပ်သင်ကြားမှုနဲ့ ကလေးတွေ တတ်အောင် သင်ပေးခဲ့တယ်။ အခုဒီကျောင်းမှာသင်တဲ့အခါကျတော့ ပညာရေးမူအရ တစ်လတစ်ခါ စာမေးပွဲစစ်ရတော့ ကျွန်တော်တို့ဆရာဘက်က စာသင်ချိန်တွေလျှော့သွားပြီး သင်ကြားမှုအပြည့် မသင်နိုင်တော့ဘူး။ မလိုလားအပ်ဘဲ စာမေးပွဲတွေများတာကြောင့် စာသင်ချိန်တွေကို တိုက်စားသွားတယ်။ အရင်စနစ်လို ၃လ ပတ်စာမေးပွဲစစ်ရင် သင်ပြီးသမျှ ပြန်ကျက်၊ ၆လ ပတ်စစ်ရင်လည်း အကုန်လုံးပြန်ကျက်၊ ၉လ ပတ်မှာလည်း ဒီအတိုင်းပဲ၊ အတန်းတင်မှာလည်း အကုန်လုံးပြန်ကျက်ကြရတော့ ကလေးတွေမှာ စာတွေရပြီး သူတို့အတွက် အကျိုးကျေးဇူးများတယ်။ သင်ပေးတဲ့ဆရာတွေမှာလည်း သင်ရကျိုးနပ်တယ်။ ဒါကြောင့် စာမေးပွဲတွေအကြိမ်ရေကိုလျှော့ချရင်အကုန်လုံးအတွက် အကျိုးရှိမယ်” ဟု အကြံပြုပြောကြားသည်။

မြန်မာနိုင်ငံသည် စနစ်သစ်ဖြင့် ပြုပြင်ပြောင်းလဲရေးများ ကြိုးပမ်းဆောင်ရွက်နေချိန်တွင် လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့်အတူ ပညာရည်တိုးတက်မှုသည် ဒွန်တွဲနေသကဲ့သို့နိုင်ငံသားအားလုံး၏ ပညာရည်မြင့်မားရေးကိုလည်းအမိကပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ကျောင်းအုပ်ဆရာကြီးဟောင်းတစ်ဦးကပြောသည်။

မိုးမြင့်ဆွေ





# ဆန္ဒတွေ မကျေနပ်မှုတွေ ရှေ့တန်းမတင်ရန် ဒေါ်အောင်ဆန်းစုကြည်ပြောကြား

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် သဘာပတိအဖွဲ့ဝင် သတင်းစာဆရာကြီး ဟံသာဝတီ ဦးဝင်းတင်ကွယ်လွန်ခြင်း တစ်နှစ်ပြည့်ဂုဏ်ပြုအခမ်းအနားကို ဧပြီ ၂၁ရက်က တော်ဝင်နှင်းဆီခန်းမတွင် ကျင်းပပြုလုပ်ခဲ့ရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် သဘာပတိသူရဦးတင်ဦး၊ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးအကျဉ်းသားဟောင်းများ၊ ဒီမိုကရက်တစ်အင်အားစုများ တက်ရောက်ဂုဏ်ပြုခဲ့ကြသည်။

ဟံသာဝတီဦးဝင်းတင်၏ ယုံကြည်ချက်ခိုင်မာမှု၊ ဖွဲ့သတ္တိရှိမှု၊ ဒီမိုကရေစီအရေးအတွက် အနစ်နာခံ လှုပ်ရှားမှု၊ ရဲဘော်ရဲဘက်စိတ်ရှိမှုယုံကြည်ချက်အတိုင်း ရပ်တည်မှုတို့ကိုသူရဦးတင်ဦး၊ဒေါ်အောင်ဆန်းစုကြည်၊ ဆရာကြီး၏ လုပ်ဖော်ကိုင်ဖက် ဦးမောင်မောင်ခင်၊ ၈၈မျိုးဆက်ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်တို့က ပြောကြားခဲ့သည်။

“တန်ဖိုးထားသင့်တဲ့ပုဂ္ဂိုလ်တွေကို တန်ဖိုးထားတဲ့အလေ့အထမပျောက်သေးဘူးဆိုတာတွေ့ရလို့ ကျေးဇူးတင်ပါတယ်။ နိုင်ငံတစ်နိုင်ငံမှာ တိုးတက်ဖို့ဆိုရင် အရေးအကြီးဆုံးကိစ္စဟာ ဒါပါပဲ။ ကျွန်မတို့ကို ရှေ့ဆောင်လမ်းပြလုပ်သွားနိုင်တဲ့ ကျွန်မတို့ စံနမူနာထားနိုင်တဲ့ ပုဂ္ဂိုလ်များကို တန်ဖိုးထားတာဟာကျွန်မတို့နိုင်ငံအတွက် အင်မတန်ကောင်းတဲ့စိတ်ဓာတ်ပါ။ အဲဒီလို တန်ဖိုးထားသင့်တဲ့သူတွေကို ဂုဏ်ယူစေချင်တယ်။ ဂုဏ်ယူသလို အားလည်းယူစေချင်တယ်။ ဒီအခမ်းအနားမှာ ဆရာကြီးကို ဒီမိုကရေစီရဲဘော်တစ်ယောက်အဖြစ် ဂုဏ်ပြုချင်တယ်။ဆရာကြီးဦးဝင်းတင်ဟာခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်ရုံတင်မကဘူး ရဲဘော်ကောင်းတစ်ယောက်လည်း ဖြစ်ပါတယ်။ တကယ်တော့ ခေါင်းဆောင်တွေဆိုတာ ရဲဘော်တွေမရှိဘဲနဲ့ ခေါင်းဆောင်ဆိုတာ မဖြစ်နိုင်ပါဘူး” ဟု ဒေါ်အောင်ဆန်းစုကြည်က ပြောကြားသည်။

ဆက်လက်ပြီး ဒီမိုကရေစီလှုပ်ရှားမှုကြီးမှာဆုံးခန်းတိုင်မရောက်သေးကြောင်း၊ လက်ရှိအခြေအနေတွင် ဆန္ဒနှင့် မကျေနပ်မှုများ ရှေ့တန်းမတင်သင့်ကြောင်း ပြောသည်။

“ကျွန်မတို့ရဲ့ ဒီမိုကရေစီလှုပ်ရှားမှုကြီးဟာ မပြီးသေးပါဘူး။ ဆုံးခန်းတိုင်မရောက်သေးပါဘူး။ အများကြီးလုပ်ရပါဦးမယ်။ ကျွန်မတို့ရဲ့ ဆန္ဒတွေ၊ မကျေနပ်မှုတွေ၊ လောဘ၊ဒေါသတွေကို ရှေ့တန်းမတင်ဘဲနဲ့ ဒီမိုကရေစီ ရဲဘော်များပီပီ ဆက်ပြီးတော့သွားနိုင်ကြပါစေလို့ ဆန္ဒပြုပါတယ်” ဟု ဒေါ်အောင်ဆန်းစုကြည်က ဆိုသည်။

ဆရာကြီးဟံသာဝတီဦးဝင်းတင်မှာ ကြို့ပင်ကောက်မြို့နယ်တွင် ၁၉၃၀ ခုနှစ်က မွေးဖွားခဲ့ပြီး ၁၉၅၃ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ရကာ ဂန္ထဝင်ဂျာနယ်၊ AFP သတင်းဌာန၊ကြေးမုံ၊ အိုးဝေ၊ ဟံသာဝတီသတင်းဌာနများတွင် အယ်ဒီတာ၊ အယ်ဒီတာချုပ်တာဝန်များကိုထမ်းဆောင်ခဲ့ကြောင်း၊ နိုင်ငံတကာမှ ပေးအပ်သည့် လူ့အခွင့်အရေးဆု စာနယ်ဇင်းဆုများရရှိခဲ့ပြီး ပြင်သစ်နိုင်ငံရှိ လမ်းတစ်လမ်းကို ဝင်းတင်လမ်းဟု ဂုဏ်ပြုအမည်ပေးခံခဲ့ရကြောင်း သိရသည်။

ဇော်မြင့်

# မြစ်ဆုံစီမံကိန်းဆိုင်းငံ့အောင်လုပ်ခဲ့သူ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆုရရှိ

ဧရာဝတီမြစ်ဆုံရေကာတာစီမံကိန်းဆိုင်းငံ့သွားအောင် စည်းရုံးလှုံ့ဆော်ကြိုးပမ်းတဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး သမားတွေထဲက ကိုမြင့်ဇော်ကို အမေရိကန်ပြည်ထောင်စု ဆန်ဖရန်စစ္စကိုမြို့ အခြေစိုက် Goldman သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့က ၂၀၁၅ ခုနှစ်အတွက် ဆုပေးအပ်ချီးမြှင့်ကြောင်း ကြေညာခဲ့ပါတယ်။ ဆုပေးပွဲအခမ်းအနားကိုတော့ အမေရိကန်နိုင်ငံဆန်ဖရန်စစ္စကိုမြို့မှာ ဧပြီ ၂၀ရက်က ကျင်းပခဲ့ပြီး မြေကမ္ဘာနေ့ကျရောက်တဲ့ ဧပြီ ၂၂ ရက်မှာ ဝါရှင်တန်ဒီစီမြို့တော်မှာ ထပ်မံကျင်းပမယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံက ကိုမြင့်ဇော်နဲ့ သူပါဝင်လှုပ်ရှားတဲ့ Save the Irrawaddy ဧရာဝတီမြစ် ကယ်ဆယ်ရေးအဖွဲ့အနေနဲ့ ကချင်ပြည်နယ် မြစ်ဆုံမှာ တရုတ်နိုင်ငံက တည်ဆောက်နေတဲ့ မြစ်ဆုံဆည်စီမံကိန်း ရပ်တန့်သွားအောင် လူထုလှုပ်ရှားမှုအသွင်နဲ့ အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့တဲ့အတွက် ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရပါတယ်။

Goldman သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆုကို နိုင်ငံအသီးသီးမှာရှိတဲ့ လူထုအခြေပြု လှုပ်ရှားမှုတွေမှာ အောင်မြင်မှုရရှိခဲ့တဲ့ အဖွဲ့အစည်းနဲ့ လူပုဂ္ဂိုလ်တွေရဲ့ အမည်စာရင်းကို ဆန်ခါတင်ရွေးချယ်ပြီး နိုင်ငံတကာက ကျွမ်းကျင်သူတွေ ပါဝင်တဲ့အဖွဲ့က ရွေးချယ်ပေးတာဖြစ်ပါတယ်။ အမည်စာရင်းကို လက်ခံတဲ့နေရာမှာ ကမ္ဘာ့တိုက်ကြီးအားလုံးနဲ့ ကျွန်းနိုင်ငံလေးတွေပါ ကိုယ်စားပြုနိုင်အောင် တစ်နေရာ တစ်ဖွဲ့နှုန်းနဲ့ ဆန်ခါတင် ရွေးချယ်တာ ဖြစ်တယ်လို့ သိရပါတယ်။

Goldman သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆုကို မြန်မာနိုင်ငံက ကရင်တိုင်းရင်းသား သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလှုပ်ရှားသူ Ka Hsaw Wa လည်း ၁၉၉၉ ခုနှစ်က လက်ခံရရှိခဲ့ဖူးပါတယ်။ ဒီနှစ်အတွက် ကိုမြင့်ဇော်နဲ့အတူ ဆုလက်ခံရရှိတဲ့သူတွေကတော့ ကနေဒါနိုင်ငံက Marilyn Baptise၊ ဟေတီနိုင်ငံက Jean Wienen၊ ကင်ညာနိုင်ငံက Phyllis Omido၊ စကော့တလန်နိုင်ငံက Howard Wood နဲ့ ဟွန်ဒူရပ်စ်နိုင်ငံက Berta Caceres တို့ဖြစ်ပါတယ်။




အောက်ခြေထိ ထိုးဖောက်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သဘာဝသယံဇာတ ထိန်းသိမ်းရေး၊ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေး၊ အရပ်ဘက် လူထုအကျိုးဆောင်ရေး၊ ပတ်ဝန်းကျင်သာယာရေး၊ မြေယာစီမံခန့်ခွဲရေး၊ လူ့အခွင့်အရေးစတဲ့ ကိစ္စရပ်တွေကို ကျယ်ကျယ်ပြန့်ပြန့်ထဲထဲဝင်ဝင် ဆောင်ရွက်သူတွေကို Goldman သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆုချီးမြှင့်တာလို့ သိရပါတယ်။

HN-018

# လောက်ကိုင်ပြန်မည့် စစ်ဘေးရှောင်များ အကြောက်တရားလွှမ်းမိုးနေဆဲဟုဆို

ရှမ်းပြည်နယ်မြောက်ပိုင်း၊လားရှိုးမြို့မှ လောက်ကိုင်မြို့သို့ ပြန်ကြသည့် စစ်ဘေးရှောင်များမှာ အကြောက်တရားစိုးမိုး၍ စိုးရိမ်စိတ်ကြီးမားနေဆဲဖြစ်သည်ဟု လွှမ်းမိုးနေဆဲဖြစ်သည်ဟု ဧပြီလ ၂၁ ရက်က လောက်ကိုင်ပြန် ဒုက္ခသည် အသိုင်းအဝိုင်းမှ သိရသည်။

"ပြန်ကြမယ်ဆိုလို့သာ ပြန်ကြတာပါ။ ကျွန်မစိတ်ထဲမှာ အရမ်းစိုးရိမ်မိတယ်။ ကြောက်လည်း အရမ်းကြောက်တယ်။ သေနတ်ပစ်သံတွေ ပေါက်ကွဲသံတွေကို နားထဲမှာ အခုထိကြားနေဆဲပဲ" ဟု စစ်ဘေးရှောင် မအေးခင်ကပြောသည်။

"မန်ဆူ(ရှမ်း)ကျောင်းမှာ တည်းခိုနေတဲ့ အိမ်ထောင်စုပေါင်း ၆၇စု၊ လူပေါင်း ၂၃၄ဦးကို ဒီနေ့လောက်ကိုင်ကို ပြန်ပို့ပေးပါတယ်။ အိမ်ရှိလို့ပြန်ချင်သူကလည်း အိမ်ပြန်နေလို့ရတယ်။ ပြန်စရာအိမ်မရှိတဲ့သူတွေကို လတ်တလောမှာ လောက်ကိုင် အထက(၁)ထဲမှာ စောင့်ရှောက်ထားပါမယ်၊ နောက်ထပ်လိုအပ်မယ့် အိမ်နဲ့ အလုပ်အကိုင်တွေကိုလည်း ဖန်တီးပေးပါမယ်။ အမြန်ဆုံးပြန်လည်ထူထောင်ရေးလုပ်ပေးမှာပါ။ လိုအပ်တာကူညီပေးမှာဖြစ်တယ်" ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင်က ပြောသည်။

မန်ဆူ(ရှမ်း)ကျောင်းစခန်း၌ မှီခိုနေကြသူအားလုံး လောက်ကိုင်ပြန်ကြမည်ဟူ၍ မပြောနိုင်ကြောင်း၊ လောက်ကိုင်သို့ပြန်လည်ရောက်ရှိပါကလည်းနေစရာမရှိဟု ဒုက္ခသည်တစ်ဦးက ယခုကဲ့သို့ဆိုသည်။

"ကျွန်မအိမ်က လောက်ကိုင်ရပ်ကွက်(၁)မှာရှိခဲ့တာ။ သေနတ်ပစ်သံတွေကြားရပြီး အိမ်၂၀လောက် မီးလောင်တဲ့အထဲကျမအိမ်ပါတယ်။ ကျွန်မကလေး ၄ယောက်နဲ့ အသက်လုပြေးခဲ့ရပါတယ်။ အခုပြန်ရင် နေစရာလည်းမရှိ အလုပ်ကလည်း ဘာလုပ်ရမယ် မသိသေးပါဘူး။ ကျွန်မကလေးတွေရဲ့ စားဝတ်နေရေးအတွက် စဉ်းစားတိုင်းငိုချင်တယ်။ ငိုစရာလည်း မျက်ရည်မရှိတော့ပါဘူး" ဟု ခင်ပွန်းသည်သေဆုံးပြီးနောက် ကလေး ၄ယောက်နှင့် ကြံခုတ်လုပ်သားလုပ်ကိုင်သူ ဒုက္ခသည် မအေးမြင့်ကပြောသည်။

လောက်ကိုင်ဒေသတွင် မြန်မာပြည်အနှံ့အပြား မှသွားရောက်အလုပ်လုပ်ကိုင်ကြရင်း ဒေသခံတိုင်းရင်းသားများနှင့် အိမ်ထောင်ကျကာ သားသမီးတို့နှင့်ပျော်ရွှင်စွာနေထိုင်ကြသူများရှိသလို ကြံခုတ်ရာသီ၌ လာရောက်အလုပ်လုပ်ကိုင်သော ရွှေ့ပြောင်းအလုပ်သမားများလည်းရှိကြောင်းသိရသည်။



ယူနန်ပြည်နယ်ရှိ လောက်ကိုင်စစ်ဘေးရှောင် ဒုက္ခသည်စခန်းတစ်ခု

တိုက်ပွဲများစတင်ဖြစ်သည့် ဖေဖော်ဝါရီလ ၉ရက်မှ ၂၅ရက်အထိ လားရှိုးမန္တလေးမှ ဒေသအသီးသီးသို့ ပြန်လည်ပို့ဆောင်ပေးခဲ့သူ ၂သောင်းနီးပါးခန့်ရှိခဲ့ပြီး အချို့မှာနီးစပ်ရာ တရုတ်နိုင်ငံအတွင်းဘက်ခြမ်းသို့ ရောက်ရှိနေသူများလည်းရှိကြောင်း တရုတ်ဘက်အခြမ်းသို့ရောက်ရှိနေသူ ၂၀၀၀ခန့်မှာ မိမိတို့ဒေသသို့ ပြန်လည် ဝင်ရောက်နေပြီဖြစ်ကြောင်းကိုလည်း သိရသည်။

"ထုတ်ပြန်ချက်မှာ အရေးကြီးတောင်ကုန်းတွေ၊ နေရာတွေ ရှင်းလင်းနိုင်ပြီလို့ သိရပါတယ်။ ဒါပေမဲ့ နယ်စပ်မျဉ်းနားမှာတော့ တိုက်ပွဲတွေ အပြင်းအထန်ဖြစ်နေတယ်လို့ ဖေ့ဘွတ်သတင်းမှာဖတ်လိုက်ရတော့ ပြန်ရမှာကို စိုးရိမ်မိပါတယ်"ဟုစီအောကျေးရွာနေ ကိုသောင်းလှက ပြောသည်။

လောက်ကိုင်-ချင်းရွှေဟော်-တာရွှေထန်လမ်းတစ်လျှောက်တွင် တပ်မတော်မှ ရှင်းလင်းပြီးဖြစ်ကြောင်း၊ လုံခြုံရေးလည်း ယူထားပြီးဖြစ်သည့်အတွက် အိမ်ပြန်လိုသည့် ဒုက္ခသည်များ နေရပ်ပြန်နိုင်ရေး ပို့ဆောင်ပေးနေခြင်းဖြစ်သည်ဟု လွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင်က ဆိုသည်။

ရှမ်းပြည်နယ်မြောက်ပိုင်း၊လားရှိုးမြို့ရှိ သီရိမင်္ဂလာမန်ဆူ(ရှမ်း)ကျောင်းတွင် ဖေဖော်ဝါရီလ ၉ရက်မှ ဧပြီလ ၂၀ ရက်တိုင်ရက်ပေါင်း ၆၈ရက်တာတည်းခိုနေထိုင်သောမိသားစုများအားလုံးမှာ မော်တော်ယာဉ် ၇စီးဖြင့် ယနေ့နံနက်ပိုင်းက ထွက်ခွာသွားကြပြီဖြစ်ကြောင်း၊ မထွက်ခွာမီကြက်ခြေနီဗဟိုမှ နေအိမ်သုံး အိုးခွက်ပန်းကန်များ၊ မိုးကာထည်များ၊ အသုံးအဆောင်ပစ္စည်းများထောက်ပံ့ခဲ့ကြောင်းကိုလည်း သိရသည်။ **မမ-လားရှိုး(မြစ်မခ)**

# ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် အုပ်ချုပ်ခွင့်ကိုလက်မခံပါက ပဋိပက္ခများရပ်တန့်မည်မဟုတ်

တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ တောင်းဆိုနေသည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို အရေးကြီးသည့် တောင်းဆိုမှုတစ်ရပ်အဖြစ် လက်မခံပါက လက်ရှိဖြစ်ပေါ်နေသည့် ပဋိပက္ခများကို ရပ်တန့်နိုင်မည်မဟုတ်ကြောင်း ရခိုင်အမျိုးသားပါတီဥက္ကဋ္ဌ ဒေါက်တာအေးမောင်က ပြောကြားလိုက်သည်။ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များအကြား တိုက်ပွဲများဖြစ်ပွားနေခြင်းနှင့် ပတ်သက်၍ ဒေါက်တာအေးမောင်က ယခုကဲ့သို့ ပြောဆိုခဲ့ခြင်းဖြစ်သည်။

"တပ်မတော်က နိုင်ငံကို နှစ်ပေါင်း ၆၀ကျော်လောက် လွှမ်းမိုးထားတာကိုး။ ထစ်ခနဲရှိ လက်နက်နဲ့ပဲ ဖြေရှင်းတတ်တဲ့ ဉာဏ်ကရှိလာတယ်ဗျ။ဒါက ပြည်ထောင်စုအတွက် မကောင်းဘူးဗျ။ တိုင်းရင်းသားတွေရဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အုပ်ချုပ်ခွင့်ဆိုတာကို အရေးကြီးတဲ့ တောင်းဆိုမှုမှန်း အသိအမှတ်ပြုဖို့လိုလာပြီ။ အဲဒီလို အသိအမှတ်မပြုသမျှ ကာလပတ်လုံး လက်နက်ကိုင်ပဋိပက္ခကို မည်သည့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နဲ့မှ ဖြေရှင်းလို့ရမှာ မဟုတ်ပါဘူး" ဟု ဒေါက်တာအေးမောင်က ပြောသည်။ ထို့ပြင် လက်နက်ကိုင်ပဋိပက္ခများအား ပြည်ထောင်စု၏ အရေးကြီးဆုံးပြဿနာတစ်ရပ်အနေဖြင့် ညှိနှိုင်းအဖြေရှာကြရန် လိုအပ်ကြောင်း ၎င်းကဆက်ပြောသည်။

တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များအနေဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် အပစ်အခတ်ရပ်စဲရေးစာချုပ်မူကြမ်းအား ၇ကြိမ်တိုင်တွေ့ဆုံဆွေးနွေးကာ သဘောတူညီမှုရရှိခဲ့သော်လည်း ယင်းကဲ့သို့သဘောတူညီမှုရရှိပြီးနောက်ပိုင်းတွင် တိုက်ပွဲများ ပြန်လည်ဖြစ်ပွားနေခြင်းဖြစ်သည်။

ယင်းကဲ့သို့ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များနှင့် တိုက်ပွဲများဖြစ်ပွားနေခြင်းကို ရပ်တန့်နိုင်ရန် မေလဆန်းတွင် 'ဝ' ပြည်သွေးစည်းညီညွတ်ရေးပါတီဌာနချုပ် ပန်ဆန်းတွင်ပြုလုပ်မည့် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များ ထိပ်သီးညီလာခံတွင် ထည့်သွင်းဆွေးနွေးသွားမည် ဖြစ်ကြောင်း ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီအတွင်းရေးမှူး ဗိုလ်မှူးကြီးခွန်ဥက္ကာက ပြောသည်။

မေလ ၁ရက်မှ ၃ရက်အထိတိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ ထိပ်သီးညီလာခံကို ကျင်းပသွားမည်ဖြစ်ပြီး ယခုတစ်ကြိမ်သည် ၃ကြိမ်မြောက် ထိပ်သီးညီလာခံဖြစ်သည်။ **နောင်ရိုး(မြစ်မခ)**



THE HOT NEWS
Vol - 5, No - 239, Apr 24 - 30 , 2015



# လာပြန်ပြီ ရွှေတိဂုံစေတီပုံတော်တံဆိပ် ကပ်ထားတဲ့ မလေးရှားထုတ်အရက်ပုလင်း



မလေးရှားနိုင်ငံ၊ ဆလန်ဂေါပြည်နယ်၊ ရှားအလမ်းမြို့မှာ တည်ရှိတဲ့ Teo-Song Chan အရက်ကုမ္ပဏီက သူတို့ရဲ့ ထုတ်ကုန်တစ်ခုမှာ ရွှေတိဂုံစေတီပုံတော်ကို တံဆိပ်ကပ်ပြီးရောင်းချနေပါတယ်။

အဲဒီကုမ္ပဏီဟာ အရက်မျိုးစုံကို တံဆိပ်မျိုးစုံကပ်ပြီး ပြည်တွင်း၊ ပြည်ပမှာ ရောင်းချနေတာပါ။ အဓိကဈေးကွက်တွေကတော့ မလေးရှား၊ စင်ကာပူနဲ့ ဗီယက်နမ်တို့ပဲဖြစ်ပါတယ်။

ထုတ်ကုန်အနေနဲ့ ဝီစကီ၊ ရမ်၊ ဂျင်၊ ဘရမ်ဒီစတဲ့ အရက်အုပ်စု ၉ မျိုးထုတ်လုပ်ပြီး Thai Liquer လို့ အမည်ပေးထားတဲ့ အုပ်စုမှာ ရွှေတိဂုံစေတီပုံတော်တံဆိပ်ကပ်ထားတဲ့အရက်ပုလင်းတွေကို တွေ့ရမှာပါ။ 150 ml၊ 170ml၊ 350ml၊ 700ml ပုလင်းအဖြစ် ထုတ်လုပ်ပြီး 350ml ကို မလေးရှားရင်းဂစ်ငွေ ၆ ဒေါ်လာနဲ့ရောင်းချနေတာပါ။

မြန်မာမှာသာမက ကမ္ဘာမှာပါ ကျော်ကြားတဲ့ ရွှေတိဂုံစေတီကို ယခင်နှစ် ဩဂုတ်လကလည်း တာမွေမြို့နယ်၊ ဦးချစ်မောင်အိမ်ရာမှာရှိတဲ့ ဖူးရှင်းဘရားသား(စ်)ကုမ္ပဏီက စီးကရက်ဘူးအရွယ်ရှိတဲ့ လက်ဖက်ခြောက်ဘူးငယ်တွေထည့်ထားတဲ့ စက္ကူဘူးကြီးနဲ့ လက်ဆွဲအိတ်အပေါ်တွေမှာ ရိုက်နှိပ်ပြီး လက်ဆောင်ပေးခဲ့လို့ တာဝန်ရှိသူတွေက အချိန်မီ ပြန်လည်သိမ်းဆည်းခဲ့ရသလို ယုဇနပလာဇာနားက အထည်ဆိုင်တစ်ခုမှာလည်း စေတီပုံပါ ပိတ်စတွေရောင်းချခဲ့တာကြောင့် သိမ်းဆည်းမှုတွေလုပ်ခဲ့ရပါတယ်။ ဒါ့အပြင် ဂျာမနီလေကြောင်းလိုင်းဖွင့်ပွဲမှာလည်း ရွှေတိဂုံစေတီပုံစံတူကိတ်မုန့်ကို မြန်မာသံအမတ်ကြီးကဓားနဲ့လှီးဖြတ်ခဲ့တဲ့အတွက် ဝေဖန်ပြောကြားခဲ့မှုတွေ ရှိခဲ့ပါတယ်။

မလေးရှားနိုင်ငံဟာ အစ္စလာမ်ဘာသာကိုးကွယ်သူအများဆုံးရှိတဲ့ နိုင်ငံဖြစ်ပြီး အရက်ရောင်းချမှုကို တင်းကျပ်ထားတဲ့နိုင်ငံဖြစ်ကြောင်းလည်း သိရပါတယ်။

HN-018



# သကြၤန်အတွက် ရောင်းအားကောင်းခဲ့သောကြောင့် ငါးခြောက်ဈေးကွက်ပန်းပန်လျက်ရှိ

သကြၤန်ကာလအတွင်း အလှူအတန်းလုပ်မှုများပြားသောကြောင့် ဈေးကွက်အတွင်း ငါးခြောက်ပြတ်လပ်ခဲ့ပြီး ယခုအချိန်ထိ ငါးခြောက်ကုန်သစ်ဝင်ရောက်မှုမရှိသည့်အတွက် စားသုံးသူများအနေဖြင့် ငါးခြောက်ကိုဈေးကြီးပေး၍ ဝယ်ယူနေရသည်။

သကြၤန်မတိုင်မီ ရက်ပိုင်းက ငါးခြောက်ဈေးမှာ ပုံမှန်ထက်ပျမ်းမျှ ၁၀၀၀ ကျပ်ခန့်ဈေးတက်ခဲ့ရာ ယနေ့အချိန်တွင် နောက်ထပ် ၅၀၀ ကျပ်ခန့်ဈေးတက်လျက်ရှိသည်။ သကြၤန်ကာလအတွင်း ငါးဖမ်းသမားများ ပင်လယ်ပြင်မထွက်ခြင်း၊ ငါးခြောက်လုပ်ငန်းများ ရပ်နားထားခြင်းကြောင့် ဈေးကွက်အတွင်း ကုန်ပစ္စည်းအသစ်မဝင်ခြင်းဖြစ်သည်ဟု သိရသည်။

ယခုလ နောက်ဆုံးပတ်နှင့် မေလဆန်းမှသာ လုပ်ငန်းများပြန်လည် လည်ပတ်မည်ဖြစ်ပြီး စားသုံးမှုဈေးကွက်သို့ မေလလယ်လောက်ကျမှသာ ငါးပိ၊ ငါးခြောက်၊ ငံပြာရည်များ ပေါပေါများများ ပြန်လည်ဝင်ရောက်လာမည်ဟုလည်း သိရသည်။ ပင်လယ်ငါးဝင်ရောက်မှု မရှိသောကြောင့် လုပ်ငန်းပြန်စသည့် ငါးခြောက်လုပ်ငန်းရှင်တချို့မှာ ဈေးကြီးသည့်ရေချိုငါးများဖြင့် ထိန်းပြီးငါးခြောက်လုပ်နေရကြောင်း သိရသည်။

ငါးခြောက်လက်ကျန်ရှိနေသည့် ဈေးသည်များကလည်း ဈေးတင်ရောင်းချနေမှုကြောင့် ငါးခြောက်ဈေးကွက်ပန်းပန်လျက်ရှိပြီး ငါးခြောက်ကြိုက်နှစ်သက်သူများမှာ ဈေးသက်သာသည့် ငါးနီတူခြောက်ကိုသာ ဝယ်ယူစားသုံးနေရကြောင်းလည်း သိရသည်။

HN-018

# လွှတ်တော်ကိုယ်စားလှယ်လောင်း နေရာအတွက် ရသေ့တောင်၌ ပြိုင်ဆိုင်မှုပြင်းထန်နေ

ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်တွင် ရခိုင်အမျိုးသားပါတီ၏လွှတ်တော်ကိုယ်စားလှယ်လောင်းများအဖြစ်လျှောက်ထားသူများအကြား၌ ပြိုင်ဆိုင်မှုပြင်းထန်နေပြီး မြို့နယ်အတွင်းရှိ ကျေးရွာများ၌ တစ်ဦးချင်းစီကွင်းဆင်းကာ စည်းရုံးရေးဆင်းနေကြောင်းကော်မတီဝင်များထံမှ သိရသည်။ ရသေ့တောင်မြို့နယ်တွင် ရခိုင်အမျိုးသားပါတီလွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ်လျှောက်ထားသူ ၈ ဦးတွင် လက်ရှိလွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်ကော်မတီဝင်များပါဝင်ကြောင်း သိရသည်။

'ကိုယ်စားလှယ်လောင်းတွေ အားလုံးက မြို့နယ်ပါတီ ကော်မတီတွေရဲ့ အစည်းအဝေး ဆုံးဖြတ်ချက် မပါဘဲ ကိုယ့်အစီအစဉ်နဲ့ နယ်တွေကို ဆင်းပြီး သူထက်ငါ အလုအယက် စည်းရုံးရေးဆင်းနေကြတယ်။ တချို့ဆိုရင် ကိုယ့်ရေးအထ္ထုပ္ပတ္တိ စာအုပ်တွေ ဖြန့်ဝေနေကြတယ်။ တချို့က ဖုန်းဆင်းကတ်တွေပေးကြတယ်။ ပါတီရဲ့ ရပ်ကျေးကော်မတီတွေကို မိမိဘက်ပါအောင်စည်းရုံးနေကြတယ်'ဟု ရသေ့တောင်မြို့နယ်၊ ရခိုင်အမျိုးသားပါတီ၏ တွဲဖက်အတွင်းရေးမှူးဒေါ်စိုးစိုးငွေက ပြောသည်။

ရသေ့တောင်မြို့နယ်တွင် ရခိုင်အမျိုးသားပါတီအား ပါတီအလုပ်အမှုဆောင်ကော်မတီဝင် ၂၅ ဦးနှင့် ပါတီကော်မတီဝင် ၇၄ ဦးတို့ဖြင့် ဖွဲ့စည်းထားပြီး မြို့နယ်တွင်းရှိကျေးရွာ ၁၅၀ ကျော်ခန့်တွင် ရပ်ကျေးကော်မတီများဖွဲ့စည်းခဲ့ပြီးဖြစ်သည်။ 'ကျွန်မတို့ပါတီမှာက ကိုယ်စားလှယ်လောင်းတွေရဲ့ မဲဆွယ်စည်းရုံးရေးနဲ့ ပတ်သက်တဲ့ မူဝါဒကလည်း တိတိကျကျမရှိဘူးဖြစ်နေတယ်။ ပါတီမှာပြဿနာတွေ ပေါ်လာတိုင်းလည်း မဖြေရှင်းပေးနိုင်တော့ ပါတီတွင်းစည်းကမ်းထိန်းသိမ်းရေးပိုင်းမှာ အားနည်းနေတယ်'ဟု တွဲဖက်အတွင်းရေးမှူးဒေါ်စိုးစိုးငွေက ဆိုသည်။

ရခိုင်နှစ်ပါတီအား တစ်ပါတီတည်းအဖြစ်ပူးပေါင်းလိုက်သည့်ရခိုင်အမျိုးသားပါတီသည်ပါတီပေါင်းစည်းရေးလုပ်ငန်းများကြောင့် လက်ရှိတွင် ပါတီတွင်းစည်းကမ်းထိန်းသိမ်းရေးတွင် လျော့နည်းနေသည်ဟု ၎င်းကဆိုသည်။ 'ကျွန်တော်တို့တွေဆီကို ရခိုင်ပါတီရဲ့ ကိုယ်စားလှယ်လောင်းတွေလာကြတယ်။ လာတဲ့သူတိုင်းကျွန်တော့်ကိုမဲပေးပါ။ သူ့ကိုမဲထည့်ပါဆိုပြီးဟောပြောကြတယ်။ ကျွန်တော်တို့က သူတို့ အကြောင်းအရာတွေကိုလည်း ဘာမှ မသိတော့ စိတ်ရှုပ်ထွေးနေရတယ်။ မပေးသင့်တဲ့သူကို မဲပေးမိမှာ စိုးရိမ်တယ်။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်လောင်းတွေအကြောင်းကို သေသေချာချာသိတဲ့ မြို့နယ်ကော်မတီဝင်တွေက တာဝန်ယူပြီးရွေးချယ်ပေးသင့်တယ်'ဟု ရသေ့တောင်မြို့နယ်ဂူတောင်ကျေးရွာမှ ဦးသိန်းအောင်ကဆိုသည်။

ရသေ့တောင်မြို့နယ်တွင် ရခိုင်အမျိုးသားပါတီလွှတ်တော်ကိုယ်စားလှယ်လောင်းများ စိစစ်ရွေးချယ်ရေးနှင့်ပတ်သက်၍ ဆွေးနွေးရန် မေလ ၁ ရက်နေ့တွင် မြို့နယ်ကော်မတီအစည်းအဝေးပြုလုပ်မည်ဖြစ်ပြီး မေလ ၂ ရက်နေ့တွင် မြို့နယ်အလုပ်အမှုဆောင်ကော်မတီအစည်းအဝေးများအား မြို့နယ်ပါတီရုံးခန်း၌ ပြုလုပ် ကျင်းပသွားမည်ဖြစ်ကြောင်း ကော်မတီဝင်များထံမှ သိရသည်။

ရခိုင်အမျိုးသားပါတီမှာ ဒေသတွင်းရှိ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်နှင့် ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီတို့ဒေသခံရခိုင်ပြည်သူလူထု၏တောင်းဆိုမှုအရ ၂၀၁၃ ခုနှစ် ဇွန်လ ၁၄ ရက်နေ့တွင် တစ်ပါတီတည်းအဖြစ်ပေါင်းစည်းခဲ့ကြခြင်းဖြစ်ပြီး လာမည့်ရွေးကောက်ပွဲတွင် ရခိုင်ပြည်နယ်၏မဲဆန္ဒနယ်အားလုံး၌ ယှဉ်ပြိုင်နိုင်ရေးပြင်ဆင်နေသည့်တိုင်းရင်းသားပါတီတစ်ခုဖြစ်သည်။

ပန်လှအောင်(မြစ်မခ)

# သက်ဆိုင်ရာ မဲဆန္ဒနယ်မြေ၌ (၆)လခန့်နေထိုင်မှသာ နယ်စပ်မှမဲဆန္ဒရှင်များမဲပေးခွင့်ရမည်

မြန်မာ-ထိုင်းနှစ်နိုင်ငံနယ်စပ် တာချီလိတ်မြို့တွင် နေထိုင်သောမဲဆန္ဒရှင်များအနေဖြင့် ၂၀၁၅ ရွေးကောက်ပွဲတွင် မဲပေးနိုင်ရေး သက်ဆိုင်ရာ မဲဆန္ဒနယ်မြေ၌ အနည်းဆုံး(၆)လခန့် နေထိုင်ခွင့်ရရှိမှသာ မဲပေးခွင့်ရှိမည်ဖြစ်ကြောင်း သိရှိရသည်။

"ရွှေ့ပြောင်း မြန်မာတွေအနေနဲ့ မူလပုံစံ(၆၆) တည်ရှိရာနေရာတွင် ပယ်ဖျက်ပြီး သက်ဆိုင်ရာရပ်ကွက်တွေ ပုံစံ(၃)ကို ရေးသွင်းရမယ်၊ အဲဒီပုံစံ(၃)ကို ရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာ မဲဆန္ဒနယ်ရဲ့ ပုံစံ(၆၆)ကို ပယ်ဖျက်ပြီး မဲဆန္ဒရှင် မဲပေးချင်တဲ့နေရာမှာ အစားထိုးပေးရမှာပါ"ဟု တာချီလိတ်မြို့နယ် ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးထိန်မင်းကပြောသည်။

ထိုင်းနိုင်ငံ၊ မယ်ဆိုင်မြို့နဲ့ ချင်းရိုင်းခရိုင်ထဲတွင် နေထိုင်သော မြန်မာနိုင်ငံသား အများအပြားရှိရာ ၎င်းတို့၏ နိုင်ငံသားအခွင့်အရေးအရ ဆန္ဒမဲထည့်လိုလျှင် ရွေးကောက်ပွဲကော်မရှင်မှ မဲဆန္ဒရှင်၏ မူရင်းပုံစံ(၆၆)ရှိသည့် မြို့နယ်သို့ တာချီလိတ်မြို့နယ်အတွင်း ဆန္ဒမဲထည့်လိုသူရေးသွင်းထားသော ပုံစံ(၃)အားပေးပို့ပေးမည်ဖြစ်ပြီး တာချီလိတ်မြို့နယ်တွင် သက်ဆိုင်ရာမဲဆန္ဒနယ်မြေတွင် မဲထည့်ခွင့်ရအောင်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း အကယ်၍ ဆန္ဒမဲထည့်သူမှ မဲထည့်လိုခြင်းမရှိလျှင် ၎င်းတို့အနေနှင့် ကူညီလုပ်ဆောင်ပေးနိုင်မည်မဟုတ်ကြောင်း ၎င်းကဆက်ပြောသည်။

"ကျွန်တော်တို့မြို့နယ်မှာရွေးကောက်ပွဲကို ပြည်သူလူထုပါဝင်လာအောင် ဆန္ဒမဲထည့်ဝင်အောင် ကူညီပေးမယ့် တတိယအဖွဲ့အစည်းဖြစ်တဲ့ လူမှုရေးအသင်းတွေCSOတွေမရှိဘူးဖြစ်နေတယ်။ ဒီပုံစံအတိုင်းဆို မယ်ဆိုင်နဲ့ တာချီလိတ်မြို့နယ်ထဲမှာနေထိုင်တဲ့ မြန်မာတွေတောင် ဆန္ဒမဲပေးပို့ဖို့ မသေချာဘူး"ဟု တာချီလိတ်ဒေသခံကိုမျိုးကပြောသည်။

တာချီလိတ်မြို့နယ်အတွင်း မြန်မာနိုင်ငံ အနှံ့အပြားမှ ပြောင်းရွှေ့အခြေချလာသူများနှင့် လာရောက်အလုပ်လုပ်သူများရှိရာ ၎င်းတို့အနေဖြင့် နိုင်ငံသားမဲပေးခွင့် ဆုံးရှုံးမည်ကိုလည်း ဒေသခံများမှ စိုးရိမ်ပူပန်လျက်ရှိကြောင်း သိရှိရသည်။

ကိုမင်း(မြစ်မခ)

The HOT NEWS
Vol - 5, No - 239, Apr 24 - 30, 2015





# နေစရာမရှိလို့ နေကြရာတဲ့ ကိုယ့်ပြည်သူကို ဘူဒိုဇာနဲ့ထိုးတဲ့အကျင့်တွေပြင်သင့်ပြီ

ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ အမှတ် (၉၃) ရပ်ကွက်ဘေး၊ ပဲခူးမြစ်ကမ်းနားပတ်လမ်းဝန်းကျင်တွင် နေထိုင်လျက်ရှိသော ကျူးကျော်အိမ်ခြေ ၂၀၀၀ ခန့်ကို ဧပြီ ၁၇ ရက် နောက်ဆုံးထား၍ ဖယ်ရှားပေးရန် ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် အုပ်ချုပ်ရေးမှူးက အမိန့်စာထုတ်၍ ဖယ်ရှားခိုင်းထားသဖြင့် ၎င်းနေရာတွင် နေထိုင်သူလူဦးရေ ၇၀၀၀ ခန့် အခက်အခဲကြုံတွေ့နေရကြောင်း သိရသည်။

အဆိုပါ မြို့နယ်အုပ်ချုပ်ရေးမှူး၏ အမိန့်စာတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရပိုင် ပလပ်မြေဟု ဖော်ပြထားပြီး တရားမဝင်ခွင့်ပြုချက်မဲ့ ကျူးကျော်နေထိုင်ကြသူများအနေဖြင့် ဖယ်ရှားမပေးပါက ဥပဒေအတိုင်း အရေးယူသွားမည်ဖြစ်ကြောင်း ဧပြီ ၁၀ ရက်နေ့စွဲဖြင့် ရုံးတံဆိပ်ခတ်နှိပ်ကာ အမိန့်ထုတ်ပြန်ထားခြင်းဖြစ်သည်။ ယင်းကိစ္စအတွက် နေထိုင်ရေး အခက်တွေ့နေသည့် ပြည်သူများက မြန်မာနိုင်ငံတောင်သူလယ်သမားများဖွံ့ဖြိုးတိုးတက်ရေးပါတီသို့ အကူအညီတောင်းခံလာသဖြင့် သတင်းစာရှင်းလင်းပွဲပြုလုပ်ကာ တိုင်းပြည်သိအောင်တင်ပြသွားမည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် သင့်တင့်မျှတသည့် တာဝန်ယူမှုများပြုလုပ်ပေးသည်အထိ လိုအပ်သလိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယင်းပါတီမှ ဗဟိုပြန်ကြားရေးတာဝန်ခံ ဦးကျော်မင်းကပြောကြားသည်။

"ဒီအိမ်တွေရှိနေတာ ၁၀ နှစ်ကျော်ပြီ။အိမ်ခြေတစ်ရာ နှစ်ရာလောက်မဟုတ်ဘူး။ ထောင်နဲ့ချီတဲ့ အိမ်တွေဖြစ်တဲ့အပြင် ၉၃ ရပ်ကွက်ရဲ့တိုးချဲ့ရပ်ကွက်အဖြစ်နဲ့ သန်းခေါင်စာရင်းတွေ၊ ဧည့်စာရင်းတွေ ရှိတယ်။ အိမ်နံပါတ်တွေ၊ လမ်းနာမည်တွေနဲ့ စနစ်တကျတည်ဆောက်ထားကြတာ၊ ကျွန်တော်တို့မြင်တာကတော့ အစတုန်းက ဘာလို့မဖယ်ခိုင်းတာလဲ၊ အခုဖယ်ခိုင်းတဲ့အပေါ်မှာရော ဘယ်လိုတာဝန်ယူမှုတွေလုပ်ပေးမလဲ၊ ထွေအုပ်ထုတ်တဲ့ အမိန့်စာမှာဖယ်ခိုင်းတာပဲပါတယ်။ တာဝန်ယူမှု တစုံတရာမရှိဘူး၊ တကယ်လို့အကြမ်းဖက်ဖယ်ရှားခံရရင်တော့ နိုင်ငံတော်သမ္မတရုံးရော၊ လွှတ်တော်ကိုရော စာတင်မယ်၊ လုပ်နိုင်တဲ့ အတိုင်းအတာအားလုံးလုပ်ပြီး ဒီပြည်သူတွေကို ကူညီသွားမယ်။ တိုင်းပြည်ထဲခိုးဝင်လာတဲ့သူတွေကိုတော့ ပိုက်ကတ်ထုတ်ပေးပြီး နေစရာမရှိလို့နေကြရာတဲ့ ကိုယ့်ပြည်သူတွေကိုတော့ ဘူဒိုဇာနဲ့ ထိုးတဲ့အကျင့်တွေပြင်သင့်ပြီလို့ပြောချင်တယ်" ဟု ၎င်းကဆိုသည်။

မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၏ ပြောင်းရွှေ့ဖယ်ရှားပေးရန် ထုတ်ပြန်သည့် အမိန့်စာကိုတစ်အိမ်တစ်စောင် ထုတ်ပေးခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် ဖယ်ရှားခြင်းမရှိသေးဘဲ ယင်းနေအိမ်များတွင် နေထိုင်သူများမှာ ကျီးလန့်စာစားဖြစ်နေကြောင်း သိရသည်။

**စော်မြင့်**

# ကျရှုံးကျောင်းသားများ စာမေးပွဲပြန်ဖြေရမည်

၄ တန်းနှင့် ၈ တန်းစာမေးပွဲများ အား ၂၀၁၄-၁၅ ပညာသင်နှစ်မှစ၍ အစိုးရစစ်အနေဖြင့် စတင်စစ်ဆေးခဲ့ရာ ဧပြီ ၁၈ရက် အောင်စာရင်းထွက်ချိန်တွင် အကျအရှုံးများခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျောင်းပေါင်း ၂၁၂၇ ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ ဖြေဆိုခဲ့ရာ ၄ တန်း ဖြေဆိုသူ ၁၀၅၇၁၂ ဦးတွင် ၆၉၈၂၆ ဦးအောင်မြင်ခဲ့ကြောင်း သိရပြီး ၈ တန်း ဖြေဆိုသူ ၈၂၄၆၄ ဦး တွင် ၃၄၀၆၈ ဦးအောင်မြင်ခဲ့ပြီးကြောင်းသိရသည်။

ကျရှုံးခဲ့သည့်ကျောင်းသားများသည် မေ ၁၄၊ ၁၅၊ ၁၆ ရက်တို့တွင်မိမိတို့ကျရှုံးခဲ့သည့် ဘာသာရပ်များအား တစ်နေ့ ၂ ဘာသာနှုန်းဖြင့် သက်ဆိုင်ရာ ကျောင်းများတွင် ပြန်လည်ဖြေဆိုရမည်ဖြစ်ပြီး အောင်စာရင်းကိုလည်း မေလ အတွင်း ထုတ်ပြန်ပေးသွားမည်ဟုသိရသည်။၄ တန်းနှင့် ၈ တန်းစာမေးပွဲရလဒ်များကို ရမှတ်ပေါ်မူတည်ပြီး အမှတ် ၁၀၀ မှ ၈၀ ကြားကို အေအဆင့်၊ အမှတ် ၈၀မှ ၆၀ကြားကို ဘီအဆင့်၊ အမှတ် ၆၀ မှ ၄၀ ကြားကို စီအဆင့်နှင့် အမှတ် ၄၀ အောက်ကို ဒီအဆင့်အဖြစ်သတ်မှတ်ပြီး အောင်စာရင်းထုတ်ပြန်ပေးခဲ့ကြောင်း သိရသည်။ ဒီအဆင့်ရရှိသည့် ကျရှုံးကျောင်းသားများ စာမေးပွဲပြန်လည်ဖြေဆိုနိုင်ရန် အတွက်ယခုလ ၂၀ ရက်မှစပြီးကျောင်းများတွင်စာပြန်လည်သင်ကြားပေးမည်ဖြစ်ကြောင်းသိရသည်။

HN-018

# နတ်မောက်မြို့နယ်တွင် လေပြင်းတိုက်မိုးရွာသွန်းမှုဖြစ်ပွား

နတ်မောက်မြို့နယ်အတွင်းရှိကျေးရွာတချို့တွင် ဧပြီ (၁၃) ရက်နေ့ည (၇) နာရီခွဲချိန်မှည (၈) နာခွဲချိန်အထိလေပြင်းများတိုက်ခတ်မိုးရွာသွန်းခဲ့မှုများကြောင့် လူနေအိမ်များအမိုးလန်ပျက်စီးမှုများဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထိုလေပြင်းတိုက်မိုးရွာသွန်းမှုကြောင့် နတ်မောက်မြို့နယ်၊ (ပ) လက္ကျပွင်ကျေးရွာတွင် လူနေအိမ် (၃) လုံး၊ စပါးစက်/ဆီစက် (၁) လုံးနှင့် နတ်မောက်မြို့နယ်၊ သမန်းတောကျေးရွာတွင် လူနေအိမ် (၂) လုံး၊ နွားတင်းကုတ် (၁) လုံးတို့အမိုးလန်ပျက်စီးခဲ့ကြောင်း၊စုစုပေါင်းဆုံးရှုံးမှုတန်ဖိုးမှာ ကျပ် (၆၉၀၀၀၀) ခန့်ဖြစ်ကြောင်း တာဝန်ရှိသူများ၏စစ်ဆေးချက်များအရ သိရှိရပြီး ထိုအမိုးလန်ပျက်စီးနေအိမ်အဆောက်အအုံတို့အား အဆိုပါနေအိမ်ရှင်များမှကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များနှင့် ပူးပေါင်းကာပြန်လည်ပြုပြင်မှုများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူနတ်မောက်မြို့နယ်၊ ပင်းမြို့ကျေးရွာတွင် ဧပြီ (၁၃) ရက်နေ့ည (၇) နာရီခွဲချိန်မှည (၈) နာရီချိန်ထိ လေပြင်းများ တိုက်ခတ်ခဲ့မှုကြောင့် အဆိုပါကျေးရွာရှိ လူနေအိမ်များ၊ စာသင်ကျောင်းဆောင်နှင့် စေတီတော်များပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် ထိုကျေးရွာရှိလူနေအိမ် (၄၀) လုံးအမိုးလန်ပျက်စီးခြင်း၊ လူနေအိမ် (၃) လုံးပြိုလဲခြင်း၊ ကျေးရွာအထက (ခွဲ)ရှိ (၁၁) ပင်၊ (၄) ပင်ကျောင်းဆောင်အမိုးလန်ပျက်စီးခြင်း၊ အထကခွဲကျောင်းအတွင်းရှိ(၃) ပင်ပတ်လည် ဝန်ထမ်းနေအိမ် (၁) လုံးပြိုလဲခြင်း၊ ထိုကျေးရွာရှိ ပုဗ္ဗာရုံဘုန်းကြီးကျောင်းတိုက်အတွင်းရှိ ဉာဏ်တော် (၁၅) ပေရှိစေတီတော်ပေါ်သို့ညောင်ကိုင်းကျိုးကျမှုကြောင့် စေတီထီးတော်ပျက်ကျပြီးစောင်းတန်း (၂) ခန်းသွပ်အမိုးများလန်ကာကိုးတောင်ပြည့်စေတီတော် (၂) ဆူမှာထီးတော်များတိမ်းစောင်းသွားခဲ့ကြောင်း သိရသည်။

**သီဟဘုန်းမိုရ်**

# လယ်ယာလုပ်ပိုင်ခွင့်ပုံစံ (၇) အတုပြုလုပ်ပေးပြီး ငွေလိမ်သည်ဟုဆိုကာ တိုင်တန်း

မကွေးမြို့နယ်၊ ထုံပေါက်တောတောင်ကျေးရွာနေဦးအောင်ရှိန်၊ အသက် (၅၉) နှစ်သည် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ (၂၀) ရက်နေ့တွင် တစ်ရွာတည်းနေ ဦးအောင်နိုင်ဝင်း၊ အသက် (၃၆) နှစ်၊ ကျေးရွာဆယ်အိမ်စုမှူးထံသို့လယ်ယာမြေလုပ်ကိုင်ခွင့်ပုံစံ (၇) အစစ်အမှန်လိုချင်သဖြင့်ငွေကျပ် (၃) သိန်းကိုလည်းကောင်း၊ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ (၂၄) ရက်နေ့တွင် ဦးအောင်ရှိန်သည်ဦးအောင်နိုင်ဝင်းနှင့် မကွေးမြို့နယ်မြေစာရင်းဦးစီးဌာနမှမြေ တိုင်းစာရေးမြေတိုင်း (၄) ကိုကြည်နိုင်ထွန်း (အသက်၊ လိပ်စာစုံစမ်းဆဲ) တို့နှစ် ဦးထံသို့ Relex စားသောက်ဆိုင်တွင်ငွေ ကျပ် (၂) သိန်းကိုလည်းကောင်း၊ စုစုပေါင်း ကျပ် (၅) သိန်းပေးအပ်ခဲ့ပြီးနောက် ၂၀၁၅ ခုနှစ် ဇန်နဝါရီ (၂၃) ရက်နေ့တွင် ကိုကြည်နိုင်ထွန်းကပုံစံ (၇) လက်မှတ်ထုတ်ပေးခဲ့ရာ အဆိုပါပုံစံ (၇) လက်မှတ်တွင် တံဆိပ်အဝိုင်းမပါရှိခဲ့သောကြောင့် မကွေး မြို့နယ်၊ ကြေး/မြေစာရင်းရုံးဦးစီးအရာရှိ ဦးပေါ်ဦးထံသွားရောက်ပြသခဲ့ရာတွင် ပုံစံ (၇) မှာအတုဖြစ်နေကြောင်း စစ်ဆေးသိရှိခဲ့သည်။

ထိုကြောင့်လယ်ယာလုပ်ပိုင်ခွင့်ပုံစံ (၇) အားအတုပြုလုပ်၍ ငွေ (၅) သိန်းရယူသွားသူဦးအောင်နိုင်ဝင်းနှင့် ကိုကြည်နိုင်ထွန်းတို့ (၂) ဦးအားအရေးယူ ပေးပါရန် ဧပြီ (၁၁) ရက်နေ့ညနေ (၅) နာရီချိန်တွင် ဦးအောင်ရှိန်က တရားလိုပြုလုပ်တိုင်တန်းခဲ့ သောကြောင့် မကွေးမြို့မရဲစခန်းက (ပ) ၁၂၇/၂၀၁၅၊ ပုဒ်မ ၄၂၀/၄၆၈ ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သီဟဘုန်းမိုရ်**

# ဆိုလာပြားမှ မီးလောင်မှုဖြစ်

နေရောင်ခြည်သုံးဆိုလာပြားမှ လျှော့ခ်ဖြစ်မီးလောင်မှုတစ်မှုကို ဧပြီ (၁၄)ရက်က နွားထိုးကြီးမြို့နယ်၊ကန်နားရဲစခန်းအပိုင်တွင်ဖြစ်ပွားခဲ့၍ကန်နားရဲစခန်းက (ပ) ၁၂/၂၀၁၅ ပုဒ်မ ၂၈၅ ဖြင့်အမှုစစ်ရဲ အုပ်တင်ထွန်းနိုင်ကအရေးယူစုံစမ်းစစ်ဆေးနေသည်။

ဖြစ်စဉ်မှာ ဧပြီ (၁၄) ရက်ညနေ ၄း၃၀နာရီခန့်က ဦးကျော်ဌေး (၅၉) နှစ်၊ လ/ထ ပညာရေးမှူး (ငြိမ်း) ၏ အကယ်ဒမီဘော်ဒါဆောင် ၄၅ ပေ× ၁၅ ပေ မြေစိုက်ထရံကာ၊ ထန်းရွက်မိုး အဆောင်တစ်ဆောင်လုံးကာလတန်ဖိုး ကျပ်တစ်သိန်းခွဲတန်ဆိုလာပြားမှ ဝါယာကြိုးလျှော့ခ်ဖြစ်လာ ဘောဒါတစ်ဆောင်လုံးမီးလောင်ခြင်းဖြစ်သည်။ **ရွှေမြင့်မောင်**

အပူအပုပ်များပြီး ခေါင်းကိုက် ဇက်ကြောထိုး ညောင်းညာ မအီမသာ
ခံစားနေရသူများအတွက် ပိုက်မရစ် ပိုက်မနာ ဝမ်းသွားအားရစေတဲ့
စုစုအေးအောင် ဝမ်းမှန်အကြောပြေဆေး

The HOT NEWS
Vol - 5, No - 239, Apr 24 - 30, 2015




# အိုးအိမ်ကိုယ်တိုင်က လယ်မြေတွေကို ကျူးကျော်နေလို့ပါ

သို့

အယ်ဒီတာခင်ဗျား

ကျွန်တော်/ကျွန်မတို့သည် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်လှိုင်သာယာမြို့နယ်၊ မြို့သစ်မတည်ခင်ကတည်းကပင်အင်းဂလိုင်ကွင်း လယ်ယာမြေကွင်းအမှတ် (၃၇၅) လယ်မြေထဲတွင် နေထိုင်ကြကာလယ်ယာမြေပိုင်ဆိုင်ခွင့် ခ (က) ဖြင့် လယ်ယာမြေလုပ်ကိုင်စားသောက်နေရသော တောင်သူလယ်သမားများဖြစ်ကြပါသည်။

ကျွန်တော်/ကျွန်မတို့၏ မိဘများများလက်ထက်ကပင်လယ်မြေဧက(၁၁၀)ဧကအားတာပေါင်များခတ်ကာပိုင် ဆိုင်လုပ်ကိုင်ခဲ့ကြပါသည်။

ယခုအခါမြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ပူးပေါင်းကုမ္ပဏီများဖြစ်သော ATY ဆောက်လုပ်ရေး၊ KMM ဆောက်လုပ်ရေး၊ Star Light ဆောက်လုပ်ရေး၊ အေးရိပ်မွန်ဆောက်လုပ်ရေးတို့က ကျန်စစ်မင်းအိမ်ရာစီမံကိန်းအားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကျွန်တော်/ကျွန်မတို့၏လယ်ယာလုပ်ကိုင်နေသောမြေများအား အတင်းအဓမ္မဝင်ရောက်ကျူးကျော်ကာ ဘီလပ်မြေဖျော်စက်ပါကား (အုန်းမွှေးလုံး)၊ မြေသယ်ကား၊ မြေဖို့ကားများဖြင့် အရှိန်အဟုန်ဖြင့် လယ်ယာမြေများကိုဝင်ရောက်ဖျက်ဆီးပြီးတိုက်များဆောက်လုပ်ခြင်း၊










လမ်းများအားသဲများခင်းခြင်း၊ ကွန်ကရစ်ခင်းခြင်းတို့ပြုလုပ်နေကြပါသည်။ ကျွန်တော်/ကျွန်မတို့လယ်သမားများကိုလည်း ကြိုတင်အကြောင်းကြားခြင်းလျော်ကြေးပေးခြင်းများလည်းမပြုလုပ်ခဲ့ပါ။ စိုက်ပျိုးထားဆဲစပါးခင်းများအားလည်းဖျက်ဆီးဖြစ်ခဲ့ပါသည်။ ယခုကဲ့သို့မတရားပြုလုပ်ဆောင်ရွက်နေသည့်အတွက် ကျွန်တော်/ကျွန်မတို့တောင်သူများမှာများစွာဒုက္ခရောက်နေကြပါသည်။

ထို့ကြောင့် ကျွန်တော်/ကျွန်မတို့သည်မူလကတည်းက လယ်ယာမြေလုပ်ကိုင်ခဲ့ကြသောအင်းဂလိုင်ကွင်း၊ လယ်ယာမြေပိုင်ဆိုင်ခွင့်ပုံစံ ၁ (က) လက်ဝယ်ပိုင်ဆိုင်ထားသူများဖြစ်သည့်အတွက် ကျန်စစ်မင်း၊ အိမ်ရာစီမံကိန်းကိုအကြိမ်ကြိမ်ကန့်ကွက်ထားခဲ့ပြီး ကာရုဏာကြေးနှင့် မြေအစားယူခြင်းမျိုးလည်း လုံးဝမပြုလုပ်ခဲ့ပါ။ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနအားလည်း ဤလယ်ယာမြေမှာ လန (၃၉) မကျသေးသော လယ်မြေသာဖြစ်ကြောင်း ခရိုင်မြေစာရင်းဦးစီးဌာနမှူးမှ စာအမှတ် ၂၁၃၃/လယ-၉/ရက်စွဲ (၂၀၁၅) ခုနှစ်၊ မတ်လ (၁၆) ရက်နေ့စွဲဖြင့် လယ်သမားများပိုင်မြေဖြစ်ကြောင်း လန (၃၉) ကျပြီးသော သိမ်းဆည်းမြေများထဲတွင်မပါဝင်ပါကြောင်း၊ ပိုင်ဆိုင်မှုမှတ်ပုံတင် ၁ (က) ထုတ်ပေးထားကြောင်း စာဖြင့် ပြန်လည်အကြောင်းကြားစာအားပေးခဲ့ကြောင်းကို ပြသကာအစဉ်တစိုက်ရှင်းလင်းတင်ပြကာကန့်ကွက်ခဲ့ကြပါသည်။

ထိုသို့ကန့်ကွက်သောအခါမြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ပူးပေါင်းကုမ္ပဏီများမှတာဝန်ရှိသူအချို့ကတိုင်ချင်ရာတိုင်ဂရုမစိုက်ဘူး။ **ကုမ္ပဏီဘက်က ရှုံးရင်ခင်းထားတဲ့ လမ်းတွေဒီအတိုင်းထားခဲ့မယ် လယ်သမားတွေရှုံးရင်ထွက်သာပြေးပေတော့** ဟု မောက်မာရိုင်းပြစွာပြောကြားခဲ့ပါသည်။

သို့ဖြစ်ပါ၍ လယ်ယာမြေဥပဒေ၊ နည်းဥပဒေများကို မင်းမဲ့ စရိုက်ဆန်ဆန်ချိုးဖောက်လုပ်ကိုင်နေသော မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကုမ္ပဏီများနှင့် ကျွန်တော်/ကျွန်မတို့ လယ်သမားအကြားဖြစ်ပေါ်နေသော လယ်ယာမြေအငြင်းပွားနေမှုနှင့် ဆင်းရဲသားတောင်သူလယ်သမားများအားမတရားကျူးကျော်ဝင်ရောက်နေသူများအားတာဝန်ရှိသူလူကြီးမင်းအဆင့်ဆင့်တို့မှထိရောက်စွာ အရေးယူဆောင်ရွက်ပေးနိုင်ပါရန်အယ်ဒီတာမှတစ်ဆင့်တင်ပြတိုင်ကြားအပ်ပါသည်။

**အင်းဂလိုင်ကွင်းဒေသခံလယ်သမားများ**



## အမေရိကန် အကျိုးဆောင်အဖွဲ့ငှားရမ်းခြင်းအပေါ် ဝေဖန်မှုများအား ဦးလှဆွေတုံ့ပြန်

အစိုးရ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို အမေရိကန်အစိုးရသိရှိရန် အကျိုးဆောင်အဖွဲ့တစ်ဖွဲ့ငှားရမ်းမှုအတွက် ဝေဖန်မှုများ မြင့်တက်နေချိန်တွင် အမျိုးသားလွှတ်တော်အမတ် ဦးလှဆွေက တုံ့ပြန်ပြောဆိုမှုပြုခဲ့ကြောင်း သိရသည်။

"ဒေါ်လာ ရှစ်သိန်းခွဲလောက် သွားမြင်နေလို့မရဘူး။ ပိုဒက်စ်တာအဖွဲ့ကို ငှားတယ်ဆိုတာက အရေးကြီးတယ်။ ဒီလောက်တော့ပေးရမှာပဲ။ ကိုယ်မှသွားလုပ်လို့မရတာ။ ဥပမာပေးရရင် ဘာနဲ့တူလဲဆိုတော့ ထောင်ထဲကမိတ်ဆွေ တစ်ယောက်ဆီမိသားစုကစ္စစာတစ်စောင်ပို့ချင်တယ်ဆိုရင် ထောင်ဝါဒါကို မုန့်ဖိုးပေးရသ လိုပါပဲ။ ကိုယ်မှသွားလို့မရ တာ"ဟု ဦးလှဆွေက သူ၏လူမှုကွန်ရက် အင်တာနက် စာမျက်နှာတွင် ရေးသားထားသည်။

"အစိုးရနဲ့ အာဏာရပါတီနာမည် ကောင်းရဖို့အတွက်ဆိုတဲ့စကားလုံးကြီးကတော့ညာဏ်နည်းတဲ့သူတွေ သုံးသပ်ချက်ပဲ။ ဒီလော်ဘီကြောင့် အစိုးရကိုအမြင်ကြည်လင်စေတယ်ထားဦး၊ အစိုးရအပေါ်အမြင်ကြည်လင်မှတော့ အဲဒီတိုင်းပြည်လည်း ကောင်းပြီပေါ့။ ဒီလိုတွေးရမယ်"ဟုလည်းဆိုသည်။

"အဲဒီအဖွဲ့ကို မငှားပါက ဘယ်သူ့ကိုငှားမလဲ။ ခုလိုမိုးပြောကျိုးပြောနားရွက်ပြောပြောနေတဲ့သူတွေကရော ဘာပြောနိုင်လို့လဲ။ မြန်မာ့နိုင်ငံရေးသုတေသီဆိုသူတွေရောလုပ်နိုင်လို့လား။ သူ့လူနဲ့သူမှရမှာလေ။ အမေရိကန်လွှတ်တော်ထဲကိစ္စလေ၊ လွှတ်တော်ထဲ ဝင်စကား ပြောဖို့ နေနေသာသာ အနားတောင် သီနိုင်လို့လား။ မာန်နတ်လိုတော့ရမှာပေါ့။ ဂုံးတိုက်ဖို့ လောက်ပဲရမယ်"ဟုဦးလှဆွေက ဆိုသည်။

HN-0123

## လမ်းမပေါ် ကျရောက်နေသော သစ်ကိုင်းကြောင့် ယာဉ်အန္တရာယ်မကြာခဏဖြစ်ပေါ်နေ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ် ၊ သံတံတားကျေးရွာအနီး မိုင်တိုင် ၂၃မိုင် ၄ဖာလုံအနီးရှိ ကုက္ကိုပင် ကိုင်းတစ်ကိုင်းမှာ ရန်ကုန်ပြည်လမ်းမကြီးပေါ်သို့ကျရောက်နေပြီး အဆိုပါ သစ်ကိုင်းကိုတိုက်မိပြီး ယာဉ်အန္တရာယ်များ ဖြစ်ပေါ်နေလျက်ရှိကြောင်းကို မတော်တဆဖြစ်ပေါ်ခဲ့သော ယာဉ်မောင်းများနှင့် ကျေးရွာသူ/သားတို့ လိုက်လံပြသပြောဆိုခြင်းကြောင့် သိရသည်။



အဆိုပါ လမ်းကြီးကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဘီအိုတီ စနစ်ဖြင့် မက်စ်မြန်မာသို့ပေးထားသော လမ်းအပိုင်းထဲတွင်ပါဝင်ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အုပ်ချုပ်ရေး လက်အောက်တွင်လည်း ရှိနေသော်လည်း ယာဉ်တိုက်မှုများဖြစ်ပေါ်နေသော အဆိုပါ သစ်ပင်ကို မည်သူ့ကို ပြောရမှန်းမသိ ဖြစ်နေလျက်ရှိကြောင်း ဒေသခံတို့မှထံမှသိရသည်။

"ဒီသစ်ပင်ကတော့ သိတဲ့လူကတော့ အကြောင်းမဟုတ်ဘူး။ ကျွန်တော် ရန်ကုန်ဘက်သို့မောင်းလာရင် ဒီသစ်ပင်နား အရောက်မှာ ကားတစ်စီးကျော်တက်လို့ ဘေးကပ်ပေးတာ။ကားခေါင်မိုးတွေအကုန်တိုက်ပစ်လိုက်တယ်။ကျွန်တော့်လိုပဲ ယာဉ်မောင်းတော်တော်များများကမင်းတို့လိုပဲ ငါတို့ကဖြစ်ဖူးတယ်။ လမ်းဘေးကိုလုံးဝ မချမောင်းနဲ့"ဟု ယာဉ်မောင်းတစ်ဦးကပြောဆိုခဲ့သည်။

"အခုမြင်တွေ့တဲ့ အတိုင်းပဲ"ဟု သတင်းယူနေစဉ်အဆိုပါအနီးအနားတွင် ပျက်နေသောကားမှာလည်း သစ်ပင်နှင့်တိုက်မိနေသည့်ပုံစံကိုမှတ်တမ်းတင်နိုင်ခဲ့သည်။ အဆိုပါသစ်ပင်ကိုသိသည့်ယာဉ်မောင်းတွေကတော့ရှောင်သွားကြောင်း၊ မသိသည့်ယာဉ်မောင်းများကဒုက္ခရောက်နေကြကြောင်း၊ အမြန်ဆုံးအန္တရာယ်ကင်းရှင်းဖို့၊ ဖယ်ရှားရှင်းလင်းပေးဖို့ ယာဉ်မောင်းများနှင့် ကျေးရွာသူ/သားတို့ကလိုလားလျက်ရှိကြောင်း သိရသည်။

**သံလွင်ဦး**

THE HOT NEWS
Vol - 5, No - 239, Apr 24 - 30, 2015

# အမျိုးသားရင်ကြားစေ့ရေးလေးနက်ထိရောက်သော မူဘောင်ချမှတ်ဆောင်ရွက်သင့်ပြီ

## မြန် မာ့ နိုင် ငံ ရေး နှင့် (၄) ပွင့် ဆိုင်၊ (၆)ပွင့် ဆိုင်၊ (၁၂) ပွင့် ဆိုင်၊ (၁၆) ပွင့် ဆိုင်၊ (၄၈) ပွင့် ဆိုင်



မြန်မာ့ယဉ်ကျေးမှုသင်္ကြန်ရက် မတိုင်မီနေပြည်တော်၌ မြန်မာ့နိုင်ငံရေး (၆)ပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲကျင်းပခဲ့သည်။ ပြည်သူလူထုသည် (၆)ပွင့်ဆိုင်၊ နိုင်ငံရေးဆွေးနွေးပွဲကို သံသယမျက်လုံးများနှင့် သတိဖြင့်စောင့်ကြည့်နေကြသည်။ (၆)ပွင့်ဆိုင်ဆွေးနွေးပွဲတွင် (၁) နိုင်ငံတော်သမ္မတ၊ (၂) ပြည်ထောင်စုလွှတ်တော်နာယက၊ (၃) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ (၄) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ (၅)မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၊ (၆) တိုင်းရင်းသားရေးရာ ကိုယ်စားလှယ်ဒေါက်တာအေးမောင်တို့ပါဝင်ကြသည်။

ထိုနေ့က (၆)ပွင့်ဆိုင်၊ ပထမဆွေးနွေးပွဲအပြီး ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက (၆)ပွင့်ဆိုင်ဆွေးနွေးပွဲက အချက်(၃)ချက်ကို သဘောတူညီမှုရခဲ့ကြကြောင်း မီဒီယာများသို့ အသိပေးခဲ့သည်ဟုသိရသည်။ ဤတွင် မည်မျှအရေးကြီးသော အချက်(၃)ချက်ကို သဘောတူကြပါသလဲဟု အဖြေရှာကြည့်သောအခါ နောင်ဆက်လက်ကျင်းပမည့် (၆)ပွင့်ဆိုင်ဆွေးနွေးပွဲအတွက် ရက်သတ်မှတ်ရေးအစီအစဉ်ကဲ့သို့ သာမန်သဘောတူချက်များဖြစ်နေသည်။ ဤတွင် မျှော်ရည်စောင့်စားနားထောင်နေကြသော ပြည်သူတို့အဖို့ ဘာကိုဘယ်လိုနားလည်ရမှန်းမသိဖြစ်သွားသည်။

အထူးသဖြင့် (၆)ပွင့်ဆိုင်ဆွေးနွေးပွဲနေ့က နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်ပြောကြားသော အဖွင့်မိန့်ခွန်းသတင်းကို နိုင်ငံပိုင်ကြေးမုံသတင်းစာ၌ ဖော်ပြခဲ့သည်ကို ဖတ်ရှုကြရသောအခါ ကြားနာရသောပြည်သူအများအားတက်ဝမ်းသာမရှိကြရှာတော့ပါ။ အဘယ်ကြောင့်ဆိုသော် နိုင်ငံတော်သမ္မတကြီး၏ အဖွင့်မိန့်ခွန်းစကားတွင် ထူးခြားဆန်းသစ်သော ဝေါဟာရ အကြောင်းအရာ အဓိပ္ပာယ်ဝေဝုစ်ထုတ်နုတ်နိုင်ရန် ဘာမျှမရှိ မပါ။ မတွေ့ရ။ နိုင်ငံတော်သမ္မတကြီး အဖန်တလဲလဲ ပြောကြားခဲ့သော စကားစုများကို ဓာတ်ပြားပြန်ဖွင့်ပြသည့်နှယ် နားလည်ရသည်။

အမှန်ကို မချွင်းမချန် ဝန်ခံပါလျှင် နိုင်ငံတော်သမ္မတကြီးသည် ပြည်သူလူထု၏ အထွတ်အထိပ်နေရာမှာရှိနေသည်။ လက်ရှိမြန်မာနိုင်ငံ၌ အပူတပြင်း ဆောင်ရွက်ရန်ရှိသော အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၊ ၂၀၀၈ ပြည့်နှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမှ ဒီမိုကရေစီအသွင် အဆင်မရှိသော ဥပဒေများ ပြင်ဆင်ရေး၊ ၂၀၁၅ အထွေထွေရွေးကောက်ပွဲကြီးအတွက် တရားမျှတ၍ လွတ်လပ်ပွင့်လင်းမှုရှိစေရေး၊ အကြောင်းအချက်များအတွက် ထက်မြက်ထိရောက်သော အခြင်းအရာများကို ပြည်သူတို့မျှော်လင့်နေကြသည်။ ဤအချိန် ဤအခါတွင် ပြည်သူလူထုသည် "တစ်ခါလာ၊ မဲပြာပုဆိုး"စကားမျိုးကို မမျှော်လင့်ကြပေ။ ဤသည်မှာ ပြည်သူလူထုအပြစ်မဟုတ်ပေ။

ပြောရဦးမည်။ ယခုကျင်းပသော မြန်မာနိုင်ငံရေး၊ (၆)ပွင့်ဆိုင်ဆွေးနွေးပွဲ၏ မူလမြစ်ဖျားခံရာမှာ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ဖြစ်သည်။

၂၀၁၂ ခုနှစ် ဧပြီလ(၁)ရက်နေ့တွင် ကျင်းပသော ကြားဖြတ်ရွေးကောက်ပွဲတွင် ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က နေပြည်တော်(၄)မြို့နယ် အပါအဝင်၊ လွှတ်တော်ကိုယ်စားလှယ်ရွေးကောက်ပွဲ (၄၃)နေရာကို အနိုင်ရခဲ့သည်။

၂၀၁၃ ခုနှစ်၊ နှစ်လယ်ပိုင်းတွင် မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်က အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် လက်ရှိအကျပ်အတည်းတွေ့နေသောနိုင်ငံရေးအခြေအနေအရပ်ရပ်အတွက် (၄)ပွင့်ဆိုင် (သမ္မတ၊လွှတ်တော်ဥက္ကဋ္ဌ၊ ကာချုပ်နှင့် မိမိ)ဆွေးနွေးပွဲကျင်းပရန် ခေါ်ယူလိုက်သည်။

မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းကြည် တင်လိုက်သော (၄)ပွင့်ဆိုင်ဆွေးနွေးပွဲကို နိုင်ငံတော်သမ္မတက ငြင်းဆိုခဲ့သည်။ VOA နှင့်တွေ့ဆုံဖြေကြားသော အသံလွှင့်အင်တာဗျူး၌နိုင်ငံတော်သမ္မတက ဤမျှအရေးကြီးသည့်ကိစ္စများကို လူ(၄)ယောက်တည်းနှင့် ဆွေးနွေးဆုံးဖြတ်မရနိုင်ပါဟု ပြောခဲ့သည်။

နိုင်ငံတော်သမ္မတ စကားနှင့်ထပ်တူညီစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကလည်း VOA သို့ ထိုအတိုင်းဖြေကြားခဲ့သည်။ သို့သော် နိုင်ငံတော်သမ္မတသည်မည်သို့အတွေးပေါက်လာသည်လည်းမသိ။ ၂၀၁၄ အောက်တိုဘာလကုန်တွင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် (၁၆)ပွင့်ဆိုင် နိုင်ငံရေးဆွေးနွေးပွဲတစ်ရပ် နေပြည်တော်၌ကျင်းပခဲ့သည်။ တက်ရောက်သူတစ်ဦး မိနစ်အနည်းငယ်အချိန်ပေး၍ စိတ်ထဲတွင် ရှိသမျှ ဖွင့်ဟပြောခွင့်ရခဲ့သည်။ သို့သော် ထိုဆွေးနွေးပွဲက အရေးကြီးသော သဘောတူချက်တစ်ခုမျှမဆုံးဖြတ်နိုင်ခဲ့။

၂၀၁၄ နိုဝင်ဘာလကုန်ပိုင်း၌ ပြည်ထောင်စုလွှတ်တော်က သမ္မတ၊ ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒေါ်အောင်ဆန်းစုကြည်နှင့် တိုင်းရင်းသားကိုယ်စားလှယ်တစ်ဦးအပါအဝင် နိုင်ငံရေး (၆)ပွင့်ဆိုင်ဆွေးနွေးပွဲကျင်းပရန် အဆိုတင်သွင်း အတည်ပြုဆုံးဖြတ်ခဲ့သည်။

ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်ဖြစ်သော **(၆)ပွင့်ဆိုင်နိုင်ငံရေးဆွေးနွေးပွဲကျင်းပရန် မဖြစ်နိုင်ဟု နိုင်ငံတော်သမ္မတက ငြင်းဆိုကြောင်း** သတင်းဂျာနယ်များ၌ ဖတ်ရှုရသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကလည်း နေပြည်တော်တွင် တိုင်းရင်းသားကိုယ်စားလှယ်များနှင့် တွေ့ဆုံရာ၌ **(၆)ပွင့်ဆိုင်နိုင်ငံရေးဆွေးနွေးပွဲကျင်းပရန် မဖြစ်နိုင်ပါ။** ပြောဆိုကြောင်း ပုဂ္ဂလိကသတင်းစာများက ဖော်ပြကြသည်။

ထိုအချိန်၌ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်က မြန်မာ့နိုင်ငံရေး (၆)ပွင့်ဆိုင်ဆွေးနွေးပွဲကျင်းပရန်ထက် (၁၂)ပွင့်ဆိုင်ဆွေးနွေးပွဲကျင်းပရန် အဆိုတစ်

**တက္ကသိုလ်စိန်တင်**

ရပ်တင်သွင်းဆုံးဖြတ်ခဲ့သည်။ ဤကိစ္စကို မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က (၄)ပွင့်ဆိုင်ဆွေးနွေးပွဲကျင်းပရန် မိမိအဆိုပြုခဲ့သည်ကို **အဓိပ္ပာယ်လေးနက်မှုမရှိစေရန် (၁၆)ပွင့်ဆိုင်၊ (၁၂)ပွင့်ဆိုင်စသည့်ဖြင့် လုပ်လာကြခြင်းဖြစ်သည်**ဟု မှတ်ချက်ပေးသည်။

ဤတွင် မေးခွန်းထုတ်ရန်ရှိလာပြီ။ ပြည်ထောင်စုလွှတ်တော်ကဲ့သို့ နိုင်ငံတော်၌ အမြင့်မားဆုံးလွှတ်တော်အဖွဲ့အစည်းကြီးက တစ်နိုင်ငံလုံးရှိ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တို့ ဆုံးဖြတ်ထားသော **နိုင်ငံရေး(၆)ပွင့်ဆိုင်ဆွေးနွေးပွဲ ကြေညာထားပါလျက်**နိုင်ငံတော်အတွင်းရှိ တိုင်းဒေသကြီးတစ်ခု၏ လွှတ်တော်က အဘယ်ကြောင့် (၁၂)ပွင့်ဆိုင်နိုင်ငံရေးဆွေးနွေးပွဲပြုလုပ်ရန် ဆုံးဖြတ်ခဲ့ပါသနည်း။ အရပ်စကားပြောကြားရလျှင် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်သည် မိမိတာဝန်မရှိပါဘဲ **အဖေ့ထက်သားတစ်လကြီး** ဆုံးဖြတ်ခဲ့ပြီလောဟု ပြက်ရယ်ပြုရေးသားလာကြလေသည်။ ရယ်မောရသေး၏။

ဤအခြေအနေအတွင်း နိုင်ငံတော်သမ္မတရုံးက ပြည်ထောင်စုလွှတ်တော်သို့ စာချွန်လွှာပေးပို့လျက် (၆)ပွင့်ဆိုင်နိုင်ငံရေးတွေ့ဆုံပွဲကျင်းပရန် အချက်အလက်များ မေးမြန်းထားသည်ဟု သတင်းတစ်ပုဒ်ဖတ်ရှုရပြန်သည်။

နောက်ဆုံး၌ ၂၀၁၅ မတ်လအတွင်းက ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းက မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား ခရီးသွားခြင်းအမှု ခေတ္တရပ်ထားပါရန် မေတ္တာရပ်ခံပြောကြားခဲ့သည်ဆိုသော သတင်းများ သတင်းဂျာနယ်များ၌ ဖတ်ရှုရသဖြင့် (၆)ပွင့်ဆိုင်နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပရန် သေချာပြီဟု ပြည်သူလူထုနားလည်ခွင့်ရခဲ့သည်။

ဤအခြေအနေအတွင်း နိုင်ငံရေး(၆)ပွင့်ဆိုင်ဆွေးနွေးပွဲကျင်းပမည့်ရက် ကြေညာပြီးကာမှ **နိုင်ငံတော်သမ္မတကြီးက နေပြည်တော်၌ (၄၈)ပွင့်ဆိုင်ဆွေးနွေးပွဲတစ်ရပ် ရုတ်တရက် ခေါ်ယူကျင်းပခဲ့ပြန်သည်**ဟု သတင်းတစ်ပုဒ်ဖတ်ရှုရပြန်သည်။

နောက်ဆုံးတွင် မြန်မာ့သင်္ကြန်ရက်နီးကပ်လာချိန်၌ **မျှော်လင့်တုန်း ကြော့ဆုံးလာချေပြီ။** နေပြည်တော်၌ **နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၊ တိုင်းရင်းသားကိုယ်စားလှယ်ဒေါက်တာ အေးမောင်တို့**ပါဝင်သော (၆)ပွင့်ဆိုင်နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပနိုင်ခဲ့ပြီ။ (၆)ပွင့်ဆိုင်နိုင်ငံရေးဆွေးနွေးပွဲ မကျင်းပမီ ဒေါ်အောင်ဆန်းစုကြည်က ရယ်ကာမောကာဖြင့် **"ကျွန်မတို့ဆွေးနွေးပွဲက လက်ဖက်ရည်သောက်ရုံနဲ့လည်း ပြီးချင်ပြီးသွားမှာပါ"**ဟု ပြောခဲ့သေးသည်ဆို၏။ သို့သော်. . ။

ပထမအကြိမ်(၆)ပွင့်ဆိုင်နိုင်ငံရေးဆွေးနွေးပွဲကျင်းပစဉ်က နိုင်ငံတော်သမ္မတကြီးက ဆွေးနွေးပွဲအဖွဲ့ဝင် လူဦးရေထပ်တိုးရန် ဆန္ဒတင်ပြခဲ့သော်လည်း မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်က ဆွေးနွေးပွဲအဖွဲ့ဝင် လူဦးရေထပ်တိုးရန် သဘောမတူသဖြင့် မူလအတိုင်း (၆)ပွင့်ဆိုင်သော ဆွေးနွေးရန်အတည်ပြုခဲ့ကြသည်ဟု သိရ၏။

မကြာမီ လွှတ်တော်အစည်းအဝေးများ ကျင်းပရန်ခေါ်ယူမည့် အချိန်၌ (၆)ပွင့်ဆိုင် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပပေတော့မည်။ ဤတွင် အကြံပေးတင်ပြလိုသည်မှာ မြန်မာပြည်၏ လက်ရှိနိုင်ငံရေးအခြေအနေ၌ အဓိကဆောင်ရွက်ရန်လိုအပ်နေသော **(၁) အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၊ (၂) ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမှ ဒီမိုကရေစီ ဆင်းပြင်နှင့်မညီညွတ်သော ဥပဒေများပြင်ဆင်ရေး၊ (၃) လွတ်လပ်၍တရားမျှတသော ၂၀၁၅ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး**အတွက် ထိရောက်ပြတ်သားသည့် မူဘောင်များ ချမှတ်သင့်ကြောင်းပင်။

နိဂုံးချုပ်ပြောရလျှင် ၂၀၁၁ခုနှစ်၊ ဧပြီ (၁)ရက်နေ့က စတင်ခဲ့သော ဒီမိုကရေစီအစိုးရအပေါ် ထိုစဉ်က ပြည်သူတို့မျှော်လင့်အားထားယုံကြည်ခဲ့မှုများ ယနေ့အထိ မှုန်တဝါးဝါးအခြေအနေတွင်သာ ရှိပါသေးသည်။ ဤအခြေအနေကို **အကောင်းအမြင့် သို့တွန်းမြှင့်ဆောင်ရွက်နိုင်ရန်** မကြာမီကျင်းပတော့မည့် (၆)ပွင့်ဆိုင် နိုင်ငံရေးဆွေးနွေးပွဲများက အားစိုက်ခွန်စိုက်ကြိုးစားလိုက်ကြစေချင်သည်မှာ ပြည်သူဆန္ဒအမှန်ပင်။




# နိုင်/ကျဉ်း ၃၀၀ခန့်ရှိပြီး အများစုမှာ ကျန်းမာရေးချို့ယွင်းနေကြပြီး ဆေးကုသခွင့်ကောင်းစွာမရရှိ

အကျဉ်းထောင်အသီးသီးတွင် ဖမ်းဆီးခံထားရသည့် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးအတွက် မြန်မာနှစ်ဆန်းတစ်ရက်နေ့ဖြစ်သည့် ဧပြီ ၁၇ ရက်နေ့တွင် နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် ဒီမိုကရေစီအင်အားစုများက ဗိုလ်တထောင်စေတီ၌ ငါးအကောင်ရေ ၅၀၀ ဘေးမဲ့လွှတ်ကာ နိုင်ငံရေးအကျဉ်းသားများ အမြန်ဆုံးလွတ်မြောက်ရေးဆုတောင်းပွဲ ကျင်းပခဲ့ကြကြောင်းသိရသည်။

ယင်းလှုပ်ရှားမှုကို နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့ (FPPS) က ကြီးမှူးကျင်းပပြီး တက်ကြွလှုပ်ရှားသူများနှင့် ဒီမိုကရေစီအင်အားစုများ ပူးပေါင်းပါဝင်ခဲ့ကြကြောင်း၊ နိုင်ငံတကာကို နိုင်ငံရေးအကျဉ်းသားမရှိပါဟု ကြိမ်ဖန်များစွာပြောဆိုနေသည့် အစိုးရ၏သဘောထားကို ထင်ဟပ်ပြခြင်းဖြစ်ကြောင်း နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့လုပ်ငန်းကော်မတီဝင်ဦးထွန်းကြည်ကပြောသည်။

"ဒီလှုပ်ရှားမှုက နိုင်ငံတကာကို နိုင်ငံရေးအကျဉ်းသားဆိုတာ မရှိပါဘူးလို့ ကြိမ်ဖန်များစွာ လီဆယ်ပြောဆိုနေတဲ့ အစိုးရရဲ့သဘောထားကို ထင်ဟပ်ပြလိုက်တာပါ။ နိုင်ငံရေးစနစ်လည်း လက်တွေ့မပြောင်းသေးသလို နိုင်ငံရေးအကျဉ်းသားတွေလည်း လက်တွေ့မလွတ်ကြသေးပါဘူး။ လက်ရှိရှိနေတဲ့ ၁၇၆ ယောက်သော နိုင်ငံရေးအကျဉ်းသားတွေဟာ ထောင်တွေထဲမှာ စနစ်ဆိုးရဲ့ဒဏ်ကိုခါးသီးစွာခံနေရဆဲပါ။ ကျန်းမာရေးစောင့်ရှောက်မှုကအစ လူ့အခွင့်အရေးအခြေအနေအားလုံးချို့တဲ့ဆင်းရဲ ထိခိုက်နေကြပါတယ်"ဟု ဦးထွန်းကြည်က ဆိုသည်။

လက်ရှိတွင် အကျဉ်းထောင်များတွင် ပြစ်ဒဏ်ကျခံနေရသူ နိုင်ငံရေးအကျဉ်းသား ၁၇၆ ယောက်ရှိပြီး တရားရင်ဆိုင်နေရဆဲ လယ်သမားများ အပါအဝင် နိုင်/ကျဉ်း ၃၀၀ ခန့်ရှိကြောင်း၊ အများစုမှာ ကျန်းမာရေးချို့ယွင်းနေကြပြီး ဆေးကုသခွင့်ကောင်းစွာမရရှိကြောင်း သိရသည်။

**စော်မြင့်**

အကောင်းကြိုက်သူများအတွက်
သန့်
စပါယ်ရှယ်ပေါ်ဆန်းမွှေး၊ပဲဆီမွှေး၊ရှမ်းဆန်၊ဘာစမာတီ၊ဆန်မျိုးစုံ ရွေးချယ်သန့်စင်ပြီး(ခပ်ချက်)ဆန်များကိုအိမ်အရောက်ပို့ပေးပါသည်။ ယနေ့မှာကြားလျှင် ယနေ့အရောက်ပို့ ဝန်ဆောင်မှုဖြစ်ပါသည်။ (ပိုတ်ရက်မရှိပါ။) ဆန်သားနှင့်ထမင်းအား နှစ်သက်မှုမရှိပါက တပါတ်အတွင်း ပြန်လည် လဲလှယ်ပေးပါမည်။
ရွှေဘိုပေါ်ဆန်းမွှေးရပြီ။
ဘုရင့်နောင်ပွဲရုံမျက်နှာစာတန်း၊ဘုရင့်နောင်လမ်းမကြီး။
ဖုန်း-681209, 681504, 682934, 09 73249922

ဆေးအိုး
ချောင်းဆိုးရင်ကျပ်ပျောက်ဆေး
အကြောဖြေဒဏ်ကျေလိမ်းဆေး
အစာကြေလေနိုင်လျက်ဆား




အမှတ် ၉၉၊ မာလာမြိုင် (၃)လမ်း၊ (၁၆) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
☎:01-522356, :09-73012063

# မြင်းခြံ-မြို့သာ RBE ရထား စက်ပျက်၍ ရပ်နားနေ

မြင်းခြံ-မြို့သာ RBE ရထားမှာ ဧပြီ ၈ရက်မှစ၍ မြင်းခြံဘူတာ၌ စက်ပျက်နေ၍ မြင်းခြံ-မြို့သာ ခေါက်ပြန်အစီအစဉ်ကိုရပ်နားထားကြောင်း နွားထိုးကြီးဘူတာက ပြောသည်။

တွဲနှစ်တွဲဖြင့်ပြေးဆွဲနေသောမြင်းခြံ-မြို့သာ RBE ရထားမှာ စက်ပျက်ခဲ့၍ တစ်တွဲတည်းသာ ပြေးဆွဲနေစဉ် စက်ထပ်ပျက်၍ ယခုကဲ့သို့ မြင်းခြံ-မြို့သာ ခရီးစဉ်ကို ရက်အကန့်အသတ်မရှိ ရပ်နားရခြင်းဖြစ်သည်ဟု ဆက်ပြောသည်။ ဒုတိယအကြိမ် ရထားပျက်ခြင်းဖြစ်သည်။

အတာသင်္ကြန်ပိတ်ရက်နှင့်ဆုံ၍မြင်းခြံ-မြို့သာရထား ခေါက်ပြန်အစီအစဉ်မှာ အတာသင်္ကြန်ပြီးမှ ရထားထွက်နိုင်ခြေရှိကြောင်း ပြောပြသည်။ **ရွှေးမြင့်မောင်**

# နွားထိုး-တောင်သာလမ်း ကုန်ကားပြေး၍ လမ်းပျက်နေ

နွားထိုးကြီး - တောင်သာ ၂၁မိုင်ကျောက်ချော ကွန်ကရစ်ခင်းလမ်းမှာ တောင်သာ-မြင်းခြံ-မန္တလေးသွားဖြတ်လမ်းဖြစ်၍ နွားထိုးကြီး-တောင်သာလမ်းကို အသုံးများပြားလာကြောင်း ဒေသခံတွေကပြောသည်။ တောင်သာ၊ နွားထိုးကြီးရှာ ၃၀ခန့် ယင်းလမ်းကို မှီခိုအားထားနေကြသည်။

ဖြတ်လမ်းကောင်းဖြစ်နေသော်လည်း ၁၂ဘီး၊ ၂၂ဘီး ဘီလပ်မြေတင် ကုန်ကားကြီးများ သွားလာနေ၍ လမ်းအချို့ပျက်စီးစပြုနေသည်။ အထူးသဖြင့် ဗောဓိကုန်းနှင့် ထန်းတောရွာကြားတွင် လမ်းပျက်များနေသည်ဆိုသည်။

မြို့စည်ပင်လက်ထက်က ၆တန်အထက် ကုန်ကားသွားလာခြင်းကို တားမြစ်ပြီး လမ်းတံတားကောက်ခံသော်လည်း ယခုကျေးလက်ဖွံ့ဖြိုးရေးဦးစီးလက်ထက်တွင် ညွှန်ကြားချက်အမိန့်တစ်စုံတစ်ရာမရှိ၍ အခွန်အခမကောက်ဘဲ ကုန်ကားကြီးများ သွားလာနေ၍ လမ်းပျက်ခြင်းပါဟု လမ်းအင်ဂျင်နီယာက ပြောသည်။

**ရွှေးမြင့်မောင်**

# လက်အတု ၅၀ တပ်ဆင်ပေးမည် ဆက်သွယ်ပါ



ဒေါက်တာစောမြအောင် ဖောင်ဒေးရှင်းကတံတောင်ဆစ်အောက် လက်ပြတ်နေသူ ၅၀အား လက်အတုများတပ်ဆင်ပေးမည်ဖြစ်သဖြင့် ဆက်သွယ်နိုင်ရန် နှိုးဆော်ထားကြောင်း သိရသည်။

လက်အတု တပ်ဆင်နိုင်ရန်အတွက် လိုအပ်သောအချက်များမှာ မည်သည့်ဘက်မဆို လက်တံတောင်ဆစ်မှ၅လက်မရှည်သော လက်ဖျံရှိရန်၊ ငွေကြေးမတတ်နိုင်သူဖြစ်ရန်၊ မိမိ၏အမည်၊ အသက်၊ နေရပ်လိပ်စာ၊ဆက်သွယ်ရမည့်ဖုန်းနံပါတ်၊ အလုပ်အကိုင်နှင့် လက်ပြတ်သွားရသည့် အကြောင်းအရင်းတို့ကို ပြောပြနိုင်သူတို့ဖြစ်ပြီး ဖောင်ဒေးရှင်းက လက်တစ်ဖက်တည်းကိုသာ လက်အတုတပ်ဆင်ပေးမည်ဖြစ်ကာ ညာဘက်ပြတ်နေသူများကို ဦးစားပေးတပ်ဆင်ပေးမည်ဖြစ်ကြောင်း သိရသည်။

လက်အတုတပ်ဆင်လိုသူများအနေဖြင့် ဒေါ်တင်မေအောင်(ဥက္ကဋ္ဌ၊ဒေါက်တာစောမြအောင်ဖောင်ဒေးရှင်း၊ ၀၁-၅၃၅ ၆၆၀၊ ၀၉-၄၂၀၀၄၂၇၁၈)နှင့် ဦးတိုးဘရှမ်း(ဒုဥက္ကဋ္ဌ၊ ဒေါက်တာစောမြအောင်ဖောင်ဒေးရှင်း၊ ၀၉-၅၁၀၄၅၁၀၊ ၀၁-၅၃၅ ၆၆၀) တို့ထံ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

ဒေါက်တာစောမြအောင်ဖောင်ဒေးရှင်းအဖွဲ့သည် ၂၀၁၃ ဒီဇင်ဘာလတွင် တစ်ကြိမ်၊ ၂၀၁၄ ဒီဇင်ဘာတွင်တစ်ကြိမ် ရခိုင်ပြည်နယ်၌ဆေးအခမဲ့ကုသပေးမှုတွင် လက်အတုများတပ်ဆင်ပေးခဲ့ပြီး ရန်ကုန်မြို့တွင်လည်း တပ်ဆင်ပေးခဲ့ရာ လက်အတု ၅၀တပ်ဆင်ပေးခဲ့ပြီးဖြစ်၍ ယခုအခါ ထပ်မံ၍ လက်အတု ၅၀တပ်ဆင်ပေးရန် စီစဉ်နေခြင်းဖြစ်သည်။

**မြေမြန်တော်**

The HOT NEWS
Vol - 5, No - 239, Apr 24 - 30, 2015

# ကျော်စံကေး တို့ လာချေပြီ

နောင်တင်စိုး

**ဇာတ်ကောင်များ**

ဖားခုံညင်း- (အသက် (၅၀)စွန်းစွန်း နိုင်ငံရေးဖြင့် အသက်မွေးနေသူ)

ဖားပြုပ်- (အသက် (၅၀)ခန့် မည်သည့် အစိုးရတက်တက်တော်လှန်သူ)

ဖားပျံ- (အသက် (၃၀)ခန့်ဖားခုံညင်း၏ တပည့်)

ဖားတစ်လက်များ- (အသက်၁၈၊ ၁၉အရွယ်လေးများ)

အချိန်နှင့် နေရာ။ ပထမပိုင်း- ၂၀၁၅ ခုနှစ်၊ ဧပြီ (၂)ရက်၊ နံနက်ပိုင်း၊ ဖားခုံညင်း၏ လယ်တောပျောက်ရုံးခန်း။ ဒုတိယပိုင်း- ဧပြီ(၁၆)ရက်၊ ညပိုင်း၊ အော်ချင်ရာအော်မဏ္ဍပ်။ တတိယပိုင်း- ဧပြီ (၂၀) ရက်၊ နေ့ခင်းပိုင်း၊ ဖားခုံညင်း၏ရုံးခန်း။

**(ကားလိပ်ဖွင့်)**

ဇာတ်စင်ပေါ်၌ ရုံးခန်းတစ်ခုကဲ့သို့ ပြင်ဆင်ထားရမည်။ နံရံပေါ်၌ ခေါင်းပေါင်းနှင့် တိုက်ပုံဝတ်ထားသော ဖားခုံညင်း၏ ဓာတ်ပုံချိတ်ဆွဲထားရမည်။ နံရံရှေ့၌ စားပွဲခုံရှည်တစ်လုံးရှိပြီး ဝဲ၊ ယာထိပ်၌ ဖားပြုပ်နှင့် ဖားပျံတို့အသီးသီးထိုင်နေစေ။ အလယ်တည့်တည့်၌ ဖားခုံညင်းထိုင်ရန် ထိုင်ခုံအလွတ်တစ်လုံးရှိရမည်။ စားပွဲခုံရှေ့(၃)ပေအကွာတွင် ဖားတလက်များ အတန်းလိုက်ထိုင်နေကြပြီး စကားတီးတိုးပြောနေကြစေ။ ခဏအကြာတွင် ဗိုက်ရွှဲရွှဲ၊ အသားလတ်လတ်၊ ပုပုဝဝပုံစံရှိသော ဖားခုံညင်း ဇာတ်စင်ပေါ် တက်လာစေ။ အားလုံးမတ်တပ်ရပ်ပြီး ကြိုဆိုစေ။

**ဖားခုံညင်း–** (ချိုသာသောအသံဖြင့်) ဟာ အားလုံးတောင်ရောက်နေမှပဲ။ ထိုင်ကြပါ။ ထိုင်ကြပါ။ (အားလုံးထိုင်ကြစေ) အားနာစရာကောင်းလိုက်တာဗျာ။ ကျွန်တော်လည်းစောစောထွက်လာတာပဲ။ လမ်းပေါ်ရောက်မှ စားဖားတွေသိမ်းထားတဲ့ လယ်ပြဿနာကိစ္စတစ်ခုအရေးပေါ် သတင်းဝင်လာလို့ သွားလိုက်ရတာနဲ့ နည်းနည်းနောက်ကျသွားတယ်ဗျာ။ စိတ်မရှိပါနဲ့နော်။

**ဖားပြုပ်–** ရပါတယ်ဗျာ။ ခင်ဗျားက အလုပ်များတဲ့သူပဲ။ ကိစ္စမရှိပါဘူး။ ကျွန်တော်ရေးထားတဲ့ သံချပ်လေးတွေကို ကလေးတွေကိုချပြနေတာနဲ့ စောင့်ရမှန်းတောင်မသိပါဘူးဗျာ။ ဟဲ. . ဟဲ။

**ဖားခုံညင်း–** ဩော် သံချပ်တွေတောင် ချပြပြီးပြီလား။ ကောင်းတယ်။ ကောင်းတယ်။ ဟေ့ဖားပျံ။ ကလေးတွေအတွက် စားဖို့သောက်ဖို့စီစဉ်ပေးဦးလေကွာ။ ငါ့ရဲဘော်တွေဗိုက်ဆာနေလောက်ပြီ။

**ဖားပျံ–** ပြီးသွားပြီဆရာ။ ဆရာ့ကိုစောင့်ရင်း အစားအသောက်အစီအစဉ်ကိုအရင် လုပ်လိုက်တယ်ဆရာ။

**ဖားခုံညင်း–** ကောင်းတယ်။ ကောင်းတယ်။ အခုလိုအချိန်ကို အကျိုးရှိအောင် အသုံးပြုတာကောင်းတယ်။ ဒါနဲ့ဒီနေ့ ရဲဘော်တို့ကိုဖိတ်ခေါ်ရတဲ့အကြောင်းရင်းကို ပြောရရင်တော့ သင်္ကြန်မှာ သံချပ်ထိုးဖို့အတွက်ခေါ်တယ်ဆိုတာ ရဲဘော်တို့သိပြီးသားပဲ။ ဒီနှစ်သင်္ကြန်ဟာ ရဲဘော်တို့ရဲ့ အစွမ်းအစကိုပြရမယ့်ပွဲပဲ။ မနှစ်ကတော့ အတွေ့အကြုံသိပ်မရှိတဲ့ ရဲဘော်တချို့ပါတာကြောင့် လိုအပ်ချက်အနည်းငယ်ရှိခဲ့ပေမဲ့ အောင်မြင်မှုရခဲ့ပါတယ်။ ရဲဘော်တို့သာ မကြောက်မရွံ့နဲ့သတ္တိရှိရှိ၊ ရဲရဲဝံ့ဝံ့၊ ပြောရဲ၊ အော်ရဲရင်ကျုပ်တို့ရဲ့ "မြန်မာနိုင်ငံလုံးဆိုင်ရာကျော်စံကေးများ သမဂ္ဂအဖွဲ့" ဟာ မအောင်မြင်စရာအကြောင်းမရှိပါဘူး။ ရဲဘော်တို့မှာအသံဆိုတဲ့ လက်နက်ရှိတာကြောင့် ရဲဘော်တို့ကို နှိပ်ကွပ်နေတဲ့စားဖားတွေကိုရဲဘော်တို့က သံချပ်ထိုးပြီး ပြန်နှိပ်ကွပ်ဖို့သာလိုအပ်ပါတယ်။ ရဲဘော်တို့ကို နောက်ဆုံးပြောချင်တာကတော့ ရဲဘော်တို့ထဲက ကြောက်တတ်တဲ့သူရှိရင် အခုကတည်းက နုတ်ထွက်ခွင့်ပြုတယ်လို့ပြောချင်ပါတယ်။ (လေသံမာမာဖြင့်) နုတ်ထွက်မယ့်သူရှိလား။ နုတ်ထွက်မယ့်သူရှိလား။

**ဖားတလက်များ–** (သံပြိုင်အော်)မရှိပါဘူး။ မရှိပါဘူး။

**ဖားခုံညင်း–** (အဆီပြန်နေသောမျက်နှာကို ချွေးသုတ်ပြီးနောက်) မရှိဘူးဆိုရင်တော့ ထုံးစံအတိုင်း ဒီနှစ်သင်္ကြန်မှာ ကုန်ကျမယ့်စရိတ်အဝဝအတွက် ကျုပ်ကပဲ တာဝန်ယူပြီးလုပ်ပေးသွားမယ်။ ဒီတော့ သံချပ်တိုက်ဖို့ကိစ္စအတွက် ဖားပြုပ်က တာဝန်ယူပြီး ဆောင်ရွက်မှာဖြစ်တဲ့အတွက် သံချပ်တိုက်မယ့် အစီအစဉ်နဲ့ပတ်သက်ပြီး ဖားပြုပ်ကရှင်းပြပါလိမ့်မယ်။

**ဖားပြုပ်–** (မတ်တပ်ရပ်ပြီးပြောစေ) သံချပ်တိုက်ဖို့ကိစ္စနဲ့ပတ်သက်ပြီး အထွေအထူးတော့ပြောစရာမရှိပါဘူး။ ခုနကလည်း ပြောပြီးသားဆိုတော့ အနည်းအကျဉ်းလောက်တော့သိပြီးနေကြပါပြီ။ နေရာအတွက်လည်း စားဖားတွေမသိမ်းရသေးတဲ့ လယ်ကွက်တစ်ခုမှာစီစဉ်ထားပါတယ်။ တီးလုံးအတွက်ကလည်း မိုးသံ၊ လေသံတီးလုံးလေးတွေ ရှာပြီးသားပါ။ အဓိကကတော့ သံချပ်မှာဌာန် ကရိုင်းကျကျ၊ အသံအောင်အောင်နဲ့ အော်နိုင်သူကအခရာပါပဲ။ အဲဒီအတွက် ဘယ်သူ့ကို ရွေးချယ်ရမလဲဆိုတာ. . .

**ဖားခုံညင်း–** အသံအောင်တာကတော့ဗျာ။ ကျုပ်တပည့်ဖားပျံ အပြင်ဘယ်သူရှိသေးလို့လဲ။ အတွေ့အကြုံလည်းရှိတယ်။ ဒီတော့ ဖားပျံကိုပဲထားလိုက်။ (ဖားတလက်များကိုကြည့်ပြီး) ရဲဘော်တို့သဘောတူတယ် မဟုတ်လား။

**ဖားတလက်များ–** (သံပြိုင်အော်)တူပါတယ်။ တူပါတယ်။



**ဖားခုံညင်း–** တူတယ်ဆိုရင် မနက်ဖြန်ကစပြီး သံချပ်တိုင်ဖို့အတွက် ဖားပြုပ်က စီစဉ်ပေတော့။ လိုအပ်တဲ့ စရိတ်တွေကို ဖားပျံကစာရင်းလုပ်ပြီး ငါ့ဆီတင်ပေး ဟုတ်လား။ ကျန်တာအထွေအထူးလည်း သိပ်ပြောစရာမရှိတော့ပါဘူး။ ကဲကဲ ရဲဘော်တို့လည်း ပြန်လို့ရပါပြီ။ အပြင်မှာ ရဲဘော်တို့ကို လိုက်ပို့ဖို့စီစဉ်ထားတယ်။ အားမွေးထားကြ။ ဟုတ်ပြီလား။(ဖားတလက်များထွက်ခွာနေစဉ် ကားလိပ်ချ)

**(ကားလိပ်ဖွင့်)**

ဇာတ်စင်ပေါ်၌ အော်ချင်ရာအော် သင်္ကြန်မဏ္ဍပ်ဆိုပြီး ပြင်ဆင်ထားရမည်။ ဖားပြုပ်နှင့် ဖားပျံကရှေ့၌ရပ်နေကြပြီး ဖားတလက်များက တူညီဝတ်စုံများဖြင့် နောက်မှာဝန်းရံနေကြရမည်။ ဖားပြုပ်က နှုတ်ခွန်းဆက်စကားပြောရမည်။

**ဖားပြုပ်–** ကျွန်တော်တို့ရဲ့ ကျော်စံကေးတို့လာချေပြီ။ သံချပ်အဖွဲ့ကိုလာရောက်အားပေးကြတဲ့ ချစ်စွာသောပရိသတ်ကြီးကို အရင်ဆုံးမေတ္တာရပ်ခံချင်တာကတော့ ကျွန်တော်တို့အဖွဲ့ဟာ သင်္ကြန်မဏ္ဍပ်တွေရဲ့ ဖိတ်ကြားမှုကြောင့် ပွဲဆက်များပြီး အဖွဲ့သားတွေအသံနည်းနည်းနာနေကြပါတယ်။ အဲဒါကို သည်းခံပြီးနားဆင်ပေးပါလို့ ဦးစွာပထမ မေတ္တာရပ်ခံရင်းနဲ့ ကျွန်တော်ဂီတစာဆိုဖားပြုပ် (ရှုံးကျယ်သစ်) ရေးစပ်ထားတဲ့ သံချပ်လေးတွေကတော့ ဟောဒီလိုပါတဲ့ခင်ဗျာ။ (ပြောပြီး စင်နောက်ဝင်သွားစေ)

**ဖားပျံ–** မိုးကိုမျှော်လို့ တို့အော်တာ။

**ဖားတလက်များ–** မီးအုပ်ဆောင်းထွန်းပြီး ဘာကြောင့်ရိုက်သလဲ။

**ဖားပျံ–** မီးအုပ်ဆောင်းထွန်းပြီး ဘာကြောင့်ရိုက်သလဲ။

**ဖားတလက်များ–** မိုးကိုမျှော်ပြီး တို့အော်တာ။

**ဖားပျံ–** မန်ကျည်းရွက်နဲ့ ကြော်ဖို့ရာ။

**ဖားတလက်များ–** ကျော်စံကေးဆို ရိုက်ထား၊ နှက်ထား။

**ဖားပျံ–** ကျော်စံကေးဆို ရိုက်ထား၊ နှက်ထား။

**ဖားတလက်များ–** မန်ကျည်းရွက်နဲ့ ကြော်ဖို့ရာ။

**ဖားပျံ–** စားဖားတို့ရဲ့ စေတနာ။

**ဖားတလက်များ–** ပလိုင်းပေါက်နဲ့ ဖားကောက်သလိုပဲ။

**ဖားပျံ–** ပလိုင်းပေါက်နဲ့ ဖားကောက်သလိုပဲ။

**ဖားတလက်များ–** စားဖားတို့ရဲ့ စေတနာ။

**ဖားပျံ–** (ပုစွန်အကွေး၊ ငါးအနွေးတဲ့)၂ ခရုအဆံချောင်လို့ ဖားမျက်တွင်းချောင်။

**ဖားတလက်များ–** စားဖားတွေက စားကြမှာပဲ။

**ဖားပျံ–** စားဖားတွေက စားကြမှာပဲ။

**ဖားတလက်များ–** (ပုစွန်အကွေး၊ ငါးအနွေးတဲ့)၂ ခရုအဆံချောင်လို့ ဖားမျက်တွင်းချောင်။

**ဖားပျံ–** အမြီးကျက်တာနဲ့ ခေါင်းစားတာ။

**ဖားတလက်များ–** စားဖားတွေရဲ့ လုပ်ရပ်ပါပဲ။

**ဖားပျံ–** စားဖားတွေရဲ့ လုပ်ရပ်ပါပဲ။

**ဖားတလက်များ–** အမြီးကျက်တာနဲ့ ခေါင်းစားတာ။

**ဖားပျံ–** ကျော်စံကေးတုလို့ စားဖားခုန်။

**ဖားတလက်များ–** လယ်ပျက်ရုံပဲရှိတော့မှာပေါ့။

**ဖားပျံ–** လယ်ပျက်ရုံပဲရှိတော့မှာပေါ့။

**ဖားတလက်များ–** ကျော်စံကေးတုလို့ စားဖားခုန်။

**ဖားပျံ–** ဖားတို့ပျော်ရာ လယ်ယာမြေ။

**ဖားတလက်များ–** စားဖားတွေသိမ်းလို့ ကွင်းလုံးပြည့်ပဲ။

**ဖားပျံ–** စားဖားတွေသိမ်းလို့ ကွင်းလုံးပြည့်ပဲ။

**ဖားတလက်များ–** ဖားတို့ပျော်ရာ လယ်ယာမြေ။

**ဖားပျံ–** စားဖားတွေကို မျှားဖို့ရာ။

**ဖားတလက်များ–** ဖားပေါင်နဲ့ မျှား၊ ဖားပေါင်နဲ့ မျှား။

**ဖားပျံ–** ဖားပေါင်နဲ့ မျှား၊ ဖားပေါင်နဲ့ မျှား။

**ဖားတလက်များ–** စားဖားတွေကို မျှားဖို့ရာ။

(ထိုသို့ သံချပ်တိုင်နေစဉ်ကားလိပ် တဖြည်းဖြည်းကျလာစေ)

**(ကားလိပ်ဖွင့်)**

ဖားခုံညင်း၏ ရုံးခန်းကို ယခင်ပုံစံအတိုင်း ပြင်ဆင်ထားစေ။ ဖားခုံညင်းနှင့် ဖားပျံတို့ခေါင်းချင်းဆိုင်ပြီး တီးတိုးပြောနေကြစေ။

**ဖားခုံညင်း–** ငါပြောတဲ့အတိုင်းသာလုပ်စမ်းပါ တပည့်ရာ။ ဒီလိုလုပ်မှ ငါတို့ရပ်တည်လို့ရမယ်ဆိုတာ မင်းသိသားနဲ့ကွာ။ မင်းကိုလည်း ဆရာကကြည့်ထားတာပဲ။

**ဖားပျံ–** ဟုတ်တော့ဟုတ်ပါတယ်ဆရာရယ်။ စပွန်ဆာရတာတွေကို သူတို့မသိဘူးဆိုပေမဲ့ မဏ္ဍပ်တွေကဆုချထားတာရှိတော့ ဖားပြုပ်ကလည်း လိုချင်မှာပဲဆရာ။

**ဖားခုံညင်း–** မင်းတော်တော်ညံ့တဲ့ကောင်ပဲ။ ဖားပြုပ်က အေးဆေးပါကွာ။ ဒီကောင်က စားဖားအစိုးရကို မုန်းတော့နှိပ်ကွပ်ဖို့အတွက် ကလောင်စွမ်းပြချင်နေတဲ့ကောင်ကွ။ အခု ကလောင်စွမ်းလည်း ပြပြီးပြီဆိုတော့ သူ့ဆန္ဒကပြည့်နေပြီ။ ဟိုနေ့ကပဲ သူ့မိန်းမရှေ့မှာ အသံမထွက်ဖို့ပေးခဲ့ပြီးပြီ။ ဒီလိုကောင်မျိုးတွေက တို့လောကမှာအများကြီးကွ။ မြှောက်ပေးလိုက်ရင် ရှေ့ဆုံးကအော်မယ့်ကောင်တွေ။ ဒီလိုကောင်မျိုးတွေရှိလို့ ငါတို့ဒီလိုနေနိုင်တာ။ ငတ်နေရင်တောင် မအော်ရမနေနိုင်တဲ့ ကောင်တွေဆိုတာ ခေါင်းထဲထည့်မနေပါနဲ့ကွာ။

**ဖားပျံ–** ဖားတလက်တွေကိုကောဘယ်လိုလုပ်ပေးမလဲဆရာ။

**ဖားခုံညင်း–** သူတို့ကိုတော့ အဆင်ပြေအောင်လုပ်ပေးရမှာပေါ့ကွာ။ သူတို့ကလည်း ဘယ်နေရာပါရပါရသွေးသစ်လေးတွေဆိုတော့ ပါရရင်ပြီးရောတွေကွ။ သူတို့အတွက် ဘာမှမလိုဘူး။ အပျော်အပါးပဲလိုတာ။ ငါစီစဉ်ပေးမယ်ကွာ။ ဟော ပြောရင်းဆိုရင်း အသံတွေကြားရတယ်။ တိတ်တိတ်နေ လာနေကြပြီထင်တယ်။

ဇာတ်စင်ပေါ်သို့ဖားတလက်များ ဆူညံစွာဖြင့် ဝင်လာကြစေ။

**ဖားခုံညင်း–** (ချိုသာသောအသံဖြင့်) ဩော် ရောက်လာကြပြီလား။ ထိုင်ကြ။ ထိုင်ကြ။ (အားလုံးနေရာအသီးသီး၌ဝင်ထိုင်ကြစေ)

ကဲ သင်္ကြန်လည်းပြီးသွားပြီ။ ရဲဘော်တို့လည်း ပင်ပန်းသွားကြပြီ။ ရဲဘော်တို့ဟာ ဖားပြုပ်ရဲ့ ဂန္ထဝင်တဲ့စာသားတွေနဲ့ စားဖားအစိုးရကိုမကြောက်မရွံ့ ပြောခဲ့တာကို ကျုပ်အနေနဲ့မချီးကျူးဘဲမနေနိုင်ဘူး။

ဒါကြောင့်ရဲဘော်တို့ကို ဂုဏ်ပြုပွဲလေးလုပ်ပေးဖို့ ကျုပ်ကခေါ်ရတာပါပဲ။ ဒီနှစ် သင်္ကြန်မှာမဏ္ဍပ်တွေကဆုချီးမြှင့်တယ်ဆိုပေမယ့်လည်း ကျုပ်တို့ရဲ့ကုန်ကျစရိတ်ကို ကာမိရုံပဲရှိတယ်။ ဘာပဲဖြစ်ဖြစ် ကျုပ်ဟာ ကျုပ်တို့ဖားလောကကြီးကို ဖိနှိပ်ချုပ်ချယ်တဲ့ စားဖားအစိုးရကိုတော်လှန်ဖို့အတွက်ကျုပ်ပိုင်တဲ့ စည်းစိမ်ဥစ္စာတွေကိုရောင်းချပြီးလုပ်နေတဲ့သူဖြစ်တယ်ဆိုတာ ရဲဘော်တို့အသိပဲ။ လုပ်အားစိုက်ကြတဲ့ ရဲဘော်တို့ကိုလည်းဂုဏ်ပြုချင်ပါတယ်။ ဒါကြောင့်ရဲဘော်တို့ အဆင့်မြင့်အပန်းဖြေစခန်းတစ်ခုကို ကျုပ်ပိုင်ငွေကြေးနဲ့စရိတ်ငြိမ်းပို့ပေးဖို့လည်း ကျုပ်စီစဉ်ထားပါတယ်။

**ဖားတလက်များ–** (သံပြိုင်အော်) ဟေးကောင်းတယ်ကွ။ တို့ခေါင်းဆောင်ကြီးကွ။

**ဖားခုံညင်း–** (အသံတိတ်အောင်ခဏစောင့်နေ) ဒီတော့ပြီးခဲ့တဲ့နှစ်က နွားခြေရာခွက် အပန်းဖြေစခန်းကိုပို့ပေးပြီးဖြစ်တာကြောင့် ဒီနှစ်တော့ အပြောင်းအလဲဖြစ်အောင် ကျွဲလူးအိုင်စခန်းအပန်းဖြေစခန်းကိုပို့ပေးဖို့ ကျုပ်စီစဉ်ထားတယ်။ (အသံအနည်းငယ်မြှင့်ပြီး) သွားကြမယ်မဟုတ်လား။ လိုက်ကြမယ်မဟုတ်လား။

**ဖားတလက်များ–** (သံပြိုင်)သွားမယ်။ လိုက်မယ်။

**ဖားခုံညင်း–** ကဲ ဒါဆိုရင်ဒီလကုန်မှာသွားကြမယ်။ အခုတော့ ရဲဘော်တို့ရဲ့ ပက်ကြားအက်အိုင်ထဲ အားမွေးလိုက်ကြပါဦး။

(ဖားတလက်များဆူညံစွာဖြင့်ပျော် ပြီးထွက်သွားကြစေ။ ဇာတ်ခုံ၌ဖားခုံညင်းနှင့် ဖားပျံတို့ ကျန်နေစေ)

**ဖားပျံ–** ဆရာရဲ့စည်းရုံးရေးကပိုင်လိုက်တာ ဆရာရယ်။ ဘာပြဿနာမှမရှိဘဲ အားလုံးပျော်ပြီးပြန်သွားကြတယ်။ ဒီတော့ ကျွန်တော်တို့မနှစ်ကထက်ပိုကျန်မှာပေါ့ဆရာ။ နော်။

**ဖားခုံညင်း–** ဒါပေ့ါတပည့်ရာ။ နိုင်ငံရေးလုပ်တယ်ဆိုတာ ဟိတ်ဟန်ကောင်းပြီး အဟန့်ရှိရတယ်ကွ။ ဒီလိုမှရေရှည်ရပ်တည်လို့ရမှာ။ အင်း မနှစ်ကထက်စာရင် ဒီနှစ်တော့ တော်တော်လေးပိုထွက်လာမယ်ထင်တာပဲတပည့်ရာ။ မကျန်လည်းကျန်အောင်လုပ်ရမှာပေါ့လေ။ မဟုတ်ဘူးလား။

**ဖားပျံ–** ကျန်မှာပါဆရာ။ ကျန်မှာပါဆရာ။ ဟဲ. . ဟဲ။ **(ကားလိပ်ချ)**

# တကောင်းတောင် သတ္တုထုတ်လုပ်ရေးရဲ့ ကျောက်မီးသွေးလောင်စာဆိုးကျိုး ဒေသခံတွေအပေါ် ဘယ်လောက်သက်ရောက်နေပြီလဲ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ထီးချိုင့်မြို့နယ်၊ မောင်းကုန်းကျေးရွာအုပ်စုအတွင်း စက်ရုံတည်ဆောက်ပြီး မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊သပိတ်ကျင်းမြို့နယ်မြောက်ဘက်ဖျားတကောင်းတောင်မကြီးပေါ်ကနေ ဖယ်ရိုနီကယ်သတ္တု တူးဖော်ထုတ်လုပ်နေတဲ့ တရုတ်-မြန်မာ နှစ်နိုင်ငံဖက်စပ် Myanmar-Cnico ကုမ္ပဏီရဲ့ နီကယ်ထုတ်လုပ်ရေးမှာ အဓိကလောင်စာအဖြစ် အသုံးပြုနေတာကတော့ ကျောက်မီးသွေးလောင်စာတွေပဲဖြစ်ပါတယ်။ ဒေသခံပြည်သူတွေအနေနဲ့ကတော့ စက်ရုံစတင်အခြေတည်စဉ်က ပွင့်လင်းမြင်သာမှုမရှိခဲ့တဲ့ အချိန်ဖြစ်သလို ဘာတွေလုပ်မယ် ဘယ်လိုအကျိုးဆက်တွေ ဖြစ်မယ်ဆိုတာ မသိခဲ့ကြတဲ့အပြင် ချပြရှင်းလင်းမှုလည်းမပြုခဲ့တာကြောင့် ကန့်ကွက်တားဆီးမှုတွေမရှိဘဲ စက်ရုံကြီးဖြစ်တည်သွားခဲ့ပါတယ်။ တကောင်းတောင် ဖယ်ရိုနီကယ်သတ္တုစမ်း သပ်ရှာဖွေမှုနှင့် စက်ရုံတည်ဆောက်ခြင်းများကို ၂၀၀၄ခုနှစ်ကတည်းက စတင်ပြုလုပ်ခဲ့ပြီး ၂၀၀၈ ခုနှစ်မှာ နိုင်ငံတော်ရဲ့ခွင့်ပြုချက်အရ စတင်တူးဖော်ထုတ်လုပ်ခဲ့ပြီး ယခုအချိန်အထိဆိုပါက ခြောက်နှစ်နီးပါးသက်တမ်းရှိပြီဖြစ်တဲ့အပြင် ကျောက်မီးသွေးလောင်စာ စတင်အသုံးပြုခဲ့တာဟာလည်း နှစ်နှစ်ဝန်းကျင် သက်တမ်းရှိပြီလို့ စက်ရုံအလုပ်သမားတစ်ချို့က ဆိုပါတယ်။

ပတ်ဝန်းကျင်ကိုပါ ထိခိုက်စေနေပြီဖြစ်ပါတယ်။

တစ်ရက်ကို စွန့်ပစ်ကျောက်မီးသွေးချော် ကားအစီးရေ ၆၀ မှ ၈၀ ဝန်းကျင် စွန့်ပစ်နေလျက်ရှိတယ်လို့လည်းသိရတာကြောင့်ဒီကျောက်မီးသွေးလောင်စာသုံးစွဲခြင်းရဲ့နောက်ဆက်တွဲဆိုးကျိုးတွေဟာ ဒေသခံတွေအပေါ် သက်ရောက်မှုတွေဖြစ်ပေါ်လာနိုင်ပြီဖြစ်သလို ဆက်လက်ပြီးလည်း ဆိုးဝါးတဲ့အခြေအနေတွေနှင့် ကြုံတွေ့လာရတော့မှာဖြစ်ပါတယ်။

လေ့လာတွေ့ရှိရသမျှ ကျောက်မီးသွေးကထွက်တဲ့ အဆိပ်အတောက်ပစ္စည်းများမှာဆိုရင် မာကျူရီ(Mercury)၊ ခရိုမီယမ်(Chromium)၊ ဆယ်လီနီယမ်(Selenium)၊ ခဲ(Lead)၊ အာဆင်းနစ် (Arsenic)၊ ဘိုရွန်(Borom)တို့ အဓိကပါဝင်တဲ့အပြင် အခြား အဆိပ်အတောက်ပစ္စည်းတွေလည်း ပါဝင်ကြပြီး မာကျူရီကြောင့် သန္ဓေသားနှင့်ငယ်ရွယ်တဲ့ ကလေးငယ်တွေကို အာရုံကြောစနစ်ချို့ယွင်းစေမှုနဲ့ IQ ဉာဏ်ရည်နိမ့်ပါးစေမှုတို့လို ဖွံ့ဖြိုးတိုးတက်မှုပိုင်းဆိုင်ရာတွေမှာ ချို့ယွင်းလာနိုင်တဲ့အထိ အထူးအန္တရာယ်ကြီးမားလှပါတယ်။

ခရိုမီယမ်မှာဆိုလျှင်လည်း အူအတွင်း ပြည်တည်နာ၊ သွေးအားနည်းရောဂါနဲ့ အစာအိမ်ကင်ဆာရောဂါတွေဖြစ်စေနိုင်သလို မကြာခဏရှူရှိုက်မိပါက ပန်းနာရောဂါ၊ အသက်ရှုကျပ်ခြင်းနဲ့အန္တရာယ်ကြီးမားလှပါတယ်။

အခြားအဆိပ်အတောက်ပစ္စည်းတွေကလည်း လူသားတွေအတွက် ဆိုးကျိုးတွေကိုပဲ ပေးစွမ်းစေပြီး အသက်ဆုံးရှုံးတဲ့အထိ ထိခိုက်စေနိုင်တဲ့ အရာတွေပဲဖြစ်ကြပါတယ်။ ဒါတွေဟာ လူသားတွေအပေါ် တိုက်ရိုက်သက်ရောက်စေခြင်းဖြစ်ပြီး အခြားသက်ရောက်မှုတွေကတော့ အက်ဆစ်မိုးရွာသွန်းစေနိုင်ပြီး ကမ္ဘာကြီးပူနွေးလာစေတဲ့ အဓိက ညစ်ညမ်းပစ္စည်းဖြစ်တာမို့ အလွန်ဆိုးဝါးတဲ့ ရာသီဥတုဖောက်ပြန်မှုတွေ ကြုံတွေ့လာရမှာဖြစ်သလို ပင်လယ်ရေမျက်နှာပြင် မြင့်တက်စေနိုင်ခြင်းတွေပါ ဖြစ်ပွားစေနိုင်ပြီး ဘယ်လိုကိစ္စများဖြစ်ဖြစ် လူသားတွေကို ထိခိုက်စေမှာပဲ ဖြစ်ပါတယ်။

ကျောက်မီးသွေးလောင်စာ အသုံးပြုမည့်စက်ရုံကြီးကို ခွင့်ပြုခဲ့စဉ်ကလည်း ဒေသခံတွေရဲ့ လူနေမှုဘဝတွေအပေါ် မည်မျှအထိ ဆိုးကျိုးသက်ရောက်စေမည်ဆိုတာ မသုံးသပ်ဘဲ ခွင့်ပြုခဲ့ပုံရတဲ့အပြင် ဒီလိုဆိုးကျိုးတွေကိုလည်း နိုင်ငံသားတွေ လက်တွေ့ခံစားရတော့မှာဖြစ်တဲ့အတွက် ဒီစက်ရုံကနေ နိုင်ငံတော်အတွက် အကျိုးအမြတ် ဘယ်လောက်အထိရလာမှာပဲဖြစ်ပါစေ နိုင်ငံသားတွေမှာ လက်တွေ့ဒုက္ခရောက်စေနိုင်တာကို ပြန်လည်စဉ်းစားသုံးသပ်ပြီး ဘယ်လိုလုပ်ဆောင်ပေးရမယ်ဆိုတာ စဉ်းစားသုံးသပ် ဆုံးဖြတ်ပေးသင့်နေပြီဖြစ်ပါတယ်။



သတ္တုမိုင်းကြောင့်ပျက်ဆီးသွားသော
သဘာဝပတ်ဝန်းကျင်

စက်ရုံအတွက်အသုံးပြုမယ့် ကျောက်မီးသွေးတွေကို သယ်ယူရာမှာ ဧရာဝတီမြစ်အတိုင်း ကုန်တင်သင်္ဘောကြီးတွေနှင့် သယ်ယူလာပြီး စက်ရုံဆိပ်ကမ်းမှာ ဆိုက်ကပ်ကာ စက်ရုံဧရိယာအတွင်း ဂိုထောင်များဖြင့် သိုလှောင်ထားရှိပါတယ်။ ဆိပ်ကမ်းကနေ သိုလှောင်ရုံတွေထံ သယ်ယူရေးမှာလည်း ဧရာဝတီမြစ်အတွင်းနှင့်ဆိပ်ကမ်းတွင်မက လမ်းတစ်လျှောက်မှာပါ ကျောက်မီးသွေးမှုန့်တွေ ဖိတ်စင်ကျရှိနေသလို လောင်စာအသုံးပြုပြီးရာကထွက်ရှိတဲ့ စွန့်ပစ်ပစ္စည်းတွေရဲ့ ပြဿနာကလည်းကြီးမားလှပါတယ်။ စက်ရုံရဲ့ဧရိယာဟာ ပတ်လည်ဧက ၅၀၀၀ခန့်ရှိတယ်လို့သိရပြီး စက်ရုံရဲ့မြောက်ဘက်ဖျားမှာ စက်ရုံထွက်စွန့်ပစ် ကျောက်မီးသွေးချော်တွေကို သွားရောက်စွန့်ပစ်ထားရှိပါတယ်။ စွန့်ပစ်ပစ္စည်းထားရာနေရာဟာ ဧက ၂၀၀ဝန်းကျင် အကျယ်အဝန်းရှိပြီးကျောက်မီးသွေးချော်တွေကို မြေပြင်ပေါ်မှာပဲ အကာအကွယ်မရှိ စွန့်ပစ်ထားရှိသလို ကျောက်မီးသွေးလောင်စာတွေကို ရေဖြန်းငြိမ်းသတ်ရာက ထွက်ရှိလာတဲ့ ရေတွေဟာလည်း အင်းတစ်ခုပမာဖြစ်နေပြီး အဲ့ဒီရေတွေထဲမှာ ဒေသခံအချို့က ချိုးရေအဖြစ် သုံးစွဲနေကြသလို ရေထဲမှာရှိနေတဲ့ ငါးတွေကိုလည်း ဖမ်းယူစားသောက်ကြတယ်လို့ သိရပါတယ်။ ဒါ့အပြင် ကျွဲနွားတွေကိုလည်း လွှတ်ကျောင်းထားရှိပြီး အဲ့ဒီအနားမှာပဲ ကျက်စားတဲ့အတွက် ကျောက်မီးသွေးရဲ့ ဆိုးကျိုးတွေကို သက်ရှိလူသားနဲ့ တိရစ္ဆာန်အပြင် သဘာဝ

**ထိန်ထိန်လင်း**

အဆုပ်ကင်ဆာတွေဖြစ်ပွားနိုင်ပါတယ်။ဆယ်လီနီယမ်ဟာလည်း ခန္ဓာကိုယ်က လွန်ကဲစွာစုပ်ယူမိပါက အာရုံကြောနဲ့ပတ်သက်တဲ့ အမြင်အာရုံချို့ယွင်းမှုဖြစ်စေနိုင်သလို လေဖြတ်ခြင်းမှသေဆုံးသည်အထိဖြစ်စေနိုင်ပါတယ်။ ခဲသတ္တုမှာဆိုလျှင်လည်း ဦးနှောက်ရောင်ခြင်း၊ ကျောက်ကပ်ရောဂါများ ဖြစ်ပွားခြင်း၊ နှလုံးသွေးကြောဆိုင်ရာပြဿနာများ ဖြစ်ပွားခြင်းအပြင် အာရုံကြောစနစ်ချို့ယွင်းနိုင်ခြင်းမှ သေဆုံးသည်အထိဖြစ်ပွားနိုင်ပြီး ကိုယ်ခံစွမ်းအားနုနယ်တဲ့ကလေးငယ်တွေအတွက် ခဲသတ္တုဒဏ် ခံနိုင်ရည်အဆင့် လုံးဝမရှိဘူးလို့ ပညာရှင်တွေက လက်ခံထားကြပါတယ်။အာဆင်းနစ်မှာဆိုလျှင်လည်း အာရုံကြောစနစ်ချို့ယွင်းမှု၊ နှလုံးသွေးကြောပြဿနာတွေနှင့် ဆီးလမ်းကြောင်းကင်ဆာရောဂါတွေ ဖြစ်ပွားစေနိုင်ပြီး ရှူရှိုက်မိခြင်းနှင့် အရေပြားကနေတစ်ဆင့် ခန္ဓာကိုယ်က စုပ်ယူမှုတွေကြောင့် အဆုပ်ကင်ဆာနှင့် အရေပြားကင်ဆာရောဂါတွေ ဖြစ်ပွားစေနိုင်တယ်လို့လည်း သိရပါတယ်။

ဘိုရွန်ကို ရှူရှိုက်မိရာကလည်း အချိန်တိုအတွင်း မျက်လုံး၊ နှာခေါင်းနဲ့ လည်ချောင်းများမှာ မအီမသာစပ်ဖျဉ်းဖျဉ်းဖြစ်ပေါ်စေသလို စားမိပါကလည်း ဝေ့းနှေး၊ အူ၊ အသည်း၊ ကျောက်ကပ်နှင့် ဦးနှောက်တို့ကို ထိခိုက်ပျက်စီးရာမှ အသက်သေဆုံးသည်အထိ

စက်ရုံအနေနဲ့ စွန့်ပစ်လောင်စာတွေကို သန့်စင်မှုပြုပြီးမှစွန့်ပြစ်ခြင်းရှိ/မရှိ မသိတဲ့အပြင် ရေရှည်အနာဂတ်မှာလည်း ဒီပစ္စည်းတွေကို ဘယ်လိုပြန်လည်ဆောင်ရွက်ပေးမှာလဲလို့ မေးခွန်းထုတ်လိုတဲ့အပြင် ဒေသအပေါ်ထိခိုက်မိတွေကိုပါ ဘယ်လောက်အတိုင်းအတာအထိ ဆောင်ရွက်ပေးမှာလဲလို့ မေးခွန်းထုတ်လိုပါတယ်။

စက်ရုံတည်ရှိရာနေရာနဲ့ ဧရာဝတီမြစ်ဟာ ၂မိုင်ဝန်းကျင်သာ ကွာဝေးပြီး စွန့်ပစ်ရေကန်မြောက်ဘက်မှာတည်ရှိတဲ့ တိမ်ကောချောင်းငယ်တစ်ခုအကြား တာရိုးကြီးတစ်ခု တည်ဆောက်ထားရှိပေမဲ့ အကြောင်းအမျိုးမျိုးကြောင့် ဧရာဝတီမြစ်ထဲရောက်ရှိသွားခဲ့ပြီဆိုရင်လည်း မြစ်ရေကို အဓိကသုံးစွဲနေတဲ့ ပြည်သူတွေရဲ့ အနာဂတ်ဟာလည်း မတွေးဝံ့တော့စရာဖြစ်ပါတယ်။

စက်ရုံရဲ့ သတ္တုရှာဖွေတူးဖော်ထုတ်လုပ်ခွင့်သက်တမ်းဟာဆိုရင်လည်း နှစ်နှစ်ဆယ်သက်တမ်းရှိတယ်လို့သိရတာမို့ ကျောက်မီးသွေးလောင်စာကိုပဲဆက်လက်အသုံးပြုနေဦးမည်ဆိုပါက အချိန်ကြာလေ ပိုမိုပြီး ဆိုးကျိုးတွေဖြစ်ပေါ်လာစေတော့မှာဖြစ်လို့ လူမှုဘဝထိခိုက်မှုတွေ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုတွေကို ဘယ်လိုဆန်းစစ်ပြီး ဆောင်ရွက်ပေးမလဲဆိုတာကို ခွင့်ပြုထားနေတဲ့ အစိုးရအပြင် ဖက်စပ်တရုတ်ကုမ္ပဏီရဲ့တာဝန်ရှိပုဂ္ဂိုလ်တွေကိုပါ ဆက်လက်မေးခွန်းထုတ်လိုက်ရပါတယ်။

THE HOT NEWS စာလွင်ပြင်

ဝင်းဇော် (သုံးဆယ်)



**လယ်သမားတောင်သူ ပြည်သူ့အကျိုးပြု ယနေ့ နိုင်ငံရေးနှင့် လယ်ယာမြေဥပဒေ အသိပညာ ပေးတို့အပါအဝင်လက် ရွေးစင်ဆောင်းပါးများ**

နေမျိုးကျော်စိုး(ဥပဒေ)+ဇေကံ့ကော်မွှေး(ဥပဒေ)

ဤစာအုပ်ကို ရေးသားသူသည် တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့ဖူးပြီး ဥပဒေကိုနားလည်တတ်ကျွမ်းသူဖြစ်ရာ တောင်သူလယ်သမားများ ခေတ် အဆက်ဆက်တွေ့ကြုံခဲ့ရသောမြေသိမ်း ခံရမှုနှင့် ထွန်တုံးတိုက်ပွဲများအကြောင်း၊ တောင်သူလယ်သမားတို့မျှော်လင့်နေ ကြသည့် ပြည်သူ့အစိုးရ၊ လူငယ်များအတွက် ဆင်ခြင်တွေးဆစရာများ၊ အမိနိုင်ငံတော်အတွက် အသက်ပေးတိုက်ပွဲ ဝင်ခဲ့သည့်ကိုယ်တွေ့တိုက်ပွဲများ အကြောင်း၊ လောဘ၊ ဒေါသ၊ မောဟတရားအားကြီးမားသူများကြောင့် ဥပဒေကိုမသိနားမလည်၍ ဒုက္ခရောက်နေကြရသူများ အကြောင်းကိုအတွေးရဲရဲ အရေးထက်ထက်ဖြင့် ရေးသားထားသောဆောင်းပါး အပုဒ်(၂၀)ကို စုပေါင်းထုတ်ဝေထား ခြင်းဖြစ်သည်။

ကိုယ်အားကိုယ်ကိုးအားထုတ်နေကြ သည့်ကျောင်းသား၊ လယ်သမား၊ အလုပ်သမား၊ လူငယ်များအတွက် လိုအပ်သည့် အတွေးအခေါ်ဉာဏ်ပညာ ဗဟုသုတကိုပေးလို၍ ရေးသားထုတ်ဝေထားခြင်းဖြစ်သည်ဟု စာအုပ်ရေးသားသူကဆိုထားသည်။ မျိုးဆက်သစ်စာပေမှ ဖြန့်ချိ၍ရောင်းဈေးမှာ ၂၀၀၀ ကျပ်ဖြစ်သည်။




**ကလောင်ဓါးစေနှင်ရာ**

အောင်ကျော်စိုး(ဟသ်ာတ)

ဤစာအုပ်ကိုရေးသားသူသည် မီဒီယာလောကသို့စတင်ဝင်ရောက်စဉ်မှ ယနေ့ကာလအထိ ခေတ်စနစ်၏ ထိုးနှက်မှုများကြောင့် ကာရန်မညီသောနယ် ပယ်အသီးသီးမှ ဘဝအခြေအနေအမျိုး မျိုးကိုတွေ့ကြုံသိရှိခဲ့ရသည်ဖြစ်ရာသူကြီးပြင်းခဲ့ရာဒေသမှပြည်သူများ၏ လက်တွေ့ခံစားနေရသော မြေယာပြဿနာများအပြင် သဘာဝအန္တရာယ်များ ရိုးရာဓလေ့နှင့် လက်မှုလုပ်ငန်းများ အကြောင်းကိုလေ့လာပြီး Weekly Eleven ဂျာနယ်နှင့် The Daily Elevenတို့တွင် သတင်းဆောင်းပါးများရေးသားခဲ့သည်။ ၎င်းသတင်းဆောင်းပါးများမှ သူ၏စိတ်ကြိုက်ဆောင်းပါး (၂၃)ပုဒ်ကို ဓာတ်ပုံမှတ်တမ်းများနှင့်တကွ ဖော်ပြထားသော ကိုယ်တွေ့သတင်းဆောင်းပါး များဖြစ်ရာသူမွေးဖွားကြီးပြင်းရာဒေသ၏ အကြောင်းကို မှတ်တမ်းတင် ပုံဖော်ထားခြင်းဖြစ်သည်။ ကိုနေမန်းစာပေမှ ဖြန့်ချိ၍ ရောင်းဈေးမှာ ၃၀၀၀ ကျပ်ဖြစ်သည်။

# Article

The HOT NEWS
Vol - 5, No - 239, Apr 24 - 30, 2015

# ယဉ်ကျေးမှုနှင့်သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းသောသင်္ကြန်ဆိုသည်မှာဘာလဲ



Photo-Myo Kyaw

**ဒေါက်တာထွန်းဝင်း**

သင်္ကြန်တွင်းမှာ ကျွန်တော်ဟာဘယ်ကိုမှမသွားဖြစ်ပါဘူး။ အိမ်မှာပဲနေပြီးစာရေးလိုက်၊ TV ကြည့်လိုက်လုပ်နေခဲ့ပါတယ်။ TV မှာ သင်္ကြန်လှုပ်ရှားဟန်တွေကိုကြည့်ပြီးတော့ ဤဆောင်းပါးကိုရေးဖို့အကြံရလာတာဖြစ်ပါတယ်။

ရေးရတာတော့နည်းနည်းအားတုံ့အားနာဖြစ်မိသလိုသိပ်ပြီးတော့ စိတ်မလုံလှပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်ဟာလူငယ်တဝကသင်္ကြန်ပေါင်းများစွာကိုဖြတ်သန်းပြီး တော်တော်များများရေဖြန်းခဲ့ဖူးပါတယ်။ ယခုတော့ ယခုလိုအသက်အရွယ်မျိုးမှာဆယ်ကျော်သက်တွေနဲ့အပြိုင်ကဲလို့မတင့်တယ်တော့တဲ့အချိန်ဖြစ်တာမို့အိမ်မှာဆောင်းပါးရေးပြီးရေမပက်တော့တဲ့အခါသူများတွေကို ရေမဖြန်းနဲ့လို့ရေးရတာတရားမျှတမှုမှရှိပါလေစရယ်လို့မေးခွန်းထုတ်မိပါတယ်။ ကျွန်တော့်အဖြစ်ကဘာနဲ့ တူနေလဲဆိုတော့ ဥရောပဒေသကစက်မှုလုပ်ငန်းရှင်တွေရဲ့လုပ်ပုံနဲ့တူနေပါတယ်။ တကယ်တော့ကမ္ဘာ့သဘာဝပတ်ဝန်းကျင်ကိုဦးဦးဖျားဖျားပျက်စီးစေတာကဦးဦးဖျားဖျားစက်မှုလုပ်ငန်းတွေတိုးတက်လာတဲ့အနောက်နိုင်ငံတွေဖြစ်ပါတယ်။

အာရှဒေသကနိုင်ငံအချို့စက်မှုထွန်းကားပြီး မီးခိုးထုတ်လွှတ်မှုများတာဟာ ဥရောပထက်နောက်ကျပါတယ်။ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုဟာ အလေးမထားဘဲနေလို့မရနိုင်တော့တဲ့အခြေအနေတစ်ခုကိုလည်းဆိုက်ရောက်ရော ဥရောပကပဲစတင်ပြီးတော့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းဖို့အော်ပါတော့တယ်။

သူတို့ကအကြောင်းပြတာကတော့ သူတို့စက်မှုထွန်းကားတဲ့အချိန်တုန်းက သဘာဝပတ်ဝန်းကျင်ကမပျက်စီးသေးဘူး။ ဒီတော့ လုပ်မိတယ်။ ခုတော့သဘာဝပတ်ဝန်းကျင်ယိုယွင်းလာတော့ ကာဗွန်ထုတ်လွှတ်မှုလျှော့ရအောင်ဆိုတော့ OH MY GOD သူတို့က လေယာဉ်ပျံစီးလိုက်၊ ကားစီးလိုက်၊မီးခိုးထုတ်လိုက်လုပ်နေတာနှစ်ပေါင်းတစ်ရာမကတော့ဘဲဖြစ်ပါတယ်။ ယခုမှ ဖွံ့ဖြိုးဆဲနိုင်ငံကလယ်သမားက ကားစီးမယ်လုပ်တော့ မီးခိုးထုတ်လွှတ်မှုလျှော့ပါဆိုရင် ကျွန်တော်တို့ကတစ်သက်လုံးနွားလှည်းပဲဆက်စီးရမလိုဖြစ်နေပါတယ်။

ဒီဥပမာလိုပါပဲ။ကျွန်တော်တို့ဆယ်ကျော်သက်သင်္ကြန်တုန်းကရေဖြန်းတီးခဲ့တယ်။ ယခုတော့မှသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းပါဆိုရင်ကိုယ့်တုန်းကတော့ ဖြန်းတီးပြီးသူများ အလှည့်မှာမဖြန်းပါနဲ့လို့ပြောတော့သဘာဝတော့မကျပါဘူး။ ဒါပေမဲ့ သဘာဝပတ်ဝန်းကျင်ပြုန်းတီးမှုဖြစ်လာပုံကမပြော ရင်မသင့်တဲ့အခြေအနေဆိုတော့ပြောမိပါတော့တယ်။

တကယ်တော့ သင်္ကြန်မှာအရေးကြီးတာကရေတွေအများကြီးစိုရွှဲဖို့ထက်အန္တရာယ်ကင်းစွာအများကြီးပျော်ရွှင်ဖို့ပိုပြီးအရေးကြီးတယ်လို့ထင်ပါတယ်။ ဒါကြောင့်ပျော်ရွှင်မှုအရည်အသွေး HAPPINESS QUALITY မကျဆင်းဘဲရေဖြုန်းတီးမှုသက်သာစေချင်ပါတယ်။

သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းတဲ့ သင်္ကြန်ဆိုတာကိုဥပမာပြရရင်တော့ အဲဒီတုန်းကကျွန်တော့်ကိုမမွေးသေးသော်လည်း ကြားဖူးနားဝနဲ့ပြောရရင်ရှေးမြန်မာဘုရင်တွေခေတ်က သင်္ကြန်ပါပဲ။ အဲဒီခေတ်ကရေမော်တာတွေ၊ ရေပိုက်တွေမပေါ်သေးဘူး။ ဒီတော့ ငွေဖလားကြီးထဲမှာရေထည့်ပြီးသပြေခက်နဲ့ရေပက်တယ်။ ငွေဖလားနဲ့လည်းရွှဲရွှဲစိုအောင်လောင်းနိုင်ပါတယ်။ ဒါပေမဲ့ ရေမော်တာတွေ၊ ရေပိုက်တွေနဲ့ယခုခေတ်လိုကားလမ်းပေါ်မှာရေချောင်းစီးလောက်အောင်တော့ရေမကုန်ပါဘူး။

ရှေးခေတ်ကတစ်ယောက်ကိုတစ်ယောက်ရေလောင်းခွင့်ပြုဖို့ခွင့်တောင်းရတယ်။ တစ်ဖက်ကလည်းခွင့်ပြုတယ်။ ဒီတော့လောင်းတယ်။ ဒီတော့ပြုံးကြတယ်။ ပျော်ကြတယ်။ ဒီတော့အနှစ်သာရကဘာကိုသွားတွေ့လဲဆိုတော့ တစ်ဦးကိုတစ်ဦးလေးစားတယ်။ တန်ဖိုးထားတယ်။ အနေရခက်အောင်မလုပ်ဘူး။ အသားနာကျင်အောင်မလုပ်ဘူး၊ အေးမြအောင်ဘဲလုပ်တယ်ဆိုတဲ့ အနှစ်သာရတန်ဖိုးတွေသွားတွေ့တယ်။ ဒါ့ပြင်ရေကိုလည်းလိုတာထက်ပိုမသုံးဘူး။ ဒီတော့ရေကိုမဖြုန်းတီးဘူး။ ဒီတော့ယဉ်ကျေးမှုစရိုက်တွေတွေ့ရပါတယ်။ မျက်မှောက်ခေတ်ကြီးမှာတော့မော်တာတပ်ထားတဲ့ရေပိုက်နဲ့ ပက်တယ်။ တချို့ကမျက်နှာကိုပက်တယ်။ (အားလုံးဒီလိုလုပ်တယ်လို့တော့မဆိုလိုပါ)။ မျက်စိတို့နားထဲတို့ကိုရေပိုက်နဲ့ ချိန်ပြီးထိုးတယ်။ ဒီတော့တစ်ဖက်သားနာကျင်ပြီးနေရထိုင်ရခက်သွားတာကို ပျော်ကြမယ်ဆိုရင် ဒါဟာယဉ်ကျေးမှုစရိုက်တော့မဟုတ်ပါဘူး။

**လူထုကြီးတစ်ရပ်လုံးပျော်ဖို့အတွက် လူထုကြီးတစ်ရပ်လုံးသီချင်းဆိုသင့်တယ်**

ဥပမာတစ်ခုကိုတင်ပြရရင်ဟောပြောပွဲတစ်ခုမှာဟောပြောသူပညာရှင်ဟောသွားပြီး ပရိသတ်ရဲ့အခန်းကဏ္ဍကတော့ နားထောင်ဖို့နဲ့ လက်ခုပ်တီးဖို့လောက်ပဲဖြစ်ပါတယ်။ ပွဲပြီးတဲ့အခါမေးခွန်းမေးတဲ့အချိန်ကလည်း သိပ်မရပါဘူး။ ဝပ်ရှော့အလုပ်ရုံဆွေးနွေးပွဲကျတော့ ဒီလိုမဟုတ်ဘူး။ တက်ရောက်သူတိုင်းရှေ့ထွက်ပြောရပါတယ်။

'ဒီဥပမာလိုပဲ။ လူတိုင်းရှေ့ထွက်စကားပြောတတ်ရင်လူတိုင်းရှေ့ထွက်သီချင်းဆိုတတ်ဖို့ဆိုတာသိပ်မခဲယဉ်းပါဘူး။ ဥပမာဆိုကြမယ်ပျော်ကြမယ်။ အိပ်မက်ဆုံရာစတဲ့ TV အစီအစဉ်တွေမှာ သီချင်းဆိုတော်တဲ့ ပြည်သူတွေများလွန်းလှပါတယ်။ သင်္ကြန်ရဲ့ မြင်ကွင်းအချို့ကိုကျွန်တော် TV ကနေကြည့်တော့ဘာသွားတွေလဲလို့ဆိုရင်မဏ္ဍပ်ကြီးတွေပေါ်မှာသီချင်းဆိုသူကိုလည်း ခရမ်းလွန်ရောင်ခြည်ပါဝင်တဲ့နေရောင်ခြည်ကထိုးနေပါတယ်။ ပရိသတ်ကြီးကခရမ်းလွန်ရောင်ခြည်နေရောင်အောက်ပါခရမ်းလွန်ခံယူရင်းနဲ့ လက်နှစ်ဖက်ကိုကိုယ်စီမြှောက်ပြီး ခန္ဓာကိုယ်ကို ဟိုဘက်ယိမ်းလိုက်ဒီဘက်ယိမ်းလိုက်လုပ်နေကြပါတယ်။ ဒါဆိုရင်ပရိသတ်ကြီးလည်းယိမ်းကနေတာပေါ့။ ဒီတော့ပျော်သင့်သလောက်ပျော်မှာပါ။ ဒီတော့ပျော်နေချိန်မှာ ခရမ်းလွန်ရောင်ခြည်ခံနေရတော့သိပ်ပြီးနိပ်လှတယ်တော့မဟုတ်ဘူးလို့ထင်ပါတယ်။

ခရမ်းလွန်ရောင်ခြည်မခံရဘဲနဲ့ ကိုယ်တိုင်သီဆိုရရင်ပိုပြီး ပျော်စရာမကောင်းလားလို့ထင်မိပါတယ်။ ကျွန်တော်ရောက်ဖူးတဲ့ ကျေးလက်ဒေသအချို့မှာတော့ သင်္ကြန်အိုးစည်ဝိုင်း ဒိုးပတ်ဝိုင်းတွေနဲ့ ရွာသားအဆိုကျော်တွေပေါ်ထွက်လာပါတယ်။ ရွာလယ်ကောင်ကဇရပ်မမန်ကျည်းပင်ကြီးရိပ်အောက်မှာဒိုးပတ်ဝိုင်းလုပ်ပြီးတစ်ယောက်တစ်လှည့်သီချင်းဆိုတော့ ခရမ်းလွန်ရောင်ခြည်ကာကွယ်ပြီးသားပါပဲ။ ကွမ်းတောင်ကိုင်မိန်းကလေးတွေဖြစ်တဲ့ ဂွက်ဆော်တို့အေးဘုံတို့ပါဆိုကြကကြပါတယ်။ ဒီတော့ လူတိုင်းဟာအဆိုကျော်၊ မင်းသား၊ မင်းသမီးတွေဖြစ်ကုန်ကြတော့ ပိုပြီးပျော်မယ်ထင်မိပါတယ်။

မိမိပက်ချင်တဲ့ရေပမာဏကို မိမိကိုယ်တိုင်ချောင်းထဲသွားခပ်ရမှာဖြစ်ပြီး မော်တာတပ်ထားတဲ့ ရေပိုက်မရှိလို့ရေတော့သိပ်မကုန်ဘူး။ မဏ္ဍပ်အကြီးကြီးတွေမရှိလို့သစ်သားလည်းသိပ်မကုန်ဘူး။ ကျေးလက်ဒေသသင်္ကြန်နဲ့ ရှေးခေတ်သင်္ကြန်တွေဟာ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းတဲ့ သင်္ကြန်ဖြစ်ပါတယ်။ ယာဉ်တိုက်မှုလည်းဖြစ်စရာအကြောင်းမရှိဘူး။ မော်တာတပ်ထားတဲ့ရေပိုက်နဲ့ မျက်နှာကိုမပက်လို့သင်္ကြန်ပြီးတဲ့အခါမျက်စိထဲရောက်၊ နားထဲရောက်ပြီး ဆေးရုံဆေးခန်းရောက်စရာလည်းအကြောင်းမရှိပါဘူး။

မြို့ကြီးပြကြီးသင်္ကြန်တွေမှာတော့ ခရမ်းလွန်ရောင်ခြည်ကာကွယ်တဲ့အစီအစဉ်ဆိုတာခရမ်းလွန်ရောင်ခြည်ကာကွယ်ရေးခရင်မ်လိမ်းတာ၊ နေကာမျက်မှန်တပ်ပြီးဦးထုပ်ဆောင်းတာလောက်ပဲရှိပါတယ်။ ခရမ်းလွန်ရောင်ခြည်ရှိတဲ့နေရာကိုခရမ်းလွန်ကာကွယ်ရေးခရင်မ်လိမ်းပြီးသွားတာကတော့ မီးဖိုနားသွားပြီး အိုက်တော့ယပ်တောင်နဲ့ ယက်ခပ်သလိုမျိုးပဲလို့ထင်မိပါတယ်။

ကျွန်တော်တို့ငယ်ငယ်ကကဲခဲ့ကြတယ်။ နေပူထဲမှာ ရေပက်ခဲ့တယ်ဆိုတာက နေရောင်မှာ ခရမ်းလွန်ရောင်ခြည်မပါဝင်သေးဘူး။ ယခုအခါမှာတော့ မြို့ကြီးပြကြီးတွေမှာရေပက်ရင်နေပူထဲထွက်ချင်သပ၊ မထွက်ရရင်မနေနိုင်ပါဘူး။ နေလို့မရဘူးဆိုရင် နံနက် (၁၀) နာရီ မထိုးမီနဲ့ ညနေ (၄) နာရီနောက်ပိုင်းမှပဲ နေပူထဲထွက်သင့်ပါတယ်။ နေ့ခင်းနေ့လယ်ဘာလုပ်သင့်လဲဆိုရင်တော့ သီချင်းဆိုချင်သပ သီချင်းဆိုတာနားထောင်ရင်းနဲ့ လက်နှစ်ဖက်အပေါ်မြှောက်ပြီး ယိမ်းကချင်သပဆိုရင်မိုးလုံ၊ လေလုံနေရောင်ခြည်လုံတဲ့ ခန်းမတွေထဲမှာ သီချင်းဆိုရင်တော့ ကျန်းမာရေးနဲ့ ပိုပြီးညီညွတ်လိမ့်မယ်လို့ထင်မိပါတယ်။

အရက်သောက်တဲ့ ကိစ္စနဲ့ ပတ်သက်ပြီးအမြင်တစ်ခုကိုတင်ပြရရင်တော့ ဒီလိုပါ။ ဥပမာတောင်တန်းဒေသတွေမှာ ဆောင်းရာသီမှာရေခဲတယ်။ သိပ်ချမ်းတယ်။ ဒီတော့ တောင်ပေါ်သားတွေခေါင်ရည်သောက်တော့အချမ်းပြေပါတယ်။ ကျွန်တော်တို့မြေပြန့်သားတွေက နွေရာသီမှာအိုက်လွန်းလှတယ်။ ဒီကြားထဲနေပူထဲထွက်ပြီး အရက်သောက်တော့ချမ်းလို့လားလို့မေးရင်ကျွန်တော်တို့မည်သို့ဖြေကြားရပါမည်နည်း။ဆောင်းတွင်းမှာရေခဲတဲ့ဒေသကတောင်ပေါ်သားတွေဟာ ခေါင်ရည်ကိုသောက်သင့်ပါတယ်။ နွေခေါင်ခေါင်မှာမြေပြန့်သားတွေကတော့ သောက်သင့်တဲ့အရာဟာ မန်ကျည်းသီးမှည့်နဲ့ထန်းလျက်ဖျော်ရည်ပဲဖြစ်ပါတယ်။ နွေရာသီနဲ့ အရက်နဲ့တော့မတည့်ဘူးထင်ပါတယ်။ မြန်မာ့ရိုးရာယဉ်ကျေးမှုမှာ အရက်သောက်တာတော့မပါဘူးလို့ဆိုချင်ပါတယ်။ အရက်မသောက်ဘဲပျော်နိုင်တဲ့နည်းလမ်းတွေများစွာရှိပါတယ်။

ရိုးရာယဉ်ကျေးမှုနဲ့ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းတဲ့ သင်္ကြန်ဟာပျော်ရွှင်မှုအရည်အသွေး HAPPINEGS QUALITY ပိုကောင်းမယ်လို့ ကျွန်တော်မြင်မိပါကြောင်း။

The HOT NEWS
Vol - 5, No - 239, Apr 24 - 30 , 2015



# ပြောင်းရွှေ့မော်လမြိုင်ထောင်နေရာလွတ် ပုဂ္ဂလိကသို့မရောင်း

မတ်လ ၇ ရက်နေ့က ပြုလုပ်ခဲ့သော မွန်ပြည်နယ်လွှတ်တော် ၁၁ ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ချောင်းဆုံလွှတ်တော် ကိုယ်စားလှယ်ဦးအောင်နိုင်ဦး၏ မေးမြန်းချက်အား လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးငွေးမြင့်အောင်က "မော်လမြိုင်အကျဉ်းထောင်၏ အဆောက်အဦများနှင့် မြေနေရာအား ပုဂ္ဂလိကအဖွဲ့အစည်းများသို့ ရောင်းရန်အစီအစဉ်မရှိပါကြောင်း' ဖြေကြားခဲ့သည်။

"အကျဉ်းထောင်သစ်နေရာသို့ ပြောင်းရွှေ့ပြီးပါက မော်လမြိုင်အကျဉ်း ထောင်မှာ ပြည်ထဲရေးဌာနပိုင်မြေဖြစ်၍ မြို့ပြဖွံ့ဖြိုးရေးအတွက် မွန်ပြည်နယ်အစိုးရအဖွဲ့မှ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး ပြည်ထောင်စုအစိုးရအဖွဲ့သို့ ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားအပ်ပါသည်"ဟု ဗိုလ်မှူးကြီးငွေးမြင့်အောင်က ဧပြီလ ၇ရက်နေ့တွင်ကျင်းပသော မွန်ပြည်နယ်လွှတ်တော် အစည်းအဝေးတွင် ပြောကြားခဲ့ခြင်း ဖြစ်သည်။

"မော်လမြိုင်ကသိတဲ့အတိုင်းပဲ အရင်က ရာမညကွင်းဆိုလည်း အခုဆိုမရှိတော့ဘူး။ အရင်တုန်းကလို ပွဲလမ်းသဘင်ကြီးကြီးတွေ ကျင်းပနိုင်မယ့်နေရာမရှိတော့ဘူး။ အခြားနေရာတွေကလည်း ရှောပင်းမောတွေ ဖွင့်လိုက်တော့ တော်တော်လေးနေရာမရှိတော့ဘူး။ ဒီထောင်ကိုလည်း ပုဂ္ဂလိကကို ပေးမယ်ဆိုတဲ့ သတင်းထွက်နေတယ်။ ဒါကြောင့် ဒီမေးခွန်းကို မေးရတာပါ။ ဒီထောင်ရွှေ့ပြီးရင်လည်း ပြည်သူတွေကနေ ဘာလုပ်သင့်တယ်ဆိုတာ အကြံပြုပြီး အစိုးရဆီကို တင်ပြတောင်းဆိုသင့်တယ်လို့မြင်တယ်"ဟု ဦးအောင်နိုင်ဦးကဆက်ပြောသည်။

၂၀၁၆-၂၀၁၆ ခုနှစ်တွင်မော်လမြိုင် မြို့နယ်မှ ကျိုက်မရောမြို့နယ်သို့ ပြောင်းရွှေ့မည့် အကျဉ်းထောင်သည် ရေတွင်း ကုန်းကျေးရွာအနီး ကွင်းအမှတ် ၅၈၆-၅၉၀ရှိ မြေဧက ၂၅၆ ဧကပေါ်တွင် တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

MYT

# တပ်မတော်၏ မူဝါဒ ၆ ချက် တိုင်းရင်းသားလက်နက်ကိုင်ကြား ပြေလည်မှုမရသေး



တပ်မတော်မှ ချမှတ်ထားသည့် မူဝါဒ ၆ချက်ကို တိုင်းရင်းသားလက်နက်ကိုင်တို့ လိုက်နာနိုင်မှသာ ထာဝရငြိမ်းချမ်းရေးရရှိမည်ဟုဆိုသော်လည်း တိုင်းရင်းသားဘက်မှလည်း ထိုသဘောတူညီချက် ၆ ချက်ကို လိုက်နာရန်မဖြစ်နိုင်ကြောင်း မတ်လ ၃၁ ရက်နေ့ NCA မူကြမ်းလက်မှတ်ထိုးသောနေ့တွင် NCCT ခေါင်းဆောင်တို့က ပြောကြားခဲ့သည်။

ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်စိုးက "ဒါက ကျွန်တော်တို့ ရပ်တည်ချက်ပါ။ ဒီရပ်တည်ချက်ပေါ်မှာ ဒီကနေ့ NCA ဆွေးနွေးတဲ့အပိုင်းမှာလည်းပဲတချို့ဟာတွေပါဝင်ပါတယ်။ ဒါက သဘောထားချက်တွေပဲဖြစ်တဲ့အတွက် အသေးစိတ်ဆွေးနွေးတဲ့အထဲမှာ မပါပါဘူး။ ကျွန်တော်တို့ တပ်မတော်က ထုတ်ပြန်ထားတဲ့ သဘောထား ထုတ်ပြန်ချက် ၆ချက်ကို လိုက်နာနိုင်မယ်ဆိုရင်တော့ ကျွန်တော်တို့ ထာဝရငြိမ်းချမ်းရေးရရှိမယ်လို့ ထုတ်ပြန်ထားပါတယ်"ဟု ပြောသည်။

တိုင်းရင်းသားလက်နက်ကိုင်များမှ ထိုသဘောတူညီချက်များကို လက်ခံမည်ဆိုပါက ဆက်ဆွေးနွေးဖို့ပင်မလိုတော့ကြောင်း နိုင်ငံရေးအရ လက်နက်ချလိုက်ပြီဆိုသည့် သဘောမျိုးဖြစ်နေကြောင်း တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးအဖွဲ့ NCCT ခေါင်းဆောင် နိုင်ဟံသာက ပြောသည်။

"ဒီ ၆ ချက်ဟာ စာချုပ်မူကြမ်းထဲမှာ မပါတဲ့အတွက် ကျွန်တော်တို့က အထူးပြောစရာမရှိပါဘူး။ အဲဒါကိုလည်း တိုင်းရင်းသားတွေဘက်က လက်ခံထားတာမရှိပါဘူး"ဟု နိုင်ဟံသာက ဆက်ပြောသည်။

ထိုမူဝါဒ ၆ ချက်မှာ ငြိမ်းချမ်းရေးရယူရန် အမှန်တကယ်ဆန္ဒရှိရန် သဘောတူစာချုပ်များအတိုင်း ကတိတည်ရန်၊ ငြိမ်းချမ်းရေး သဘောတူညီချက်များအပေါ် အမြတ်မထုတ်ရန် ဒေသခံပြည်သူများအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် နိုင်ငံတော်က ထုတ်ပြန်ထားသည့် တည်ဆဲဥပဒေများကို လိုက်နာရန် ဒို့တာဝန် အရေးသုံးပါးနှင့် ဒီမိုကရေစီ အနှစ်သာရကိုလက်ခံပြီး ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေဖြင့် ဒီမိုကရေစီ လျှောက်လှမ်းနေမှုတွင် လိုက်ပါလုပ်ဆောင်ရန်တို့ဖြစ်သည်ဟု သိရသည်။

HN-0122

✓ တိုင်းရင်းဆေးအရည်အသွေး ကမ္ဘာ့ရွှေကြယ်ပွင့်ဆု (ဂျီနီဗာ-၂၀၁၀) ရွှေတံဆိပ်ဒိုင်းဆုရ
✓ နိုင်ငံတကာ ခေါင်းဆောင်မှု စွမ်းရည်ကြယ်ပွင့်ဆု (ပဲရစ်-၂၀၁၁) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေးပြည့် ထိပ်သီးဆု (USA-2012) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး စိန်ပွင့်ဆု (ပြင်သစ်-၂၀၁၃) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး သရဖူ စိန်ပွင့်ဆု (လန်ဒန်-၂၀၁၄) နှင့် Certificate ရ
ဖျံ-၅-ကောင် သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေးကို
အမှတ်တံဆိပ်
တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။
သမားတော်စာရေးဆရာ
ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ)၊ Ph.D (Alternative Medicines)
ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း - ၁၂၄၊ ၄၂ လမ်း။ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၁ ၃၈၀၁၇၄၊ ၃၉၂၂၁၉၄

**ဦးသုခမိန်ရေ ... စိတ်ပူနေရတဲ့သကြိန်လည်း အေးချမ်းစွာကျော်ဖြတ်လိုက်နိုင်ပြီ။တစ်ပူတော့ အေးရပြီပေါ့ခင်ဗျာ။ ဒါပေမဲ့ အလုပ်သမားအရေး၊ ကျောင်းသားအရေး၊ လယ်သမားအရေး၊ အပစ်အခတ်ရပ်ရေး စသဖြင့် အရေးပေါင်းများစွာ ဝန်းရံနေတဲ့ မြန်မာနိုင်ငံမှာ ၂၀၁၅အထွေထွေရွေးကောက်ပွဲကြီး နီးလာတာနဲ့အမျှ ဘယ်နေ့ဘာထဖြစ်မလဲလို့ တွေးပူနေရပါတယ်။ ကျွန်တော်တို့လို ပြည်သူအဖို့ကတော့ ဘာမှမဖြစ်ပါစေနဲ့လို့ ဆုတောင်းရုံပဲ တတ်နိုင်တယ်ခင်ဗျ။ ဦးသုခမိန်လည်း ဆုတောင်းပါ။ ပြည်သူအားလုံးလည်း ဆုတောင်းကြပါလို့ တစ်ဆင့်ပြောပေးပါ။**

**မောင်လူကလေး၊ ဒေါပုံ။**

မောင်လူကလေးပြောသလိုပါပဲ။ ရွေးကောက်ပွဲကလည်းရှိဆိုတော့ စိန်ခေါ်မှုပေါင်းစုံ ရင်ဆိုင်နေရချိန်မှာ ဘာဖြစ်မလဲလို့ တွေးပူနေရတာ အမှန်ပါပဲ။ ဒါပေမဲ့ မောင်လူကလေးရေ. . . ကမ္ဘာပေါ်ကဘယ်တိုင်းပြည်မဆို အစိုးရက ဘာမှမဖြစ်စေချင်ဘူးဆိုရင် ဘာမှဖြစ်မလာနိုင်ပါဘူး။ ဖြစ်လာဖို့ ရာနှုန်းအတော်ကို နည်းပါးလှပါတယ်။ဘာဖြစ်လို့လဲဆိုတော့ အစိုးရဆိုတာ ယန္တရားအကုန် ပြည့်ပြည့်စုံစုံရှိတယ်လေ




ကွယ်။ တရားဝင်ဖွဲ့စည်းထားတဲ့ သတင်းတပ်ဖွဲ့တွေရှိတယ်။ သူတို့ကို ကျောင်းသားတွေ၊ အလုပ်သမားတွေ၊ သံဃာတွေကြားထဲ ရောနှောစေလွှတ်ထားတယ်။ တရားမဝင်တဲ့ သတင်းပေးတွေလည်းရှိတယ်။ လူစုလူဝေးဖြစ်လာပြီဆိုရင်လည်း အဓိကရုဏ်းနှိမ်နင်းမယ့် လုံထိန်းတွေရှိတယ်။ လက်ပတ်နီတွေ ရှိတယ်။ လိုအပ်ရင် တပ်မတော်ကိုလည်း သုံးလို့ရတယ်။ အဲဒီအတွက် အစိုးရကသာ တိုင်းပြည်မှာ ဘာမှမဖြစ်စေချင်ရိုးမှန်ရင် ဘာမှဖြစ်မလာနိုင်ပါဘူးကွယ်။ တစ်ခုခုဖြစ်လာပြီဆိုရင်လည်း အဲဒါအစိုးရကဖြစ်စေချင်လို့ပဲဆိုတာ မောင်လူကလေးမှတ်ပါ။ အဲဒီလို အစိုးရရဲ့ဖြစ်စေလိုတဲ့ဆန္ဒနောက်မှာ သူတို့အကျိုးတစ်စုံတစ်ရာရှိနေလိမ့်မယ်ဆိုတာကိုလည်း မောင်လူကလေးမှတ်ပါ။ ပြည်သူဆိုတာ ဆုတောင်းရုံပဲ တတ်နိုင်တယ်ဆိုတာလည်း မှားယွင်းကြောင်း မောင်လူကလေးမှတ်ပါ။ ပြည်သူသာ အဆုံးအဖြတ်မှန်ကန်ရင် ဘယ်သူက ဘာဖြစ်စေချင်ချင် ဘာမှဖြစ်မလာပါဘူး။ မောင်လူကလေးမှတ်ပါ။

**သကြိန်အပြီး ဖတ်လိုက်ရတဲ့ သတင်းတစ်ပုဒ်က အံ့အားသင့်ဖွယ်ပဲ။ အမေရိကန်အစိုးရနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေကို စည်းရုံးပြောကြားပေးဖို့ အဖွဲ့တစ်ဖွဲ့ကို မြန်မာအစိုးရက ငှားရမ်းလိုက်တယ်ဆိုပါကလား။ တစ်နှစ်အတွက် ငှားရမ်းခ အမေရိကန်ဒေါ်လာ ရှစ်သိန်းလေးသောင်းဆိုပါကလား။ မြန်မာငွေ ၁၀၀၀ကျပ်နဲ့ တွက်ရင်တောင် မနည်းမနောပါကလား။ အဲဒီလို အဖွဲ့ငှားပြီး စည်းရုံးသိမ်းသွင်းနိုင်းတာ ဖြစ်နိုင်ပါ့မလား။ ဦးသုခမိန်သာဆို ဘယ်လိုလုပ်မှာလဲ။ အခုလိုပဲ အဖွဲ့ငှားဆောင်ရွက်ခိုင်းမှာလားခင်ဗျာ။**

**ဦးမောင်ငယ်၊ တောင်ကြီး။**

ဆောရီးပါ။ ဝမ်းနည်းပါတယ်။ အမေရိကန်အစိုးရနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေကို မြန်မာနိုင်ငံရဲ့ အသွင်ကူးပြောင်းရေးနဲ့ ပတ်သက်ပြီး စည်းရုံးပြောကြားပေးဖို့ အဖွဲ့ငှားပြီး ဆောင်ရွက်ခိုင်းတာဟာ ပွဲစားငှားတာနဲ့အတူတူပါပဲ။ အစိုးရဌာနတွေမှာ ပွဲစားနှင့်မဆောင်ရွက်ပါနှင့်။ ကာယကံရှင်ကိုယ်တိုင်ဆောင်ရွက်ပါလို့ စာကပ်ထားသလိုပဲ ဦးသုခမိန်သာ သမ္မတဆိုရင် ပွဲစားခငွေကုန်မခံပါဘူး။ အမေရိကန်အစိုးရအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ မျက်နှာချင်းဆိုင်ပြီး ကိုယ့်ဘက်က လတ်တလော ပြုနိုင်တဲ့ အခြေအနေအားလုံး၊ နောင်ပြုပေးမယ့် အခြေအနေအားလုံးကို မခြွင်းမချန်၊ မဖုံးမဖိ၊ မလိမ်မညာ ပွင့်ပွင့်လင်းလင်းပြောဆိုဆွေးနွေးညှိနှိုင်းမှာပါ။ ပွဲခပိုက်ဆံကို ပြည်သူတွေအတွက် သုံးစွဲလိုက်မှာပါ။ ပွဲစားဆိုတာ စိတ်ချရတာမှမဟုတ်ဘဲကွယ်။

**ဘဘသုခမိန်ခင်ဗျား။ ကျွန်တော်တွေးမိတာလေးပြောချင်လို့။ တစ်နှစ်အတွင်း လွတ်လပ်ရေးပေးမယ်လို့ ဦးအောင်ဆန်းနဲ့ ဦးအက်တလီတို့ စာချုပ်ချုပ်ဆိုခဲ့ကြတယ်။ တစ်နှစ်မပြည့်ခင် ဦးအောင်ဆန်းလုပ်ကြံခံရပြီး ကျဆုံးသွားပေမဲ့ တစ်နှစ်အတွင်း လွတ်လပ်ရေးပေးမယ်ဆိုတဲ့ အောင်ဆန်း-အက်တလီစာချုပ်အတိုင်း နု-အက်တလီစာချုပ်နဲ့ လွတ်လပ်ရေးပေးခဲ့တယ်။ ဗိုလ်ချုပ်လည်းသေပြီပဲ။ မရှိတော့ဘူးဘဲ။ ဦးအက်တလီက ကတိအတိုင်း လွတ်လပ်ရေးမပေးခဲ့ရင် မြန်မာနိုင်ငံ ဘာတွေဆက်ဖြစ်မလဲဟင်။**

**မောင်မောင်၊ သာကေတ။**

ဗုဒ္ဓေါ. . . ဘယ့်နှာကြီးပါလိမ့်။ ဆေးထိုးတာတော့ မဟုတ်ပါဘူးနော်။ ဘဘသုခမိန် ကြောက်တတ်လို့ပါ။ မင်းတွေးသလို ဦးအက်တလီသာ ကတိမတည်ခဲ့ဘူးဆိုရင် မြန်မာနိုင်ငံမှာ တိုင်းပြည်ကိုချောက်ထဲကကယ်မယ့် သူရဲကောင်းတွေ မပေါ်လောက်ဘူးထင်တာပဲကွယ့်။

**ကိုဦးဆွေ**

The HOT NEWS
Vol - 5, No - 239, Apr 24 - 30 , 2015

# ရင်ထဲထိအောင် ပြောလိုက်ပါရစေ

## 'အမွန်မြတ်ဆုံး စွန့်လွှတ်သူတို့ရဲ့ ဂူပိမာန်လို့အမည်ပေးရင်ဖြင့်'

ထက်အောင်ကျော် (ရှမ်း/မြောက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးရယ်လို့ကမ္ဘာ့အလယ်မှာ ထည်ထည်ဝါဝါရပ်တည်နေနိုင်ဖို့ခင်ဗျားတို့ ကျွန်တော်တို့ရဲ့ဖခင်ဗိုလ်ချုပ်အောင်ဆန်းနဲ့ တိုင်းရင်းသားပေါင်းစုံပါဝင်တဲ့ မျိုးချစ်နိုင်ငံ့သူရဲကောင်းအပေါင်းတို့ရဲ့ အသက်၊ သွေး၊ ချွေးတွေနဲ့ရင်းနှီးပြီး တိုက်ယူခဲ့တဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာတွေ၊ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနိုင်မှုတွေကြောင့် ဒီနေ့ဒီချိန်ခါမှာ ဒီမိုကရေစီလမ်းကြောင်းမှာ စတင်လျှောက်လှမ်းနေနိုင်ပြီ မဟုတ်ပါလားဗျာ။ လွတ်လပ်ရေးကြီးနဲ့ အတူဖြစ်တည်လာတာကတော့ မြန်မာ့တပ်မတော်ပါ၊ တိုင်းရင်းသားပေါင်းစုံပါဝင်တဲ့ မြန်မာ့တပ်မတော်ထဲမှာ အမျိုးကိုချစ်တဲ့ တိုင်းပြည်ကိုချစ်တဲ့ လူငယ်လူရွယ်တွေဟာ မိဘ၊ ဆွေမျိုး၊ အပေါင်းအသင်း၊ ချစ်သူရည်းစားတွေရဲ့ တိုက်တွန်းနှိုးဆော်မှုကြောင့် တပ်မတော်ထဲဝင်လာကြတဲ့သူတွေ မဟုတ်ဘူးဆိုတာ မေးကြည့်တာထက် တွေးကြည့်ရင်ပဲ သိသာနေပါတယ်။

ဟုတ်ကဲ့ပါ တပ်မတော်သားတွေဆိုတာ 'ငါ့နိုင်ငံတော် ငါ့နိုင်ငံသား ငါ့တပ်မတော်အတွက် ငါ၏အသက်ကိုစွန့်လွှတ်ရန် အမိဋ္ဌာန်ပြုပါ၏'ဆိုတဲ့ သစ္စာလေးချက်ကို ဦးထိပ်မှာ ရွက်ပြီး တာဝန်ထမ်းဆောင်နေကြရသူတွေပါ။ တပ်မတော်သားအဖြစ်ခံယူချင်ရင် ခံယူလိုတဲ့ စိတ်ဓာတ်ခွန်အားတွေဖြစ်ပေါ်လာစေတဲ့ ငါ့သားများစစ်ထဲဝင်ရင်လေ သူ့ကိုပြောလိုက်စမ်းပါကွာ စစ်တပ်ဆိုတာအမှန်တကယ်သာလိုက်နာနိုင်မယ်ဆိုရင် တကယ့်ယောက်ျားကောင်းယောက်ျားမြတ်တွေကို မွေးထုတ်ပေးနေတဲ့ ကျောင်းကြီးတစ်ကျောင်းပေါ့ကွာလို့စစ်သားအိုကြီးတစ်ဦးက ပြောခဲ့ဖူးတယ်လို့မှတ်သားခဲ့ရတော့ သန်းပေါင်း ၂၀ ထဲက ယောက်ျား(၁၉၇၆)ခုနှစ်ခန့်မှ အရေအတွက်ပါဗျာ) ယောကျ်ားထဲက စစ်သား၊ စစ်သား (တပ်မတော်သား) လုပ်ခွင့်ရသူဆိုတော့ ယောကျ်ားကောင်းယောကျ်ားမြတ်ဖြစ်အောင် နေထိုင်သွားပြချင်တာ စစ်သားတိုင်းပါလို့ဆိုကလွန်အံ့မထင်ပါနဲ့ဗျာ။

ဒါအပြင် ကျွန်တော်တို့ ဖခင်ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့တဲ့စစ်ထွက်မိန့်ခွန်းထဲကလိုအိပ်ကြရဖို့ မြေကြီး၊စားသောက်စရာဆိုလို့ကျောက်ခဲနဲ့ သလဲပဲ ရှိမယ်ဆိုတဲ့ အဆုံးစွန်ဆုံးသော စကားအတိုင်းတွေ့ကြုံလာမှာကို သိရဲ့သားနဲ့ ကိုယ့်ကိုယ်ကိုယ်တောင်မပိုင်တော့တဲ့ စွန့်လွှတ်စွန့်စားသူတွေနားခိုရာတပ်မတော်ထဲကို ပြုံးပြုံးရွှင်ရွှင်နဲ့ ဝင်ရောက်လာပြီး ကျရာအခန်းကဏ္ဍကနေ ပေးအပ်လာတဲ့အမိန့်နဲ့ တာဝန်ကို ကျေပွန်စွာထမ်းဆောင်နေကြရသူတွေရဲ့ရင်ထဲမှာ ငါ့နိုင်ငံတော် ငါ့နိုင်ငံသားငါ၏တပ်မတော်အတွက်အသက်ကိုစွန့်လွှတ်ရန် အမြဲအသင့်ပါ။

'၁၉၈၈ ခုနှစ် မတိုင်ခင်တပ်မတော်ထဲဝင်ရောက်ဖို့ဆိုတာ တော်တော်ကိုမလွယ်ကူဘူး၊ကိုယ်လက်အင်္ဂါစုံလင်ဖို့လိပ်ခေါင်းမရှိဖို့ ခြေခွင်တာခြေဖဝါးခွက်မရှိတာတွေ ရှိနေရင်ဝင်ခွင့်မပြုခဲ့ဘူးလေ။ အဲဒီလိုထဲကမှ စုဆောင်းရေးဆိုတဲ့နေရာမှာ တစ်လကနေသုံးလလောက်အထိကို အပြင်ကအရပ်သားစိတ်ဓာတ်တွေပျောက်ပြီး အမိန့်နာခံတတ်ဖို့ အချင်းချင်းရဲဘော်စိတ်ထားတတ်ဖို့ပေးအပ်လာတဲ့ တာဝန်တွေကို ဦးလည်မသုန်ထမ်းရွက်နိုင်ဖို့တွေကို အရင်ဆုံးအစမ်းသပ်ခံလေ့ကျင့်ကြရတယ်။ ဒါလေ့ကျင့်ရေးသင်တန်းကျောင်းမရောက်သေးဘူးနော်။ ထမင်းစားတော့လည်း အားလုံးက ဒီထမင်းဒီဟင်းပဲ။ ကုန်ကုန်ပြောမယ်၊ ကန်တော့ပါရဲ့ အပြင်ထွက်လာတဲ့ မစင်တောင်တစ်ရောင်တည်းဖြစ်နေရကြတယ်။ လေ့ကျင့်ရေးသင်တန်းကျောင်းရောက်တော့ စစ်သည်တိုင်းတတ်အပ်တဲ့ စစ်ပညာတွေကို သတ်မှတ်တဲ့ ပုံစံအတိုင်း အမျိုးမျိုးလေ့ကျင့်ရတာ (၆) လနော်။ 'လေ့ကျင့်မှအသားသေ'ဆိုသလို လေ့ကျင့်သားပြည့်ဝနေအောင်ကို အပင်ပန်းဆုံးအပြင်းထန်ဆုံးတစ်ခါတလေစိတ်ဓာတ်ကျဆုံးဖြစ်ပြီး ထွက်ပြေးချင်လောက်အောင်ကိုကြုံတွေ့ခဲ့ရတာတွေရှိခဲ့တယ်။ မိဘအိမ်မှာလိုအဖေကိုချွဲ လိုက်အမေကိုချွဲလိုက် ညီအစ်ကိုမောင်နှမတွေကိုချွဲလိုက်လုပ်နေဖို့နေနေသာသာ ခရာသံကြားဖျားချင်သွားလောက်အောင်ကို ပင်ပန်းခဲ့တာပါ။ ဒါပေမဲ့လဲတိုင်းပြည်နဲ့ လူမျိုးအတွက် အသက်ပေးဆပ်မယ်ဆိုတဲ့ခံယူချက်စိတ်ဓာတ်အပြည့်နဲ့ တပ်မတော်ထဲဝင်လာကြသူတွေအဖို့တော့ 'ဘာစိတ်ဓာတ်လဲ သံမဏိစိတ်ဓာတ် သံမဏိစိတ်ဓာတ် သံမဏိစိတ်ဓာတ်'ဆိုတဲ့ကမ္ဘာ့မြေကြီးတုန်ဟည်းသွားလောက်တဲ့ ဟစ်ကြွေးသံတွေနဲ့အတူ တစ်ခါမှမသိခဲ့မမြင်ခဲ့တဲ့ နယ်ပယ်အစုံကလာတဲ့ တိုင်းရင်းသားပေါင်းစုံတွေနဲ့ ဆုံတွေ့နေရတဲ့အခါမှာတော့ အော်ငါတို့တိုင်းပြည်ထဲမှာ ဒီလိုတိုင်းရင်းသားပေါင်းစုံတွေရှိနေတာပါလားဆိုတဲ့ စာတွေ့မဟုတ်ဘဲ ပကတိအတွေ့အထိ အသိ၊ အမြင်တွေရခဲ့တာပါ။ စာထဲမှာဓာတ်ပုံထဲမှာလောက်သာမြင်ရပေမဲ့ တကယ်လက်တွေ့မှာ တစ်အူထုံဆင်းညီရင်းအစ်ကိုပမာအိပ်တော့လည်းအတူတူစားတော့လည်းအတူတူလှုပ်ရှားမှုလုပ်တော့လည်းအတူတူနဲ့ နေလာကြရာမှ တိုင်းရင်းသားပေါင်းစုံတို့ရဲ့ ပကတိရိုးသားဖြူစင်မွန်မြတ်တဲ့စိတ်ထားကိုအနီးကပ်သိရှိလာရတာလေ။ ဒီလိုနဲ့ သင်တန်းဆင်းလို့ကိုယ်တာဝန်ကျရာတပ်ရင်းတပ်ဖွဲ့အသီးသီးကိုသွားကြရတဲ့နေ့မှာတော့ ၆ လကျော်နေလာခဲ့ကြရပေမဲ့ ဘယ်သူ့ခွဲခွဲတို့မကွဲအမြဲစည်းလုံးမည်ဆိုတဲ့ စိတ်ဓာတ်တူညီသူတွေအဖို့မျက်ရည်ကျသူကျ ငိုသူငို အံကြိတ်သူကြိတ်နဲ့ ရှိနေကြပေမဲ့ တိုင်းပြည်နဲ့ လူမျိုးအတွက်ကျရာအခန်းကဏ္ဍကနေ ကျေပွန်စွာထမ်းဆောင်ကြမယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ အံကြိတ်မာန်တင်းပြီး ငိုသောအပြုံးမျက်နှာတွေနဲ့ လက်ပြနှုတ်ဆက်ရင်း၊ တပ်ရင်းအသီးသီးဆီကိုထွက်ခွာရင်း၊ ကံမကုန်ရင် ပြန်ဆုံကြတာပေါ့ကွာလို့ပဲပြောပြီး ခွဲခွာခဲ့ရတာပေါ့။

တပ်ရင်းတွေမှာ စစ်ဆင်ရေးသာအဓိကဖြစ်လာတော့ ကိုယ့်စစ်ဆင်ရေးခွင်အတွင်းနယ်မြေစိုးမိုးမှုရဖို့ နေ့/ည အချိန်အခါမရွေးနေပူမိုးရွာ နှင်းကျတာတွေကို ဂရုမပြုအားဘဲ ပေးအပ်လာတဲ့ တာဝန်တွေကို ကျေပွန်အောင် ပင်ပင်ပန်းပန်းဆင်းဆင်းရဲရဲနဲ့ ထမ်းဆောင်ကြရတာပါ။

စာမျက်နှာ (၂၅)သို့

# လောက်ကိုင်ကို အသည်းအသန်ထိုးစစ်ဆင်နေတာ ဘာကြောင့်လဲ

မောင်ယသသ

သကြံန်တွင်း ညဘက် ချန်ပီယံလိဂ်ပွဲတွေကြည့်နေခိုက် စာတန်းလေးတွေပေါ်လာတယ်။ အစိုးရစစ်တပ်က လောက်ကိုင်မှ ပွိုင့်ကုန်း ၂ကုန်းကို အသေအပျောက်၊ဒဏ်ရာရများစွာနဲ့ သိမ်းပိုက်နိုင်ခဲ့ကြောင်း စာတန်းလေးပါ။ ဘောလုံးပွဲကြည့်ရင်း အာရုံက လောက်ကိုင်တိုက်ပွဲတွေဆီကို ရောက်နေတယ်။ စိတ်ထဲမှာလည်း မေးခွန်းတစ်ခုက ပေါ်လာတယ်။အစိုးရစစ်တပ်က ဘာကြောင့်များ လောက်ကိုင်စစ်ပွဲကို အသည်းအသန်ထိုးနေတာလဲပေါ့။ အောက်ပါယူဆချက်တွေကတော့ စာရေးသူတစ်ဦးတည်းရဲ့ ထင်မြင်ယူဆချက်တွေပါ။ စာဖတ်သူတို့နဲ့ သဘောထားထင်မြင်ချက်နဲ့တူချင်လည်းတူမယ်၊ ကွဲပြားချင်လည်း ကွဲပြားနေမှာပါ။ တူတူ၊ ကွဲကွဲ အပျင်းပြေသဘောနဲ့သာ ဖတ်ကြပါလို့. . .

**ဒီချုံထွင်တဲ့သဘောလား**

ပြည်ထောင်စု လွှတ်တော် အစည်းအဝေးမှာ စစ်တပ်က ကာကွယ်ရေးစရိတ် တိုးတောင်းတယ်။ လွှတ်တော်မှာ အတော့်ကို အခြေအတင် ဖြစ်သွားတယ်။ မီဒီယာမှာလည်း ပြောကြ၊ဆိုကြ ဖြစ်သွားတယ်။ အဲဒီအချိန် အပြီးမှာ လောက်ကိုင်ကို ကိုးကန့်တွေ ဝင်လာတယ်။ စစ်တပ်အကြိုက် တွေ့သွားတယ်။ လောက်ကိုင်မကျအောင် အင်အားသုံးတယ်။ အကျအဆုံးတွေရှိတယ်။ ကိုးကန့်တွေနောက် ဆုတ်ပေးရတယ်။ လွှတ်တော်နဲ့ မီဒီယာ မှာ ကာကွယ်ရေးစရိတ် တိုးတောင်းတာကို ဝေဖန်တဲ့အသံတွေ တိတ်သွားတယ်။ လောက်ကိုင်က စစ်တပ်အတွက် ချုံတစ်ချုံဖြစ်သွားပြီ။ ယုန်ကလေးတွေထွက်လာတယ်။ ဒါကြောင့် ထိုးစစ်တွေ ဆင်နေတာလားလို့ တွေးမိတယ်။

**အကောင်းဆုံးထိုးစစ်က အကောင်းဆုံးခံစစ်ဆိုတဲ့ နိယာမလား**

စစ်ဦးဘီလူးဆိုတဲ့ ဆိုရိုးရှိတယ်။ ကိုးကန့်တွေက အဲဒီအတိုင်း ဝင်လာတယ်။ အမြန်ဆုံးရွှေ့လျားပြီး ဝင်လာတယ်။ အခြေစိုက်စခန်းတွေမှာ အကျအဆုံးတွေရှိလာတယ်။ အစိုးရတပ်တွေက ပြန်ပြီးတိုက်တယ်။ ကိုးကန့်တွေက ခံစစ်ကုန်းတွေကနေခံတိုက်တယ်။ တပ်က တရစပ်ထိုးစစ်တွေဆင်တယ်။ အရင်းအနှီးများတယ်။ ဒါပေမယ့် အကောင်းဆုံးတိုက်စစ်ပုံစံနဲ့ ပုံဖော်ခဲ့တယ်။ ကိုးကန့်တွေရဲ့ ခံစစ်ကုန်းတွေကို တစ်ကုန်းပြီးတစ်ကုန်း သိမ်းဖို့ကြိုးစားနေတာက အကောင်းဆုံးခံစစ်ပုံ ပြင်နေတာနဲ့တူတယ်။ စစ်ရဲ့နည်းဗျူဟာတစ်ခုကြောင့်လည်း ဖြစ်နိုင်တယ်။ အစိုးရစစ်တပ်က လောက်ကိုင်ကို ထိုးစစ်ဆင်နေတာက အကောင်းဆုံးခံစစ်ဖြစ်ဖို့အတွက် အကောင်းဆုံးတိုက်စစ်ပြင်နေတာ ဖြစ်နိုင်တယ်လို့ တွေးမိတယ်။

**အတိတ်ရဲ့လောင်းရိပ်ကို လှန်ပစ်ချင်နေတာလား**

တပ်မတော်က ပြည်သူရဲ့ ချစ်ခင်မှုကို လွတ်လပ်ရေးမရခင်ကတည်းက ရခဲ့တယ်။ စစ်သားတစ်ယောက်ရွှေ့တန်းကနေပြန်လာပြီး အရပ်ထဲကို အလည်လာတယ်ဆိုရင် ဒေသခံတွေက ညဘက်ဆိုရင် ဝိုင်းပြီးမေးကြ၊ မြန်းကြ၊ သူပြောသမျှတိုက်ပွဲအတွေ့အကြုံတွေကို နားထောင်ကြနဲ့ ညဘက်စကားဝိုင်းတွေဆိုရင် ရှေ့တန်းပြန်စစ်သားတွေက အမြဲဦးဆောင်နေတတ်တယ်။ စာရေးသူတို့ ငယ်စဉ်တုန်းကဆိုရင် ဦးလေးအရွယ်၊ အစ်ကိုအရွယ်စစ်သားတွေကို အထင်တကြီးနဲ့ တငေးတမောဖြစ်ခဲ့ဖူးတယ်။ စာရေးသူတို့အရွယ်ရောက်တော့ အာဏာရှင်စနစ်အောက်က တပ်မတော်ကို စိတ်မကောင်းခြင်းကြီးစွာနဲ့ ကြည့်နေခဲ့ရတယ်။ စစ်သားဆိုရင် အတော့်ကို အထင်သေးမိတဲ့အထိကို ဖြစ်ခဲ့ရတယ်။ ဒါပေမယ့် လောက်ကိုင်တိုက်ပွဲလည်းဖြစ်ရောပြည်သူက တပ်မတော်ကို ဘယ်လောက်ချစ်တယ်ဆိုတာကို မြင်ရတော့ မျက်ရည်ဝိုင်းမိတဲ့အထိ ဖြစ်မိတယ်။ ပြည်သူက တကယ့်စစ်သားတွေကို ချစ်နေတုန်းပဲဆိုတာ သိရတယ်။ ပြည်သူရဲ့ လေးစားမှုကို ပြန်ရတယ်လို့ မြင်တယ်။ ပြည်သူ့လက်ခုပ်သံမစဲအောင်လို့ ထိုးစစ်တွေဆင်နေတာလားလို့ တွေးမိတယ်။ အချစ်ဟောင်းကို ပြန်လည်တူးဆွနေတယ်လို့လည်း မြင်မိတယ်။

**နိုင်ငံတကာရဲ့ဖိအားကို ဟန့်စစ်ဆင်နေတာလား**

ဒီမိုကရေစီအသွင်ပြောင်းအစိုးရမှာ အကြီးဆုံးစိန်ခေါ်မှုကြီးတစ်ခုရှိတယ်။ အဲဒါက နိုင်ငံတကာရဲ့ဖိအားပါပဲ။ အနီးဆုံးတရုတ်ကြီးရှိသလို အနောက်အုပ်စုရဲ့ အင်အားကလည်း မသေးဘူး။ ကိုးကန့်တွေသုံးတဲ့စစ်လက်နက်တွေရဲ့ ထိရောက်မှုအားကို ပြန်လည်ချေဖျက်နိုင်ဖို့အတွက် အစိုးရစစ်တပ်က ဘယ်လိုလက်နက်တွေကိုသုံးနိုင်တယ်။ တပ်ရဲ့ဗျူဟာ၊ အခင်းအကျင်းတွေကို ဘယ်လိုပုံဖော်ပြီး တိုက်ခိုက်မယ်။ စစ်တပ်ရဲ့အရေးအကြီးဆုံးဖြစ်တဲ့ တိုက်ခိုက်ရေးစွမ်းရည်ကို ပြသထားမယ်ဆိုတဲ့ ရည်ရွယ်ချက်ကြောင့်လည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ NCCT နဲ့ အပစ်ရပ်ရေးမူကြမ်းလက်မှတ်ထိုးပြီးပြီ။ ကိုးကန့်ဘက်က အလှုပ်အရှားမရှိဘူး။ စစ်ရဲ့နောက်ကွယ်က အကြောင်းအရာတွေက ရှုပ်ထွေးနေတယ်။ ဘာပဲပြောပြော တရုတ်ကြီးက မြန်မာ့စစ်တပ်ရဲ့ အရည်အသွေးကိုတော့ မြင်သွားပြီ။ မြန်မာ့ပြည်သူတွေရဲ့ စိတ်ဓာတ်ကိုလည်း မြင်သွားပါပြီ။ အနောက်အုပ်စုကလည်း ရိပ်မိသလောက် ရိပ်မိသွားပြီ။ ဒါဆိုရင် မြန်မာ့စစ်တပ်က ထပ်ဝင်လာနိုင်စရာရှိတဲ့ သောင်းကျန်းမှု၊ ကျူးကျော်မှုတွေအပေါ် ဟန့်စစ်ဆင်လိုက်တာလို့ပဲ တွေးမိတယ်။

**တိုင်းရင်းသားလက်နက်ကိုင်တွေကို အမြင်ကျယ်စေချင်တာလား**

မြန်မာနိုင်ငံမှာက တိုင်းရင်းသားလက်နက်ကိုင် ၁၄ဖွဲ့လောက်ရှိတယ်။ ဒါတွေက အထင်ကရတွေပါ။ အခြားသေးသေးမွှားမွှားတွေကလည်း အများကြီးပါ။ 'ဝ'၊ ကိုးကန့်၊ ကေအိုင်အေ၊ ကေအန်င်ယူ၊ ဒီကေဘီအေ၊ မွန်ပြည်သစ်၊ စီအင်န်အက်ဖ်၊ အေအေ အစရှိတဲ့ အဖွဲ့တွေက အများကြီးပဲ။ လက်နက်အင်အားတောင့်တင်းတဲ့အဖွဲ့တွေကလည်း အများကြီးပါ။ ကေအိုင်အေနဲ့ တိုက်နေတဲ့ ပြည်တွင်းစစ်ဆိုရင် ပျောက်တိပျောက်တောက်နဲ့ နှစ်ရှည်လများဖြစ်နေတယ်။ အပြီးမသတ်နိုင်သေးဘူး။ အဲဒီအချိန်မှာ တိုင်းရင်းသားလက်နက်ကိုင်က မြန်မာစစ်တပ်အပေါ် အမြင်ကျဉ်းနေတယ်လို့ ယူဆတယ်။ ကိုးကန့်က လောက်ကိုင်ကို ကျူးဖို့ကြိုးစားတော့ စစ်တပ်က တိုင်းရင်းသားလက်နက်ကိုင်တွေကို အမြင်ကျယ်စေချင်လို့ လောက်ကိုင်ကို အရအမိ ထိုးစစ်ဆင်ပြလိုက်တယ်။ တကယ်ပါပဲ။ နဂိုထဲက ဒီမိုကရက်တစ်အမြင်ရှိတဲ့ တိုင်းရင်းသားလက်နက်ကိုင်တွေ အမြင်ကျယ်သွားတယ်။ ဒီမိုကရက်တစ်ရီဖောင်းကို အတူတူလုပ်မှရမယ်ဆိုတဲ့ အမြင်ရသွားတယ်။ ဝမ်းသာစရာဖြစ်ပါတယ်။ လောက်ကိုင်ကို ထိုးစစ်တွေဆင်နေတာက ဒီအချက်လည်းဖြစ်နိုင်တယ်လို့ မြင်မိတယ်။

**တပ်မတော်အင်အားရှိမှ**

တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမယ်ဆိုတဲ့ စကားကိုတော့ အပြည့်အဝထောက်ခံပါတယ်။ ခေတ်အဆက်ဆက်က ကာကွယ်ရေးဦးစီးချုပ်အသီးသီးကလည်း တိုင်းပြည်အင်အားရှိအောင် တပ်မတော်ကို နည်းအမျိုးမျိုးနဲ့ ပြုပြင်ပြောင်းလဲခဲ့ကြပါတယ်။ ဒီကနေ့ကာလ ဒီမိုကရက်တစ်ရီဖောင်းမှာ စစ်ပွဲတွေဖြစ်နေရင်တော့ တိုင်းပြည်ချွတ်ခြုံကျသွားမှာပဲ။ ဒါကိုလက်နက်ကိုင်အဖွဲ့အစည်းတိုင်းသဘောပေါက်သင့်နေပါပြီ။ လွတ်လပ်ရေးရပြီးကတည်းက ပြည်တွင်းစစ်ကဖြစ်နေတယ်။ တိုင်းပြည်ရဲ့အင်အားအပြည့်အဝဖြစ်လာနိုင်ဖို့က ပြည်တွင်းစစ်တွေရပ်သွားမှ ဖြစ်နိုင်မှာပါ။ ဒါကြောင့် ဘယ်လိုပဲဖြစ်ဖြစ် မကျေလည်မှုတွေကို ဆွေးနွေးအဖြေရှာတာပဲကောင်းပါတယ်လို့ မြင်မိပါကြောင်း. . .

# ပွင့်လင်းလွတ်လပ်သည့် အမျိုးသားလွှတ်တော်ကြားနာပွဲမှ ခလုတ်တိုက်မှုများ-၃

**နှောင်းလူ**

အမျိုးသားလွှတ်တော်မှာ ၂၀၁၅ ခုနှစ်၊ မတ်လ ၅ ရက်မှ ၁၇ ရက်နေ့အထိ ကျင်းပပြုလုပ်တဲ့ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေ (မူကြမ်း) ကြားနာပွဲမှာ နိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ အကြံပြုလာသူများက ဖိတ်ကြားသင့်တဲ့ လူပုဂ္ဂိုလ်များ၊ ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီဝင်များနဲ့ အမျိုးသားပညာရေးကွန်ရက် (NNER) တို့မှ အဓိက ဆွေးနွေးခဲ့ကြတဲ့ ပြင်ဆင်တဲ့ဥပဒေ(မူကြမ်း)၊ အခန်း(၄) ဒီမိုကရေစီပညာရေး လွတ်လပ်ခွင့်ကို အာမခံခြင်းမှာ ဖော်ပြထားတဲ့ ပုဒ်မခွဲ(က)၊ အပိုဒ်ခွဲ(စစ)နဲ့ အခန်း(၆)၊ ကျောင်းအမျိုးအစား၊ ပုဒ်မ ၃၄၊ ပုဒ်မခွဲ(ည) တို့ရဲ့ ပြင်ဆင်ဖြည့်စွက်ချက်များဟာ မြန်မာနိုင်ငံရဲ့ ဓလေ့ထုံးတမ်း၊ ယဉ်ကျေးမှုနဲ့ ကနဦးအခွင့်အရေးများကို ထိပါးခလုတ်တိုက်မှုများဖြစ်တယ်ဆိုတာကို ဆွေးနွေးတင်ပြလိုခြင်းဖြစ်ပါတယ်။

ပြင်ဆင်တဲ့ဥပဒေ(မူကြမ်း)၊ အခန်း(၄)၊ ပုဒ်မခွဲ(က)၊ အပိုဒ်ခွဲ(စစ)မှာ ဆရာ၊ ဆရာမများအပေါ် ကျောင်းသားများရဲ့ အကဲဖြတ်မှုများကို တက္ကသိုလ်၊ ကျောင်းအုပ်ချုပ်ရေး ကောင်စီသို့တင်သွင်းတဲ့အခါ ကောင်စီက စဉ်းစားဆုံးဖြတ်ပေးရမယ်လို့ ဖော်ပြထားပါတယ်။ အဲဒီပြင်ဆင်ချက်နဲ့ စပ်လျဉ်းပြီး ကြားနာပွဲသို့တက်ရောက်ကြတဲ့ နိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ အကြံပြုလာသူများမှ ဖိတ်ကြားသင့်တဲ့ လူပုဂ္ဂိုလ်များတို့က မြန်မာ့ယဉ်ကျေးမှုနဲ့မကိုက်ညီကြောင်း၊ ဆရာကို ဘုရားနဲ့တစ်ဂိုဏ်းတည်းထားတဲ့အတွက် ပယ်ဖျက်သင့်ကြောင်း ဆွေးနွေးတင်ပြခဲ့ကြပါတယ်။ အမျိုးသားပညာရေးကွန်ရက် (NNER) အဖွဲ့ဝင်ဖြစ်တဲ့ ဆရာသမဂ္ဂမှ ဆရာဒေါက်တာအာကာမိုးသူက လူဦးရေ နှစ်သောင်းကျော်ထံ ကွင်းဆင်းသုတေသနပြု စစ်တမ်းကောက်ယူခဲ့ရာ ပြန်လည်ရရှိခဲ့တဲ့ စစ်တမ်း ၃၃၃၆ စောင်ရဲ့ ၇၀ ရာခိုင်နှုန်းကျော်က သဘောတူညီတယ်လို့ ဆွေးနွေးတင်ပြပါတယ်။

ဦးစွာဒေါက်တာအာကာမိုးသူရဲ့ ရှင်းလင်းချက်ကို ပြောချင်ပါတယ်။ ဆရာရဲ့ပြောကြားချက်အရ လူဦးရေနှစ်သောင်းကျော်ထံ ကွင်းဆင်းသုတေသနပြု စစ်တမ်းကောက်ယူခဲ့ရာ ပြန်လည်ရရှိခဲ့တဲ့ စစ်တမ်း ၃၃၃၆ ဆိုတော့ ရာခိုင်နှုန်းအားဖြင့် ခန့်မှန်းခြေ ၁၆ ရာခိုင်နှုန်း ခန့်ပဲရှိပါတယ်။ အလွန်နည်းပါတယ်။ အဲဒီအပေါ်မှာ တွက်ချက်မှုကတော့ ခိုင်လုံမှုမရှိနိုင်ဘူးလို့ယူဆပါတယ်။ လူဦးရေ နှစ်သောင်းနီးပါးက ဘာကြောင့်မဖြေသလဲဆိုတာ မေးခွန်းဖြစ်သွားပါတယ်။

မြန်မာနိုင်ငံဟာ ဗုဒ္ဓဘာသာကိုးကွယ်တဲ့ နိုင်ငံဖြစ်တာနဲ့အညီ မိဘ၊ ဆရာကို ဘုရား၊ တရား၊ သံဃာ ဆိုတဲ့ ရတနာသုံးပါးနဲ့ တစ်ဂိုဏ်းတည်းထားပြီး အနန္တော အနန္တ ငါးပါးအဖြစ် ကိုးကွယ်လာကြတာနှစ်ပေါင်း ရာချီပြီဖြစ်ပါတယ်။ ဗုဒ္ဓဘာသာဝင်တို့ရဲ့ ဓလေ့ထုံးတမ်း၊ ယဉ်ကျေးမှုဖြစ်ပါတယ်။ မိဘကို ပြစ်မှားပါကလည်းကောင်း၊ ဆရာကိုပြစ်မှားပါကလည်းကောင်း ပဥ္စနန္တရိယကံထိုက်မယ်တဲ့ ဆိုဆုံးမမှု ယဉ်ကျေးမှုဓလေ့ကို မိမိတို့ရဲ့ ဘိုးဘေး ဘီဘင် လက်ထက်ကတည်းကတည်ရှိ လိုက်နာကျင့်သုံးခဲ့ ကြပါတယ်။ ရှင်မဟာသီလဝံသရဲ့ ဆုံးမစာမှာလည်း **"တိလောကဟု၊မရနိုင်းတူ၊ ဖက်မပြုသည်၊ သုံးဆူ ရတနာ၊ မာတာပိတာ၊ ဆရာစသား၊ အရှင်များကို၊ ပြစ်မှားမဆို၊ ရိုသေကြစေ၊ သာမဏေက၊ သူငယ်စသား၊ တပည့်များတို့၊ မှတ်သားကြပ်ကြပ်၊ မပြတ်သို့ပင်၊ ဆုံးမသင်သည်၊ ဝမ်းတွင်အမြဲသွတ်"** ဟုလည်း ကောင်း၊ **"ဆရာသမား၊ မိဘအားကို၊ နီးကြားမပျက်၊ မျက်သစ်ဒန်ပူ၊ လုံ့လကူသည်၊ ယူ၍မပြတ်၊ နေ့တိုင်းကပ်"** ဟုလည်းကောင်း၊ **"ဆရာနေခင်း၊ အင်းပျဉ်ညောင်းစောင်း၊ လဲလျောင်းဘုံလျှို၊ ထိုထို ထက်မှာ မနေရာသည်၊ မြင့်ရာမသင့်၊ မထိုင်နှင့်"** ဟုလည်းကောင်း ဟောကြားထားခြင်းဟာ ရှင်သာ မဏောကအစ လူငယ်တပည့်များကို ရိုသေလေးစားထိုက်သူများကို ရိုသေလေးစားတတ်စေဖို့၊ ကိုယ် နှုတ်နှလုံး ယဉ်ကျေးသိမ်မွေ့စေဖို့ ပြုမူဆက်ဆံတတ်စေဖို့ လမ်းညွှန်ဆုံးမထားခြင်းမဟုတ်ပါလား။

မြန်မာတို့ရဲ့ မူလယဉ်ကျေးမှုဓလေ့မှာ "အတတ်လည်းသင်၊ ပွဲပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ဖို့၊ ဆရာတို့၊ ကျင့်ဖို့ဝတ်ငါးဖြာ"လို့ ဆရာတို့ရဲ့တာဝန်၊ တနည်းအားဖြင့် တပည့်ကျောင်းသားတို့ ရရမည့် အခွင့်အရေးကို သတ်မှတ်ပေးထားသကဲ့သို့ "ညီညာထကြွ၊ ဆုံးမနာယူ၊ လာမူကြိုဆီး၊ ထံနီးလုပ်ကျွေး၊ သင့်တွေးအံ့ရွတ်၊ တပည့်ဝတ်၊ မချွတ်ငါးခုသာ"လို့ တပည့်ကျောင်းသားတို့ရဲ့တာဝန်၊ တနည်းအားဖြင့် ဆရာတို့ ရရမည့် အခွင့်အရေးကို သတ်မှတ်ပေးထားသည်မဟုတ်ပါလော။ ဒါဟာ မြန်မာတို့ရဲ့ အလွန်ချစ်စရာကောင်းတဲ့ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းတစ်ခုဖြစ်သလို၊ ဆရာတပည့်တို့ရဲ့ ကနဦးအခွင့်အရေးများလည်းဖြစ်ပါတယ်။

ဒါအပြင် ယနေ့မျက်မှောက်အခြေအနေကိုလည်း ထည့်တွက်စဉ်းစားရမှာပါ။ ဆရာနဲ့ကျောင်းသား တစ်ဦးအပေါ်တစ်ဦး အမြင်ခံစားချက်များကလည်း အရေးကြီးပါတယ်။ ဆရာများက ကျောင်းသားများအပေါ် အသိမကြွယ်သေးတဲ့ ပြဿနာရှာတဲ့သူများဟုမြင်နေသလို၊ ကျောင်းသားများကလည်း ယခင်အစိုးရများရဲ့ ဆိုးမွေကြောင့် ဆရာများကို စေတနာထက်ငွေကြေးနောက်လိုက်သူ၊ အာဏာရှိသူတွေရဲ့ ထားရာနေစေရာသွားသူတွေလို့ မြင်နေကြတာ မငြင်းနိုင်တဲ့ အခြေအနေပါပဲ။ ဆရာနဲ့ ကျောင်းသား အပြန်အလှန် ယုံကြည်လေးစားမှု



အင်မတန်နည်းပါးတဲ့ အချိန်ဖြစ်ပါတယ်။ ဒီလိုကာလမှာ ဖော်ပြပါ ပြင်ဆင်ပြဋ္ဌာန်းချက်ကို ခွင့်ပြုလိုက်ပါက ကောင်းကျိုးထက်ဆိုးကျိုးက ပိုများမည်ဖြစ်ပါတယ်။ ဆရာနဲ့ကျောင်းသား အပြန်အလှန် ယုံကြည်လေးစားမှုကို ခိုင်မာအောင်ပြန်လည်တည်ဆောက်ဖို့ လိုအပ်ပါတယ်။ အချိန်ယူဖို့လိုပါတယ်။

ဒါကြောင့် အထက်မှာတင်ပြခဲ့တဲ့ မြန်မာတို့ရဲ့ အလွန်ချစ်စရာကောင်းတဲ့ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနဲ့ ဆရာတပည့်တို့ရဲ့ ကနဦးအခွင့်အရေးများလည်း ဆိတ်သုဉ်းပျောက်ကွယ်သွားပါလိမ့်မယ်။ ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကို သနားညာတာဆိုတဲ့ လူမှုဆက်ဆံရေး ယဉ်ကျေးမှုတစ်ရပ်လည်း ဆုံးရှုံးရမှာမလွဲပါ။ မြန်မာတို့ရဲ့ ဓလေ့ထုံးတမ်း၊ ယဉ်ကျေးမှုနဲ့ ကနဦးအခွင့်အရေးများကို ထိပါးခလုတ်တိုက်မှုများဖြစ်စေတဲ့ ပြင်ဆင်ချက်ဖြစ်တဲ့အတွက် ငြင်းဆန်ပေးခဲ့တဲ့ ကြားနာပွဲတက်ရောက်သူများကို ကျေးဇူးတင်မိပါတယ်။

အခန်း(၆)၊ ကျောင်းအမျိုးအစား၊ ပုဒ်မ ၃၄၊ ပုဒ်မခွဲ(ည)ဖြစ်တဲ့ "အခြားဘာသာရေးအဖွဲ့အစည်းများမှ ဖွင့်လှစ်ထားသော ပညာရေးကျောင်းများ" နှင့်စပ်လျဉ်းပြီး ရှေ့ဆောင်းပါးမှာ နိုင်ငံ၏ တည်ငြိမ်မှုနဲ့ လုံခြုံရေးကို ထိပါးလာနိုင်မှုကို အချက်အလက်နဲ့တင်ပြပေးခဲ့ပြီးဖြစ်ပါတယ်။ အခုကတော့ မြန်မာတို့ရဲ့ ဓလေ့ထုံးတမ်း၊ ယဉ်ကျေးမှုနဲ့ ကနဦးအခွင့်အရေးများကို ထိပါးခလုတ်တိုက်မှုများဖြစ်စေတဲ့ အချက်များကို တင်ပြဆွေးနွေးမှာဖြစ်ပါတယ်။ အခြားဘာသာရေးအဖွဲ့အစည်းများမှ ဖွင့်လှစ်ထားတဲ့ ပညာရေးကျောင်းများမှာ အင်္ဂလိပ်ကိုလိုနီခေတ်က ခရစ်ယာန်သာသနာပြု မစ်ရှင်ကျောင်းတွေက စတင်ခဲ့တာလို့ နားလည်ထားပါတယ်။ မိမိတို့နိုင်ငံကို အင်္ဂလိပ်တို့က ကျွန်ပြုအုပ်ချုပ် ကိုလိုနီနိုင်ငံအဖြစ် သိမ်းပိုက်ထားတဲ့အချိန်ဖြစ်ပါတယ်။ သခင်ဖြစ်တဲ့ သူတို့ကို ကျွန်ပြုခံရထားတဲ့ မြန်မာတွေပြန်မတော်လှန်နိုင်ရန်အတွက် စနစ်တကျ သိမ်းသွင်းစည်းရုံးမှုတစ်ရပ်ပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ရှေးဓလေ့ထုံးတမ်းယဉ်ကျေးမှုများနဲ့အတူ ဟိုးရှေးပဝေသဏီကတည်းကရှိနေတဲ့ ဘုန်းတော်ကြီးကျောင်းများကို ယှဉ်ပြိုင်ဖို့နဲ့ သူတို့ရဲ့ ယဉ်ကျေးမှုကိုသွတ်သွင်းလာခြင်းဖြစ်ပါတယ်။

ဒါကြောင့် ခရစ်ယာန်ဘာသာရေးအဖွဲ့အစည်းများက ဖွင့်လှစ်ထားတဲ့ ပညာရေးကျောင်းတိုင်းမှာ ဘုရားရှိခိုးကျောင်းများပါရှိတာကို အားလုံးသိပြီးဖြစ်ပါတယ်။ ယခုလည်း ဖွင့်လှစ်ခွင့်ပေးလိုက်ပါက မတောင်းဆိုဘူးဟု မည်သူအာမခံမလဲဟု မေးချင်ပါတယ်။ ခွင့်မပြုပါက ဟိုအဝေးကြီးက နိုင်ငံငယ်တွေနဲ့မဖွံ့ဖြိုးသေးတဲ့နိုင်ငံအပေါ် ဩဇာလွှမ်းဖို့ လူ့အခွင့်အရေးအဖွဲ့တွေက အော်ကြဦးမယ်။ ပြည်တွင်းကအဖွဲ့တွေကလည်း သံယောင်လိုက်ကြဦးမယ်။ အခြားဘာသာတစ်ခုဖြစ်တဲ့ အစ္စလာမ်ဘာသာမှာ အစွန်းရောက်သူအချို့ရှိနေပါတယ်။ ရှေ့ဆောင်းပါးမှာလည်း မြန်မာနိုင်ငံအနောက်ဘက်က အခြေအနေကိုတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ အလွန်စိုးထိတ်စရာဖြစ်ပါတယ်။

အချို့မသိနားမလည်သူတွေက အခန်း(၆)၊ ကျောင်းအမျိုးအစား၊ ပုဒ်မ ၃၄၊ ပုဒ်မခွဲ(င) ပြဋ္ဌာန်းချက်ဖြစ်တဲ့ ဘုန်းတော်ကြီးသင်စာသင်ကျောင်းများကို ထောက်ပြကြပါတယ်။ ဖျက်သိမ်းဖို့ ကျောင်းသားလူငယ်အချို့နဲ့ အချို့သောလူပုဂ္ဂိုလ်များက ပြောကြဆိုကြပါတယ်။ မနှိုင်းယှဉ်သင့်သည့်အရာ၊ မတိုင်းတာသင့်သည့်အရာကို နှိုင်းယှဉ်တိုင်းတာတာပဲဖြစ်ပါတယ်။ ကျောင်းသားလူငယ်များကို နားလည်မှုပေးနိုင်ပေမယ့် အဲဒီလူပုဂ္ဂိုလ်အချို့ကတော့ ခွင့်လွှတ်စရာ မကောင်းပါဘူး။ ဘုန်းတော်ကြီးပညာသင်ကျောင်းဆိုတာ ပထမမြန်မာနိုင်ငံမဖြစ်ပေါ်ခင်ကတည်းက တည်ရှိခဲ့တာပါ။ အဋ္ဌာရသ ၁၈ ပါးကို သင်ကြားပေးခဲ့တာကို သိကြမှာပါ။ ခေတ်ကာလအလျောက် လောကဓာတ်ကျောင်းမှာ မတက်နိုင်သူများကို လောကဓာတ်ပညာနဲ့အတူ မြန်မာတို့ရဲ့ ယဉ်ကျေးမှုကိုသင်ကြားပေးခဲ့တာပါ။ မြန်မာတို့ရဲ့ ယဉ်ကျေးမှုဟာ ကိုးကွယ်တဲ့ဗုဒ္ဓဘာသာကနေတစ်ဆင့် ဆင်းသက်လာတာပါ။ ဒါကြောင့် ဘုန်းတော်ကြီးပညာသင်ကျောင်းဆိုတာ မြန်မာတို့ရဲ့ အစဉ်အလာယဉ်ကျေးမှုတစ်ရပ်ဖြစ်သလို ကနဦးအခွင့်အရေးများလည်းဖြစ်ပါတယ်။ ကနဦးအခွင့်အရေးကို ထိပါးလို့ နှိုင်းယှဉ်လို့မရပါဘူး။ ဥပဒေပညာရှင်များသိပါတယ်။ ဥပဒေအကိုးအကားကို သိလိုက ဥပဒေပညာရှင်များကို မေးစေလိုပါတယ်။

အချုပ်အားဖြင့် တင်ပြရပါက နိုင်ငံတကာရဲ့ ခေတ်မီတိုးတက်မှု၊ ယဉ်ကျေးမှုများကို မိမိတို့နိုင်ငံအတွင်းသို့ သွတ်သွင်းသည့်အခါများ၌ မိမိတို့ရဲ့ ယဉ်ကျေးမှုအမွေအနှစ်များရဲ့ ကနဦးအခွင့်အရေးများ မထိပါးစေရန် အထူးသတိထားစေလိုပါတယ်။ အတားအဆီးမရှိ ရေတံလျှောက်သဖွယ် ဒလဟောစီးဆင်းခွင့်ပြုမပေးဖို့လိုအပ်ပါတယ်။ မိမိတို့ရဲ့ ကိုယ်ခံအားကောင်းနေပါက ပြဿနာမရှိနိုင်သော်လည်း ယခုကဲ့သို့ ကိုယ်ခံအားနည်းပါးချိန်မှာ အထူးဂရုတစိုက် သတိမပြတ်ဖို့လိုပါကြောင်း တင်ပြအပ်ပါတယ်။



The HOT NEWS

Vol - 5, No - 239, Apr 24 - 30 , 2015

# မင်္ဂလာအချိန်မှာ မင်္ဂလာမယူနိုင်လောက်အောင် စိတ်သောကရောက်နေရတယ်

# သင်္ကြန်မှာ အစိုးရကို ကျိန်စာတိုက်ခဲ့တဲ့ ကိုစန်းဇော်ထွေးနှင့်တွေ့ဆုံခြင်း

**သင်္ကြန်ကာလတွင် မိမိ၏နေအိမ်၌ Installation (အသံ၊ လှုပ်ရှားမှု၊ ရုပ်ဝတ္ထုပစ္စည်းများဖြင့် အနုပညာပုံဖော်ခြင်း)ဖြင့် အစိုးရကို ကျိန်စာတိုက်ခဲ့သူ ကိုစန်းဇော်ထွေးသည် နိုင်ငံရေးပုဒ်မဖြင့် ထောင်ထဲ၌ နှစ်ရှည် လများနေထိုင်ခဲ့ရသူဖြစ်သည်။ ၎င်းလုပ်ဆောင်ခဲ့မှုများနှင့်ပတ်သက်၍ ကိုစန်းဇော်ထွေးကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။**



**ကိုစန်းဇော်ထွေးအနေနဲ့ ဒီလိုစပြီးတော့ လုပ်ဖြစ်ခဲ့တာ ဘယ်အချိန်ကစခဲ့တာလဲဆိုတာ ပြောပြပေးပါ။**

ကျွန်တော်ထောင်ထဲမှာ ၁၂နှစ်ကျော် နေခဲ့ရတယ်။ ၂၀၁၂ ခုနှစ်မှာ ထောင်ကလွတ်လာတဲ့အချိန်မှာ ပန်းချီပြပွဲလုပ်တယ်။ အဲဒီမှာ Installation စလုပ်ဖြစ်တယ်။ Performance ကို မြန်မာငြိမ်းချမ်းရေးနေ့မှာလည်း လုပ်ဖြစ်တယ်။ အခွင့်အရေးရရင်ရသလို လုပ်ဖြစ်ခဲ့တယ်။

**ဒီလိုအတွေးမျိုးတွေကို ဘယ်လိုတွေးမိတာလဲ။ ဒါတွေလုပ်ခြင်းအားဖြင့် ပြည်သူကို ဘယ်လိုအကျိုးပြုနိုင်တယ်လို့ ထင်ပါသလဲ။**

ကျွန်တော်ထောင်ထဲမှာ နေကတည်းက ကျွန်တော်တို့ရဲ့ ခံစားချက်တွေကို ပုံသဏ္ဌာန်မျိုးစုံနဲ့ ဖော်ထုတ်ဖို့လိုတယ်ဆိုတာကို စဉ်းစားမိတယ်။ အဲဒါကြောင့် ကျွန်တော်ပန်းချီသင်တဲ့အခါမှာပဲဖြစ်ဖြစ်၊ အမြဲအားစိုက်ပြောနေတာက ခံစားရတဲ့ဟာကိုထုတ်ပြောဖို့လိုတယ်။ ထုတ်မပြောဘူးဆိုရင် သူများကမသိဘူး။ မသိတော့ ဖြေရှင်းလို့မရဘူး။ ကိုယ်ကိုယ်တိုင် မဖြေရှင်းနိုင်သလို သူများကလည်း ကူပြီးမဖြေရှင်းပေးနိုင်ဘူး။ ဒါကြောင့်မို့လို့ ကိုယ်ခံစားနေရတဲ့အရာကို လေးလေးနက်နက် ထုတ်ပြောတတ်တဲ့အလေ့အထပေါ်လာအောင် ပြောပြခဲ့တယ်။ ဒါတွေကို မြင်တွေ့နေတဲ့လူတွေက ရင်ထဲက မွန်းကျပ်မှုတွေကို ပုံသဏ္ဌာန်မျိုးစုံနဲ့ ဖော်ထုတ်လို့ရတယ်ဆိုတာ တဖြည်းဖြည်း သိလာကြပါလိမ့်မယ်လို့ မြင်ပါတယ်။

**သင်္ကြန်ကာလမှာ ဘာကြောင့်အစိုးရကိုကျိန်စာတိုက်ဖြစ်ခဲ့တာလဲဆိုတာ ရှင်းပြပေးပါ။**

သင်္ကြန်တွင်းကာလမှာ ကျွန်တော်အိမ်ထဲမှာနေမယ်။ ဘယ်မှမထွက်တော့ဘူးလို့ ဆုံးဖြတ်လိုက်တယ်။ ဒီလိုအိမ်ထဲမှာနေရင် Installation လုပ်ချင်စိတ်ဖြစ်လာတယ်။ အဲဒါနဲ့ လုပ်ဖြစ်သွားတာ။ ကျွန်တော်တို့မြန်မာအယူအဆအရ သင်္ကြန်ဆိုတာ မင်္ဂလာအချိန်ဆိုတာ နားလည်တယ်။ အဲဒီအချိန်မှာ မင်္ဂလာမယူနိုင်လောက်အောင် စိတ်သောကရောက်နေရတယ်ဆိုတာ သိစေချင်တယ်။ မကောင်းမှုတွေလုပ်ပြီး မင်္ဂလာယူနေတဲ့လူတွေကိုလည်းပဲ သိစေချင်လို့ လုပ်ခဲ့တာဖြစ်ပါတယ်။

**ကိုစန်းဇော်ထွေး အခုလိုလုပ်တော့ အာဏာပိုင်တွေဘက်က ဘယ်လိုတုံ့ပြန်တာမျိုးရှိလဲ။**

မျိုးကျော်

ကျွန်တော့်အိမ်ကို ရဲတွေရောက်လာတယ်။ သူတို့ပြောတာတော့ လူကြီးတွေမင်္ဂလာယူနေတဲ့အချိန်မှာ မင်းရဲ့ကျိန်စာဆိုတဲ့စကားလုံးက လူကြီးတွေစိတ်အနှောင့်အယှက်ဖြစ်တယ်။ ဒါကြောင့်မို့လို့လာပြီး အရေးယူရတာဖြစ်တယ်လို့ ပြောတယ်။ သူတို့က ကောင်းကောင်းမွန်မွန်ပြောတယ်။ ကျွန်တော်ကလည်း ကောင်းကောင်းမွန်မွန်ရှင်းပြခဲ့တယ်။ နောက်တစ်ရက်မှာ ကိစ္စတစ်ခုနဲ့ အပြင်သွားနေတုန်း အိမ်မှာ ကျွန်တော့်ရဲ့အမေတစ်ယောက်တည်းရှိနေချိန်မှာ ရဲတစ်ယောက် အိမ်ကိုရောက်လာပြီးတော့ ခင်ဗျားသားကို မထိန်းဘူးလား။ ခင်ဗျားသားအဲဒီလိုလုပ်နေရင် အိမ်ကိုပါ ထိခိုက်လိမ့်မယ်ဆိုပြီး ပြောသွားတယ်။ ကျွန်တော်အပြင်က ပြန်လာတဲ့အချိန်မှာ အဲဒီကိစ္စတွေကို အမေက ပြန်ပြောပြတယ်။ အမေ့ကို ကျွန်တော်ပြန်ရှင်းပြခဲ့တယ်။ ကျွန်တော်က အသက်လေးဆယ်ကျော်နေပြီ။ ကျွန်တော်လုပ်တဲ့ဟာတွေက ကျွန်တော်ပဲတာဝန်ရှိတယ်။ ကျွန်တော်ဖြေရှင်းနိုင်လို့ ကျွန်တော်လုပ်တာ။ အဲဒီအခါကျတော့ အမေစိတ်မပူပါနဲ့။ ဒီအချိန်မှာ ပြောသင့်ပြောထိုက်တယ်ထင်လို့လုပ်တာဖြစ်တယ်ဆိုတာကို အမေ့ကို ပြန်ရှင်းပြဖြစ်ခဲ့ပါတယ်။

**ကိုစန်းဇော်ထွေးကိုခေါ်ယူတွေ့ဆုံခဲ့တဲ့အာဏာပိုင်အဖွဲ့အစည်းများအပေါ်ကို ဘယ်လိုသဘောထားတယ်ဆိုတာ ရှင်းပြပေးပါ။**

အာဏာပိုင်အဖွဲ့အစည်းများအနေနဲ့လာရောက်ခေါ်ယူမေးမြန်းတိုင်းမှာ ကျွန်တော့်အနေနဲ့ ရှင်းပြခွင့်ရတယ်လို့ မှတ်ယူတယ်။ သူတို့ကိုလည်း ပြောပြခဲ့တယ်။ ယိုယွင်းတဲ့လူထုကို အမြဲသံသယကင်းကင်းနဲ့ ပြောဆိုနိုင်မယ့်အခြေအနေတစ်ခုရောက်ဖို့ လိုတယ်။ နောက်ပြီးတော့ ရဲတွေက ပြည်သူတွေကို တစ်သားတည်းမမြင်ဘဲနဲ့ ဖိနှိပ်ရမယ်၊ လာဘ်စားရမယ်၊ သူတို့လုပ်တိုင်း ခံနေရမယ်။ သူတို့ လုပ်တိုင်းခံနေရမယ့်လူလို့ သတ်မှတ်နေမယ်ဆိုရင် မကောင်းဘူး။ ကျွန်တော်တို့ကလည်း လုပ်တိုင်းခံနေရမယ့်လူတွေ မဟုတ်ဘူးဆိုတာ ပြောပြဖို့လိုတယ်။ ဒါကြောင့်မို့လို့ လူတိုင်းလူတိုင်းဟာ ရဲပဲဖြစ်ဖြစ်၊ အစိုးရပဲဖြစ်ဖြစ်၊ တရားသူကြီးပဲဖြစ်ဖြစ် ကိုယ်မတရားလုပ်ခံရပြီဆိုရင် ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ရဲရဲရင့်ရင့်ပြောဖို့လိုတယ်ဆိုတာကို သတင်းစကားပေးချင်တယ်။ ကျွန်တော့်ကို မေးလာရင်လည်း ဝမ်းပန်းတသာ ကြိုဆိုတယ်။ လက်ခံတယ်။ ခေါ်ရင် အေးအေးလိုက်သွားတယ်။ အေးအေးဆေးဆေးရှင်းပြတယ်။ ဒီလိုမဟုတ်ဘဲ ကျွန်တော့်ကို ကြမ်းကြမ်းတမ်းတမ်း၊ မောက်မောက်မာမာပြောလာမယ်ဆိုရင်တော့ ကျွန်တော်လုံးဝစကားပြောတော့မှာမဟုတ်ဘူးလို့ ဆုံးဖြတ်ထားတယ်။

**ကိုစန်းဇော်ထွေးအနေနဲ့ လက်ရှိနိုင်ငံရေးအခင်းအကျင်းကို အနုပညာသမားတစ်ယောက်အနေနဲ့ ဘယ်လိုခံစားရပါသလဲ။**

ပြည်တွင်းငြိမ်းချမ်းရေးက သေနတ်ထောက်ပြီး စာရွက်ပေါ်မှာ လက်မှတ်ထိုးခိုင်းလိုက်တယ်လို့ပဲမြင်တယ်။ လက်ရှိဖြစ်ပေါ်နေတဲ့အခြေအနေတိုင်းက အရင်တုန်းကဖြစ်ခဲ့တဲ့ ၈၈၊ ၉၆/၉၈ နဲ့ ရွှေဝါရောင်လို မဆိုးရွားပေမယ့်လို့ သိမ်သိမ်မွေ့မွေ့လေး ဆိုးရွားနေတယ်ဗျာ။ အဲဒီအပေါ်မှာ မထင်မှတ်ထားတဲ့ သူတို့ရဲ့ ခိုင်ခိုင်မာမာအမြစ်ဆွဲနေတဲ့ မကောင်းမှုလုပ်ရပ်တွေကို မြင်ရတယ်။ ပေါ်ပေါ်ထင်ထင် ထုတ်သုံးလာတာလည်း တွေ့ရတယ်။ အဲဒီအပေါ်မှာ ကျွန်တော်စိတ်မကောင်းတာတော့ရှိတယ်။

**ကိုစန်းဇော်ထွေးအနေနဲ့ အဘဦးဝင်းတင်တစ်နှစ်ပြည့်မှာ လုပ်ခဲ့တဲ့အနုပညာက ဘယ်လိုအတွေးပေါ်ခဲ့တာလဲခင်ဗျာ။**

အဘရဲ့စိတ်က အခုမှပြန်ရှင်သန်တယ်ဆိုတာကို ပြချင်တယ်။ ပြီးတော့ အဘဖြစ်ချင်တဲ့ ငြိမ်းငြိမ်းချမ်းချမ်းနိုင်ငံကို အခုလိုမျိုး တိုင်းရင်းသားတွေနဲ့ လက်တွဲပြီးတော့ စစ်စစ်မှန်မှန်ထူထောင်ဖို့ လိုတယ်ဆိုတာကို ပြချင်တယ်။ ဒီအတွေးကို ညတုန်းကမှ စိတ်ကူးရပြီး လုပ်ဖြစ်သွားတာပါ။ ကျွန်တော်တို့အမှောင်ကျနေတဲ့ခေတ်မှာ အဲဒီအမှောင်ကို တွန်းလှန်ခဲ့တဲ့ ကြယ်နဲ့တူတဲ့ အလင်းရောင်ပေးခဲ့တဲ့လူတွေဟာ အေးအေးချမ်းချမ်းနဲ့ ကိုယ့်အပေါ်မှာဖိနှိပ်နေတဲ့လူတွေကို ပြန်ပြီးတော့ ပြင်းပြင်းထန်ထန်အင်နဲ့အားနဲ့ ဆန့်ကျင်နေတာကို အားရတယ်။ အဲဒီဟာကို ဖော်ပြချင်တဲ့အတွက် အခုလိုလုပ်ဖြစ်သွားတယ်။

**ရှေ့ဆက်ပြီး ဘယ်လိုဆက်လက်အကောင်အထည်ဖော်သွားမယ်ဆိုတာကို ပြောပေးပါ။**

ရှေ့ဆက်ပြီးတော့ ဘယ်နေရာမှာ ဘာလုပ်မယ်ဆိုတာကို စီစဉ်ထားတာတော့ မရှိဘူး။ အဘဦးဝင်းတင်ပွဲမှာ လုပ်ဖြစ်ခဲ့တာတောင် ညတုန်းကမှ တွေးဖြစ်ခဲ့တာပါ။ ဘာကိုတွေးဖြစ်လဲဆိုတော့ ဒီအချိန်မှာ အခြေခံဥပဒေပြင်ဆင်ရေးနဲ့ပတ်သက်ပြီးတော့အစိုးရက တင်းတင်းမာမာ ပြန်တုံ့ပြန်နေတဲ့အခြေအနေမျိုးတွေ့ရတယ်။ အခြေခံဥပဒေကို သူတို့ဘက်က ခိုင်ခိုင်မာမာကာကွယ်မယ်ဆိုတဲ့အနေအထားမျိုးဖြစ်လာတယ်။ကျွန်တော်တို့ကလည်း ဒီအချိန်မှာအခြေခံဥပဒေကို မလိုချင်ဘူးဆိုတာကို ခိုင်ခိုင်မာမာပြဖို့လိုတယ်လို့အတွေးရပြီး လုပ်ဖြစ်သွားတာပါ။ကျွန်တော့်အတွေးထဲမှာ ပေါ်ရင်ပေါ်လာသလို လုပ်ဖြစ်နေမယ်လို့ ထင်ပါတယ်။

**ဟုတ်ကဲ့။ အခုလိုဖြေကြားပေးတာကို ကျေးဇူးတင်ပါတယ်။**



The HOT NEWS
Vol - 5, No - 239, Apr 24 - 30 , 2015



# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ခင်မြင့်၏ အပြောနှင့်အလုပ် အဖြေထုတ်သော

## ဘုန်းကြီးကျောင်းသား–မောင်သံမဏိ

မြန်မာနိုင်ငံ၏အခြေခံပညာရေး၌ ကျောင်းသားကျောင်းသူများအနေဖြင့် ပညာရေးနို့ရည်ကို သောက်ရေခွက်နှင့် မသောက်ရဘဲ အိုးခြမ်းပဲ့နှင့်သာ သောက်နေရကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က ပထမအကြိမ်အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၇) ရက်မြောက်နေ့တွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၃) ဦး၏အခြေခံပညာအထက်တန်းကျောင်းခွဲများကို အဆင့်တိုးမြှင့်ပေးရန်အတွက် မေးခွန်းများမေးမြန်းခြင်းနှင့် ပညာရေးဝန်ကြီးဌာနကပြန်လည်ရှင်းလင်းဖြေကြားခြင်းများနှင့် ပတ်သက်ပြီးပြောကြားခြင်းဖြစ်သည်။

သလောက်သိ၍ ယခုကဲ့သို့ထောက်ပြပြောဆိုဆွေးနွေးခဲ့သည်မှာစာရေးသူအနေဖြင့်အထက်အဆင့်မြင့်မှတာဝန်များထမ်းဆောင်နေသည့်ပုဂ္ဂိုလ်ကြီးတစ်ဦးကအောက်ခြေအဆင့်မှာရှိနေသောအခြေခံလူတန်းစားတို့၏ပညာရေးအခြေအနေကိုလေ့လာသိရှိထားခြင်းဖြစ်၍ ချီးကျူးဂုဏ်ယူစရာဖြစ်သည်ဟုဆိုချင်သော်လည်း တိုင်းဧရာမှကျေးလက်နေကျောင်းသားမိဘရှင်တောင်သူလယ်သမားကြီးတစ်ဦး၏ဝေဖန်ထောက်ပြချက်ဖြစ်သော **'ဒီလိုအခြေအနေမျိုးဖြစ်နေတာသိရက်နဲ့ ဝေဖန်ပြောဆိုနေမဲ့အစားလက်တွေ့လုပ်နိုင်တဲ့ကဏ္ဍတွေမှာ တစ်တောင့်တစ်စွန်းလက်တွေ့ကျကျအားဖြည့်ပေးဖို့လိုပါတယ်။ လုပ်နိုင်တဲ့ အခွင့်အာဏာနဲ့ အခြေအနေတွေရှိရက်နဲ့ မိမိအရွေးခံတဲ့ မဲဆန္ဒနယ် မိမိမွေးဖွားတဲ့ဇာတိရပ်မြေများလောက်သာဦးစားပေးလုပ်နေရင်တော့ 'အိုးခြမ်းပဲ့' ပါ ပျောက်သွားနိုင်ပါတယ်။ ဒီလိုအပြောမျိုးနဲ့တော့ ချီးကျူးဂုဏ်ယူစရာမရှိပါဘူး'** ဟူသောပြောဆိုမှုမှာ စာရေးသူ၏ချီးကျူးဂုဏ်ယူစရာအဆိုပြုလိုမှုကိုပင်ဖယ်ရှားလွင့်ပျောက်၍သွားခဲ့ရသည်။



**'ကျောင်းတွေကလည်းစုတ်၊ ဆရာ/ဆရာမတွေကလည်း မပြည့်စုံ၊သင်ထောက်ကူကလည်းမရှိလိုက်ဘာရီဆိုတာဝေးရော။ ဖြည့်စွက်စရာတွေအများကြီးပဲ။ အဲဒီတော့ ဘတ်ဂျက်ကိုတင်သာတင်ပါ။ ဘတ်ဂျက်နဲ့ ပတ်သက်လို့တင်လိုက်လို့ဘဏ္ဍာရေးကော်မရှင်ကခွင့်မပြုဘူးဆိုတာကလည်းတစ်ပိုင်းပေါ့။ တင်ရမယ့်အပိုင်းကတော့ အားမနာတမ်းတင်ဖို့တော့လိုပါတယ်။** ဒီကိစ္စစီမံချက်ထဲကိုဝင်အောင်ထည့်ပါ။ လွှတ်တော်ကိုယ်စားလှယ်ကတင်ပြီးတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်ကမတင်လို့ဆိုတာမျိုးမဖြစ်အောင် စီမံချက်ထဲကိုဝင်အောင်ဆောင်ရွက်ပါ'ဟုထည့်သွင်းပြောဆိုသွားကြောင်း သတင်းစာ၊ ဂျာနယ်တို့၏ဖော်ပြချက်အရလေ့လာသိရပါသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးတစ်ဦးအနေဖြင့် ယနေ့နိုင်ငံတော်၏အခြေခံပညာရေးကျောင်းများဆရာ၊ ဆရာမများ ကျောင်းသား/သူများ၏ပညာသင်ကြားနေကြရသည့် အခြေအနေကို သိသင့်

ယနေ့မြန်မာနိုင်ငံတွင် ပြည်သူတို့၏ ဆင်းရဲချမ်းသာကွာဟမှုအခြေအနေမှာ မိုးနဲ့ မြေတစ်မျှကွာဟမှုများရှိနေသည်ကိုတွေ့ရှိရသည်။ ဤကွာဟမှုကိုနည်းနိုင်သမျှနည်းပါးစေရန်မှာ ရနိုင်သူတို့က ပိုမယူကြဘဲ မရနိုင်သူတို့အားထောက်ထားညှာတာ၍ဦးစားပေးလုပ်ငန်းများကို လက်တွေ့ကျကျအသုံးပြုဆောင်ရွက်ပေးသင့်ကြသည်။ တစ်နည်းဆိုရသော် ရေလျှံသောအရပ်တွင် အဝိစီတွင်းမတူးဘဲ ရေမရှိသောဒေသတွင် တံတားကြီးများတည်ဆောက်သလို

*စာမျက်နှာ (၂၂) သို့*

စကားပုံ၏ ဆိုလိုရင်းမှာ ရိုးစင်း၍ရှင်းလင်းနေသောကြောင့် သာမန်ကြည့်ရုံဖြင့်ပင် နားလည်နိုင်ပါသည်။ လူ့သဘာဝအားဖြင့် စရိုက်ဆိုး၊ ကောင်းနှစ်မျိုးရှိရာတွင် စရိုက်ဆိုးမွေးပြီး ကောက်ကျစ်စဉ်းလဲသောနည်းဖြင့် စီးပွားဥစ္စာကိုရှာဖွေသော် ချမ်းသာကြွယ်ဝရန်ဝေးစွ၊ ဝဝလင်လင်မစားရ၊ မစားလောက်ပေ။ စရိုက်ကောင်းကို မွေးပြီးဖြောင့်မတ်ဖြူစင်သောနည်းလမ်းဖြင့် စီးပွားဥစ္စာကို ရှာဖွေသော် စား၍မကုန် လှူ၍မခန်းနိုင်အောင်ရသည်။ တဖြည်းဖြည်းနှင့် ကြွယ်ဝချမ်းသာလာနိုင်သည်။ဤသို့သတိသညာအသိပညာဖြစ်ပွားအောင် စကားပုံက ဦးစွာရိုးရိုးရှင်းရှင်း ပြောပြသည်။ ထို့ကြောင့် စီးပွားဥစ္စာကိုရှာဖွေလျှင် ဖြောင့်ကောင်းနည်းလမ်းကိုသုံးပြီး ရှာဖွေပါဟု သွန်သင်ပြသဆိုဆုံးမသည့် တိုက်တွန်းစကားဖြစ်သွားသည်။

ဤသို့ ပဓာနနည်းအားဖြင့် ဝမ်းစာကို အဓိကထားက "မစားလောက်၊ မစားနိုင်"ဟုဆိုထားသော်လည်း စီးပွားရေးသာမက အိမ်ထောင်ရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ဘာသာရေး မည်သည့်အရေးကိုမဆို စရိုက်ဆိုးနှင့် ကောက်ကျစ်သောနည်းမျိုးစုံနှင့် သုံးလျှင် ထင်သလောက်မပေါက်မြောက်၊ မအောင်မြင်နိုင်။ အောင်မြင်ခဲ့လျှင်လည်း ရေရှည်မတည်မြဲတတ်။ ခွေးရူးကောင်းစား တစ်မွန်းတည့်ဆိုသကဲ့သို့ ဖြစ်တတ်ပါသည်။

များသည် အမှတ်သင်္ကေတ၊ စရိုက်လက္ခဏာပြလက္ခဏာပုဒ်များ ဖြစ်ကြပါသည်။ ကောက်သူ၊ ဖြောင့်သူတို့ကား "လက္ခဏာ၌၊ ဆိုက်ရောက်လေငြား၊ ကံကတ္တား၊ မှတ်သား လက္ခဏာဝန္တ" ဟူသောစည်းကမ်းအရ ဆိုးကောင်းလက္ခဏာရှင် လက္ခဏာဝန္တများသာဖြစ်ကြပါသည်။ အဆိုပါ ဆိုး၊ ကောက်၊ ဖြောင့် လက္ခဏာ(၂)မျိုးသည် တစ်ဦးတစ်ယောက်၊ တစ်သင်းတစ်ဖွဲ့တည်း၌ဖြစ်ပေါ်လာနိုင်ပါသည်။ ဆိုးကောက်လက္ခဏာရှိလာပါက ထိုသူ၊ ထိုအသင်းအဖွဲ့သည် ဆိုး၊ ကောက်လက္ခဏာရှင်ဖြစ်လာရပြီး ကောင်း၊ ဖြောင့်လက္ခဏာထင်ရှားပါက ထိုသူ၊ ထိုအသင်းအဖွဲ့သည် ကောင်း၊ ဖြောင့်လက္ခဏာရှင်ဖြစ်လာပါသည်။

ထိုသို့လက္ခဏာသွင်ပြင်နှစ်မျိုးဖြစ်လာနိုင်ခြေရှိရာတွင် ဆိုးကောက်လက္ခဏာရှင်ဖြစ်ပါက ဘဝတွင် အဆင်မပြေ။ မအောင်မြင်နိုင်။ ကောင်းဖြောင့်လက္ခဏာရှင်ဖြစ်ပါက စားမကုန်နိုင်အောင်ကြွယ်ဝလာနိုင်ပါသည်။

ထို့ကြောင့် ဆိုး၊ ကောက်လက္ခဏာရှင် မဖြစ်ရအောင် ကောက်သော်မစားလောက်ဟု ကျိုးကြောင်းပြကာ သွန်သင်တားမြစ်ပါသည်။ ကောင်းဖြောင့်လက္ခဏာရှင်ဖြစ်လာအောင် "ဖြောင့်သော်စားမနိုင်"ဟု ကျိုးကြောင်းပြကာ သွန်သင်တိုက်တွန်းပါသည်။ တစ်ဦးတစ်ယောက်၊ တစ်သင်းတစ်ဖွဲ့ကို

# ကောင်းဖြောင့်သမားတွေပဲလိုတယ်

## ဓောင်းချမ်း

**စီးပွားရေးသာမက အိမ်ထောင်ရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ဘာသာရေး မည်သည့်အရေးကိုမဆို စရိုက်ဆိုးနှင့်ကောက်ကျစ်သောနည်းမျိုးစုံနှင့် သုံးလျှင် ထင်သလောက် မပေါက်မြောက်၊ မအောင်မြင်နိုင်။ အောင်မြင်ခဲ့လျှင်လည်း ရေရှည်မတည်မြဲတတ်။ ခွေးရူးကောင်းစား တစ်မွန်းတည့်ဆိုသကဲ့သို့**

စရိုက်ကောင်းနှင့်ဖြောင့်ကောင်းနည်းကိုသုံးပါမှ လိုသည်ထက် အဆင်ပြေတတ်ပါသည်။ လောကီရေးသာမက လောကုတ္တရာနယ်မှာပင် ကျင့်စဉ်လမ်းကြွေ့ကောက်နေလျှင် မင်္ဂဖိုလ်နိဗ္ဗာန်နှင့် ဝေးသည်ထက်ဝေးသွားတတ်သည်။ ကျင့်စဉ်လမ်းဖြောင့်မတ်ဖြူစင်ပါမှ မင်္ဂဖိုလ်စခန်း နိဗ္ဗာန်နန်းသို့ တက်လှမ်းရောက်ရှိနိုင်ပါသည်။ မည်သည့်အရေးကိစ္စတွင်မဆို ကောက်ဆိုး နည်းလမ်းကိုသုံးလျှင် လုပ်ရင်းကိုင်ရင်းပင် မလှစီးပွားရေနစ်သားသို့ ပျက်ပြားသွားရတတ်သည်။ ဝဝလင်လင် လုံလုံလောက်လောက် မစားသောက်ရပေ။ ဤစကားပုံက ပြောသောအဓိပ္ပာယ်ကို ကျွန်တော်နားလည်ခံစားမိသည့်အတိုင်း တင်ပြခြင်းဖြစ်သည်။ မြန်မာစာအဖွဲ့မှ နားလည်ခံစားပုံမှာ အောက်ပါအတိုင်းဖြစ်သည်။

"ကောက်သော်မစားလောက် ဖြောင့်သောစားမနိုင်" တံငါသည်သည် ကောက်သောငါးမြားချိတ်ဖြင့် တစ်နေကုန်ငါးမျှားသည့်တိုင်အောင် လေ့တစ်စင်းစာငါးမရနိုင်။ မုဆိုးသည် ဖြောင့်သောမြားဖြင့် သားကောင်ကို ပစ်ခတ်လျှင် တစ်နေ့တည်းလေ့တစ်စင်းစာမကရနိုင်သည်။ ထို့အတူ ကောက်ကျစ်သောနည်းလမ်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသော် ဝဝလင်လင်မစားရ၊ ဖြောင့်မတ်သောနည်းလမ်းဖြင့် အသက်မွေးဝမ်းကျောင်းပြုပါကစားမကုန်နိုင်အောင် ကြွယ်ဝသည်။

သော်မှာ လက္ခဏာဟူသော သဒ္ဒါစည်းကမ်းအရ ကောက်သော်ဖြောင့်သော်ဟူသောစကားလုံးရည်ရွယ်ပြီး သွန်သင်လိုသောကြောင့် "ကောက်သော်၊ ဖြောင့်သော်" ဟု လက္ခဏာနှစ်မျိုးကို ပြထားပါသည်။ နှစ်ဦးနှစ်ယောက်၊ နှစ်သင်းနှစ်ဖွဲ့ကို အပြိုင်ပြုကာ သွန်သင်လို၍ ထိုသို့ဆိုထားခြင်းမဟုတ်ပါ။

ကောက်သူ၊ ဖြောင့်သူနှစ်ယောက်ကို မျက်နှာချင်းဆိုင်ထိုင်ခိုင်းထားပြီး တစ်ပြိုင်တည်း ဆုံးမသော်လည်း တစ်ယောက်လက္ခဏာ တစ်မျိုးစီခွဲခြား၍ အသီးအခြားပြောလိုသည်မဟုတ်။ နှစ်ယောက်လုံးပင် လက္ခဏာ(၂)မျိုးစလုံး အသီးသီးဖြစ်နိုင်ရာမည်သူမဆိုကောင်းဖြောင့် လက္ခဏာရှိသင့်ကြောင်း၊ ဆိုးကောက် လက္ခဏာမရှိသင့်ကြောင်း ပြောလိုရင်းဖြစ်ပါသည်။

ထို့ကြောင့် ယနေ့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေကြသောအဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များသည် တစ်ဦးချင်းစီ အနေဖြင့် ကောင်းဖြောင့်လက္ခဏာရှိသောသူများဖြစ်အောင် ကြိုးစားကြစေချင်ပါသည်။ ကောင်းဖြောင့်သည့် အဖွဲ့အစည်းတစ်ခုတည်းတွင် ကောင်းဖြောင့်သမားများနှင့် ဆိုးကောက်သမားများရောထွေးနေပါက ပူးပေါင်းဆောင်ရွက်၍ရမည်မဟုတ်ပါ။

ကောက်သော်မစားလောက်၊ ဖြောင့်သော်စားမကုန်ဆိုသကဲ့သို့ မကောင်းသောနည်းလမ်းဖြင့် ဘဝ၏ တိုးတက်ရေးကိုရှာဖွေခြင်းထက် ကောင်းသောနည်းလမ်းဖြင့်သာ ဘဝ၏တိုးတက်ရေးကိုရှာဖွေသင့်လှပါကြောင်း စကားပုံတစ်ခုကို ဥပမာပေး၍ရေးသားလိုက်ရပါသတည်း။

The HOT NEWS
Vol - 5, No - 239, Apr 24 - 30 , 2015

# ပေတစ်ရာပေါ်မှာ ပြည်သူ့အလောင်းတွေဆိုတဲ့ ဓာတ်ပုံတွေကို ထောက်လှမ်းရေးပြခန်းမှာ မေးခဲ့တဲ့ ဒီမိုကရေစီရဲ့ဘော်ကြီး




ဆွေဦးနိုင်

ဧပြီ ၂၁ရက်နေ့ နွေနေပူရဲ့ဒဏ်ကို တော်ဝင်နှင်းဆီခန်းမကြီးရဲ့ အဲယားကွန်းတွေကပါ မခံနိုင်တော့လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် သဘာပတိ သတင်းစာဆရာကြီးဟံသာဝတီဦးဝင်းတင်ကိုတမ်းတဂုဏ်ပြုနေတဲ့ ကျွန်တော်အပါအဝင်နိုင်ငံရေးအကျဉ်းဟောင်းများနဲ့ NLD ပါတီဝင်များ၊ ဒီမိုကရေစီအင်အားစုများဟာ ဆရာကြီးကို ဂုဏ်ပြုရင်းနဲ့ လူအိုက်ခြင်းကို အံတုနေကြရတယ်။

အခမ်းအနားကို တက်ရောက်လာတဲ့ လူထုခေါင်းဆောင်၊ ကျောင်းသားခေါင်းဆောင်နဲ့ ဝါရင့်နိုင်ငံရေးသမားကြီးများဟာ ဟံသာဝတီ ဦးဝင်းတင်ရဲ့ သစ္စာရှိမှု၊ ယုံကြည်ချက်နဲ့ သတ္တိတွေကို သီဖွဲ့စီကုံးနေကြတာကိုကြည့်ရင်း ကျွန်တော်လည်း အတိတ်ရထားကို စီးနင်းလိုက်ပါသွားမိတယ်။ ၁၉၈၉၊ နိုဝင်ဘာလမှာ ကျွန်တော့်ကို စစ်ခုံရုံး(၂)က ပုဒ်မ၅(ည)နဲ့ ထောင်သုံးနှစ်မချခင် အောက်တိုဘာလထဲမှာ အန်ကယ်ဦးဝင်းတင်နဲ့ တစ်ညတာ ၆တိုက်မှာ ကံကောင်းထောက်မစွာနေခွင့်ရခဲ့ဖူးတယ်။ အမှန်တော့ ကျွန်တော့်ကို တိုက်တာဝန်ခံအရာရှိက အခန်းမှားပြီး ပို့လိုက်မိမှန်း မနက်ကျမှသိပြီး အန်ကယ်ဦးဝင်းတင်ကို နောက်နေ့မနက် ထောင်ဖွင့်တာနဲ့ ချက်ချင်းခေါ်ထုတ်သွားတယ်။ အဲဒီည အတွေ့အကြုံကို တော်ဝင်နှင်းဆီက ဂုဏ်ပြုသံတွေနဲ့ ယှဉ်တွဲပြီး ဆရာကြီးဟံသာဝတီဦးဝင်းတင်(သို့မဟုတ်) NLD လူငယ်တာဝန်ခံဟောင်းတွေ ခေါ်နေကျအတိုင်းခေါ်ရရင် အန်ကယ်ဦးဝင်းတင်ရဲ့ တက်ကြွထက်မြက်တဲ့ အပြုံးတွေကို ပြန်လည်သတိရနေမိတယ်။

"ငါထောင်ကျကတည်းက ဒီနေ့အတွင်း ပထမဆုံးသော စကားပြောမိတဲ့လူသားဟာ မင်းပဲ။ ဟိုအပြင်ကကောင်တွေက နေဝင်းခွေးတွေ" လို့ စပြောလိုက်တဲ့ အန်ကယ်ဟာ ကျွန်တော်နဲ့ဆုံတွေ့ရတာကို အားရကျေနပ်တဲ့အသွင် ဖြစ်ပေါ်နေတာ အထင်းသားမြင်တွေ့ခံစားလိုက်ရတယ်။ ကျွန်တော်ဟာ သူ့ပါတီက လူငယ်တာဝန်ခံတစ်ယောက်ဖြစ်နေတော့ ရွှေဂုံတိုင်တိုင်းရုံးမှာ အန်တီစုနဲ့ နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မြောက်ရေး အစာငတ်ခံဆန္ဒပြတဲ့အကြောင်းတွေ၊ စစ်ထောက်လှမ်းရေးတွေကြောင့် NLD လူငယ်အဖွဲ့တွေ အုံလိုက်ကျင်းလိုက် အဖမ်းဆီးခံနေရတဲ့အကြောင်းတွေ ကျွန်တော့်ကို မေးလိုက်၊ သူသတိရတဲ့ မြေနီကုန်းအရေးအခင်းနှစ်ပတ်လည် လုပ်ခဲ့တဲ့အကြောင်းတွေပြောလိုက်နဲ့ အန်ကယ်ဦးဝင်းတင်ရဲ့ စကားတွေ သွက်နေပုံကို ကျွန်တော်ပြန်လည်မြင်ယောင်နေမိတယ်။

"မြေနီကုန်းမီးပွိုင့်မှာ ဒေါ်စုကပန်းစည်းတောင်းတာကို ပန်းသီးလို့ကြားပြီး ဟိုကောင်ပန်းသီးကို ပြေးခေါ်ကြလို့ ငိုအားထက် ရယ်အားသန်ခဲ့ရသေးတယ်။ ဒါနဲ့ အခုအပြင်မှာ ဒေါ်စုကိုဖမ်းပြီးတဲ့နောက် ဒေါ်စုကို ထောက်ခံတဲ့လက်ခုပ်သံတွေ ဘယ်ရောက်သွားလဲကွ" လို့ အန်ကယ်ကမေးတယ်။ ကျွန်တော်လည်း စစ်အစိုးရရဲ့ တိုင်းပြည်တစ်ခုလုံးကို ငြိမ်ဝပ်ပြီး ပိပြားနေအောင် ဖိနှိပ်ပုံတွေကို ပြောပြရတာပေါ့။ အဲဒီတုန်းက MI 6 မှာ သုံးရက်၊ ရဲစခန်းမှာ နှစ်ရက်နေခဲ့ရတဲ့ဒဏ်၊ အိပ်ရေးပျက်ခဲ့တဲ့ ဒဏ်တွေကြောင့် ကျွန်တော်ဟာ အမြန်ဆုံးအိပ်လိုက်ချင်တာအမှန်ပါပဲ။ ဒါပေမဲ့ ကျွန်တော်မအိပ်ရက်ဘူး။ ကိုယ့်ရှေ့မှာထိုင်


တိုင်းပြည်အပေါ်မှာ
စစ်အာဏာရှင်တွေရဲ့ကျေးဇူး
မှုးလို့တောင် ရှုစရာမရှိဘူး

နေတဲ့ တစ်ဦးတည်းသောလူသားကကိုယ်အင်မတန်လေးစားရတဲ့ ကိုယ့်ပါတီအတွင်းရေးမှူးလေ။ ကိုယ်တွေရဲ့ မီးရှူးတန်ဆောင်လေ။

အန်ကယ်နဲ့တစ်ညတာ ပြောဖြစ်ခဲ့တဲ့စကားတွေထဲက ကျွန်တော်ဘယ်တော့မှ မမေ့တဲ့ (၂၀၁၂ ခုနှစ်၊ ဇူလိုင်လ၊ ကျွန်တော်မလေးရှား NLD က ပြန်ရောက်ရောက်ချင်း ဆုံတွေ့စဉ်မှာ ပြောပြတော့ သူလည်း မမေ့တဲ့) စကားလေးတစ်ခွန်းကို မှတ်တမ်းတင်ပြောပြချင်ပါတယ်။ အဲဒီအဖြစ်အပျက်ကတော့ အင်ဗွိုင်းခန်းမမှာလုပ်တဲ့ 'ဆုံးရှုံးခဲ့ရ ပြည်သူ့ဘဏ္ဍာ' ပြခန်းမှာဖြစ်ခဲ့တာလို့ ဆိုပါတယ်။

'ကိုယ်နဲ့ ကိုထွန်းတင်ကို ထောင်ပိုင်ကြီးကိုယ်တိုင်လာခေါ်ပြီးထောက်လှမ်းရေးကားနဲ့ အပြင်ထုတ်သွားတယ်ကွ။ ကိုယ်တို့က စစ်ကြောရေးထပ်ဝင်ပြန်ပြီမှတ်တာ။ အင်ဗွိုင်းခန်းမကို ခေါ်သွားတာဗျ။ ဆုံးရှုံးခဲ့ရ ပြည်သူ့ဘဏ္ဍာခေါင်းစဉ်နဲ့ ခေါင်းဖြတ်တဲ့ပုံတွေ၊ ဂိုထောင်ဖောက်တဲ့ပုံတွေပြထားတယ်။ ကိုယ်တို့ကို ကြည့်ခိုင်းတယ်။ ပြီးတော့ ကော်ဖီတွေဘာတွေတိုက်တယ်။ ဧည့်သည်မှတ်တမ်းမှာ တစ်ခုခုရေးဖို့ပြောတာနဲ့ ကိုယ်လည်းရေးချလိုက်တယ်။ဘာရေးခဲ့သလဲသိလား' ဆိုပြီး စကားကိုနားရင်း အန်ကယ့်မျက်ဝန်းတွေမှာ အဆွေးရိပ်တချို့ ပြေးသွားတာကို မြင်လိုက်ရတယ်။ ပြီးတော့ အာဏာရှင်တွေကို ထိမထင်တဲ့သူ့ရဲ့အပြုံးကို ခပ်ဟဟပြုံးရယ်ရင်း ဆက်ပြောတယ်။ အဲဒီစကားလုံးတွေပဲ တစ်ခွန်းချင်းတစ်ပိုဒ်ချင်းကျွန်တော့်ရင်ဘတ်ထဲ စိုက်ဝင်ခဲ့တာ။

'ပြခန်းမှာပြထားတဲ့ပုံတွေက တော်တော်လေးတော့စုံပါတယ်။ ဒါပေမဲ့ ကျောင်းသားလေးတွေဆိုတဲ့သီချင်းထဲက ပေတစ်ရာပေါ်မှာပြည်သူ့အလောင်းတွေဆိုတဲ့ပုံတွေတော့ မတွေ့ရပါလားလို့ ရေးချလိုက်တာ ကော်ဖီတောင်ကုန်အောင်မသောက်လိုက်ရဘူး ကိုယ်နဲ့ ဦးထွန်းတင်ကို ထောင်ထဲပြန်ပို့တော့တာပဲ' တဲ့။ အန်ကယ်ဦးဝင်းတင်ဟာ အဲဒီလိုရဲတင်းပြတ်သားတယ်။ ယုံကြည်ချက်ကို နေရာမရွေး အချိန်မရွေး လုံးဝအရောင်မပြောင်းအောင် ထိန်းသိမ်းထားနိုင်တယ်။ နှစ်ပေါင်းများစွာ ရန်သူ့ရဲ့ခြောက်ခြင်း၊ မြှောက်ခြင်းအားလုံးကို ခိုင်ခိုင်မတ်မတ်ရင်ဆိုင်ပြီး ဒီမိုကရေစီရရှိရေးအတွက်သာ စိုက်လိုက်မတ်တပ်လုပ်ခဲ့တယ်။ နောက်ဆုံးထွက်သက်အထိ သူယုံရင်ယုံတယ်။ မယုံရင်မယုံဘူး။ ပြတ်ပြတ်သားသားပြောရဲတယ်။ ဟော. . . ဆရာဖျာပုံနီလုံဦးက သူ့ကဗျာတစ်ပုဒ်မရွတ်ခင် အန်ကယ်ပြောခဲ့တဲ့စကားကို ဟစ်ကြွေးလိုက်ပါရောလား။ "ကျုပ်ပြောချင်တာက ဒီအစိုးရကို မယုံဘူး ဒါပဲ" တဲ့။

# အနောက်၊အရှေ့မြောက်နှင့် မြောက်ပိုင်းတို့တွင် တိုက်ပွဲများဆက်ဖြစ်နေ

ရခိုင်ပြည်နယ်အတွင်းရှိ ရခိုင်လူထုအား ကာကွယ်နိုင်ရန်အတွက် ၂၀၀၉ ခုနှစ်မှစတင်ကာ ကေအိုင်အေထိန်းချုပ်ရာ လိုင်ဇာ၌ အခြေစိုက်ခဲ့သည့် ရက္ခိုင့်တပ်မတော်သည် လွန်ခဲ့သည့် ၈လခန့်မှစကာ ရခိုင်ပြည်နယ်အတွင်း လှုပ်ရှားလာခဲ့ရာ မတ်လကုန်ပိုင်းမှစတင်ပြီး မြန်မာ့တပ်မတော်နှင့် တိုက်ပွဲများဖြစ်ပွားခဲ့သည်။

ဧပြီ ၁၀ရက်မှစတင်ကာ ၁၈ရက်ထိ တိုက်ပွဲများဆက်လက်ဖြစ်ပွားခဲ့ရာကျောက်တော်မြို့မြောက်ဘက် ၁၄မိုင်ကွာ ပင်လုံရွာ၊ အောင်လံချောင်းရွာဝန်းကျင်တွင် ဧပြီ ၁၇ရက်က ပြင်းထန်သည့် တိုက်ပွဲများအချိန်ကြာမြင့်စွာ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

တပ်မတော်စစ်ကြောင်းများကရခိုင်သောင်းကျန်းသူများ ခိုအောင်းနိုင်သောနယ်မြေများအား ရှင်းလင်းဆောင်ရွက်



ရာ တိုက်ပွဲဖြစ်ပွားရာတွင် ပါဝင်သည့် သောင်းကျန်းသူများခိုအောင်းနေကြောင်း ဒေသခံပြည်သူများ၏ သတင်းပေးချက်အရ ဧပြီ ၁၉ရက် မွန်းလွဲပိုင်းတွင် စပါးဆိပ်ရွာ အနောက်ဘက်တောစပ်၌ ခိုအောင်းနေသော ရခိုင်သောင်းကျန်းသူ တပ်သားအဆင့်ရှိ ကျော်ဝင်း(ဘ)ဦးခိုင်စိုး ၃၂နှစ်နှင့် စိန်ကျော်သန်း (ဘ)ဦးဘသန်း ၃၅နှစ်တို့ ၂ဦးကိုလည်းကောင်း၊ ညနေပိုင်းတွင် ညောင်ပင်လှရွာအပြင်ဘက်တွင် ခိုအောင်းနေသော ရခိုင်သောင်းကျန်းသူ ဗိုလ်အဆင့်ရှိ ထွန်းအောင်ဖြူ (ဘ) ဦးဖြူဒေါင်း ၃၀နှစ်နှင့် တပ်သားအဆင့်ရှိ ဇင်မျိုးအောင် (ဘ) ဦးငလုံးချေ ၃၃နှစ်၊ ဒဏ်ရာရရှိထားသော ညီလှိုင် (ဘ) ဦးသာတိုး ၃၀နှစ်တို့ ၃ဦးကိုလည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူများသည် လက်နက်၊ ခဲယမ်းများကို အခြားနေရာများတွင် သိုဝှက်ထားခဲ့ရာ ပိန္နဲချောင်းရွာ အရှေ့တောင်ဘက်ရှိ လှိုအတွင်းမှ အမ်(၂၂) ၂လက်၊ ကျည်အိမ်၄ခု၊ ကျည် ၈၀တောင့်၊ လက်ပစ်ဗုံး ၅လုံးနှင့် အီကွေးမန့် ၂စုံကိုလည်းကောင်း၊ အောင်လံချောင်းရွာ အရှေ့မြောက်ဘက်ရှိ လှိုအတွင်းမှ အမ် (၂၂) ၃လက်၊ ကျည်အိမ် ၈ခု၊ ကျည် ၁၆၇ တောင့်၊ လက်ပစ်ဗုံး ၄လုံးနှင့် အီကွေးမန့် ၃စုံကိုလည်းကောင်း၊ စုစုပေါင်း အမ် (၂၂) ၅လက်၊ ကျည်အိမ် ၁၂ခု၊ ကျည် ၂၄၇တောင့်၊ လက်ပစ်ဗုံး ၉လုံးနှင့် အီကွေးမန့် ၅စုံတို့ကို ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

ရက္ခိုင့်တပ်မတော်ကို လက်နက်ကိုင်အဖွဲ့တစ်ခုအဖြစ် အသိအမှတ်မပြုထားသော်လည်း ယင်းတပ်ဖွဲ့သည် ကေအိုင်အေဘက်မှလည်းကောင်း၊ ကိုးကန့်တိမ်းရှောင်အဖွဲ့ဘက်မှလည်းကောင်း၊ ကူညီပါဝင်တိုက်ခိုက်ပေးနေသည့် တပ်ဖွဲ့ဖြစ်ပြီး လိုင်ဇာရှိ ဗိုလ်သင်တန်းကျောင်းသို့ လက်နက်ကြီးကျရောက်ခဲ့စဉ်က ရက္ခိုင့်တပ်မတော်မှ ဗိုလ်လောင်းများသေဆုံးခဲ့ဖူးသည်။

ယခုအခါ မြန်မာ့တပ်မတော်အနေဖြင့် အရှေ့မြောက်ပိုင်း၌ ကိုးကန့်တိမ်းရှောင်အဖွဲ့၊ မြောက်ပိုင်း၌ ကချင်လွတ်လပ်ရေးတပ်မတော်၊ အနောက်ပိုင်း၌ ရက္ခိုင့်တပ်မတော်တို့နှင့် တိုက်ပွဲများဖြစ်ပွားလျက်ရှိရာ လောက်ကိုင်ဒေသ၌ တပ်မတော်ဘက်မှ ၁၂၆ဦးကျဆုံးပြီး ၃၅၉ဦး ဒဏ်ရာရရှိထားကြောင်း သိရသည်။

HNT

# မကျက်တဲ့ အနာဟောင်းကို မည်သူတုတ်ဖြင့်ဆွနေသနည်း

အဆိုပါခေါင်းစဉ်လေးကို စာရေးသူသည် အဆိုတော်စိုင်းထီးဆိုင်၏ သီချင်းများကိုနားထောင်မိခဲ့ရာ သီဆိုသည့်သီချင်းစာသားများထဲက "မကျက်တဲ့အနာဟောင်းကို တုတ်နဲ့ဆွတယ်"စာသားလေးကို ကြိုက်နှစ်သက်သဖြင့် အတွေးလေးတစ်ခုရရှိခြင်းအပေါ် ယခုဆောင်းပါးလေးကိုရေးသားလိုက်ရခြင်းဖြစ်ပါသည်။

မှန်ပါသည်။ လူတိုင်းလူတိုင်း တစ်ခုခုနှင့် ထိခိုက်မိကြပါက ဒဏ်ရာဒဏ်ချက်များရရှိတတ်ကြပါသည်။ ရရှိထားသော ဒဏ်များပျောက်သွားအောင် ဆေးဝါးများထည့်ရပါသည်။ သတ်မှတ်ထားသည့် ရက်ရောက်ရှိပါက ရရှိထားသော ဒဏ်ရာများ ပျောက်သွားတတ်ပါသည်။

သို့သော်ရရှိထားသော ဒဏ်ရာများကုသနေသော်လည်း ပျောက်အောင်မကုသဘဲ အချို့အနာများမှာ အနာမကျက်တတ်ကြဘဲ မြဲနေတတ်ကြပါသည်။ အနာမကျက်တကျက်ဖြစ်နေတတ်ပါသည်။ အဆိုပါ မကျက်သေးသော အနာပေါ်သို့ တစ်ခုခု ပြုတ်ကျလျှင်သော်လည်းကောင်း၊ တစ်ခုခုဖြင့်ထိခိုက်မိလျှင်သော်လည်းကောင်း အနာဟောင်းမှာ ဒဏ်ရာ ပြန်ဖြစ်တတ်ကြပြီး အနာမကျက်ကြတော့ပါ။ ရက်ရှည်ခံစားမှုဖြင့် ကြုံတွေ့ရတတ်ကြပါသည်။

ထိုသို့သော ဒဏ်ရာရရှိထားကြသည့်အနာများ မကျက်တကျက်ဖြစ်နေခြင်းကို သီချင်းအဖြစ် စပ်ဆိုလိုက်ရာတွင် လူတိုင်းတွင်ဖြစ်တတ်သည့် သဘောဆန်သော အတင်းအဖျင်းများပြောဆိုခြင်း၊ နောက်ကွယ်က မကောင်းသတင်းများလွှင့်ခြင်းများ ရှိနေကြသလို လူတစ်ဦးတစ်ယောက်၏ အတိတ်က ဇာတ်ကြောင်းများ၊ ယခင်ကခံစားခဲ့ဖူးရသည့် ခံစားချက်များ၊ ကြုံတွေ့ရမှုများနှင့် မကောင်းသတင်းများက ပြန်ဖော်တတ်ကြသည်မှာ လူ့သဘာဝပင်ဖြစ်သည်။

အဆိုပါ အတိတ်ကဇာတ်လမ်းများကို ပြန်ဖော်ကြသည်ဆိုရာတွင်လည်း လူ့ဘဝတွင် မိမိတို့ဗုဒ္ဓဘာသာဝင်များမှာ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဟူသော ကာလသုံးပါးရှိသည်ကို ယုံကြည်ကြသူများဖြစ်ရာ အတိတ်ကမကောင်းသောပြုလုပ်မှု ကံတရားပါလာခြင်းကြောင့် ပစ္စုပ္ပန်တွင် တစ်ဖန်ပြန်လည်ခံစားကြရပြီး ပစ္စုပ္ပန်မျက်မှောက်ဘဝတွင် ကောင်းခြင်း/မကောင်းခြင်းကို ခွဲခြားမသိဘဲ မကောင်းခြင်းကိုပင် ဆက်လက်ကျူးလွန်နေကြမည်ဆိုပါက အနာဂတ် နောင်တမလွန်တွင်လည်း မကောင်းခြင်း၏ဒဏ်ကိုပင်ပြန်လည်ခံစားကြရမည်မှာ ဧကန်မလွဲပင်ဖြစ်ပါသည်။

ထို့အတူ မိမိတို့မြန်မာနိုင်ငံတော်ကြီးသည်

## သန်းမြင့်ဝင်း

လည်း အတိတ်က ကျန်ရစ်ခဲ့သောကာလများအတွင်းက မြန်မာဘုရင်များလက်ထက်တွင် ထီးနန်းလုယူမှုများရှိခဲ့ခြင်းကြောင့် တစ်ဦးနှင့်တစ်ဦးသတ်ဖြတ်ခဲ့ကြသည့် ဒဏ်ရာဒဏ်ချက်အတိတ်အနာဟောင်းများရှိခဲ့ဘူးပါသည်။

အလားတူ ၁၈၈၅ ခုနှစ်၌ မြန်မာ့နောက်ဆုံးဘုရင်သီပေါမင်းအား အင်္ဂလိပ်နယ်ချဲ့များက ကြက်ကလေးငှက်ကလေးသဖွယ် ဖမ်းဆီးသွားခြင်းကြောင့်လည်း မြန်မာနိုင်ငံကြီးသည် နယ်ချဲ့အင်္ဂလိပ်လက်အောက်သို့ကျရောက်ခဲ့ရသဖြင့် အင်္ဂလိပ်နယ်ချဲ့တို့အပေါ် လက်စားချေတိုက်ခိုက်ခဲ့ကြသည့် ဒဏ်ရာဒဏ်ချက်အနာဟောင်းအတိတ်သမိုင်းလည်းရှိခဲ့ဘူးပါသည်။

၁၉၄၈ ခုနှစ်တွင် နယ်ချဲ့အင်္ဂလိပ်တို့လက်အောက်မှ လွတ်မြောက်ရန် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ဦးဆောင်လျက်အသက်ပေးရယူခဲ့ရသည့် "လွတ်လပ်ရေး"ကြီးသည်လည်း တိုက်ခိုက်မှုများနှင့်အတူ ပြည်တွင်းသောင်းကျန်းသူများကိုလည်း မွေးဖွားလာခဲ့ရသကဲ့သို့ ပြည်တွင်းသောင်းကျန်းသူတို့၏ ဆိုးရွားလှသော ဒဏ်ရာဒဏ်ချက်များကိုလည်း ပြည်သူပြည်သားများခံစားနေကြရပါသည်။

ပြည်တွင်းသောင်းကျန်းသူများကြောင့်လည်း မိမိတို့ မြန်မာနိုင်ငံတော်ကြီးတွင် သေဆုံးခဲ့ကြရသည့် ပြည်သူပြည်သားတို့၏ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးသွားကြရသလို တိုင်းနိုင်ငံကြီးမှာလည်း ယနေ့တိုင်ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းသူများကြောင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုများ နှောင့်နှေးနေကြရပြီး ပြည်သူပြည်သားများမှာလည်း သောင်းကျန်းမှုများ ချုပ်ငြိမ်းသွားပြီဆိုသော ငြိမ်းချမ်းမှုအသံကိုမကြားရသေးဘဲ လူမှုဒုက္ခမျိုးစုံကို ဒဏ်ရာဒဏ်ချက်များဖြင့် ထပ်မံခံစားနေကြရဆဲဖြစ်ပါသည်။

ထိုသို့ ပြည်တွင်းသောင်းကျန်းသူများကို ခေတ်အဆက်ဆက်ကပင် အုပ်ချုပ်လာခဲ့ကြသည့် အုပ်ချုပ်သူတို့မှာ နည်းမျိုးစုံလက်ရုံးရည်၊ နှလုံးရည်များဖြင့် ဖြေရှင်းခဲ့ကြသလို ယနေ့ခေတ်ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းရန်အတွက် ပြုပြင်ပြောင်းလဲရေးများနှင့်အတူ သမ္မတအသစ်၊ အစိုးရအဖွဲ့အသစ်တို့သည်လည်း ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ အားသွန်ခွန်စိုက်ကြိုးစားဆောင်ရွက်နေကြသော်လည်း ဟိုနေရာက လက်သီးလက်မောင်းတန်းနေကြခြင်း၊ ဒီနေရာက လက်သီးလက်မောင်းတန်းနေကြခြင်းအပြင် ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းသူများကလည်း တစ်စခန်းထလာလျက်ရှိနေကြခြင်းကြောင့် တပ်မတော်က တရားသောစစ်ဆင်နွှဲတိုက်ခိုက်နေရသဖြင့် စစ်ရှောင်ဒုက္ခသည်များမှာ လူမှုဒုက္ခဒဏ်ရာများကို အနာတစ်ရပ်အဖြစ်ခံစားနေကြရပါသည်။

> **အုပ်ချုပ်ခံ ပြည်သူပြည်သားတို့မှာလည်း ဒီမိုကရေစီစနစ်၏ အသီးအပွင့်များကို ခံစားကြရတော့မည်ဟု ယုံကြည်အားကိုး ထင်မှတ်နေကြရသည့်အချိန်တွင် နေ့စဉ်နေ့တိုင်း မကြားချင်၊မမြင်ချင်၊ နားမထောင်ချင်၊ မသိချင်၊ မတွေ့ချင်သောသတင်းဆိုးများကြောင့် . . .**

ထိုထိုသော မကျေနပ်ချက်များဖြစ်ပေါ်နေကြသည့် လက်နက်ကိုင်သောင်းကျန်းသူ ပြဿနာများကို ဖြေရှင်းနေရခြင်းကျောင်းသားထုတစ်ရပ်လုံး၏ အရေးဆိုဆန္ဒ ပြတောင်းဆိုခြင်းများကြောင့် အုပ်ချုပ်သူအစိုးရမှာ ရှေ့ဆက်လျှောက်ရမည့် ဒီမိုကရေစီစနစ် လမ်းခရီးတွင် ဒီမိုကရေစီ စံနှုန်းများ၊ စံညွှန်းများ၊ စံချိန်များမှာ နှောင့်နှေးနေလျက်လမ်းသစ်ကို မလျှောက်ရဘဲ လမ်းပျက်၊ လမ်းဟောင်းကို နောက်ပြန်လျက်လျှောက်နေရသည့်သူပမာ ခါးသီးသော အနှောင့်အယှက်ဒဏ်ရာများကိုလည်း လက်ရှိအုပ်ချုပ်သူများက ခံစားနေရသလိုဖြစ်နေပါသည်။

အလားတူ အုပ်ချုပ်ခံပြည်သူပြည်သားတို့မှာလည်း ဒီမိုကရေစီစနစ်၏ အသီးအပွင့်များကို ခံစားကြရတော့မည်ဟု ယုံကြည်အားကိုးထင်မှတ်နေကြရသည့် အချိန်တွင် နေ့စဉ်နေ့တိုင်း မကြားချင်၊ မမြင်ချင်၊ နားမထောင်ချင်၊ မသိချင်၊ မတွေ့ချင်သော သတင်းဆိုးများကြောင့် ပြည်သူပြည်သားများ၏ ရင်တွင်းများ၌ "ပျောက်တော့မည့် ဒဏ်ရာမှာ မပျောက်သေးဘဲ ဒဏ်ရာမြဲနေသည့်ပမာ" ရင်တွင်းဒဏ်ရာကို တစ်ငွေ့ငွေ့တစ်မြေ့မြေ့ခံစားနေကြရသဖြင့် ထိုထိုသော ရင်တွင်းဒဏ်ရာများရရှိအောင် . . .။

"မည်သူများက တုတ်ဖြင့်ဆွပေးနေကြသနည်း"

"ဒဏ်ရာပေါ်တုတ်ကျအောင် မည်သူများက ပစ်ချနေကြသနည်း"

သို့ဖြစ်ပါ၍ မိမိတို့မြန်မာနိုင်ငံတော်ကြီးသည် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိပြီးသည့်နောက်ပိုင်းမှ ယနေ့တိုင်အောင် ပြည်တွင်းသောင်းကျန်းမှုဒဏ်ကိုခံစားနေကြရရာ အုပ်ချုပ်သူအစိုးရအဆက်ဆက်ကလည်း နည်းမျိုးစုံဖြင့် ဖြေရှင်းခဲ့ကြသော်လည်း ယနေ့တိုင် ချုပ်ငြိမ်းသွားခြင်းမရှိသေးသည့်အပြင် တစ်ပါတီစနစ်မှ ပါတီစုံဒီမိုကရေစီစနစ်ဖြင့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို အစိုးရအဖွဲ့သစ်ဖြင့် ပြုပြင်ပြောင်းလဲရေးများကို စီမံဆောင်ရွက်ပေးလျက်ရှိနေရာ "FIRST- WAVE" မှသည် "LAST- WAVE" သို့ပင်ရောက်တော့မည်ဖြစ်ပါသည်။ သို့သော်လည်း ခေတ်အဆက်ဆက်က ခံစားလာခဲ့ရသည့် လူမှုဒုက္ခဒဏ်များ၊ တိုင်းပြည်၏နိမ့်ကျနေသော စီးပွားရေး၊ လူမှုရေး၊ ပညာရေးဒဏ်ရာဒဏ်ချက်များကို ပျောက်အောင်ကုသပေးမည့် ဒီမိုကရေစီအစိုးရကို လက်သီးလက်မောင်းတန်းနေကြခြင်း၊ ပြည်တွင်းသောင်းကျန်းသူကို ပြန်လည်အသက်သွင်းနေကြခြင်းသည် "ပျောက်လုပျောက်ကွယ်ဖြစ်တော့မည့်ဒဏ်ရာများ" (ဒီမိုကရေစီစနစ်၏ အသီးအပွင့်များကို ခံစားကြရတော့မည့်အချိန်တွင်) ဒဏ်ရာဟောင်းများကို ပြန်လည်မဆွကြပါနှင့်။ အနာဟောင်းကို ပြန်မဖော်ကြပါနှင့်လို့ ဆုတောင်းပေးလိုက်ရပါသည်။

# နတ်မောက်ရွာသစ်ကျေးရွာမှ အလှူကြွင်းကျန် အစားအစာများကြောင့် ဝမ်းပျက်ဝမ်းလျှောဖြစ်ပွား

မကွေးခရိုင်၊ နတ်မောက်မြို့နယ် ကျောက်တန်းကျေးရွာအုပ်စု ရွာသစ်ကျေးရွာ၌ အလှူမှ ကြွင်းကျန်သည့် အစားအစာများ စားသုံးမှုကြောင့် ဝမ်းပျက်ဝမ်းလျှောဖြစ်ပွားခဲ့သူများမှာ စိုးရိမ်ဖွယ်အခြေအနေမရှိတော့ကြောင်း နတ်မောက်ဆေးရုံရှိ တာဝန်ရှိသူများထံက သိရှိရသည်။

ကျောက်တန်းကျေးရွာအုပ်စု ရွာသစ်ကျေးရွာ၌ အလှူမှ ကြွင်းကျန်သည့် အစားအစာများ စားသုံးကာ ဝမ်းပျက်ဝမ်းလျှောဖြစ်ပွားသူ ၂၉ ဦးအနက် ဧပြီ (၂၀)ရက်တွင် တစ်ဦးမှလွဲ၍ ကျန်လူများမှာ စိုးရိမ်ဖွယ်အခြေအနေမရှိတော့ခြင်းဖြစ်သည်။

"အဖိတ်အစဉ် မရှိပါဘူး။ အသက် ၆၅ နှစ်အရွယ် ဦးကျော်တင်တစ်ဦးပဲ ရောဂါသက်သာလာခြင်းမရှိတဲ့အတွက် ညောင်ကုန်းတိုက်နယ်ဆေးရုံကနေ မိတ္ထီလာဆေးရုံကို လွှဲပြောင်းဆေးကုသမှု ခံယူထားရတာပါ။ ကျန်တဲ့သူတွေက စိုးရိမ်ရတဲ့အခြေအနေမှာ မရှိကြပါဘူး"ဟု နတ်မောက်မြို့နယ် ဆရာဝန်ကြီး ဒေါက်တာမျိုးမင်းက ပြောသည်။

ကျောက်တန်းကျေးရွာအုပ်စု ရွာသစ်ကျေးရွာ တောရဘုန်းကြီးကျောင်း၌ ဧပြီလ ၁၇ ရက်က ကျင်းပပြုလုပ်ခဲ့သည့် စုပေါင်းအလှူပွဲတွင် ညှော်ခံကျွေးမွေးပြီး ကျန်ရှိသည့် မုန့်ဟင်းခါး၊ ထမင်းနှင့် ဝက်သားဟင်းများကို ဧပြီ ၁၈ ရက်တွင် ဆက်လက်စားသုံးခဲ့ကြခြင်းဖြစ်သည်။

ထိုသို့စားသောက်ရာ ဝမ်းပျက်ဝမ်းလျှောဖြစ်ပွားသူ (၂၂)ဦးနှင့် ဝမ်းပျက်ဝမ်းလျှောဖြစ်ပွားရန် လက္ခဏာရှိနေသူ (၇)ဦးတို့အနက် ညောင်ကုန်းတိုက်နယ်ဆေးရုံ၌ ဆေးကုသမှုခံယူနေသူတစ်ဦးသာ ရောဂါသက်သာခြင်းမရှိ၍ မိတ္ထီလာပြည်သူ့ဆေးရုံသို့ လွှဲပြောင်းဆေးကုသမှုခံယူနေခြင်းဖြစ်ကြောင်း နတ်မောက်မြို့နယ် ဆရာဝန်ကြီး၏ ပြောကြားချက်အရ သိရသည်။ရွာသစ်ကျေးရွာမှ ဝမ်းပျက်ဝမ်းလျှောဖြစ်ပွားသူ (၈)ဦး ဧပြီ ၁၉ ရက်က ညောင်ကုန်း တိုက်နယ်ဆေးရုံ၌ ဆေးကုသမှုခံယူရန် ရောက်ရှိနေကြောင်း သတင်းအရ စိုင်ကောင်း ကျေးလက်ကျန်းမာရေးမှူးနှင့် နယ်မြေရဲတပ်ဖွဲ့တို့သည် ရွာသစ်ကျေးရွာသို့သွားရောက်၍ ရောဂါဖြစ်ပွားမှုအား စစ်ဆေးပြီးနောက် နတ်မောက်မြို့နယ် ဆရာဝန်ကြီး ဒေါက်တာမျိုးမင်းနှင့်အဖွဲ့၊ စိုင်ကောင်းတိုက်နယ်ကျန်းမာရေးမှူး ဦးအောင်မြင့် ဦးစီးအဖွဲ့တို့ ပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှုပြုလုပ်ခဲ့ကြောင်း ကျန်းမာရေးမှူးထံမှ သိရသည်။

**နေခြည်(မြစ်မခ)**

## သမ္မတအကြံပေးက စစ်ပြေးဒုက္ခသည်များကိုကူညီသည့် တရုတ်နိုင်ငံအား ချီးကျူး

နိုင်ငံတော်သမ္မတအကြံပေး တရုတ်နိုင်ငံသံအမတ်ကြီးဟောင်း ဦးစိန်ဝင်းအောင်က လောက်ကိုင်စစ်ပွဲအတွင်း၌ တရုတ်နိုင်ငံဘက်သို့ထွက်ပြေးတိမ်းရှောင်နေသည့် မြန်မာ့ဒုက္ခသည်များကို အကူအညီပေးသည့် ယူနန်အစိုးရကို ချီးကျူးလိုက်ကြောင်း သတင်းရသည်။

တရုတ်-မြန်မာနယ်စပ်တွင် အခြေချနေထိုင်သည့် နိုင်ငံသား ၂၀၀၀၀ ကျော်မှာ လောက်ကိုင်၌ဖြစ်ပွားခဲ့သောစစ်ပွဲများကြောင့် တရုတ်နိုင်ငံဘက်သို့ ထွက်ပြေး တိမ်းရှောင်နေရစဉ် တရုတ်နိုင်ငံ ယူနန်အစိုးရက ကန်ဒေါ်လာ ၃သန်းကျော်တန် သည့် အထောက်အပံ့များအကူအညီ ပေးခဲ့ခြင်းအပေါ် ချီးကျူးကြောင်း မကြာသေးခင်က ကျင်းပခဲ့သည့်တရုတ်-မြန်မာ မိတ်သဟာအသင်း၏ ဆွေးနွေးပွဲတစ်ရပ်တွင် မှတ်ချက်ပြုခဲ့သည်။

ဦးစိန်ဝင်းအောင်က "ကျွန်တော်တို့အနေနဲ့ ဒုက္ခသည်တွေကို အလွန်ကျေးဇူးတင်ပါတယ်"ဟု Global Times အား ပြောသည်။

အဆိုပါပွဲ၌ ဦးစိန်ဝင်းအောင်ကလာမည့်ရွေးကောက်ပွဲတွင် မည်သို့သော ရလဒ်များရှိပါစေ တရုတ်-မြန်မာရင်းနှီး ချစ်ကြည်မှုပြောင်းလဲသွားမည် မဟုတ်ကြောင်းကိုလည်း ဆိုသည်။

Ref : CRI English.com

HN-0123

The HOT NEWS

Vol - 5, No - 239, Apr 24 - 30 , 2015



# ဝမ်းသာစရာနဲ့ ရင်လေးစရာပြဿနာ

နေဝင်းသန်း

ကျွန်တော်အခုရက်ပိုင်းတွေမှာ နိုင်ငံခြားမှာ အလုပ်လုပ်ပြီး ထိန်းသိမ်းခံနေရတဲ့ မြန်မာနိုင်ငံသားတွေရဲ့ သတင်းတွေကို ဆက်တိုက်ဆိုသလိုဖတ်နေရပါတယ်။ အဆိုးဆုံးကတော့ အင်ဒိုနီးရှားနိုင်ငံဘန်ဂျီနာကျွန်းက မြန်မာတွေခေတ်သစ် ကျွန်ဇာတ်သွင်းခံနေရတဲ့ကိစ္စကို AP သတင်းဌာနက ဖော်ထုတ်နိုင်ခဲ့တဲ့သတင်းပါပဲ။ တိုက်တိုက်ဆိုင်ဆိုင်ပဲ မြန်မာ့တပ် မတော်ရေက စစ်ရေယာဉ် မဟာသီဟသူရဟာ မလေးရှားနိုင်ငံ လန်ကာဝီကျွန်းမှာ ပြုလုပ်တဲ့ Langrawi International maritime and Aerospace ပြပွဲမှအပြန် မလေးရှားနိုင်ငံ ကမ့်တွေထဲမှာ အကျဉ်းကျခံနေရပြီး ပြန်လည်လွတ်မြောက်လာတဲ့သူတွေထဲက လေယာဉ်စရိတ်မတတ်နိုင်တဲ့သူတွေကို တတ်နိုင်တဲ့အပိုင်းကနေ ပြန်လည်ခေါ်ဆောင်လာပြီး အလုပ်သမားဝန်ကြီးဌာနကို လွှဲပြောင်းပေးအပ်ခဲ့ပါတယ်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်မလေးရှားသံအဖွဲ့နဲ့ တွေ့ဆုံပြီး အဲဒီမှာရှိနေတဲ့ မြန်မာနိုင်ငံသားတရားဝင်အလုပ်သမားတွေရော၊ တရားမဝင်အလုပ်သမားတွေကိုပါဥပဒေအရကာကွယ်ပေးဖို့ပြောဆိုပြီးတဲ့နောက်မှာဖြစ်ပေါ်လာတာပါ။

ပထမတုန်းကလည်း သီတဂူဆရာတော်ကြီးဦးဆောင်တဲ့ သီတဂူအထောက်အကူပြုအဖွဲ့ကလည်း အကြိမ်ကြိမ်ခေါ်ခဲ့ဖူးပါတယ်။ အခုလိုကိုယ့်လူမျိုးတွေကို တတ်နိုင်တဲ့အပိုင်းကနေ အကူအညီပေးနေတာဟာ ဂုဏ်ယူစရာပါ။ အခုတော့ ကမ့်တွေထဲမှာ အကျဉ်းကျခံနေရတဲ့ မြန်မာနိုင်ငံသားအချို့ကတော့ ပြန်ရောက်လာကြပါပြီ။ ပြန်ရောက်လာတဲ့သူတွေရဲ့ တွေ့ဆုံမေးမြန်းမှုတွေကို ဖတ်ရတော့ဟိုမှာကျန်ခဲ့တဲ့သူတွေအတွက်ရယ်။ အင်ဒိုနီးရှားဘန်ဂျီနာကျွန်းကသူတွေအတွက်ရယ်။ ကျွန်တော်ဆက်ရေးရပါဦးမယ်။ နောက်တစ်ခုက (၂. ၄. ၂၀၁၅) ရက်နေ့ထုတ် စံတော်ချိန်သတင်းစာမှာ ဗိုလ် (ဆင်တလည်)ရဲ့ ကိုယ်တွေ့ဖြစ်ရပ်မှန်ဆောင်းပါးကို ဖတ်ရတဲ့အခါကမ္ဘာမှာ မြန်မာဟော့လို့ကြွေးကြော်ခဲ့တဲ့ ကျွန်တော်တို့နိုင်ငံရဲ့ ရွှေထီးဆောင်းခဲ့တဲ့ နိုင်ငံပုံရိပ်တွေဟာ တဖြည်းဖြည်းမှေးမှိန်နေပြီလားလို့ထင်မိပါတယ်။

ဟိုအရင်က လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အခြေပြုထားပြီး၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ကူးပြောင်းလိုက်တဲ့ နိုင်ငံ့စီးပွားရေးကြောင့်ရယ်၊ စီးပွားရေးပိတ်ဆို့မှုကြောင့် ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းရှားပါးမှု၊ မြင့်မားလာတဲ့ လူနေမှုအဆင့်အတန်းတွေကြောင့် တောရောမြို့ပါ မကျန်နိုင်ငံခြားကိုထွက်ပြီး အလုပ်လုပ်နေကြတာဟာ တစ်ပုံတစ်ပင်ပါ။ သူတို့တွေအားလုံးအခြေပြုသွားလာကြတာ ထိုင်းနဲ့ မလေးရှားပါ။ အဲဒီနှစ်ခုစလုံးကို အောက်လမ်းလို့ခေါ်ကြတဲ့ တရားမဝင်လမ်းကြောင်းကနေသွားမယ်ဆိုရင်ငွေသုံးလေးသိန်းပဲကုန်ကျတာပါ။

ဒါကြောင့်လည်း ကျွန်တော်တို့နိုင်ငံသားတွေဟာ ပိုက်ဆံရရင်ပြီးရောဆိုပြီး သူတို့နိုင်ငံသားတွေမလုပ်ချင်တဲ့အလုပ်တွေကို အခက်အခဲတွေကြားထဲက သွားရောက်လုပ်ကိုင်ကြတာပါ။ ကျပ်တည်းနေတဲ့ အိမ်တွင်းရေးအခြေအနေကို စွန့်စားပြီးတော့ ဖြေရှင်းပေးချင်ကြတာဟာ တစ်ကိုယ်ကောင်းမဆန်တတ်တဲ့ မိသားစုဝင်တိုင်းရဲ့ စိတ်ဓာတ်ပါ။ သို့ပေမဲ့လည်း နိုင်ငံခြားကို သွားပြီးအလုပ်လုပ်မယ်လို့ ရည်မှန်းထားတဲ့ လူငယ်တွေကို အထိမ်းသိမ်းခံပြီး ပြန်ရောက်လာကြတဲ့သူတွေရဲ့ တွေ့ဆုံမေးမြန်းထားတဲ့ ရင်တွင်းခံစားချက်တွေကို ဖတ်ကြည့်၊ နားထောင်ကြည့်စေချင်ပါတယ်။ အာရှမှာ မြန်မာဟော့လို့ ကြွေးကြော်ခဲ့ဖူးတဲ့ နိုင်ငံသားတွေရဲ့ အခြေအနေကို သိစေချင်တာပါ။ နောက်ပြီး ကျွန်တော်မိတ်ဆွေတစ်ယောက်ရဲ့ ယောက်ျားဆိုရင် မလေးရှားနိုင်ငံ အလုပ်ခွင်ထဲမှာ သေဆုံးခဲ့တဲ့အတွက် သူ့အလုပ်လုပ်တဲ့ ကုမ္ပဏီက လျော်ကြေးငွေကို မြန်မာနိုင်ငံသို့ လွှဲအပ်ပေးလိုက်ပြီကို အကြောင်းကြားထားသော်လည်း မြန်မာနိုင်ငံဆိုင်ရာမလေးရှားသံရုံးက လျော်ကြေးငွေမပေးသေးဘူးဆိုပြီး ငြင်းနေတဲ့ကိစ္စရယ်။ နောက်ပြီး အင်ဒိုနီးရှားနိုင်ငံဘန်ဂျီနာကျွန်းမှာ ထိုင်းနိုင်ငံရဲ့ ငါးဖမ်းလုပ်ငန်းကုမ္ပဏီတစ်ခုက မြန်မာနိုင်ငံသားတွေကို မတရားစေခိုင်းနေတာကြောင့်တွေပါသလိုနောက်ပြီး အခုဆိုရင်ထိုင်းနိုင်ငံမှာရှိတဲ့ ရွှေ့ပြောင်းအလုပ်သမားတွေအတွက် မြန်မာအစိုးရက အစိမ်းရောင်နိုင်ငံကူးလက်မှတ်ထုတ်ပေးဖို့ကို ထိုင်းအစိုးရကသဘောမတူတဲ့အတွက်ကြောင့် ယာယီရပ်ဆိုင်းထားရပါတယ်။ ဘယ်လောက်ကြာဦးမယ်ဆိုတာမသိရသေးပါဘူး။ ဒါတောင် ထိုင်းနိုင်ငံဆိုတာ ရွှေ့ပြောင်းအလုပ်သမားတွေရဲ့ အခွင့်အရေးကိုကာကွယ်ဖို့အတွက် အစိုးရချင်းသဘောတူညီထားတဲ့ နိုင်ငံပါ။ ဟိုတစ်လောကလည်း ထိုင်းနိုင်ငံထဲကို တရားမဝင်သွားရောက်ခဲ့တဲ့ အလုပ်သမားတွေကို ထိုင်းအစိုးရက ဖမ်းမိလို့ မြန်မာနိုင်ငံဘက်ကို ပြန်လည်လွှဲပြောင်းခဲ့ပါတယ်။ အခုဆိုရင် အလုပ်သမားအလုပ်အကိုင်နဲ့ လူမှုဖူလုံရေးဝန်ကြီးဌာနက ထဲထဲဝင်ဝင်လိုက်လံကူညီဆောင်ရွက်ပေးနေတာကို တွေ့ရပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ ပြည်တွင်းရေးမတည်မငြိမ်ဖြစ်တိုင်းမှာ ပြည်ပမှာရှိတဲ့ အလုပ်သမားတွေဟာ အခြေအနေတင်းကျပ်စွာနေထိုင်ရပါတယ်။ ပြည်ပမှာ ဒုက္ခရောက်နေတဲ့ မြန်မာနိုင်ငံသား အလုပ်သမားတွေကို ကူညီကယ်တင်ဖို့ဆိုတာ ပြည်တွင်းမှာလည်း အလုပ်အကိုင်အခွင့်အလမ်းတွေ ပေါများနေအောင် ဖန်တီးပေးထားဖို့လိုပါတယ်။ အခုဆိုရင်စီးပွားရေးပိတ်ဆို့မှုတွေကို ပြန်လည်ဖွင့်လှစ်ပေးထားပေမဲ့ သဘာဝသယံဇာတရင်းမြစ်တွေကို တူးဖော်တဲ့နေရာတွေမှာသာ လုပ်ကိုင်တဲ့ ရင်းနှီးမြှုပ်နှံမှုတွေသာ ပိုများလာပြီး အချို့ကုမ္ပဏီတွေဆိုရင် သူတို့နိုင်ငံရဲ့ အလုပ်သမားတွေကိုပါ တစ်ပါတည်း ခေါ်ဆောင်လာတာ တွေ့ရပါတယ်။ နိုင်ငံသားတွေ အလုပ်အကိုင်အများစုရနိုင်တဲ့ နည်းပညာအဆင့်မြင့်တဲ့ လုပ်ငန်းတွေဟာ ဘယ်လိုအဟန့်အတားတွေကြောင့် မရောက်လာသေးတာလဲ၊ ဘယ်လိုအတားအဆီးတွေရှိနေလို့လဲဆိုတာစဉ်းစားလို့ကိုမရပါဘူး။

အမှန်တကယ်ပြောရရင် ကျွန်တော်တို့နိုင်ငံဟာ ဒေသတွင်းနိုင်ငံတွေနဲ့ ယှဉ်ရင် အရမ်းကို နောက်ကျနေပါပြီ။ လက်ရှိနိုင်ငံကို ဦးဆောင်နေတဲ့ သူတွေအားလုံးဒီပြဿနာရပ်တွေကို အဖြေရှာဖို့လိုနေပြီလို့ထင်ပါတယ်။ အာဏာတစ်ခုအတွက်နဲ့ သူ့အပြစ်တင် ကိုယ့်အပြစ်တင်လုပ်နေဖို့အချိန်မရှိတော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့နိုင်ငံတွေမှာ ဘာဖြစ်ဖြစ်ကိုယ့်နိုင်ငံသားတွေကို အရင်ဆုံးလက်ညှိုးထိုးစွပ်စွဲအပြစ်တင်ကြတာရယ်၊ အင်ဒိုနီးရှားဘန်ဂျီနာကျွန်းကခေတ်သစ်ကျွန်ဇာတ်သွင်းခံနေရတဲ့ ဇာတ်လမ်းတွေရယ်၊ အင်ဒိုနီးရှားနိုင်ငံစွန်မလာဂီမြို့က ရင်နင့်စရာဖြစ်ရပ်တွေဟာ နိုင်ငံနဲ့ လူမျိုးကို အလွန်ပဲ သိက္ခာကျစေပါတယ်။ ကျွန်တော်တို့တစ်မျိုးသားလုံးနဲ့ ဆိုင်တဲ့ ကိစ္စဖြစ်တဲ့အတွက်ကြောင့် ဒီလိုအဖြစ်မျိုးတွေနောက်ထပ်မဖြစ်ဖို့ဆိုတာပြည်တွင်းနိုင်ငံရေးအခြေအနေပေါ်များစွာမူတည်ပါတယ်။ အားလုံးညီညီညွတ်ညွတ်နဲ့ ဝိုင်းဝန်းဆောင်ရွက်ကြမှသာ ကျွန်တော်တို့နိုင်ငံရဲ့ ပြောင်းလဲလိုက်တဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရွေ့ကရွေ့ကြမှာပါ။ ဒါကြောင့် မလေးရှားမှာ ထိမ်းသိမ်းခံရတဲ့ မြန်မာတွေပြန်ရောက်လာတာဟာ ဝမ်းသာစရာဖြစ်ပြီး အင်ဒိုနီးရှားက ထိုင်းငါးဖမ်းသင်္ဘောတွေမှာ ရောင်းစားခံရတာတွေ အကျဉ်းကျပြီး ကျွန်ဇာတ်သွင်းခံနေရတာဟာ နိုင်ငံအတွက်ရင်လေးစရာပြဿနာတွေပါလို့ပြောလိုက်ပါရစေခင်ဗျား။

---

စာမျက်နှာ (၁၉)မှ

မဖြစ်ဖို့လိုသည်။ အမိကနှင့်သာမညခွဲခြား၍ လုပ်ကိုင်သွားသင့်ကြသည်။ လက်တွေ့မပါသော အပြော၊ အလုပ်သည်လူတိုင်းပြောတတ်ကြမည်ဖြစ်သော်လည်း လက်တွေ့ကျသောအလုပ်သည်သာပြည်သူများက လိုလားနှစ်သက်ကြမည်ဖြစ်သည်။

ဤသည်တို့နှင့် တစ်ဆက်တည်းမှာပင် အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်ဥက္ကဋ္ဌအပါအဝင်အဖွဲ့ဝင်များ၏ချီးမြှင့်ငွေနှင့် စရိတ်များကို ဧပြီလ (၁) ရက်နေ့မှစ၍ တိုးမြှင့်ခံစားခွင့်ပြုရန်အတွက် အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး၌ လွှတ်တော်အဆုံးအဖြတ်ကိုရယူခဲ့ကာကန့်ကွက်သူမရှိသဖြင့် တိုးမြှင့်ခံစားခွင့်အတည်ပြုကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးခင်အောင်မြင့်ကကြေညာသည်။ ကော်မရှင်ဥက္ကဋ္ဌအပါအဝင်အဖွဲ့ဝင်များ၏လစဉ်ချီးမြှင့်ငွေကျပ်သုံးသိန်းမှကျပ်ခြောက်သိန်း၊ တည်းခိုနေထိုင်စရိတ်ကျပ်နှစ်ထောင်မှကျပ်ငါးထောင်စားသောက်စရိတ်ကျပ်ငါးထောင်မှ ကျပ်တစ်သောင်းသို့တိုးမြှင့်ခံစားခွင့်ပြုခဲ့သည်။ ပြည်သူ့လွှတ်တော်၏ ၁/၂၀၁၅ ဖြင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏လစဉ်ချီးမြှင့်ငွေသည်ကျပ်သုံးသိန်းမှ (၁၀) သိန်း၊ တည်းခိုနေထိုင်စရိတ် ကျပ်သုံးထောင်မှ ကျပ်ငါးထောင် အခြား အသုံးစရိတ် ကျပ်သုံးထောင်မှ ကျပ်ငါးထောင်အစား ကျပ်ငါးထောင်မှကျပ်တစ်သောင်းတိုးမြှင့် ခံစားခွင့်ပြုခဲ့ပြီးဖြစ်သဖြင့် ယခုကဲ့သို့နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်ဥက္ကဋ္ဌအပါအဝင်အဖွဲ့ဝင်များကိုလည်း ချီးမြှင့်ငွေနှင့် အသုံးစရိတ်များတိုးမြှင့်ပေးရန်လိုအပ်လာကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးခင်အောင်မြင့်ကပြောကြားခဲ့သည်ဟု (၁. ၄. ၂၀၁၅) နေ့ထုတ် စံတော်ချိန်သတင်းစာတွင်လေ့လာဖတ်ရှုခဲ့ရပြန်သည်။

ဖော်ပြပါသတင်းနှစ်ရပ်နှင့် ပြောဆိုမှု (၂) ရပ်အပေါ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးခင်အောင်မြင့်၏ **'အပြောနှင့် အလုပ်'** ကိုအဖြေထုတ်၍ တင်ပြရသော်အခြေခံအကျဆုံးအောက်ခြေပြည်သူတို့၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသည့်ဒုက္ခဘေးများတွေ့ကြုံနေရမှုကိုတော့ **'အပြော'** ဖြင့်သာဆောင်ရွက်ခဲ့သည်ကိုတွေ့ရှိရပြီး လူနည်းစုလွှတ်တော်ကိုယ်စားလှယ်များ၏အကျိုးကိုတော့ **'အလုပ်ဖြင့်'** လက်တွေ့ကျကျဆောင်ရွက်ခြင်းဖြစ်သည်ဟုတွေးထင်ယူဆနိုင်စရာဖြစ်၍နေပေသည်။

အချုပ်အားဖြင့် တင်ပြလိုသည်မှာ ပြီးခဲ့သည့်ဖေဖော်ဝါရီလဗိုလ်ချုပ်အောင်ဆန်း၏နှစ် (၁၀၀) ပြည့်အထိမ်းအမှတ်အခမ်းအနားတွင် ဥက္ကဋ္ဌဦးခင်အောင်မြင့် ထုတ်နုတ်ပြောကြားခဲ့သည့်ခေတ်ပြိုင်သမိုင်းပညာရှင် **'ပေါ(လ)ကင်နေဒီ'** ဖွင့်ဆိုခဲ့သည့် **'သမိုင်းမှာ တွင်ကျန်ရစ်တဲ့ ပုဂ္ဂိုလ်ကျော်ဆိုတာ သူဖြတ်သန်းရာခေတ်ရဲ့ တာဝန်ကိုပြီးမြောက်အောင်မြင်အောင်ထမ်းဆောင်နိုင်သူသာဖြစ်တယ်'** ဆိုသည့်အတိုင်းအများပြည်သူတို့၏အကျိုးကိုအပြောမဟုတ်လက်တွေ့အလုပ်ဖြင့်ပိုမို၍ ဦးစားပေးကြိုးပမ်းသွားသင့်ပါကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၏ အပြောနှင့် အလုပ်ကိုအဖြေထုတ်လျက်အကြံပြုတင်ပြရေးသားရပါကြောင်း။

# ၆ ပွင့်ဆိုင်ဆွေးနွေးပွဲ ချဉ်းကပ်ပုံကွဲနိုင်ဟုဆို



ပြီးခဲ့သည့် ဧပြီလ (၁၀) ရက်နေ့က ပြုလုပ်ခဲ့သည့် ၆ ပွင့်ဆိုင်ဆွေးနွေးပွဲတွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ဒေါ်အောင်ဆန်းစုကြည်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် လွှတ်တော်အတွင်းရှိ တိုင်းရင်းသားပါတီ ၁၂ ပါတီကိုယ်စားပြု ဒေါက်တာအေးမောင်တို့တွေ့ဆုံခဲ့ရာ အဆိုပါတွေ့ဆုံပွဲတွင် ပါဝင်သူများ ချဉ်းကပ်ပုံကွဲနိုင်ကြောင်း ဒေါက်တာအေးမောင်အဆိုအရသိရသည်။

"ကျွန်တော်တို့ချဉ်းကပ်ပုံနဲ့ ဒေါ်အောင်ဆန်းစုကြည်ချဉ်းကပ်ပုံတူချင်မှ တူမယ်။ အဲသလိုပဲ တပ်မတော်ဘက်က အမြင်နဲ့ သမ္မတအမြင်ကတူချင်မှတူပါလိမ့်မယ်။ ကျွန်တော်တို့ဘက်ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေသည် စစ်မှန်တဲ့ ပြည်ထောင်စုမူဘောင်တစ်ခုကို ရောက်ရှိရေးက ပထမဦးတည်ချက်ပါ။ လူ့ဘောင်တစ်ခုရဲ့ လိုအပ်ချက်နဲ့ ပြည့်စုံတဲ့ဖွဲ့စည်းဖြစ်ရေးကဒုတိယဦးတည်ချက်ပါ။ နောက်ဆုံးတစ်ခုကတော့ နိုင်ငံရေးအကျပ်အတည်းမဖြစ်ရေးပါ။ ပြည်တွင်းစစ်ရပ်စဲရေးနဲ့ သဟဇာတဖြစ်ရေးလည်းပါပါတယ်။ ဒါတွေကို ကျွန်တော်တို့ အသားကုန်တိုက်ပြီးတောင်းဆိုမှာပါ" ဟု ဒေါက်တာအေးမောင်ကပြောသည်။

ဒေါက်တာအေးမောင်သည် လွှတ်တော်တွင်း ရောက်ရှိနေသည့် တိုင်းရင်းသားပါတီ ၁၂ ပါတီကိုသာ ကိုယ်စားပြုပြီး ထို ၁၂ ပါတီ၏ အကြံပြုချက်ဖြင့်သာ လုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊ လွှတ်တော်ပြင်ပ တိုင်းရင်းသားပါတီများ၏ အကြံပြုချက်များကို ၎င်း၏လုပ်ဆောင်ချက်များတွင် မပါဝင်ကြောင်း သူ၏ပြောကြားချက်အရ သိရသည်။

လာမည့် ၆ ပွင့်ဆိုင်ဆွေးနွေးပွဲကိုမူ ဒေါ်အောင်ဆန်းစုကြည်နှင့် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးသူရရွှေမန်းက လွှတ်တော်မစမီအချိန် ဧပြီလ ၂၂ မှ မေလ ၁၁ ကြား ပြုလုပ်ရန်တောင်းဆိုခဲ့ပြီး သမ္မတဦးသိန်းစိန်ကမူ မေလ ၁၁ ရက်နေ့နောက်ပိုင်း ၎င်း အချိန်ပေးနိုင်မည့်ရက်တွင် ပြန်လည်ပြုလုပ်ရန် ပြောဆိုခဲ့ကြကြောင်း ဒေါက်တာအေးမောင်ထံမှ သိရသည်။

သမ္မတ၏ ပြောခွင့်ရပုဂ္ဂိုလ် ပြန်ကြားရေး ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က ဆွေးနွေးပွဲနှင့် ပတ်သက်ပြီး အချက် ၃ ချက် ဆွေးနွေးနိုင်ခဲ့ကြောင်း၊ ပထမအချက်မှာ အခြေခံ ဥပဒေပြင်ဆင်ရေး၊ ပြည်တွင်း ငြိမ်းချမ်းရေး၊ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲဖြစ်မြောက်ရေးရွေးကောက်ပွဲအလွန်ကာလတည်ငြိမ်ရေးစသည့် ဆွေးနွေးပွဲအခြေခံမူဘောင်များကို ဆွေး နွေးခဲ့ကြကြောင်း၊ ဒုတိယအချက်မှာ ၆ပွင့်ဆိုင်ဆွေးနွေးပွဲ ဆွေးနွေးသည့် ပုံစံအခင်းအကျင်းကို ဆွေးနွေးခြင်းဖြစ်ကြောင်းနှင့် နံပါတ်သုံး အချက်မှာ နောက် တစ်ကြိမ် ၆ ပွင့်ဆိုင် ပြန်လည်တွေ့ဆုံမည့် အချိန်ကာလ သတ်မှတ်ရန်တို့ကို ဆွေးနွေးခဲ့ကြကြောင်း မီဒီယာများသို့ ပြောကြားခဲ့သည်။

HN-0122

---

# ကိုယ့်လက်ထဲအာဏာရှိတုန်း တိုင်းပြည်ကိုပေးသင့်တဲ့ နှစ်သစ်ကူးလက်ဆောင်

**မြေရိုင်း (သာယာဝတီ)**

ဒီနှစ်သင်္ကြန်ဟာ ပိတောက်တွေအားပါတရ မပွင့်လိုက်ရပေမဲ့ တော်တော်လေးစည်းကမ်းရှိတဲ့ သင်္ကြန်လို့ပြောရပါမယ်။ ကန်တော်ကြီး၊ မျှော်စင်ကျွန်း၊ အင်းလျား၊ တံတားဖြူတစ်ပိုက်နဲ့မြို့တော်ခန်းမအားလုံးငြိမ်ငြိမ်းချမ်းချမ်းနဲ့ ပျော်နေကြတယ်။ အောင်ဆန်းကွင်းကွေ့အကျော်ယခင်ဖဆပလမှတ်တိုင်မှာတော့ ကားတစ်စီးမှောက်နေတာတွေ့ရတယ်။ သင်္ကြန်လည်တဲ့ ကား၊ ဖိနပ်တွေ ပြန့်ကျဲပြီးသွေးအိုင်တွေလည်းတွေ့ခဲ့ရတယ်။ ဘာပဲပြောပြောတစ်မြို့လုံးအတိုင်းအတာနဲ့ ပြောရရင်တော့ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ပြီးခဲ့တာအမှန်ပါပဲ။ ပိုလိုကလပ်မဏ္ဍပ်မှာ အတက်နေ့မဏ္ဍပ်သိမ်းနောက်ဆုံးအစီအစဉ်မှာ နိုင်ငံကျော်တေးသံရှင်ဖြူဖြူကျော်သိန်းက ပြည်သူအားလုံးအမှားနဲ့ အမှန်မှာအမှန်တရားဘက်ကရပ်ဖို့အတွက်နဲ့ မြန်မာ့နှစ်သစ်မှာအကောင်းဆုံးအပြောင်းအလဲတွေရရှိလာအောင်ဆန္ဒပြုဆုတောင်းကြဖို့ပြောသွားတာတအံ့တသြတွေ့လိုက်ရတယ်။ ဖြူဖြူတောင် ဒီစကားတွေပြောတတ်လာပြီဆိုပြီး ကိုယ့်ဘေးကလူတစ်ယောက်နဲ့ ပြောရင်းချီးကျူးမိလိုက်သေး။ အနှိုင်းမဲ့ခွပ်ဒေါင်း၊ တို့ခေတ်နဲ့ အပြိုင် အလှအကသံချပ်ကားနှစ်စီးကိုအစအဆုံးကြည့်လိုက်ရတုန်းကလည်း ဆင်ဆာစည်းကမ်းတွေနဲ့ အာဏာပိုင်တွေက ခြိမ်းခြောက်ဟိန်းဟောက်ထားတဲ့ကြားကခေတ်ကိုသရော်၊ ကြုံတွေ့နေရတဲ့မတရားမှုတွေကိုလည်း ခတ်ဆတ်ဆတ်လေးဆော်သွားတာတွေ့ရတယ်။ အနှိုင်းမဲ့ခွပ်ဒေါင်းသံချပ်တွေထဲကပြောတဲ့ကိုကိုဆိုတဲ့ သီချင်းလေးကိုအကြိုက်တွေ့မိတယ်။ အတိုင်ဆိုတဲ့ သမီးပျိုလေးက 'သူတို့ကခဲနဲ့ပေါက်လို့ကျွန်တော်တို့ကတုတ်နဲ့ ရိုက်ရတာကို ဒါလေးများ' လို့ဆိုလိုက်တာနဲ့ အဖွဲ့သားတွေက 'လူလိမ်လူညာကြီးပေါ့ကွယ်အာနိုး တဲ့ကိုကိုဘာညာသာရကာနှိုးလို့ရယ်လာပြောတဲ့ကိုကို' ဆိုပြီး ခတ်ဆတ်ဆတ်လေးဆော်သွားတာလှတယ်။ တို့ခေတ်နဲ့ အပြိုင်အဖွဲ့ကလည်းဘာအစိုးရလဲဆိုပြီး ဒီနေ့အစိုးရရဲ့အသွင်သဏ္ဍာန်မှုမမှန်လူမဆန်တာတွေကို အထိမိဆုံးစာသားတွေနဲ့ မေးခွန်းထုတ်သွားပြီး နောက်ဆုံးသံချပ်နှုတ်ဆက်တဲ့အပိုဒ်မှာ ဒေါ်အောင်ဆန်းစုကြည်ရုပ်ပုံကားကြီးကိုအလယ်မှာထားကာ မလွဲမသွေဝန်းရံကြပါစို့ရယ်လို့တိုက်တွန်းသွားပုံကလည်း ကြက်သီးတောင် ဖြန်းခနဲ ထမိပါရဲ့။

အခြေခံလူထုသုံး ဘတ်စ်ကားတွေကတော့ သင်္ကြန်တွင်းကားခတွေ ပိုမတောင်းရ ဘာညာသတင်းတွေတက်ပေမဲ့ နောက်ဆုံးတော့ထုံးစံအတိုင်းဈေးတက်တာပါပဲ။ မြောက်ဒဂုံကနေ တာမွေအထိ ငါးရာ မြို့ထဲအထိဆိုတစ်ထောင်၊ တောင်ဒဂုံကနေမြို့ထဲလည်းတစ်ထောင်လိုင်းကားတော်တော်များများတက်ကြတာပါပဲ။ သူတို့လည်း ကိုက်အောင်လို့တက်ရတာပါတဲ့။ ဘာကိုက်တာလဲမသိဘူးနော်။ အမိကကတော့အခြေခံလူထုရဲ့ ဘဝရပ်တည်မှု၊ တစ်ရိပ်ရိပ်တက်နေတဲ့ ကုန်ဈေးနှုန်းတွေရဲ့ လက်သည်တရားခံက နိုင်ငံရေးစနစ်ပါပဲ။ နိုင်ငံရေးစနစ်ဆိုလို့သင်္ကြန်မတိုင်ခင်လေးကဘဲတိုင်းရင်းသားညီအစ်ကိုမောင်နှမပြည်သူတစ်ရပ်လုံးအပြင်နိုင်ငံတကာကပါမျှော်လင့်တောင့်တခဲ့တဲ့ ခြောက်ပွင့်ဆိုင်နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲကြီးအောင်မြင်စွာကျင်းပပြီးစီးခဲ့ပါရောလား။ အဲဒီခြောက်ပွင့်ဆိုင်ပွဲကြီးမှာ ဘာတွေဘယ်လောက်သဘောတူညီမှုရခဲ့တယ်ဆိုတာလူထုခေါင်းဆောင်ကထုတ်မပြောဘဲ ဒေါက်တာအေးမောင်ကို စပီကာလုပ်ခိုင်းလိုက်ပါတယ်။ လွတ်လပ်ပြီးတရားမျှတတဲ့ ၂၀၁၅ ရွေးကောက်ပွဲဖြစ်ပေါ်လာရေး၊ ငြိမ်းချမ်းရေး၊ အခြေခံဥပဒေပြင်ဆင်ရေးတို့ကိုမူအားဖြင့် သဘောတူပြီးနောက်လာမယ့် လွှတ်တော်အစည်းအဝေးစခါစမှာဒုတိယအကြိမ်မြောက်တွေ့ဆုံပြီးအသေးစိတ်ဆွေးနွေးသွားမယ်လို့ဒေါက်တာအေးမောင်ကဆိုပါတယ်။ အဲဒီပွဲမှာ သမ္မတကြီးရဲ့ ဆန္ဒက လူထပ်တိုးချင်သေးတယ်လို့ကြားလိုက်ပါသေးတယ်။ အဲဒီတုန်းကစိတ်ထဲဖြစ်မိတာလေးပြောပြချင်တယ်။ အော် သမ္မတကြီးနှယ် လွှတ်တော်ဥက္ကဋ္ဌနှစ်ယောက်နဲ့ တပ်ချုပ်၊ ကိုယ်အပါအဝင် လေးယောက်၊ ဒေါ်စုနဲ့ ဒေါက်တာအေးမောင်က နှစ်ယောက်တည်း၊ ကိုယ်ကလေးပွင့်၊ သူတို့ကနှစ်ပွင့်လေ၊ ဒါတောင်တစ်ပွင့်ထပ်တိုးချင်သေးတယ်ဆိုတော့ တစ်စုံတစ်ရာကိုစိုးရိမ်နေသေးတာလားလို့မေးခွန်းထုတ်စရာကြီးကိုဖြစ်လို့။ ဘာပဲပြောပြောခြောက်ပွင့်ဆိုင်တွေ့ဆုံပွဲစတင်လိုက်ခြင်းဟာ တိုင်းပြည်ကိုလမ်းကြောင်းမှန်ပေါ်တက်ဖို့တံခါးဖွင့်လိုက်ခြင်းပါပဲ။ ကျွန်တော်တို့မီဒီယာတွေက အမြဲတမ်းအဆိုးချည်းမြင်နေကြတာမဟုတ်ပါဘူး။ အခုလိုထိပ်သီးတွေ့ဆုံပွဲကြီးအောင်အောင်မြင်မြင်ပြီးသွားတာကို သတိနဲ့ ကြိုဆိုပါတယ်။ အစိုးရနဲ့ တပ်မတော်၊ လွှတ်တော်စတဲ့အာဏာရထိပ်တန်းပုဂ္ဂိုလ်များထဲက သဘောထားတင်းမာသူတွေရှိခဲ့ရင်လည်း ဒီသင်္ကြန်မှာကျွတ်တမ်းဝင်ကြပါစေ။ စိတ်ပုပ်စိတ်ညစ်တွေအတာရေနဲ့ ဆေးကြောပြီး စိတ်ကောင်းစိတ်မြတ်တွေ မွေးမြူနိုင်ကြပါစေလို့ဆုတောင်းမိတယ်။ အဲဒီစိတ်ကောင်းစိတ်မြတ်တွေနဲ့ ပြည်သူတွေအပေါ်ကျောသားရင်သားမခွဲစတမ်းအုပ်ချုပ်ပြီးပြောင်းသင့်ပြောင်းထိုက်၊ လုပ်သင့်လုပ်ထိုက်တာတွေလုပ်ပေးသွားစေချင်ပါတယ်။ ကမ္ဘာ့ငြိမ်းချမ်းရေးနိုဘယ်ဆုရှင်လူထုခေါင်းဆောင်၊ အကြီးဆုံးအတိုက်အခံပါတီဥက္ကဋ္ဌတစ်ယောက်ကမ်းလင့်နေတဲ့လက်ကို အမျိုးသားပြန်လည်သင့်မြတ်ရေးစိတ်ဓာတ်အပြည့်နဲ့ မျက်စိသာမှိတ်ပြီး ဖမ်းဆုပ်ပစ်လိုက်ကြစမ်းပါ။ ဝင်းဝင်း စီကျူးရေးရှင်းဆိုတဲ့ အားလုံးပူးပေါင်းပါဝင်စေရေးမူနဲ့ ဖက်ဒရယ်ပြည်ထောင်စုကြီးဒီမိုကရက်တစ်နိုင်ငံတော်ကြီးကိုထူထောင်ပေးလိုက်ကြစမ်းပါ။ ကိုယ့်သမိုင်းကိုယ်လှလှပပရေးပြီး မျိုးဆက်သစ်တွေကိုနှစ်သစ်ကူးလက်ဆောင်တစ်ခုပေးလိုက်စမ်းပါ။ နှစ်နှစ်ဆယ်ကျော်လုံးပြိုကျပျက်စီးနေပြီဖြစ်တဲ့ အစိုးရနဲ့ ပြည်သူကြားကယုံကြည်မှုကို သပ်သပ်ရပ်ရပ်လေးပြန်လည်တည်ဆောက်ချင်တယ်ဆိုရင် အဲဒီလက်ဆောင်ကိုပေးဖြစ်အောင်ပေးပါ။ အဲဒါကတော့ ပြည်သူတစ်ရပ်လုံးရေဆာသလိုဆာလောင်မွတ်သိပ်နေတဲ့ ပြည်သူ့ဆန္ဒနဲ့ အညီဖွဲ့စည်းပုံပြင်ဆင်ရေးနဲ့ လွတ်လပ်မျှတတဲ့ရွေးကောက်ပွဲကြီးကျင်းပပေးရေးပဲဖြစ်ပါတယ်။ ဒါဟာ ကိုယ့်လက်ထဲအာဏာရှိနေတုန်းအချိန်မှာ တိုင်းပြည်ကိုပေးနိုင်တဲ့ အကောင်းဆုံးနှစ်သစ်ကူးလက်ဆောင်ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ပြည်သူတွေနှစ်ပေါင်းများစွာတောင့်တခဲ့ရတဲ့အပြောင်းအလဲ၊ အဲဒီအပြောင်းအလဲကို မြန်မာ့နှစ်သစ် ၁၃၇၇ အကူးသင်္ကြန်အတက်နေ့မှာ ပိတောက်တွေအားရပါးရမပွင့်လိုက်ရပေမဲ့ ဒီဆုလေးတစ်ဆုတော့အားရပါးရတောင်းလိုက်ပါစေလားဗျာ။



The HOT NEWS
Vol - 5, No - 239, Apr 24 - 30 , 2015

# ပန်းကောင်းအညွန့်ချိုးပြီး စိတ်အမာရွတ်မပေးကြပါနဲ့

## မောင်ချစ်(သူရဲသမိန်)

မြန်မာနိုင်ငံတွင် ကွန်မြူနစ်ပါတီနှစ်ခုရှိခဲ့ရာ (အလံနီ) ကွန်မြူနစ်ပါတီသည် သခင်စိုးအလင်းဝင်ရောက်ခဲ့စဉ်ကပင် ပျက်သွားခဲ့ပြီ။ ဗမာပြည် ကွန်မြူနစ်ပါတီသည်လည်း တိုင်းရင်းသား လူမျိုးများ အာဏာသိမ်းချိန်မှ စတင်ပြိုကွဲခဲ့ရာ တရုတ်နိုင်ငံက လက်ခံထားသောလူတစ်စုသာ ကွန်မြူနစ်အမည်တတ်၍ ရပေတော့မည်။

တစ်ပါတီအာဏာရှင်စနစ်တွင် တောထဲကဝင်ရောက်လာသော ဗမာပြည် ကွန်မြူနစ်ပါတီဝင်အချို့မှာလည်း ဒီမိုကရေစီအရေးကို ပါဝင်ဆောင်




ရွက်ရင်း မေးမှိန်ပျောက်ကွယ်ကြပြီဖြစ်သည်။ ကျန်အချို့တို့ကိုလည်း ကွန်မြူနစ်ကြောက်ဝါဒရှိသူများ တွန်းထုတ်တိုက်ခိုက်၍ ဘေးသို့ရောက်ကုန်ကြပြီဖြစ်သည်။

သို့သော် ဒီကနေ့ ကျောင်းသားအရေးဆောင်ရွက်သူ လူငယ်များကို ကွန်မြူနစ်ကြိုးကိုင်ဆောင်ရွက်သည်ဟု တံဆိပ်ကပ်ပြီး အပုပ်ချနေသည်ကို စိတ်မကောင်းစွာတွေ့မြင် ကြားသိနေရသည်။ တကယ်တော့ ဒီကနေ့ ကျောင်းသားအရေးဆောင်ရွက်သူလူငယ်များမှာ အဖြူရောင်နှလုံးသားနှင့် လူငယ်များဖြစ်သည်ကို တစ်တိုင်းပြည်လုံးက ယုံကြည်ကြသည်။

ကျောင်းသားများ ကြွေးတောင်းသလို တောင်းဆိုနေသော သမိုင်းကြွေးကျန် သမဂ္ဂဖွဲ့စည်းရေးနှင့် သမဂ္ဂအဆောက်အအုံကိစ္စကို ပြန်လည်တင်ပြရန် ဗိုလ်ချုပ်နေဝင်း အာဏာသိမ်းစဉ်ကာလကစ၍ ရှင်းပြဖို့လိုပေမည်။ အကြိမ်ကြိမ်အထပ်ထပ်၊ သမိုင်းကို လှန်ပြနေကြသောကြောင့် ဖြစ်စဉ်ကိုအကျဉ်းသာဖော်ပြပါမည်။

၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့က ဗိုလ်ချုပ်နေဝင်းဦးဆောင်သော တပ်မတော်သည် ပြည်သူကရွေးချယ်တင်မြှောက်ထားသော အရပ်သားအစိုးရထံမှ အာဏာအရပ်ရပ်ကို သိမ်းယူခဲ့သည်။ ၁၉၆၂ ခုနှစ် မတ်လ ၄ ရက်နေ့က ဗကသ၊ ရကသ၊ တကသ ကျောင်းသားများက စစ်တပ်ကအာဏာ သိမ်းခြင်းကို ကန့်ကွက်ကြောင်း ပူးတွဲကြေညာချက် ထုတ်ပြန်သည်။

၁၉၆၂ ခုနှစ် မေလ ၁၀ ရက်နေ့တွင် ဗိုလ်ချုပ်နေဝင်းက တက္ကသိုလ်ကောင်စီအား ခေါ်ယူကြိမ်းမောင်းပြီး တက္ကသိုလ်ကောင်စီကို ဖျက်သိမ်းခဲ့သည်။ ထိုသို့ပြုလုပ်ချက်အား တက္ကသိုလ်ကျောင်းသားများက အပြင်းအထန်ကန့်ကွက်ခဲ့သည်။ ၁၉၆၂ ခုနှစ် မေလ ၁၁ ရက်နေ့တွင် ပါမောက္ခချုပ်ဒေါက်တာသာလှအား နုတ်ထွက်စေခြင်း၊ ဦးဝန်(မင်းသုဝဏ်)အား ဌာနပြောင်းရွှေ့ခြင်း၊ မြန်မာစာပါမောက္ခဦးအေးမောင်အား အငြိမ်းစားယူစေခြင်းပြုခဲ့သည်။

၁၉၆၂ ခုနှစ် မေလ ၁၄ ရက်နေ့တွင် တော်လှန်ရေးကောင်စီအမိန့်အမှတ်(၃၈)အား ထုတ်ပြန် ပြီး

> ❝ နောင်တစ်ခေတ်တွင် "လူငယ်တွေနေရာပေးရမည်" ဟု တစာစာ အော်နေကြပြီး အရည်အချင်းရှိ လူငယ်များကို ပိုမိုပြည့်ဝအောင် သွန်သင်မှု မပြုဘဲ သူတို့ခမျာ ထောင်တွင်း အကျဉ်းချ ခံကြရပေပြီ။

တက္ကသိုလ်ကောင်စီ ပြန်လည်ဖွဲ့စည်းခဲ့ပြီး ထိုကောင်စီတွင် အဓိပတိအဖြစ် ဗိုလ်မှူးချုပ်သန်းဖေ၊ အဖွဲ့ဝင်အဖြစ် ဗိုလ်မှူးချုပ်စန်းယု၊ ဗိုလ်မှူးကြီး တင်စိုး၊ ဗိုလ်မှူးကြီးသိန်းစိန်တို့ပါဝင်ပြီး ဦးကာအား ပါမောက္ခချုပ်အဖြစ် ခန့်ထားခဲ့သည်။

၁၉၆၂ ခုနှစ် ဇွန်လ ၁၈ ရက်နေ့တွင် အဆောင်စည်းကမ်း ၂၂ ချက်ကိုထုတ်ပြန်ခဲ့သည်။ ၁၉၆၂ ခုနှစ် ဇူလိုင်လ ၆ ရက်နေ့တွင် တော်လှန်ရေးကောင်စီက တက္ကသိုလ်ဆီးနိတ်နှင့်ကျောင်းဆောင်ကော်မတီကို စိတ်တိုင်းကျပြင်ဆင်ဖွဲ့စည်းခဲ့သည်။ ထိုနေ့ညဘက်တွင် အဆောင်များအား မီးဖြတ်လိုက်သဖြင့် မန္တလေးဆောင်မှစတင်ကာ မီးတုတ်များဖြင့် ဆန္ဒပြခဲ့ကြပြီး အမျိုးသမီးဆောင်များမှအပ ကျန်အဆောင်အားလုံးပါဝင်သည်။

၁၉၆၂ ခုနှစ် ဇူလိုင်လ ၇ ရက်နေ့ မနက် ၁၁ နာရီခန့်တွင် ကျောင်းသားထုအစည်းအဝေးစတင်ခဲ့ရာ နေ့လယ် ၁ နာရီတွင် ပြီးဆုံးခဲ့သည်။ မွန်းလွဲ ၂ နာရီခန့်တွင် ကျောင်းဝင်းထဲသို့ ရဲကားနှစ်စီးဝင်ရောက်လာပြီး ကျောင်းသားခေါင်းဆောင်(၃)ဦးအား ဖမ်းဆီးသဖြင့် ရဲများနှင့် ကျောင်းသားများ အဓိကရုဏ်းဖြစ်ပွားကာ ပါမောက္ခချုပ်ဦးကာ၏ ကားအား ကျောင်းသားများ မီးရှို့ဖျက်ဆီးခဲ့သည်။ ညနေ(၅)နာရီခန့်တွင် တပ်ရင်း ၄ မှ ဒုဗိုလ်မှူးကြီးစိန်လွင်ဦးဆောင်ပြီး ကျောင်းသားများအား ပစ်ခတ်ဖြိုခွင်းခဲ့သည်။ ကျောင်းသားရာနှင့်ချီ၍ သေဆုံးခဲ့ပြီး ထိုနေ့ညမြန်မာ့အသံမှနေ၍ ဦးနေဝင်းက "ဓားကိုဓားချင်း လှံကိုလှံချင်း ရင်ဆိုင်ရန်အသင့်"ဟု ကြေညာခဲ့သည်။

၁၉၆၂ ခုနှစ် ဇူလိုင်လ ၈ ရက် မနက် ၅ နာရီခန့်တွင် သမိုင်းဝင်သမဂ္ဂအဆောက်အအုံအား မိုင်းဖြင့်ခွဲလိုက်သည်။ ရန်ကုန်ဆေးရုံအုပ်ကြီးမှတစ်ဆင့် သတင်းစာရှင်းပွဲပြုလုပ်ပြီး သေဆုံးသူ ၁၆ ဦး၊ ဒဏ်ရာပြင်းထန်စွာရသူ ၈၆ ဦးရှိသည်ဟု ရှင်းလင်းခဲ့သည်။ ထိုအချိန်ထိုအခါက ကျောင်းသားသမဂ္ဂသည် **"ကွန်မြူနစ်များ ကြိုးကိုင်ရာအဖွဲ့အစည်း သမဂ္ဂအဆောက်အအုံအတွင်း ကွန်မြူနစ်များ ပုန်းခိုနေသည်"**ဟု အကြောင်းပြခဲ့သည်။ ဦးနေဝင်း၏ တပ်မတော်အစိုးရက ကျောင်းသားများကို ကွန်မြူနစ်များဟု တံဆိပ်ကပ်ခဲ့သည်။

သမိုင်းဖြစ်စဉ်ကို အကျဉ်းချုပ်လိုက်ပါသည်။ ထိုစဉ်က ဆရာကြီး သခင်ကိုယ်တော်မှိုင်းက "သမဂ္ဂကိုဖြိုခွဲလို့၊ ဖျက်ဆီးလို့ရပေမယ့် အမောင်တို့ရင်ထဲက သမဂ္ဂစိတ်ဓာတ်ကိုတော့ မဖျက်ဆီးနိုင်ပါဘူး"လို့ နှစ်ပေါင်းရာချီသည့် စကားကိုပြောခဲ့ဖူးသည်။

၁၉၆၂ ခုနှစ် ဇူလိုင်ကျောင်းသားအရေးအခင်း ပါဝင်သူများသည် စာရေးသူနှင့်သက်တူရွယ်တူ သူငယ်ချင်းများဖြစ်ကြပြီး ခုတော့သူတို့သက်တမ်းမှာ ၇၀ မှ ၈၀ အတွင်း ပုဂ္ဂိုလ်များဖြစ်နေကြပြီ။ ၁၉၇၄ ဦးသန့်အရေးအခင်း၊ မှိုင်းရာပြည့် အရေးအခင်းက လူတွေမှာ ၆၀ မှ ၆၅ ဖြစ်ကာပြီး ၁၉၈၈ ခုနှစ် အရေးအခင်းကျောင်းသားများမှ ၄၅ မှ ၅၀ ဝန်းကျင်သက်တမ်းရှိနေကြပါပြီ။ သို့သော် သူတို့တစ်တွေ၏ ကျောင်းသားသမဂ္ဂ စိတ်ဓာတ်ကရှင်သန်နေဆဲဖြစ်ပြီး သမဂ္ဂအဆောက်အအုံကြီး ပြန်လည်ရှင်သန် ပေါ်ပေါက်လာရေးကို မျှော်လင့်နေကြဆဲဖြစ်သည်။

၁၉၆၂ ခုနှစ် ဇူလိုင်အရေးအခင်းမှစ၍ ၁၉၈၈ ခုနှစ် ရှစ်လေးလုံးအရေးအခင်းထိ ကျောင်းသားများစွာ လမ်းမပေါ်မှာ သေကြေပျက်စီးခဲ့ရပြီး ဖြစ်သည်။ အရေအတွက်မှာ ခန့်မှန်းရန်ခက်ခဲလှသည်။ တစ်ဖန်စစ်ကြောရေး ငရဲခန်းများတွင် လူမဆန်စွာနှိပ်စက်ခံရပြီး ဆုံးရှုံးသူများမှာလည်း အရေအတွက်အတိအကျမရနိုင်ခဲ့ပေ။ ထိုဘဝများကို ကျော်လွန်ပြီး နှစ်ရှည်ထောင်တွင်း အကျဉ်းချခံရသူများစွာအနက် အချို့သော ကျောင်းသားများမှာ ထောင်ထဲ၌ပင် အသက်ဆုံးရှုံးခဲ့ရရှာသည်။

အဖမ်းမခံဘဲ ပြည်ပနိုင်ငံများသို့ ထွက်ပြေးသူကျောင်းသားများအနက် အချို့တွင် မြန်မာနိုင်ငံနယ်စပ်တွင် ဆင်းရဲဒုက္ခပေါင်းမျိုးစုံနှင့် အသက်ဆုံးရှုံးခဲ့ကြရသည်။ နည်းပေါင်းစုံဖြင့် နှိပ်စက်မှုကြောင့် လူလုံးမလှ ဘဝပျက်သူများစွာကိုလည်း မြင်တွေ့ရသည်။ ထိုလူတို့၏ ဆုံးရှုံးဘဝ အနှိပ်စက်ခံဘဝများအပြင် ၎င်းတို့ မိသားစုဝင်များမှာလည်း လူစဉ်မမီ ဘဝများတွင် ချို့တဲ့စွာ နိဂုံးချုပ်ခဲ့ကြရသည်။

ကျောင်းသားလူငယ်များ၏ ဘဝကိုဖျက်ဆီးရုံမက ပညာရေးစည်ကြီးတစ်ခုလုံးကိုလည်း ဖျက်ဆီးပစ်လိုက်သည်။ အမျိုးသားကျန်းမာရေး၊ ပညာရေးကော်မတီဥက္ကဋ္ဌ၊ အမျိုးသားထောက်လှမ်းရေး ညွှန်ကြားရေးမှူး ဦးခင်ညွန့်က သမိုင်းအစဉ်အလာကြီးမားခဲ့သော ကျောင်းသားများ၏ နိုင်ငံရေးကို ချိုးနှိမ်ခဲ့သည်။ ကျောင်းသားများ နိုင်ငံရေးနှင့် ကင်းကွာသွားအောင် နှစ်ပေါင်း ၂၀ ကျော် နည်းမျိုးစုံ နိုင့်ထက်စီးနင်းပြုပြီး ကျောင်းသားတွေစုဝေးခွင့်မရအောင် မြို့စွန်မြို့ဖျားများသို့ ကျောင်းများပြောင်းပစ်လိုက်သည်။

အဖတ်ဆယ်မရအောင် နိမ့်ကျသွားသော ပညာရေးစနစ်ကြီးကို ပြန်လည်ထူထောင်ဖို့ ယနေ့ ကျောင်းသားလူငယ်များက တောင်းဆိုလာခြင်းဖြစ်သည်။ ကျောင်းသားများ၏ ပညာရေးဥပဒေပြင်ဆင်ရေးတောင်းဆိုချက်ကို အစိုးရအပါအဝင် (၄)ပွင့်ဆိုင်က လက်ခံပြီး လွှတ်တော်သို့ တင်ပြသည်ထိ အစိုးရကလက်ခံခဲ့သည်။ ကျောင်းသားခေါင်းဆောင်များ နှင့် လွှတ်တော်အတွင်းဆွေးနွေးကြသည်။

တစ်ပြည်လုံး ဝမ်းပန်းတသာဖြစ်အောင် ဟန်ပြဆောင်ရွက်၊ အိပ်မက်တွေပေးပြီး အကောင်းဆုံးအခြေအနေကို အဆိုးဆုံးအဆင့်ရောက်အောင် ဖန်တီးလိုက်သည်။ ဒီကနေ့ ကျောင်းသားခေါင်းဆောင်လေးများအသက်ကို ခန့်မှန်းကြည့်က ကျောင်းတွင်းနေကျောင်းသားမှာ ၂၀ ဝန်းကျင်ဖြစ်ပြီး ကျောင်းပြီးအလုပ်မရှိ ကျောင်းနှင့်မကင်းကွာသေးသူလူငယ်များမှာ ၂၀ မှ ၂၅ ဝန်းကျင်ဖြစ်ပေမည်။

နောင်တစ်ခေတ်တွင် "လူငယ်တွေ နေရာပေးရမည်"ဟု တစာစာ အော်နေကြပြီး အရည်အချင်းရှိလူငယ်များကို ပိုမိုပြည့်ဝအောင် သွန်သင်မှုမပြုပဲ သူတို့ခမျာ ထောင်တွင်း အကျဉ်းချခံကြရပေပြီ။ တကယ်တော့ တံဆိပ်ကပ်ခံရသည်။ ကွန်မြူနစ်များမဟုတ်ပါ။ အစိုးရထံမှ အာဏာကိုလည်း မလုကြပါ။ ကျောင်းသားအရေးကို တောင်းဆိုမှု အားပေးနိုင်က ပေးလိုက်စေချင်ပါသည်။ မပေးနိုင်ပါက ကျိုးကြောင်းရှင်းပြစေချင်ပါသည်။

ပန်းကောင်းလေးတွေ အညွန့်ချိုးပြီး စိတ်အမာရွတ်တွေရအောင် မလုပ်ကြပါနှင့်ဟု စေတနာဖြင့် ရေးလိုက်ရပါသည်။

*စာမျက်နှာ (၁၆)မှ*

တစ်ခါတလေနံနက်စာညစာပေါင်းပြီးအမှောင်ထဲမှာစားရသလို မိုးရွာထဲမှာတောစောင်းဦးထုပ်နဲ့ ကွယ်ပြီး စားရတာလည်းရှိတာပေါ့။

အရင်တုန်းက စစ်ဆင်ရေးဆိုတာ ပြည်သူလူထုတွေ အေးအေးဆေးဆေးနဲ့ ကိုယ်လုပ်စာကိုယ်စားရဖို့အတွက်နဲ့ ဆက်ကြေးကောက်လူစုတွေကို လိုက်လံချေမှုန်းရ ဘိန်းစစ်ကြောင်းတို့၊ လက်နက်မှောင်ခိုစစ်ကြောင်းတို့ လမ်းတံတားအဖျက်အမှောက်လုပ်သူတွေကို လိုက်လံရှင်းလင်းတိုက်ထုတ်ခဲ့ကြရတဲ့အခါမှာ သူတစ်ပြန်ကိုယ်တစ်ပြန်ပစ်ခတ်ကြတော့ ဒဏ်ရာရတာတို့၊ ကိုယ်လက်အင်္ဂါစွန့်ရတာတို့၊ သေဆုံးတာတို့ရှိလာတာပေါ့။ အဲဒီလို သေဆုံးသွားရသူတွေကို အခွင့်မသာလို့ရှေ့တန်းလို့ခေါ်တဲ့ စစ်မြေပြင်တောထဲတောင်ပေါ်တွေမှာ မြေမြှုပ်သင်္ဂြိုဟ်ခဲ့ရတာတွေလည်းရှိခဲ့တာပေါ့။ အရိုးပြာရဖို့ အခွင့်အခါကြုံမှ မီးသင်္ဂြိုဟ်အရိုးပြာကို နောက်တန်း ပြန်ယူပြီးမှ စစ်သင်္ချိုင်းမှာ စစ်အခမ်းအနားနဲ့ သင်္ဂြိုဟ်ခွင့်ရမှ သင်္ဂြိုဟ်ခဲ့ရတာပါ။ ဒဏ်ရာပြင်းထန်လို့နောက်တန်း ပြန်ပို့ဆေးရုံတက်ကုသအခြေအနေဆိုးလို့သေဆုံးသွားရင်သာ စစ်အခမ်းအနားနဲ့ သင်္ဂြိုဟ်ခွင့်ရသူအဖို့တော့ ကောင်းတာပေါ့။

ထားပါတော့အဓိကပြောချင်တာက အဲဒီလိုတိုက်ပွဲတွေမှာ တိုင်းပြည်နဲ့ လူမျိုးအတွက်စွန့်လွှတ်စွန့်စားရင်းအသက်နဲ့ ခန္ဓာကိုယ်ကိုပေးဆက်ခဲ့သူတွေအတွက် မြေမြှုပ်နှံရာ၊ ဂူသွင်းသင်္ဂြိုဟ်ရာနေရာကို ဘယ်အမျိုးကောင်းသားက အညတရစစ်သည်ဗိမာန်လို့အမည်တပ်ရဲလိုက်ကြတာလဲ။အဲဒီလိုအမည်တပ်ရက်လိုကြတာလဲ။ အကယ်၍သာ အဲဒီလိုနေရာမှာ ဒီအမည်တပ်သူသို့မဟုတ်၎င်းရဲ့သားသမီးဆွေမျိုးပါခဲ့ရင်ရင်ထဲဘယ်လိုခံစားနေမလဲ။

အမွန်မြတ်ဆုံးသော မည်သူမှ မစွန့်လွှတ်ရဲသော အသက်နဲ့ ခန္ဓာကိုယ်ကို ဇနီးမယား သမီးသားနဲ့ မိဘဆွေမျိုးတွေအတွက် ဂရုမစိုက်အားဘဲ စွန့်လွှတ်စွန့်စားတဲ့စိတ်နဲ့ အသက်ပေးဆပ်ခဲ့သူတွေရဲ့ နောက်ဆုံးနားခိုရာနေရာလေးမှာ အညတရစစ်သည်ဗိမာန်ရယ်လို့ကဗ္ဗည်းထိုးရက်လေသလား။

အပြောဆိုတာ အလုပ်လောက်မခက်ပါဘူး။ တကယ်လက်တွေ့လုပ်ကြည့်မှ ခက်ခဲမှန်းသိလာတာက စစ်တိုက်တာပါ။ ပန်းနဲ့ပေါက်တာမဟုတ်ဘူး။ သူသေကိုယ်သေ စိတ်ဓာတ်အင်အားတွေ လူကိုသေစေနိုင်တဲ့ သေနတ်တွေနဲ့ တိုက်နေကြရတာပါ။ ကံကုန်လို့ ကျဆုံးသွားရသူတွေအတွက် ဒီလို အညတရဆိုတဲ့ ဘာမှသုံးစားမရတဲ့ အသုံးအနှုန်းနဲ့ တော့ကဗ္ဗည်းထိုး ဂုဏ်ပြုဖို့မသင့်ပါဘူး။

'အမွန်မြတ်ဆုံး စွန့်လွှတ်သူတို့ရဲ့ ဂူဗိမာန်လိုမျိုး၊ သူရဲကောင်းတို့ နားခိုရာနေရာလိုမျိုး--စသဖြင့် ရင်ထဲအသည်းထဲထိသွားစေမယ့်ကဗ္ဗည်းစာသားမျိုးကိုတော့ ရေးထိုးသင့်တာပေါ့။ တပ်မှာသုံးတဲ့ အရာရှိ အရာခံ တပ်သားဆိုရာမှာအရာရှိနဲ့အခြားအဆင့်ဆိုပြီး ခွဲခြားကြည့်ရအောင်ပါ။ (သွေးခွဲစကားပြော တာမဟုတ်ဘူးနော်။တော်တော်ကြာတပ်မတော်ကို သွေးခွဲတယ်ဆိုပြီး ဘာ/ညာပုဒ်မတွေတပ်နေမှာစိုးလို့ပါ။ စစ်သည်တော် အားလုံးဟာ ရဲဘော်ရဲဘက်တွေပါပဲ)။

အခြားအဆင့်တစ်ယောက်တိုက်ပွဲကျသွားရင်သူ့အတွက် ကရုဏာကြေးအပြင် ကျန်ရစ်ခဲ့တဲ့ မိဘနှစ်ပါး၊ ဇနီး၊ သားသမီးတို့အတွက် မပူမပင်မကြောင့် မကျနေနိုင်အောင် နိုင်ငံတော်က ဂုဏ်ပြုချီးမြှင့်ထောက်ပံ့ပေးဖို့ စီစဉ်ပေးတာတွေကို ဒီထက်ပိုပြီး ဂုဏ်ပြုလုပ်ဆောင်ပေးစေချင်ပါပြီဗျာ။ မသေလို့ကိုယ်လက်အင်္ဂါစွန့်ခဲ့တဲ့ မစွမ်းမသန်စစ်သည်တော်တွေအတွက်လည်း ယခုထက်ပိုပြီး ထောက်ပံ့ချီးမြှင့်ဖို့လည်းစီစဉ်ပေးစေချင်ပါတယ်။ နိုင်ငံတော်က နှစ်စဉ်ထောက်ပံ့တာတွေရှိခဲ့ပေမဲ့ လမ်းဘေးမှာ ချိုင်းထောက်နဲ့ အလှူခံနေတာတွေ၊ အစိုးရဌာနရုံးခန်းတိုင်းမှာ လစဉ်နီးပါးလိုက်လံအလှူခံနေတဲ့ ထောက်လှမ်းရေးလို့တင်စားခံနေကြရတဲ့ ချိုင်းထောက်နဲ့ ရဲဘော်ဟောင်းတွေအတွက် ထောက်ပံ့ကြေးပေးတာနည်းသေးတယ်လို့ထင်လို့ပါ။ ဒါအပြင် ရွာတွေအနှံ့ပြက္ခဒိန်တွေ၊ စာအုပ်စာစောင်အမျိုးမျိုးတွေကို တစ်အိမ်တက်ဆင်းလိုက်ရောင်းနေကြရတဲ့ ဘဝတွေက ကင်းဝေးစေချင်လှပါပြီ။

အဲဒီလိုက်ရောင်းရင်း ရှမ်းပြည် (မြောက်ပိုင်း) မူဆယ်/နမ့်ခမ်းဘက်မှာ ရဲဘော်ဟောင်း ၅ ဦးကို တောတွင်းလက်နက်ကိုင်အဖွဲ့က ဖမ်းဆီးခေါ်ဆောင်သွားတာလဲ ရှိခဲ့သေးတယ်နော်။ ပြန်လွှတ်လာခဲ့ပေမဲ့ သူတို့တပ်ကထွက်ပြီး ခြေလက်မစုံလင်တဲ့ ဘဝမှ အဖမ်းခံရတာဆိုတော့ သူတို့ရင်ထဲဘယ်လိုရှိမလဲဆိုတာခံစားကြည့်ကြရင်သိလာမှာပါ။

ဒါက အသက်စွန့်လို့ ကျန်ရစ်သူမိသားစုအတွက်နဲ့ ကိုယ်လက်အင်္ဂါစွန့်လွှတ်ခဲ့သူတွေအတွက် ပိုမိုအကျိုးရရှိခံစားစေလိုတာပါ။

ကံ ကံ၏ အကျိုးကြောင့် အသက်မသေ ခန္ဓာမချို့ယွင်းဘဲ အသက် ၆၀ ပြည့်လို့တပ်မတော်မှ သက်ပြည့်ပင်စင်ပေးအနားယူရတဲ့ သက်ပြည့်သမားအဘိုးကြီးများအတွက် နေလို့ရမယ့်မြေတစ်ကွက်အိမ်တစ်လုံးတို့လောက်တော့ အခမဲ့နိုင်ငံတော်က ထောက်ပံ့ချီးမြှင့်ပေးခဲ့မယ်ဆိုရင် ဗိုလ်ချုပ်အောင်ဆန်းပြောခဲ့သလို'အရွယ်ရောက်သူတိုင်းစစ်မှုမထမ်းမနေရဆိုတဲ့' ဥပဒေထုတ်ပြန်စရာလိုတော့မှာမဟုတ်ပါဘူး။ ပင်စင်စားများအတွက် နိုင်ငံတော်ကစီစဉ်ပေးတဲ့ တန်ဖိုးနည်းအိမ်ရာရဲ့ ၃၀ ရာခိုင်နှုန်းကိုအရင်သွင်း လစဉ် ဘယ်နှသိန်းသွင်းဆိုတာကလည်း အားပေးသလိုနဲ့ ချောက်တွန်းရာမရောက်ဘူးလားဗျာ။ ရတဲ့ကရုဏာကြေးဆိုတာ သိန်း (၄၀) ပြည့်ပါ့မလားဗျာ။ ဒီတော့ ရသမျှငွေအကုန်သွင်းခဲ့ရင် ရိက္ခာမရှိတဲ့ ဘဝမှာ မတွေးရဲစရာပါ။

နိုင်ငံနဲ့ လူမျိုးအတွက် တိုင်းပြည်တာဝန်ထမ်းဆောင်တာချင်းအတူတူဘယ်သူမှမစွန့်လွှတ်မစွန့်စားရဲတဲ့ စစ်သားဘဝ အခုတော့ တပ်မတော်သားဘဝကို ခံယူပြီး ရှေ့တန်းမှာ တာဝန်ထမ်းချင်သူတွေအတွက်နဲ့ အခြားဌာနက သက်ပြည့်ပင်စင်စားကြီးများတို့ရဲ့ ဘဝနောင်ရေးစိတ်အေးရအောင်အသက်ကြီးလို့စီးပွားရေးမလုပ်နိုင်တော့ အိမ်တစ်ဆောင်၊ မြေဝန်းတစ်ခု မတည်ထောင်နိုင်သူတွေအတွက်နဲ့ သက်ပြည့်အောင်တာဝန်ထမ်းဆောင်ခဲ့လို့ ချီးမြှင့်တဲ့အနေနဲ့ အာမခံချက်ရှိတဲ့ မြေတစ်ဝန်းနေအိမ်တစ်လုံးကို သက်ပြည့်ပင်စင်ခံစားကြတဲ့ လူတိုင်းနီးပါးရရှိခံစားနိုင်အောင်နိုင်ငံတော်က ဂုဏ်ပြုချီးမြှင့်ပေးခဲ့မယ်ဆိုရင် အသက်ထက်ဆုံးတိုင်းပြည်တာဝန်ထမ်းဆောင်မယ့်ဝန်ထမ်းတွေတပ်မတော်သားတွေ အများကြီးပေါ်ထွက်လာမှာပါ။ ဘာလို့လဲဆိုတော့ အသက် ၆၀ ပြည့်လို့တပ်/ဝန်ထမ်း ဘဝကထွက်ရလည်းနေအိမ်နဲ့ မြေဝန်းတစ်ခု ရမယ်ဆိုရင်တိုင်းပြည်တာဝန်ကိုဒီထက်ပိုပြီး စိတ်ချလက်ချ ထမ်းဆောင်ချင်ကြမှာပါ။ တပ်/ဝန်ထမ်းကလည်းထွက်ရော ရတဲ့ ကရုဏာကြေးကအပြင်မှာ ၆၀' × ၆၀' မြေတစ်ကွက်ဝယ်နိုင်ဖို့နေနေသာသာမိသားစုများသူများအတွက် အခန်းငှားခနဲ့ အိမ်ဆိုင်ဖွင့်ဖို့ တော်တော်ကြိုးစားရမှာပါ။

ဒါအပြင် 'ငါ့သားတို့ ငါ့ညီအစ်ကိုတို့ တွေ့တယ်မဟုတ်လား ငါတို့ အသက် ၆၀ ပြည့်အောင်တာဝန်ထမ်းဆောင်ခဲ့လို့သက်ပြည့်ပင်စင်ခံစားလိုက်တာနဲ့ အိမ်တစ်လုံးခြံတစ်ဝန်းပေးထားတယ်ကွယ့် ရလာတဲ့ ကရုဏာကြေးကို အရင်းအနှီးပြုပြီး စိုက်ပျိုး/မွေးမြူရေးလုပ်လို့ရတယ်ကွာ။ လစဉ်ထုတ်တဲ့ ပင်စင်လစာလေးက နေ့ဖို့ညစာ စားလို့ရသလို ပိုလာရင် အလှူအတန်းလုပ်လို့ရတယ်ကွာ။ ဒီတော့ တိုင်းပြည်တာဝန်ထမ်းတာချင်းအတူတူသူများထက်ပိုပြီး တာဝန်ထမ်းတဲ့အနေနဲ့ အသက်နဲ့ ခန္ဓာကိုယ်ကိုစွန့်ပြီးတပ်မတော်ထဲဝင်ကာတိုင်းပြည်နဲ့ လူမျိုးအတွက် တာဝန်ကျေပြလိုက်စမ်းပါငါ့သားရယ်'လို့ ရဲရဲတင်းတင်းတိုက်တွန်းချင်ပေမဲ့ သက်ပြည့်ထွက်လာတဲ့သူတွေအဖို့ကရုဏာကြေးနဲ့ ပင်စင်လစာငွေမလောက်ငှတော့ နိုင်ငံသားခံယူထားတဲ့ ခရိုနီတွေ ငွေရဖို့သာကြည့်ပြီး ဥပဒေမဲ့လုပ်ရာက ကြီးပွားလာသူတွေထံမှာ ည/နေ့ စောင့်တို့ ကြုံရာအလုပ်ရဖို့ အောက်ကျခံပြောပြီး အောက်ကျခံလုပ်နေကြတာတွေကို တွေ့မြင်နေရတော့ သက်ပြည့်ထိအောင်တာဝန်ထမ်းကြပါလို့မတိုက်တွန်းရဲဘူးလေ။ ဒီလိုအခြေအနေတွေကို တာဝန်ရှိလူကြီးမင်းတို့မြင်ရက်ကြသလားဗျာလို့မေးလိုက်ရင်ဘယ်လိုဖြေကြမလဲဗျာ။ ပင်စင်စားတွေများလို့ နိုင်ငံတော်ဘဏ္ဍာငွေနဲ့ မမျှတဘူးလို့များစောဒကတက်ကြဦးမယ်ထင်ပါတယ်။ အခါအခွင့်သင့်တိုင်းပင်စင်လစာတွေ တိုးပေးခဲ့လို့ အရင်တုန်းက ရာဂဏန်းသာရခဲ့ပေမဲ့ အခုသောင်းဂဏန်း၊ သိန်းဂဏန်းထိအောင်ချီးမြှင့်ခဲ့တာကိုကျေးဇူးတင်မဆုံးပါ။

အနီ့ သူဌေးဆိုသူတွေကလည်း သာမန်အရပ်သားထက်စာရင် တပ်ထွက်တွေက စည်းကမ်းရှိပြီး သားစနစ်ကျပြီးသား အလုပ်ကိုအလုပ်နဲ့တူအောင်လုပ်တဲ့သူတွေမို့ သူတို့ရဲ့အလုပ်ရုံစက်ရုံတွေမှာ ခန့်ဖို့အတွက် လမ်းဖွင့်ပြီးသားပါ။ စစ်မြေပြင်မှာ တုံးဆိုတိုက်ကျားဆိုကိုက်လုပ်ခဲ့တဲ့သံမဏိစိတ်ဓာတ်ပိုင်ရှင်တွေဟာ အပြင်လောကရောက်တော့ ပိုက်ဆံရှိမှ မိသားစုဘဝစိတ်အေးရမှာမို့ လူမြင်တိုင်း သွားဖြဲပြဦးညွှတ်ပြပြီး အလုပ်လုပ်နေကြရတာကို မြင်တိုင်းတိုင်းပြည်က ထွက်ရှိနေတဲ့ မြေပေါ်မြေအောက်ကသယံဇာတပစ္စည်းတွေ ဝန်ကြီးဌာနအရပ်ရပ်ကရလာတဲ့အခွန်ဘဏ္ဍာတွေစက်ရုံအလုပ်ရုံတွေနဲ့ ဦးပိုင်လုပ်ငန်းတွေကရလာတဲ့ အခွန်ဘဏ္ဍာငွေနဲ့ဆိုရင် အားလုံးသောပင်စင်စားတွေ ပူပင်ကြောင့်ကြဆင်းရဲခပ်သိမ်းကင်းငြိမ်းသော ဘဝတွေကို ပိုင်ဆိုင်နိုင်ကြမှာပါလို့တွေးမိပါတယ်။

ဒါပေမဲ့လည်း တို့တွေအဲဒီလိုနေဖို့မစဉ်းစားပါနဲ့ ဦးတို့တိုင်းပြည်ကမ္ဘာမှာ အဆင်းရဲဆုံးနိုင်ငံစာရင်းထဲရောက်သွားရတာ ဘာကြောင့်လဲ။ ဘယ်သူတရားခံပါလို့လက်ညှိုးထိုးပြီး ထိုက်တန်သောပြစ်ဒဏ်မပေးခဲ့ကြတော့ ခိုးပြီးရင်းခိုးလိမ်ပြီးရင်းလိမ်နဲ့ စီမံကိန်းတိုင်းအရှုံးပြစရာလားဗျာ။ ဘယ်ကလေးမေးမေးအလုပ်လုပ်တဲ့သူတိုင်းအရှုံးခံပြီး လုပ်တဲ့သူရှိလားလို့မေးကြည့်၊ 'လာပြောတဲ့ ဦးလေး အရူးကြီး'လို့ လက်ညှိုးထိုးပြီးပြောတာခံရမှာနော်။ ဈေးကွက်စီးပွားရေးခေတ်မှာ အရှုံးခံလုပ်တဲ့သူရှိတယ်ဆိုရင် အဲဒီလူအရူးမို့လို့ပေါ့ဗျာ။ ပရမ်းပတာဈေးအရူးအတွက်များရင်ဘီဘူးဆိုတဲ့ စကားအရတို့နိုင်ငံမှာ ဘီလူးတွေများနေသမျှ တို့တွေဘယ်လောက်ပဲ တိုင်းပြည်နဲ့ လူမျိုးအတွက် အသက် သွေး၊ ချွေး၊ ခန္ဓာကိုယ်တွေစွန့်လှူနေကြပါစေ၊ အညတရတွေဖြစ်နေကြရပြီး ခရိုနီတွေမသာမာသောနည်းနဲ့ ကြီးပွားချမ်းသာလာသူတွေဟာ ဟိုဝန်ကြီး၊ ဟိုလူကြီးတွေနောက်လိုက်ပြီး ဆင်ပါးစပ်နှမ်းပက်သလိုလှူ လှူပြနေသမျှတော့ ဘာမှ အရာထင်လာမှာ မဟုတ်ဘူးနော်။

ဘာလို့လဲဆိုတော့ ထိုက်တန်တဲ့ ပေးကမ်းချီးမြှင့်မှုတွေကို ရဲရဲတင်းတင်းနဲ့ မလုပ်သမျှတော့ကြာလေလေ စွန့်လွှတ်စွန့်စားသူတွေ/ ပေးဆပ်သူတွေနည်းပြီး လုပ်စားပြသူတွေ များလာနိုင်တယ်ဗျာ။ လုပ်ပြစားသူတွေမဟုတ်ဘဲ လုပ်စားပြသူတွေများလာရင် တို့နိုင်ငံကြီးမကြာခင်လုပ်စားပြတဲ့ နိုင်ငံကြီးဖြစ်သွားနိုင်တာမို့ ပေးဆပ်သူတို့ရဲ့ နှလုံးသားမှာ အပြုံးများဝေနိုင်အောင်တာဝန်ရှိလူကြီးမင်းတို့ခင်ဗျာ အညတရဆိုတာထက်အမွန်မြတ်ဆုံးသော စွန့်လွှတ်သူတို့အတွက်ဘယ်လိုများပေးဆပ်ဖို့ချီးမြှင့်ဖို့ထောက်ပံ့ဖို့လုပ်သင့်ကြသလဲဆိုတာ တွေးတောမိတန်ကောင်းပါရဲ့။ ပြည်သူ့တပ်မတော်သားမို့အခွင့် ထူးခံချင်တယ်လို့တော့ လုံးဝအထင်မလွဲစေချင်ပါခင်ဗျာ။

အဖေ့ခြေရာနင်းမယ့်သား၊ ဘမျိုးဘိုးတူလုပ်ပြမယ့် သားကောင်းရတနာတို့ ဆင့်ကဲဆင့်ကဲပေါ်ထွက်လာစေဖို့ ထိုက်ထိုက်တန်တန်လေး ဂုဏ်ပြုချီးမြှင့်ပေးစေချင်တာပါခင်ဗျာ။ ပင်စင်စားတို့အတွက်အခွင့်ထူးခံဖို့မဟုတ်ပါ။လစာတွေတိုးတက်ဆိုရာမှာလဲရာထူးကြီးသူတွေမှာ အဆမတန်တိုးပြီး ရာထူး ငယ်သူတွေမှာအဆမတန်နည်းမြဲနည်းနေတဲ့လစာ တိုးနည်းစနစ်ပြင်သင့်ပါပြီဗျာ။ ကုန်ဈေးနှုန်းကြီးမြင့် လာတာကလည်းရာထူးကြီးသူတွေရတဲ့ သိန်းဆယ်နှင့်ချီသော လစာရရှိမှုကြောင့်ဆိုက မှားမယ်မထင်ပါဘူးဗျာ။

အထက်ကပြောခဲ့သလို လစာနည်းဝန်ထမ်းတွေနဲ့ ပင်စင်စားတွေကို ထိုက်ထိုက်တန်တန်ပေးနိုင်ဖို့ လစာများများရသူတွေရဲ့လစာကို လျှော့ပေးခဲ့ရင်/ လျှော့ယူကြရင် ညီမျှသွားကြသလို အလုပ်များများလုပ်ရတဲ့ လစာနည်းဝန်ထမ်း/ပင်စင်စားတွေ အကျိုးများများခံစားရတာမြင်လာတော့မှ နောက်မျိုးဆက်သစ်တွေများများပေါ်ထွက်လာမှာမို့ပါ။ ဒီလိုမှမဟုတ်ဘဲ လုပ်ရတာကများများရတဲ့လစာနဲ့ ပင်စင်က နည်းနည်းဆိုရင်အပြင်စီးပွားရေးကိုတရားတာရောမတရားတာရော လုပ်ကြကုန်တော့မှာပေါ့၊ အဲဒီအခါကျမှ 'အသက် (၁၈) နှစ်မှ ၃၅နှစ်အတွင်း စစ်မှုထမ်းမနေရ'ဆိုတာကြီးကြောင့်အသက်မီသူတိုင်းမဝင်ချင်လည်းဝင်ရ၊ မလုပ်ချင်လည်းလုပ်ရနဲ့ဆို ရင်စိတ်ဆန္ဒမပါဘဲလုပ်ရတဲ့အလုပ်ဟာအောင်မြင် မှုနည်းပါးတယ်ဆိုတာကိုတော့ သတိချပ်တန် ကောင်းပါရဲ့ဗျာ။

ရင်ထဲအသည်းထဲက လှိုက်လှိုက်လှဲလှဲနဲ့ လုပ်ချင်လာအောင်တာဝန်ရှိလူကြီးမင်းတို့ကို ရင်ထဲထိအောင်ပြောလိုက်ချင်တာက အမွန်မြတ်ဆုံးစွန့်လွှတ်သူတို့အတွက် စွန့်လွှတ်မှုနဲ့ ထိုက်တန်အောင်တော့ အစစရာရာမှာ ဂုဏ်ပြုချီးမြှင့်ပေးကြဖို့အချိန်မနှောင်းသေးကြောင်း ကြေညာမောင်းခတ်အသိပေးတင်ပြလိုက်ချင်တယ်ဗျာဟု နိုင်ငံနှင့် လူမျိုးအတွက်အသက်ပေးဆက်ခဲ့သူတိုင်းကောင်းမွန်သော ဘုံဘဝမှာ ငြိမ်းချမ်းစွာစံမြန်းနိုင်ကြပါစေလို့ဆုမွန်ချွေရင်း။







The HOT NEWS
Vol - 5, No - 239, Apr 24 - 30 , 2015

# နှစ်ကူးပေမဲ့ ကိုယ်တို့နှစ်ဦးရဲ့ မထူးတဲ့အခြေ

၁၃၇၇ နှစ်သစ်မှာ နိုင်ငံ့ခေါင်းဆောင်တွေ၊ ပါတီခေါင်းဆောင်တွေဆုတွေတောင်းကြ၊ ဆုတွေပေးကြ၊ ဆန္ဒတွေပြုကြတာတွေအမျိုးမျိုးတွေ့ကြမှာဖြစ်ပါတယ်။ အလားတူပဲနာမည်ကြီးပုဂ္ဂိုလ်တွေ၊ မင်းသားမင်းသမီးတွေကိုအင်တာဗျူးပြီး ဂျာနယ်တွေမှာဖော်ပြကြတာတွေ့ရမှာဖြစ်ပါတယ်။ အားလုံးမင်္ဂလာရှိတဲ့စကား၊ ကောင်းမွန်တဲ့စကား၊ ကိုယ့်ကိုအထင်ကြီးအောင် ပြောတဲ့စကားတွေ ကြားရမြင်ရမှာ ဖြစ်ပါတယ်။ တိုင်းပြည်ကို၊ ပြည်သူတွေကိုကောင်းစေချင်တဲ့ ပုဂ္ဂိုလ်တွေပဲဖြစ်ကြောင်းတွေ့ရမှာဖြစ်ပါတယ်။ ကိုယ်တိုင်ရောကောင်းအောင်ဘာများလုပ်နေလဲဆိုတာ ပြန်ပြီးသုံးသပ်သင့်ပါတယ်။

မှောင်မိုက်နေတဲ့ညကိုလင်းလက်လာပါစေလို့ ထိုင်ဆုတောင်းနေရုံနဲ့ ဘယ်တန်ခိုးရှင်ကမှလာပြီး 'လင်းစေသတည်း' လုပ်မပေးနိုင်ပါဘူး။ လုပ်လဲပေးမှာမဟုတ်ဘူး။ ကိုယ်တိုင်ထပြီး ဆီမီးခွက်ထွန်းမှလင်းမှာဖြစ်ပါတယ်။ လင်းနေတဲ့ မီးကိုငြိမ်းပြီး၊ ယတြာချေပြန်ဖွင့်ပေးကာ အမှောင်ခွင်း၍အလင်းဆောင်အံ့ဆိုတာကတော့ လူကြားကောင်းအောင်ဆုတောင်းပေးသလိုဖြစ်နေပါတယ်။

ပုံပြင်လေးတစ်ပုဒ်ကြားဖူးတယ်။ ရှေးတုန်းကဗာရာဏသီပြည်ကသူဌေးသားတစ်ယောက်ပညာရှာဖို့ထွက်လာတယ်။ လမ်းဆုံလမ်းခွကဇရပ်တစ်ခုမှာအိပ်နေတဲ့ဂုရုကြီးတစ်ယောက်တွေ့တယ်။သူ့ဘာသာအိပ်နေတာဖြစ်ပေမဲ့လမ်းသွားလမ်းလာတွေကဝင်ပြီးဂါရဝပြုကြတယ်။ သူဌေးသားလည်းပညာရတော့မှာပဲဆိုပြီး ဇရပ်ပေါ်တက်၊ ထိုင်စောင့်တယ်။ ဂုရုကြီးနိုးလာတော့ သူဌေးသားကပညာလိုချင်လို့ပါဆိုပြီးပြောလိုက်တယ်။ ဂုရုကြီးကခေါင်းညိတ်ပြပြီးပြန်အိပ်သွားတယ်။

တစ်ချိန်လုံးအိပ်နေတဲ့ဂုရုကြီးကိုကြည့်ပြီး သူဌေးသားစိတ်ပျက်စပြုလာတယ်။ အဲဒီအချိန်မှာပဲ အကြော်သည်မလေးရဲ့အော်သံကြောင့် ဂုရုကြီးနိုးလာတယ်။ အကြော်သည်ကိုခေါ်ပြီးတစ်ဗန်းလုံးကုန်အောင်စားပစ်လိုက်တယ်။ စားပြီးတော့ ပိုက်ဆံမပေးဘဲပြန်အိပ်နေလိုက်တယ်။ အကြော်သည်ကရှိတာလေးရောင်းချပြီးရင်းနှီးရတာဖြစ်လို့ပိုက်ဆံပေးဖို့အေးအေးဆေးဆေးထိုင်တောင်းတယ်။ ဂုရုကြီးကလှုပ်တောင်မလှုပ်ဘဲဆက်အိပ်နေပါတယ်။

အကြော်သည်မကြီးကအကြော်ဖိုးလေးရမှဆန်ဝယ်သွားရမှာ။ သူမပြန်အလာကိုအိမ်မှာဆာလောင်မွတ်သိပ်ပြီးစောင့်နေမယ့်ကလေးတွေကိုတွေးပြီးဆန္ဒပြင်းပြစွာနဲ့ ဂုရုကြီးကိုအော်ဟစ်ဆဲဆိုပြီးတောင်းပါတယ်။ အဲဒီအချိန်မှာ မဟာရာဂျာဆိုတဲ့အကြီးအကဲရောက်လာပြီး။ 'အိပ်စက်နေတဲ့ တန်ခိုးရှင်၊ ပညာရှင်ကြီးကိုဘာလို့ အနှောင့်ယှက်ပေးတာလဲ' ဆိုပြီး အကြော်သည်မကိုဆိုးဆုံးမပြီးအကြော်ဖိုးပေးလိုက်ပါတယ်။



**အောင်မြင့်သူ**

> အာဏာရှင်ဆန်တဲ့
> မင်းများကလည်း သူတို့
> အာဏာတည်မြဲရေးအတွက်
> ဆန္ဒပြင်းပြစွာဆောင်ရွက်နေကြတယ်။
> အာဏာရှင်ဖြစ်တဲ့အတွက်
> ဥပဒေကို ခြယ်လှယ်ပိုင်ခွင့်၊
> လူသတ်ခွင့် ရိုက်နှက်ခွင့်၊ ဖမ်းဆီး
> ထောင်ချခွင့်တွေ ရှိနေပါတယ်။
> တစ်ဘက်ဘက်က စိတ်ဓာတ်ကို
> နှစ်သစ်မှာပြောင်းဖို့
> လိုအပ်ပါတယ်။

မဟာရာဂျာကြီးနဲ့ အကြော်သည်မလေးထွက်သွားတဲ့အချိန်မှာတော့ သူဌေးသားလည်းစိတ်ပျက်သွားပါတယ်။ ဂုရုကြီးကိုတန်ခိုးရှင်၊ ပညာရှင်လို့အထင်ကြီးမိတာမှားပြီဆိုပြီးထွက်သွားပါတယ်။ ဂုရုကြီးကလှမ်းခေါ်ပြီး 'မင်းပညာရပြီလား၊ သွားတော့မှာလား'လို့မေးလိုက်ပါတယ်။ သူဌေးသားကစိတ်ပျက်တဲ့အမူအယာနဲ့ ဘာမှပြန်မပြောဘူး၊ ဂုရုကြီးက 'မင်းဒီလိုလျှောက်သွားနေရင်ကမ္ဘာတစ်ပတ်ပတ်မိရင်တောင်ပညာရမှာမဟုတ်ဘူး။ အကြော်သည်မတောင်သူ့အကြော်ဖိုးလိုချင်တဲ့ စိတ်ဓာတ်ပြင်းထန်မှုကြောင့် အကြော်ဖိုးရသွားတယ်။ မင်းမှာလည်း အဲဒီလိုပညာလိုချင်တဲ့စိတ်ရှိဖို့လိုတယ်၊ ဇွဲရှိဖို့လိုတယ်'လို့ပြောလိုက်ပါတယ်။

ဒီနေ့ပြည်သူအများစုက နှစ်ပေါင်း ၅၀ ကျော်ခံစားလာရတဲ့ဒုက္ခတွေ ကင်းလွတ်စေချင်တဲ့ဆန္ဒပြင်းပြစွာနဲ့ တရားဥပဒေစိုးမိုးရေး၊ လွတ်လပ်မှု၊ တန်းတူအခွင့်ရေးစတာတွေအထွက်ဆန္ဒထုတ်ဖော်နေကြပါတယ်။ အလားတူပဲ အာဏာရှင်ဆန်တဲ့ မင်းများကလည်း သူတို့အာဏာတည်မြဲရေးအတွက် ဆန္ဒပြင်းပြစွာဆောင်ရွက်နေကြတယ်။ အာဏာရှင်ဖြစ်တဲ့အတွက် ဥပဒေကို ခြယ်လှယ်ပိုင်ခွင့်၊ လူသတ်ခွင့် ရိုက်နှက်ခွင့်၊ ဖမ်းဆီးထောင်ချခွင့်တွေ့ရှိနေပါတယ်။ တစ်ဘက်ဘက်ကစိတ်ဓာတ်ကိုနှစ်သစ်မှာပြောင်းဖို့လိုအပ်ပါတယ်။

မင်းကျင့်တရားဆယ်ပါးရှိပါတယ်။ (၁) ဒါန (အလှူပေးခြင်း)၊ (၂) သီလ (သီလဆောက်တည်ခြင်း)၊ (၃) ပရိစ္စာဂ (စွန့်လွှတ်ခြင်း)၊ (၄) အဇ္ဇဝ (ဖြောင့်မတ်ခြင်း)၊ (၅) မဒ္ဒဝ (နူးညံ့ခြင်း)၊ (၆) တပ (ခြိုးခြံခြင်း)၊ (၇) အက္ကောဓ (အမျက်မထွက်ခြင်း)၊ (၈) အဟိံသာ (မညှဉ်းဆဲခြင်း)၊ (၉) ခန္တီ (သီးခံခြင်း)၊ (၁၀) အဝိရောဓန (ပြည်သူတို့နှင့် မဆန့်ကျင်ခြင်း)၊ တို့ဖြစ်ပါတယ်။

ဆယ်ပါးလုံးမပြည့်စုံသည့်တိုင်၊ ဖြောင့်မတ်ခြင်း၊ မညှဉ်းဆဲခြင်း၊ ပြည်သူတို့နှင့် မဆန့်ကျင်ခြင်းဆိုတဲ့ သုံးချက်နဲ့ ကိုက်ညီမယ်ဆိုရင်မင်းကောင်းမင်းမြတ်လို့ပြည်သူတို့လက်ခံကြမယ်ထင်ပါတယ်။ ကျောသားရင်သားမခွဲခြားဖို့ဆိုဆုံးမရာမှာလည်း 'မယ်တော်ခမည်းတော်တို့နှင့်လည်းကောင်း၊ မိဖုရားသားတော်သမီးတော်တို့နှင့်လည်းကောင်း၊ ရဟန်းပုဏ္ဏားတို့နှင့်လည်းကောင်း၊ အဆွေခင်ပွန်းမူးမတ်တို့နှင့်လည်းကောင်း၊ တိုင်းသူပြည်သား ရွာသူရွာသားများနှင့်လည်းကောင်း၊ ဆင်မြင်းဗိုလ်ပါတို့နှင့်လည်းကောင်း၊ သားငှက်တို့နှင့် လည်းကောင်းအရာခပ်သိမ်းတရားသဖြင့်ကျင့်ခြင်း'ဆိုတာတွေလိုအပ်မှာဖြစ်ပါတယ်။

ဒါတွေကို ကြည့်ရင်ဘယ်သူတွေဘက်ကပြုပြင်ပြောင်းလဲရမယ်ဆိုတာသုံးသပ်နိုင်မှာဖြစ်ပါတယ်။

ဆရာတော်ကြီးတွေကတော့ တိုင်းပြည်အေးချမ်းသာယာဖို့နှစ်သစ်မှာလူသစ်စိတ်သစ်နဲ့ မေတ္တာတရားအခြေခံပြီး ဆောင်ရွက်ကြဖို့ မိန့်ဆိုကြပါတယ်။ အုပ်ချုပ်တဲ့မင်းများ ပြည်သူအပေါ် ကရုဏာထားပြီးအုပ်ချုပ်ဖို့လိုအပ်သလို ပြည်သူများ အနေနဲ့လည်း မလိုမုန်းထားစိတ်တွေမပွားဘဲမုဒိတာတရားပွားဖို့လိုအပ်ပါတယ်။

ကျွန်တော်နှစ်ဆန်းတစ်ရက်နေ့မှာစောစောထပါတယ်။ ဘုရားရှေ့မှာငါးပါးသီလယူပြီးတိုင်းပြည်အုပ်ချုပ်တဲ့မင်းနဲ့ ပြည်သူများကို မေတ္တာပို့ပါတယ်။ စွယ်တော်စေတီမှာ ငါးလွှတ်ပါတယ်။ မကွေးမဟာစည်မှာသီလရှင်ဝတ်နေတဲ့ မန္တလေးကဆရာမဒေါ်ဟေမာဇော်ဝင်းရဲ့အကူအညီနဲ့ဖိနပ်လိုအပ်နေတဲ့ သီလရှင်အပါးငါးဆယ်အတွက် ဖိနပ်များလှူဒါန်းခဲ့ပါတယ်။ နှစ်ဆန်းတစ်ရက်နေ့တစ်ရက်တာစိတ်ထားနူးညံ့ပြောင်းလဲသွားပါတယ်။

နှစ်ဆန်းနှစ်ရက်နေ့မှာတော့ စာရေးစားပွဲမှာထိုင်ပြီး ယခင်အတိုင်းပြောင်းလဲမှုမရှိဘဲစာတွေရေးပါတယ်။ ကျွန်တော့်လိုပဲတိုင်းပြည်အုပ်ချုပ်တဲ့ မင်းနဲ့တိုင်းသူပြည်သားများ ပြောင်းလဲမှု မရှိဘူးဆိုရင်နောင်မြန်မာ နှစ်ဆန်းတစ်ရက်နေ့ပေါင်းများစွာကမ္ဘာ့နှစ်ဆန်းတစ်ရက်နေ့ပေါင်းများစွာတိုင်ကျွန်တော်တို့လိုချင်တဲ့ ဒီမိုကရေစီပန်းတိုင်ဆိုတာဝေးမှာဖြစ်ပါတယ်။

ဆုတောင်းတိုင်း မပြည့်ဘူးဆိုတာ သိပါတယ်။ ဗုဒ္ဓဘာသာ နိုင်ငံဖြစ်တဲ့အတွက် မင်းနှင့်တကွပြည်သူပြည်သားအားလုံးမြတ်ဗုဒ္ဓရဲ့မေတ္တာ၊ကရုဏာ၊ မုဒိတာ၊ ဥပက္ခာဆိုတဲ့ ဗြဟ္မစိုရ်တရား လေးပါးလိုက်နာ ကျင့်သုံးကြပါလို့ဆန္ဒပြုရေးသားလိုက်ရပါတယ်။



နာမည်ကျော် ရှမ်းဆရာထိပ်ခေါင်စံ

ကောင်းကင်ဂြိုလ်၊ လက္ခဏာသမထအာရုံမနောစွမ်းအားပညာ
စိတ်တိုက်၊ မနောတိုက် မဟာဗိဒ္ဓိဗေဒင်

စီးပွားစိတ်ညစ်နေလား။ (အိမ်ထောင်ရေး၊ အချစ်ရေးအထူး) ဓနီး၊ ခင်ပွန်းအချစ်ရေးကြောင့် အခက်ကြုံနေလား၊ ခင်ပွန်းအချစ် မြဲနေစေဖို့ ဓနီး–ခင်ပွန်း အချစ်များစွာ စိုင်မြဲရအောင် လင်သားမိမိအပေါ် အလိုလိုက် ချစ်နေစေရန်၊ ဓနီး၊ ခင်ပွန်း၊ ချစ်သူများ စိုင်မြဲသောမေတ္တာ တည်ဆောက်ကြရန်၊ ကလေးနာမည်ပေးခြင်း၊ ဆိုင်၊ ကုမ္ပဏီနာမည်ပေးခြင်း၊ တိုက်ခန်း၊ အိမ်ခန်း၊ မြေ၊ ကား အမြန်ရောင်းထွက်ဖို့ ဓာတ်ခွဲ၊ နတ်ခွဲ၊ သိုက်ခွဲကြောင့် အခက်အခဲကြုံနေသလား၊ ဆီပေါက်ကိန်း ရှိ/မရှိ၊ 09-73120453, 09.32127835

ကောင်းဆိုးအဖြစ်မှန်ကို ပွင့်လင်းစွာဟောမည်။ (လျှို့ဝှက်နက်နဲသော ပညာများစွာဖြင့်)

တိုက်အမှတ် (21) ခ–ဆယ်၊ ထီးတန်း(၃)လမ်း၊ ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။ နေ့စဉ် နံနက် ၉ နာရီမှ ၄ နာရီအတွင်း
လမ်းညွှန်– ရန်ကုန်–ဟံသာဝတီသွားကား၊ (၃၃၊ ၃၄၊ ၉၃၊ ၂၁၃၊ ၂၁၀)စီးပြီး ကျောင်းရှေ့မှတ်တိုင်ဆင်း၊ တော်ဝင်လမ်းမှ ဆိုက္ကားဖြင့်လာပါ။

The HOT NEWS
Vol - 5, No - 239, Apr 24 - 30, 2015



**နောက်ဆုံးအသက်**

မောင်မဲဆိုသည်မှာကား သတင်းစာဆရာကြီး၊ ခရီးသွားဆောင်းပါးများရေးသားသူနှင့် မြန်မာနိုင်ငံတွင် အမေနေ့ပေါ်ပေါက်စေရေးအတွက် တိုက်တွန်းခဲ့သူ၊ အတွေးအမြင်ဆောင်းပါးများကို နောက်ဆုံးအသက်ထွက်သည်အထိ ရေးသားခဲ့သူဖြစ်လေ၏။

**ရိုးသားသူ**

သတင်းစာဆရာကြီးမောင်မဲသည် ဘဝတစ်လျှောက်လုံး ကျော်ကြားမှုကို မမက်မော။ ငွေကြေးမျက်နှာကို မငဲ့ဘဲ ယုံကြည်ရာလမ်း စာပေခရီးလမ်းကို သွားခဲ့ပြီးလျှင် ကလောင်လက်နက်ကို လက်ကမချဘဲရေးခဲ့ရာ ဘဝတစ်လျှောက်လုံးတွင် မာန်မာနမရှိ၊ ဟန်ဆောင်မှုမရှိ အရိုးသားဆုံးနှင့် ဘဝကို ရဲရဲ့စွာ နေထိုင်ခဲ့သူဖြစ်လေ၏။

**သခင်တင်ဟိန်း**

ဆရာကြီးမောင်မဲသည် ၁၉၃၆ခုနှစ်က မော်လမြိုင်မြို့တွင် တို့ဗမာအစည်းအရုံးဝင်ကာ လှုပ်ရှားရင်း သခင်တင်ဟိန်းဖြစ်ခဲ့ဖူးလေ၏။

ထို့နောက် ၁၉၃၇ ခုနှစ်တွင် မြဝတီတို့ဗမာအစည်းအရုံး၏ ဝါဒဖြန့်ချိရေးမှူးတာဝန်နှင့် ၁၉၃၇ ခုနှစ်တွင် တို့ဗမာအစည်းအရုံးမြေအောက်တာဝန်။

၁၉၄၀ ပြည့်နှစ်တွင် မြဝတီတို့ဗမာအစည်းအရုံး တာဝန်နှင့်ဘီအိုင်အေအဖြစ်နှင့် ရန်ကုန်မြို့သို့ရောက်ရှိခဲ့လေ၏။

ဖက်ဆစ်တော်လှန်ရေးကာလတွင်မြေအောက်တာဝန်ကိုယူကာ သခင်တင်ဟိန်းအဖြစ်နှင့် လှုပ်ရှားခဲ့ဖူးလေ၏။

**မော်ကွန်းဝင်**

ဆရာမောင်မဲ(သခင်တင်ဟိန်း)သည် မြန်မာ့လွတ်လပ်ရေးတိုက်ပွဲများတွင် ကိုယ်ကျိုးစွန့်ပြီးတက်ကြွထက်သန်စွာကြိုးပမ်းဆောင်ရွက်ခဲ့ရသည့်အတွက် နိုင်ငံတော်၏ မော်ကွန်းဝင်ဒုတိယအဆင့်ကို ချီးမြှင့်ခြင်းခံခဲ့ရဖူးလေ၏။

**သတင်းစာဆရာ**

ဆရာကြီးမောင်မဲသည် စစ်ပြီးခေတ်တွင် လူထုဦးလှ၊ လူထုဒေါ်အမာတို့တည်ထောင်သော မန္တလေးမြို့ရှိ လူထုသတင်းစာ၊ လူထုဂျာနယ်တို့တွင် သတင်းရေးသားခြင်း၊ သတင်းဆောင်းပါးများရေးသားခြင်းများပြုခဲ့ရာတွင် လူထုသတင်းစာတိုက်ပိတ်ချိန် ၁၉၆၇ ခုနှစ်၊ ဇူလိုင်လ ၇ရက်အထိ သတင်းစာဆရာအဖြစ် လုပ်ကိုင်ခဲ့ဖူးလေ၏။

**လူထုမောင်မဲ**

ဆရာကြီးမောင်မဲသည် လူထုဂျာနယ်တွင် 'မြသောင်း' ကလောင်အမည်ဖြင့်လည်းကောင်း၊နာမည်အရင်း တင်ဟိန်းအမည်ဖြင့်လည်းကောင်း၊ မင်းကျော်အမည်ဖြင့်ရေးရာတွင် ကလောင်အမည်တူရှိနေသောကြောင့် 'မောင်မဲ' ကလောင်အမည်ကိုယူပြီးလျှင် 'လူထုမောင်မဲ' ဟုဆိုကာ ထင်ရှားခဲ့လေ၏။

**ခရီးသွားဆောင်းပါးများ**

ဆရာကြီးမောင်မဲသည် သတင်း၊ သတင်းဆောင်းပါးများတင်မက စာပေ၊ ဘာသာရေး၊ ယဉ်ကျေးမှုဓလေ့၊ သမိုင်းဆောင်းပါးများအပြင် ခရီးသွားဆောင်းပါးရေးရာတွင် လွန်စွာမှ အောင်မြင်ကျော်ကြားခဲ့ဖူးလေ၏။

**မောင်မဲခရီးသွားနေသည်**

၁၉၅၄ ခုနှစ်မှ ၁၉၅၉ ခုနှစ်အတွင်း ဆရာကြီးမောင်မဲရေးသားခဲ့သော ဆောင်းပါးများစွာထဲက ခရီးသွားဆောင်းပါး ၃၆ပုဒ်ကို ဆရာကြီးလူထုဦးလှက 'မောင်မဲခရီးသွားဆောင်းပါး' အမည်ဖြင့် လူထုတိုက်မှ ထုတ်ဝေခဲ့ဖူးလေ၏။

**ဆရာကြီးလူထုဦးလှအမြင်**

ဆရာကြီးလူထုဦးလှက "မောင်မဲ ခရီးသွားဆောင်းပါးတွေဟာ သူ့အမြင်၊ သူ့အတွေ့အကြုံများကို ဓာတ်ပုံရိုက်ပြရုံသာမက ခံစားမှုနဲ့အတူ ပန်းချီရေးဆွဲတင်ပြထားသလို ရေးထားတဲ့ဆောင်းပါးတွေဖြစ်တယ်" ဟု ဆိုကာ ပြောခဲ့ဖူးလေ၏။

**ရေးဟန်**

ဆရာကြီးမောင်မဲသည် ဟာသနေရာ ဟာသ၊ အလွမ်းနေရာတွင် အလွမ်း၊ အဆွေးနေရာတွင်လည်း အဆွေးစသည်ဖြင့် တမင်လုပ်ကြံမှုမပါဘဲ အံဝင်ခွင်ကျ မြင်တွေ့ရသည့်အတိုင်း ရေးသားဖော်ပြထား



**အောက်တိုဘာအောင်ကြီး**

သည့်အတွက်ကြောင့် ဆရာကြီးမောင်မဲ၏ ရေးဟန်ဟုဆိုကာ သူ့ခေတ် သူတို့အခါက ဂုဏ်ပြုမှတ်တမ်းတင်ခြင်းခံခဲ့ရဖူးလေ၏။

**ဘမောင်**

ဘမောင်ဆိုသည်မှာကား ဆရာကြီးမောင်မဲ၏ ဇာတ်ကောင်ဖြစ်လေ၏။

ဘမောင်သည် အင်ဒိုချိုင်းနားသို့ ဖြစ်သည့်နည်းဖြင့်ရောက်အောင်သွားခဲ့သလို မြန်မာနိုင်ငံအတွင်း ဒေသအရပ်ရပ်ကိုလည်း တကုပ်ကုပ် သုတ်ခြေတင်ခဲ့လေ၏။

ထို့ကြောင့် မန္တလေးကဆရာကြီး မြမျိုးလွင်က "ဒီလူ(မောင်မဲ)က ခရီးသွားတယ်။ ကြည့်ပုံ၊ မြင်ပုံ၊ တင်ပြပုံ အင်မတန်ကောင်းတယ်" ဟုဆိုကာ မှတ်ချက်ချခဲ့ဖူးလေ၏။

**ရသဝတ္ထု**

ဆရာမောင်နေဝင်းကလည်း'မောင်မဲ၏သတင်းစာဆောင်းပါးများမှာ တစ်ခါတစ်ရံ လောကသဘာဝ၊ လူ့သဘာဝကို ဖွဲ့လိုက်သောဝတ္ထုကလေးများသဖွယ် ထင်မှတ်ရသည်'ဟုဆိုကာ အကဲဖြတ်ထားဖူးလေ၏။

**ဟံသာဝတီသတင်းစာ**

ဆရာကြီးမောင်မဲသည် မန္တလေးမြို့တွင် ၁၉၆၉ ခုနှစ်၊ အောက်တိုဘာလ ၁ရက်က စတင်ထုတ်ဝေသော ဟံသာဝတီနေ့စဉ်သတင်းစာတွင် မောင်မဲကလောင်အမည်ဖြင့် 'မောင်မဲကလောင်အခန်း' ကို နေ့စဉ်ထုတ်နှင့် တနင်္ဂနွေအချပ်တွင် ဆောင်းပါးများရေးပြီး ရှုမဝရုပ်စုံမဂ္ဂဇင်းတွင်လည်း ဆောင်းပါးများရေးသားခဲ့ဖူးလေ၏။

**အမြင်သစ်**

၁၉၈၁ ခုနှစ်က သွားရောက်ခဲ့ဖူးသော မိုင်းဆက်ခရီးမှ 'မိုင်းဆက်ရွှေတြိဂံမြေသို့တစ်ခေါက်' စာအုပ်ကို သတင်းစာသမားတစ်ယောက်၏ လွန်စွာမှထူးခြားစွာနှင့် အမြင်သစ်ဖြင့် ရေးသားကာ စာပေလောကစာပေမှ ထုတ်ဝေခဲ့ဖူးလေ၏။

**သတင်းစာဆရာဘဝ**

'သတင်းစာသမားတစ်ဦးသည် နေ့စဉ်နှင့်အမျှရေးစရာကော်လံတစ်ခုရှိခဲ့လျှင် မိမိကြားသိမြင်သရွေ့တို့ကို စာအုပ်တစ်အုပ်ဖြစ်သည်အထိ ဝန်ထုပ်ဝန်ပိုးကြီးသဖွယ် လွယ်ပိုးသိမ်းပိုက်ထားလေ့မရှိပါ။ နေ့စဉ်ကြားသိမြင်သမျှထဲမှ အများပြည်သူအတွက်အကျိုးရှိတန်သော သတင်းစကားအမျိုးမျိုးကို သတင်းစာထဲတွင် မိရာမှသွန်ချရေးသားမြဲဖြစ်သည်' ဟုဆိုကာ ဆရာကြီးမောင်မဲက သတင်းစာဆရာဘဝကို တင်ပြခဲ့ဖူးလေ၏။

**ယောဂီရှုဖွယ်ကျမ်း**

ဆရာကြီးမောင်မဲသည်ကား ရန်ကုန်မြို့တွင် ထုတ်ဝေသော ရတနာမွန်မဂ္ဂဇင်းနှင့်မွေ့ရသဘာသာရေးမဂ္ဂဇင်းတို့တွင် အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့ဖူး၏။

ထိုသို့ အယ်ဒီတာလုပ်ရင်းက ဘာသာရေးဆောင်းပါးများ၊ မြန်မာ့ယဉ်ကျေးမှုဆောင်းပါးများစွာကို ရေးသားခဲ့ဖူး၏။

ထို့အပြင် နာမည်အရင်း ဦးတင်ဟိန်းအမည်နှင့် ယောဂီရှုဖွယ်ကျမ်းကိုလည်း ရေးသားခဲ့လေ၏။

**လူထုကိုချစ်တဲ့သူ**

ဆရာမောင်နွေထက်က "ဆရာမောင်မဲရဲ့စိတ်ဓာတ်ဟာ ဘယ်တော့မှ မသေဘူးဆိုတာ သေချာပါတယ်။ လူထုကိုချစ်တဲ့ သတင်းစာဆရာကြီးမောင်မဲဟာ 'လူထုမောင်မဲ' ပါပဲ" ဟုဆိုကာ ပြောခဲ့ဖူးလေ၏။

**လူထုမောင်မဲ အသက် ၁၀၀**

ဆရာကြီးသည် ဧရာဝတီတိုင်း၊ ပန်းတနော်မြို့နယ်၊ ဇရပ်ကြီးကျေးရွာတွင် ၁၉၁၅ ခုနှစ်တွင် မွေးဖွားခဲ့ရာ တစ်ဦးတည်းသောသားဖြစ်၏။ အမည်အရင်းမှာ ဦးတင်ဟိန်းဖြစ်လေ၏။

ရန်ကုန်မြို့ မြို့အအထက်တန်းကျောင်းတွင် ၁၀တန်းအောင်မြင်ခဲ့လေ၏။

၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၈ရက်တွင် သားဖြစ်သူ ဦးချစ်တိုးနေအိမ်မြဝတီမြို့အမှတ်(၄)ရပ်ကွက်၊ မေတ္တာလမ်းတောရကျောင်းအနီးတွင် ကွယ်လွန်ခဲ့လေ၏။

ဆရာကြီးမောင်မဲကွယ်လွန်ချိန်တွင် အသက် ၉၉ ပြည့်အရွယ်ရှိနေ၏။

၂၀၁၅ ခုနှစ်တွင် ဆရာကြီး၏ အသက် ၁၀၀ ပြည့်နှစ်ပင်ဖြစ်၍ ခရီးသွားဆောင်းပါးရှင် သတင်းစာဆရာကြီး မောင်မဲအား ဤဆောင်းပါးဖြင့်ဂုဏ်ပြုလိုက်ရပါကြောင်း. . .

# သံလွင်မြစ်ပေါ်ဆောက်မည့်ရေကာတာ ဘယ်သူ့အတွက် ဆောက်မှာလဲ

မြန်မာနိုင်ငံ၏အဓိကမြစ်ထဲတွင်ပါဝင်သော သံလွင်မြစ်ပေါ်တွင်ရေကာတာစီမံကိန်း (၅)ခု တည် ဆောက်မည်ဖြစ်ပြီး ရှမ်းပြည်နယ်ရှိသံလွင်မြစ်လက်တက်ခွဲတွင်ရေကာတာစီမံကိန်း (၁) ခုတည်ဆောက်မည် ဖြစ်ကြောင်း သိရသည်။

၎င်းရေကာတာစီမံကိန်းတည်ဆောက်မည့်အစီအစဉ်များကို ၂၀၁၃ ခုနှစ်တွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှတရားဝင် ထုတ်ပြန်ကြေညာထားသည်။

အဆိုပါရေကာတာဆောက်မည့် အစီအစဉ်များနှင့် ပတ်သက်၍ ကရင်သဘာဝပတ်ဝန်းကျင်လူမှုဖွံ့ဖြိုးရေးကွန်ရက်မှ Coordinator ကိုစောသာပိုက 'ဒီရေကာတာတွေဆောက်ပြီးရင် လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ်တစ်သောင်းခွဲလောက်ရမယ်လို့ပြောတယ်။ အဲဒီလိုရလာတဲ့ မဂ္ဂါဝပ်တွေထဲက (၉၀)ရာခိုင်နှုန်းကိုတရုတ်ပြည်နဲ့ ထိုင်းကိုတင်ပို့ရောင်းသွား မယ်လို့သိရတယ်'ဟု ပြောသည်။

မြန်မာနိုင်ငံတွင် ယခုလက်ရှိထုတ် လုပ်သုံးစွဲနေသော လျှပ်စစ်မဂ္ဂါဝပ် (၃၀၀၀) ကျော်ရှိပြီးနောက်ထပ် မဂ္ဂါဝပ် (၂၀၀၀) ကျော်ထပ်မံအသုံးပြုလျှင် တစ်နိုင်ငံလုံးမီးလင်းသွားဖြစ်သည်ဟု၎င်းကဆိုသည်။

ရေကာတာများတည်ဆောက်ခဲ့လျှင် သဘာဝပတ်ဝန်းကျင်းထိခိုက်မှုများရှိလာနိုင်ပြီး ၎င်းရေကာတာဆောက်မည့်နေရာများတွင် ငလျင်ကြောများရှိနေကြောင်းသိရသည်။

'ကျွန်တော်တို့ရေကာတာဆောက် တယ်ဆိုတာအရမ်းစွန့်စားရတဲ့အရာဖြစ် တယ်။ လျှပ်စစ်လိုချင်တယ်ဆိုရင်အခြားရွေးချယ်စရာတွေအများကြီးရှိတယ်။သူများနိုင်ငံကိုရောင်းစားနေတဲ့ Gasn ကလည်းထုတ်လို့ရတယ်။ ကျွန်တော်တို့ အပူပိုင်းဒေသတွေမှာဆိုရင် Solar Energy စိုက်ခင်းလုပ်ပြီးတော့ လျှပ်စစ်ထုတ်ရင်မဂ္ဂါဝပ်ထောင်နဲ့ချီပြီးတော့ထွက် တယ်ဘယ်သူကိုမှ မထိခိုက်ဘူး။ ရေကာတာဆောက်မယ်ဆိုရင်လေး ငါးနှစ်ကြာမယ်၊ မီးသွယ်တန်းရင်လည်းသန်းနဲ့ချီပြီး ကုန်မှာဖြစ်တယ်'ဟု ၎င်း၏အမြင်ကိုပြောသည်။

သံလွင်မြစ်ပေါ်တွင် တည်ဆောက်မည့်ရေကာတာစီမံကိန်းများနှင့် ပတ်သက်၍သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များနှင့် အရပ်ဘက်အဖွဲ့အစည်းများကလည်း ကန့်ကွက်လျက်ရှိသည်။ **မျိုးကျော်**

THE HOT NEWS
Vol - 5, No - 239, Apr 24 - 30, 2015

# လူကောင်းအလုပ်ကောင်းအောင်လုပ်ဖို့စဉ်းစားကြ

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်လာစေရန်လုပ်ဆောင်ရသည်မှာ လွယ်ကူသည်။ လူမျိုးတစ်မျိုး ဖွံ့ဖြိုးတိုးတက်လာစေရန် လုပ်ဆောင်ရသည်ကား မလွယ်ကူပေ။ နိုင်ငံခြားသားများကို ပင့်ဖိတ်ပြီး ဆရာတင်၊ တပည့်ခံရုံနှင့် နိုင်ငံအလွယ်တကူဖွံ့ဖြိုးတိုးတက်ချမ်းသာကြွယ်ဝလာနိုင်သည်။လူမျိုးဖွံ့ဖြိုးတိုးတက်ချမ်းသာကြွယ်ဝလာရန်ကား နိုင်ငံခြားသားတို့ကို ဆရာတင်၊ တပည့်ခံရုံနှင့် မလုံလောက်ပေ။ ဤသဘောကိုဉာဏ်မျက်စိဖြင့် တွေးတောဆင်ခြင်ကြည့်သူတိုင်း သိမြင်နိုင်ပါသည်။ လူမျိုးဖွံ့ဖြိုးတိုးတက်မှုက နှေးကွေးနေပြီး နိုင်ငံ၏တိုးတက်နှုန်းက အတိုင်းထက်အလွန်မြန်ဆန်နေလျှင် ကောင်းကင်ကို မော့ကြည့်ရင်း နောက်ပြန်လန်ကျသွားသလို ဖွံ့ဖြိုးတိုးတက်မှုနှုန်းကို မော့ကြည့်ရင်း လူမျိုးနောက်ပြန်လန်ကျသွားတတ်သည်။ မြင်သာမြင်ရ၊ မကြင်ရဘဲ ဝေးသည်ထက်ဝေးသွားတတ်သည်။ ထို့ကြောင့် နိုင်ငံ အလျင်အမြန်တိုးတက်ရေးထက် လူမျိုးအလျင်အမြန်တိုးတက်လာစေရေးကို အလေးပေးသင့်ပါသည်၊ နိုင်ငံနှင့်လူမျိုးအချိုးညီစွာ တိုးတက်ပါမှ စစ်မှန်သော ဖွံ့ဖြိုးတိုးတက်မှုဟုဆိုနိုင်ပါသည်။

အချိုးညီတိုးတက်မှုမဟုတ်ပါကဆပ်ပြာကောင်း၍ ခေါင်းပေါင်းဖြူရုံသာဖြစ်ပါမည်။ အချိုးမညီသော တိုးတက်မှုသည် လူမျိုးအတွက် မဟုတ်ပေ။ ကာလတစ်ခုအတွင်းမှာပင် ဒီးဒုတ်စုပ်စားထားသည့် ဂဏန်းပမာ လူမျိုးအတွက် အခွံသာကျန်နေပါလိမ့်မည်။ ဤအခြေအနေကို နိုင်ငံတော်အဆင့်ရှိသူတိုင်း သတိပြုသင့်ပါသည်။

ကျွန်တော်သည် မည်သည့်နိုင်ငံရေးမျိုးမှ လက်တွေ့လုပ်ဆောင်ဖူးခြင်းမရှိပါ။ သို့သော်ဖွံ့ဖြိုးတိုးတက်မှုတို့ ဟန်ချက်ညီလာစေရန် မြန်မာလူမျိုးများနှင့် အကျွမ်းတဝင်ရှိသော မြန်မာစကားပုံတစ်ခုဖြင့် အကြံပေးချင်ပါသည်။ မြန်မာလူမျိုးတို့အတွက် မြန်မာ့စကားပုံက လမ်းညွှန်ထားသည်ကား "ကိုယ့်ဝန်ကိုယ်ထမ်း ကိုယ့်လမ်းကိုယ်သွား"ဟူ၍ဖြစ်ပါသည်။ ဤစကားပုံအရ မိမိဆိုင်ရာတာဝန်ကို ကိုယ်စီလုပ်ဆောင်သွားပါက ဖွံ့ဖြိုးတိုးတက်မှု ဟန်ချက်ညီလာမည်မှာသေချာပါသည်။ ထိုစကားပုံကို မြန်မာစာအဖွဲ့ကအောက်ပါအတိုင်းဖွင့်ဆိုထားပါသည်။

ကိုယ့်ဝန်ကိုယ်ထမ်း ကိုယ့်လမ်းကိုယ်သွား ကိုယ့်ဝန်ကိုကိုယ်ထမ်း၍ ကိုယ့်လမ်းကိုကိုယ်သွားသကဲ့သို့ တာဝန်သိပြီး မိမိဘဝအတွက် ကောင်းရာကောင်းကြောင်းကို ကိုယ်တိုင်လုပ်သွားရသည်။

ကိုယ့်ဝန်ကိုယ်ထမ်းကိုယ်လမ်းကိုယ်သွား သံသရာသမားတွေကလည်း မည်သူ့ကိုမျှ ညာတာစရာမရှိတော့ပါ။ (၁၂၈၆)သောတ၊ တ၊ ၁၀၈။

ဤစကားပုံ၌ ထမ်းသွားဟု ကြိယာများနှင့် အဆုံးသတ်ထားပြီး အမိန့်ပေး၊ စေခိုင်း၊ တိုက်တွန်းထားသည်ကို သတိပြုမိပါသည်။ ဆိုင်ရာကြိယာနှင့် တွဲလျက် "ကိုယ့်ဝန်ကိုယ်ထမ်း"ဟု ကံပုဒ် (၂)ခုကို တွဲစပ်ထားပါသည်။ မည်သူမဆို ကိုယ့်အလုပ်ကိုသာ ကိုယ်လုပ်ပါဟု နှံ့နှံ့စပ်စပ်ပြောလိုသောအခါ နားထောင်သူဘက်မှလည်း ကိုယ့်အလုပ်ကို ကိုယ်လုပ်ရမှာဟု နားလည်သွားစေလိုသောအခါ ဤသို့နှစ်ခါဆင့်ကာ ဆိုရပါသည်။ ကွဲပြားခြားနားနေသော အနက်အဓိပ္ပာယ်များအားလုံးကို နှံ့စပ်စေလို၍ ထိုကဲ့သို့ နှစ်ခါဆိုခြင်းကို သဒ္ဒါဝေါဟာရဖြင့် ဝိစ္ဆာအနက်ဟုခေါ်ပါသည်။ ဝိစ္ဆာအနက်အားဖြင့် ထိုသို့နှစ်ခါမဆိုဘဲ ကိုယ့်ဝန်ကိုယ်ထမ်းလောက်သာ တစ်ခါတည်းဆိုပါက ကိုယ့်ဝန်ထုပ်ကိုကိုယ်ထမ်းရမည်ဟုသာ နားလည်နိုင်သည်။ ကိုယ့်ဝန်ကိုယ်ထမ်း ကိုယ့်လမ်းကိုယ်သွားဟု ဝိစ္ဆာအနက်သုံးကာ နှစ်ခါဆိုပါမှ ပြောလိုရင်းမှာ ကိုယ့်အလုပ်ကို ကိုယ်လုပ်ရမှာဖြစ်ကြောင်း နားလည်သွားပါသည်။

**အောင်ဘသိန်း**

မတူညီသော ကံပုဒ် (၂)ခု အလုပ်တာဝန်(၂)မျိုးကို မတူညီသော ကြိယာ(၂)ခု အလုပ်(၂)မျိုးက ဝိစ္ဆာအားဖြင့် နှစ်ခါဆင့်ဆို၍ အရာရာမှာ ကိုယ့်အလုပ်ကိုသာ ကိုယ်လုပ်ပါဟု စကားပုံက အသင့်အားဖြင့် သွန်သင်ပြသလို အပြန်အားဖြင့် သူများအလုပ်ကို ဝင်မလုပ်နှင့် ဝင်မရှုပ်နှင့်ဟု တားမြစ်ကာ သွန်သင်ပါသည်။ တားမြစ်ပုံပြ စကားလုံးတစ်လုံးမျှ မပါဘဲ ထိုသသော သက်ရောက်သွားခြင်းမှာ ဝိစ္ဆာအနက်စွမ်းအင်ကြောင့်ဖြစ်ပါသည်။



ဥပမာ- သူမှသူဟုဆိုလျှင် အခြားသူမဟုတ်ကြောင်း နားလည်ရသကဲ့သို့ ဖြစ်ပါသည်။ ဤစကားပုံက မြန်မာလူမျိုးတို့ အချိုးညီဖွံ့ဖြိုးတိုးတက်လာစေရန် တိုက်တွန်းစေခိုင်းချက်နှင့် တားမြစ်ချက်ကို တစ်ပြိုင်တည်း ပြောဆိုကာ သွန်သင်ပြနေပါသည်။ စကားပုံ၏ သွန်သင်ပြချက်ကို မလိုက်နာပါက ကိုယ့်အလုပ်ကိုယ်မလုပ်ဘဲ သူများအလုပ်ကို ဝင်ရှုပ်နေမည်မှာ သေချာသည်။ သို့ဖြစ်ပါက နိုင်ငံနှင့်လူမျိုးမဖွံ့ဖြိုး မတိုးတက်ရုံမျှမက ပြဿနာပေါင်းများစွာနှင့် ရင်ဆိုင်နေရမည်သာဖြစ်သည်။

သူများအလုပ်ကို မရှုပ်လျှင် ပြဿနာပေါင်းများစွာနှင့် ကင်းဝေး၍ နေနိုင်သည်။ ကိုယ့်အလုပ်ကို ကိုယ်မလုပ်လျှင်လည်း ဖွံ့ဖြိုးတိုးတက်မည်မဟုတ်ပေ။ ဤတွင် ကျွန်တော်ငယ်စဉ်က မှတ်သားခဲ့ရဖူးသော ပုံပြင်လေးတစ်ပုဒ်ကို ပြောပြချင်သည်။ ပုံပြင်ထဲတွင် ကြိမ်လုံးကိုကိုင်မြှောက်နေသည့်အဘိုးအိုတစ်ယောက် သူ့ရှေ့တွင် နွားတစ်ကောင်၊ ချောင်းရိုးလေးတစ်ခု၊ သူ့ဘေးတွင် ထိုင်နေသော ခွေးတစ်ကောင်၊ မီးဖိုတစ်ဖို၊ ချောင်းရိုးလေး၏ ဟိုဘက်ကမ်းတွင် တဲအိမ်လေးတစ်ခုနှင့် သရုပ်ဖော်ပြထားသော ထိုပုံပြင်လေး၏ စာသားကား. . .။

"နွားသည် ရေကိုမကူး၊ ရေသည်မီးကို မငြိမ်း၊ မီးသည် ကြိမ်ကို မလောင်၊ ကြိမ်သည်ခွေးကို မရိုက်၊ ခွေးသည်နွားကို မဟောင်၊ သည်လိုပုံနှင့် မိုးကြီးချုပ် လျှင် ကျွန်ုပ်အဘယ်သို့အိမ်ပြန်နိုင်အံ့မည်းနည်း"

ဟူ၍ဖြစ်ပါသည်။ ဆိုလိုရင်းမှာ ခွေး၊ နွား၊ မီး၊ ကြိမ်၊ ရေတို့သည် ဆိုင်ရာအလုပ်ကို မလုပ်ကိုင်ကြ၍ မိမိသွားလိုရာ တဲအိမ်သို့မရောက်နိုင်ကြောင်း အဘိုးအိုညည်းတွားနေရသည်မဟုတ်ပါလော။ ထိုတဲအိမ်သည် နိုင်ငံနှင့်လူမျိုးအချိုးညီဖွံ့ဖြိုးတိုးတက်ရာ တဲအိမ်ဖြစ်ပါက ခွေး၊ နွားစသော ဇာတ်ကောင်တို့ကား တိုင်းသူပြည်သားများပင် ဖြစ်လိမ့်မည်။ အဘိုးအိုကား အခြားမဟုတ်။ ဖွံ့ဖြိုးတိုးတက်မှုအတွက် စိတ်ဝင်တစားနှင့် ဦးဆောင်သူ သို့မဟုတ် နိုင်ငံတော်အကြီးအကဲသာဖြစ်ပါသည်။

သို့ဆိုလျှင် နိုင်ငံနှင့်လူမျိုးအချိုးညီဖွံ့ဖြိုးတိုးတက်လာရန် နိုင်ငံတော်အကြီးအကဲနှင့်တကွ ဝန်ထမ်းများ၊ ပြည်သူပါဆိုင်ရာဆိုင်ရာ ကိုယ့်အလုပ်ကိုသာ ကိုယ်လုပ်ရမည်။ သူများအလုပ်ကို ဝင်မရှုပ်ရကြောင်း ထပ်လောင်းညွှန်ပြစရာလိုမည်မထင်ပါ။

ကိုယ်ဝန်ကိုယ်ထမ်းကိုယ့်လမ်းကိုယ်သွားဆိုသကဲ့သို့ အရာရာတွင် ကိုယ့်အလုပ်ကိုသာကိုယ်တိုင်ကြိုးစားလုပ်ပါ။ သူများအလုပ်ကို ဝင်မရှုပ်ပါနှင့်ဟု စေတနာမွန်ဖြင့် တိုက်တွန်းရေးသားလိုက်ရပါသတည်း။

**နွားသည် ရေကိုမကူး၊ ရေသည်မီးကို မငြိမ်း၊ မီးသည် ကြိမ်ကို မလောင်၊ ကြိမ်သည်ခွေးကို မရိုက်၊ ခွေးသည်နွားကို မဟောင်၊ သည်လိုပုံနှင့် မိုးကြီးချုပ် လျှင် ကျွန်ုပ်အဘယ်သို့အိမ်ပြန်နိုင်အံ့ . . .**

# ပင်စင်ယူတိုင်းငွေကောက်နေတော့ ကျောင်းသားမိဘနာတယ်

"အဘွား၊ အဘွား၊ အဘွားထီပေါက်ပြန်ပြီ"

ညနေကျောင်းဆင်းလာတဲ့ မြေးအကြီးမက အဘွားကို ပြောလိုက်ပါတယ်။

"ဘာထီလဲမြေးကြီးရဲ့။ အဘွားထီမထိုးထားပါဘူး" ဩော် အဘွားကလည်း ထုံးစံအတိုင်းပေ့ါ။ မြေးတို့ကျောင်းက (၁၀)တန်းပြ ဆရာမတစ်ဦး ပင်စင်ယူတော့မယ်တဲ့။ အဲဒါကျောင်းသားတစ်ဦးကို ၁၀၀၀ ထည့်ရမယ်တဲ့။ အဘွား၊ အဘွားကမြေး (၆)ယောက်ဆိုတော့ ၆၀၀၀ ပေ့ါအဘွား။

"အမလေးတော် မရှိရတဲ့အထဲ ဆရာတွေ ဆရာမတွေကလည်း ပင်စင်ယူလိုက်ကြတာ။ ဟောတစ်ယောက်၊ ဟောတစ်ယောက်နဲ့နေတာပဲ။ ဘယ့်နှယ်တော် ပင်စင်ယူတိုင်းတာ ငွေကောက်ခံနေရင်တော့ ငါ့မြေးတွေကျောင်းဘယ်လိုထားရမှန်းတောင် မသိတော့ဘူး"

အဘွားဒေါ်တင်ရဲ့ ညည်းညူသံက မိုးသို့ပျံ့တက်သွားတယ်။ အမှန်တော့ ညည်းလည်း ညည်းလောက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မိဘနှစ်ပါးလုံးမရှိတော့တဲ့ မြေး(၆)ယောက်ကို မရှိမဲ့မဲ့နဲ့ ကျောင်းထားပေးခဲ့တာ(၈)နှစ်ရှိပြီလေ။ အဘိုးအဘွားဟာ အိမ်ဆိုင်လေးဖွင့်ထားပြီး သူတို့ကို ကျောင်းထားပေးနေရတာ မလွယ်လောက်ပါဘူး။ အဘိုးရဲ့ ပင်စင်လေးက လေးသောင်းကျော်ကျော်ရလို့ တော်သေးတာပေ့ါ။ သို့မဟုတ်ရင် ဘယ်လိုလုပ်ရမှန်းတောင် မသိတော့ဘူး။

အ. ထ. က(၁)ကျောင်းဟာ ဘယ်လိုလဲမသိဘူး။ ဒီကျောင်းက ဆရာ/ဆရာမတွေ ပင်စင်ယူရင် သူငယ်တန်းမှအစ ဆယ်တန်းအထိ ကျောင်းသူ/ကျောင်းသားများဆီက ငွေကောက်ခံပြီး ပင်စင်ယူတဲ့ ဆရာ(သို့မဟုတ်) ဆရာမကို ကန်တော့ခြင်းဖြစ်ပါတယ်။ အမှန်တော့ ဒီလိုလုပ်ခြင်းဟာ ယဉ်ကျေးမှုအရ အင်မတန်ကောင်းပါတယ်။ ဒါပေမဲ့ မရှိတဲ့ ကျောင်းသားမိဘများအတွက်တော့ အရမ်းခက်လှပါတယ်။ ဟိုမှာလိုက်ချေးရ ဒီမှာလိုက်ချေးရမို့ အင်မတန်မျက်နှာငယ်ရပါတယ်။ အတိုးနဲ့ ချေးယူရင်လည်း ပြန်ဆပ်တဲ့အချိန်မှာ အတိုးနဲ့ပြန်ဆပ်ရပါတယ်။ အရင်းပြန်မဆပ်နိုင်သေးရင်လည်း အတိုးကိုတော့ ပေးနေရပါတယ်။

**ထွန်းညိုသူ**

တချို့မိဘတွေမှာ ကျောင်းသားတစ်ယောက်မကပါဘူး။ လေးငါးခြောက်ယောက်ရှိပါတယ်။ ဒါကြောင့် တော်တော်အခက်ကြုံရပါတယ်။ ဆရာတစ်ယောက်ပင်စင်ယူတိုင်း ကျောင်းသားမိဘများဟာ အလွန်စိတ်ဆင်းရဲခဲ့ကြပါတယ်။ တစ်ခါတစ်ခါ တစ်နှစ်အတွင်း ပင်စင်ယူတဲ့ ဆရာနှစ်ယောက်တောင်ဖြစ်လိုက်ပါသေးတယ်။ ကျွန်တော့်မြေးများကို အမှတ်(၁)အ. ထ. က မှာထားတော့ အမှတ်(၁) အ. ထ. က အကြောင်းကိုပဲ သိနေလို့ ရေးလိုက်တာပါ။ အခြား အ. ထ. က၊ အ. လ. က၊ အ. မ. က တွေမှာ ပင်စင်ယူရင်တော့ ဘယ်လိုလုပ်တယ်မသိ ဘူး။

အမှန်ဖြစ်ရမှာက ဆရာ/ဆရာမတစ်ဦး ပင်စင်ယူတော့မယ်ဆိုရင်သူသင်တဲ့အတန်းကကျောင်းသူ/ကျောင်းသားများထံမှ ကောက်ရမှာဖြစ်ပါတယ်။ အခုတော့ဗျာ တစ်ကျောင်းလုံးမှာရှိတဲ့ ကျောင်းသားများထံမှ ငွေကောက်တယ်ဆိုတော့ စာဖတ်သူများ စဉ်းစားကြည့်ကြပါ။ ပင်စင်ယူတဲ့ဆရာ/ဆရာမကို ကျောင်းသားများထံမှ ကောက်ငွေနဲ့ အရင်းအနှီးလုပ်ပေးလိုက်တာ မဟုတ်ဘူးလား။

# အလုပ်သမားတွေဘက်က စဉ်းစားမပေးကြတော့ဘူးလား

ဦးသန်းထွန်း (ဥပဒေ)

ယနေ့ကမ္ဘာပေါ်တွင် နေ့စဉ်နှင့် အမြဲရင်ဆိုင်နေရသည့်ပြဿနာတစ်ခုမှာ **'အလုပ်သမားဘဝ နှင့် လုပ်အားခပြဿနာ'** ပင်ဖြစ်သည်။ သည်ပြဿနာကလည်း ယခုမှပေါ်ပေါက်လာခြင်းမဟုတ်ပါ။ အရင်းရှင်စီးပွားရေးစနစ်နှင့် အတူအရင်းရှင်လူတန်းစားနှင့် အလုပ်သမားလူတန်းစားတို့အကြားပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပေသည်။ အကြောင်းမရှိဘဲ အကျိုးမဖြစ်ပေါ်သည့်သဘာဝနိယာမအတိုင်း Cause and Effect အကြောင်းနှင့် အကျိုးသည်အမြဲတန်းဒွန်တွဲလျက်ရှိနေပါသည်။ အကြောင်းကတော့ အရင်းရှင်လူတန်းစားသည်မိမိအကျိုးစီးပွားသက်သက်ကိုသာ တစ်ဖက်သတ်ကြည့်တတ်ကြပြီး အလုပ်သမားလူတန်းစားတို့အပေါ် စာနာစိတ်၊ ကိုယ်ချင်းစာတတ်သည့်စိတ်ခေါင်းပါးမှုများကြောင့်ဖြစ်ရခြင်းဖြစ်ပါသည်။

အလုပ်သမားလူတန်းစားနှင့် ပတ်သက်ပြီး ပြောင်းလဲလာသော ကမ္ဘာ့စီးပွားရေးနှင့် စစ်အေးတိုက်ပွဲအပြီး နိုင်ငံရေးအခင်းအကျင်းများကိုသုံးသပ်တင်ပြလေ့ရှိသည့်နိုင်ငံရေးသိပ္ပံပညာရှင်အချို့သည်အလုပ်သမားလူတန်းစားတဖြည်းဖြည်းတိမ်ကောလာသည်ဟုရေးသားနေကြသည်ကို ဖတ်ရှုနေရပေသည်။ စာရေးသူ၏မိတ်ဆွေတစ်ယောက်ကမူကမ္ဘာတွင် စီးပွားရေးဖြစ်ထွန်းမှုအရအထူးသဖြင့် ဥရောပတွင်အလုပ်သမားလူတန်းစားမှာအားကောင်းလာသည်။ အဓိကအားဖြင့် ခွန်အားစိုက်၍ လုပ်ရသောအလုပ်ကြမ်းသမားများနည်းလာပြီး ထိုနေရာတွင် စက်ရုပ်များအစားထိုးလာသည်နှင့် အမြဲကမ္ဘာပေါ်တွင် အလုပ်သမားလူတန်းစားအားနည်းကာပျောက်ကွယ်သွားနိုင်သည်ဟုဆိုသည်။

ထိုကိစ္စမှာအရင်းရှင်စနစ်အားနည်းလာ၍မဟုတ်ဘဲအရင်းရှင်စီးပွားရေးစနစ်ဖွံ့ဖြိုးတိုးတက်လာသည်နှင့် အမျှ လူလတ်တန်းစားများအားကောင်းလာကာ အလုပ်သမားများနေရာတွင် စက်ရုပ်များကဝင်ရောက်တာဝန်ယူလာသောကြောင့် အလုပ်သမားလူတန်းစားတိမ်ကောလာခြင်းဖြစ်သည်ဟုရေးသားထားပေသည်။

သို့သော်ထိုသုံးသပ်ချက်အပေါ် ကျွန်ုပ်ကလက်မခံနိုင်ကြောင်း ယနေ့အလုပ်သမားလူတန်းစားနှင့် အရင်းရှင်လူတန်းစားတိုက်ပွဲမှာ ပိုမိုပြင်းထန်လာနေကြောင်း ကမ္ဘာကြီးတွင် ဆင်းရဲ ချမ်းသာကွာဟမှုနှုန်းမှာလည်း ကြီးမားသည်ထက်ကြီးမားလာသည်ဟု ကောက်ချက်ချမိပေသည်။ ထိုစဉ်ကအလုပ်သမားလူတန်းစားတိမ်ကောသွားမည်ဆိုသည်ကိုလည်း ပြန်လည်ချေပထားပါသည်။ ထိုအချိန်ကကမ္ဘာပေါ်တွင် စက်ရုပ်သုံးသောနိုင်ငံများမှာဂျပန်နှင့် ဂျာမဏီသာရှိပြီး ဂျာမဏီတွင် စက်ရုပ် ၁၀၀၀ ပင်မပြည့်ဘဲကားထုတ်လုပ်သောစက်ရုံများတွင်အသုံးပြုနေကြသည်။

ထိုစက်ရုပ်များကို အလုပ်သမားများက ထိန်းချုပ်ပြီး စက်ရုံများကိုလည်းပတ်နေခြင်းဖြစ်ပါသည်။ သို့သော် ဂျာမဏီလိုနိုင်ငံမျိုးတွင် လူဦးရေဘယ်လောက်ရှိပြီး အလုပ်သမားကမည်မျှရှိသည်ကိုသုံးသပ်ဖို့လိုပါသည်။ စက်မှုဖွံ့ဖြိုးတိုးတက်သောဥရောပလို၊ အထူးသဖြင့် အနောက်ဥရောပလိုနိုင်ငံများတွင် လူဦးရေဘယ်လောက်ရှိသလဲ။ ကမ္ဘာကြီးတွင် အလုပ်သမားအချိုးအစား၊လယ်သမားအချိုးအစားမည်မျှရှိသည်ကို ကမ္ဘာ့လူဦးရေသန်း ၇၀၀၀ ကျော်နှင့် နှိုင်းယှဉ်၍တွက်ချက်ရပေမည်။ အထူးသဖြင့် အာရှ၊ အာဖရိက၊ လက်တင်အမေရိကတို့လိုဖွံ့ဖြိုးမှုအားနည်းသော နိုင်ငံများတွင်ဖြစ်သည်။ တရုတ်ကဲ့သို့ကမ္ဘာ့စီးပွားရေးဒုတိယအတောင့်တင်းဆုံးနိုင်ငံတွင်လူလတ်တန်းစားဦးရေက အလုပ်သမားလူတန်းစားကိုကျော်ဖြတ်သွားနိုင်မည်မဟုတ်ပေ။ လယ်သမားနှင့် အလုပ်သမားများမှ ယခုထက်တိုင်အားကောင်းနေဆဲဖြစ်သည်။ စက်ရုံအလုပ်ရုံများ များပြားလာသလိုနိုင်ငံခြားသားအရင်းရှင်များပိုင်သော လုပ်ငန်းများမှာလည်း မှိုလိုပေါက်ကာများပြားလာနေသည်။

ထို့ကြောင့် စက်ရုံများတွင် တရုတ်အလုပ်သမားများကို ဈေးပေါပေါနှင့် ခေါ်ယူကာခိုင်းစေနေသည့်အတွက် အလုပ်သမားလူတန်းစားပေါများနေဆဲဖြစ်ပါသည်။ ထိုအခါအလုပ်သမားတို့၏ လုပ်ခတိုးပေးရေးတိုက်ပွဲများမှာလည်းဖြစ်ပေါ်လာပေမည်။ ထို့ပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို အာသာငမ်းငမ်းလိုချင်နေသည့်တရုတ်ကွန်မြူနစ်ပါတီနှင့် တရုတ်အစိုးရမှာ အလုပ်သမားများကိုဖိနှိပ်လာပေမည်။ ကွန်မြူနစ်ပဲဖြစ်ဖြစ်၊ ဆိုရှယ်လစ်ပဲဖြစ်ဖြစ်ကြီးပွားတိုးတက်လိုမှုအတွေးအခေါ်စိုက်ထူလိုက်ကတည်းက သူတို့ကအကျိုးဖြစ်ထွန်းမည့်ဘက်ကိုလိုက်တော့မည်မှာသေချာနေပေသည်။ ထို့ကြောင့် ကမ္ဘာပေါ်တွင် အလုပ်သမားလူတန်းစားပပျောက်သွားမည်ဆိုသည်မှာ စိတ်ကူးယဉ်သက်သက်ဖြစ်နေပေတော့မည်။ **သန်းပေါင်း ၇၀၀၀ ကျော်သော ကမ္ဘာ့ပြည်သူများတွင် အလုပ်သမားလူတန်းစားမှာအဖိနှိပ်ခံနေရဆဲ** အရင်းရှင်ကြီးများ၏လက်ဝါးကြီးအုပ်သွေးစုပ်မှုကိုခံနေရဆဲဖြစ်ပေလိမ့်မည်။ အလုပ်သမားတို့မှာသူတို့အပေါ်ခေါင်းပုံဖြတ်သွေးစုပ်မှုကိုဆက်လက်တိုက်ပွဲဝင်နေကြရဦးမည်ဖြစ်ပေသည်။ အရင်းရှင်လူတန်းစားကသူတို့၏လူတန်းစားရန်သူများကိုဖြိုဖျက်ရခြင်းအားအထူးပင်ဝါသနာပါပုံရပေသည်။

စစ်တပ်ကအာဏာသိမ်းပြီး စစ်အစိုးရခေတ်တစ်လျှောက်လုံးအလုပ်သမားတို့မှာအခွင့်အရေးများဆုံးရှုံးခဲ့ရသည်။ စစ်ဗျူရိုကရက်အရင်းရှင်စနစ်၏ဖိနှိပ်မှုဖြင့်ပြည်သူပိုင်တံဆိပ်ကပ်နှိပ်ကာစစ်တပ်ကသာဗိုလ်ကျလွှမ်းမိုးခဲ့သောကြောင့် ၁၃၀၀ ပြည့်နှစ် အရေးတော်ပုံကြီး ပြီးသည့်နောက် အကြီးကျယ်ဆုံးအလုပ်သမားသပိတ်ကြီးဖြစ်ပေါ်ခဲ့ရသည်။ စစ်တပ်သည်စစ်ဆင်ရေးလုပ်ကာရေတပ်ကွန်မန်ဒိုများဖြင့် အလုပ်သမားများသွေးချောင်းစီးခဲ့ကြလေသည်။

ထိုစဉ်ကဆိုလျှင် အလုပ်သမားအရေးအခင်း၊ ဦးသန့်အရေးအခင်းစသည့်အရေးအခင်းကြီးများ ရန်ကုန်တွင်သိမ့်သိမ့်တုန်အောင်ဖြစ်ပေါ်ခဲ့ပါသည်။ ကားလမ်းများနှင့် မီးရထားလမ်းများပါပိတ်ဆို့ရပ်ဆိုင်းကုန်၏။ ရန်ကုန်တွင် သေနတ်သံများမှာ မိုးမွှန်နေသည်။ ထိုအချိန်ကအလုပ်သမားများအပေါ် စစ်တပ်သည်ထင်တိုင်းကြဲခဲ့သောကာလဖြစ်ခဲ့သည်။

အလုပ်သမားအရေးအခင်းကြောင့် ထောင်ထဲတွင် အလုပ်သမားခေါင်းဆောင်များရော၊ တက်ကြွလှုပ်ရှားသူများပါအဖမ်းခံခဲ့ရသည်။ ထောင်ဒဏ်(၁၀) နှစ်၊ အနှစ် (၂၀) စသဖြင့် နှစ်ရှည်ထောင်ဒဏ်များချမှတ်ခံခဲ့ရပါသည်။ အဲသည့်နောက်ဒုတိယစစ်အစိုးရရကာလမြန်မာ့ဆိုရှယ်လစ်လမ်းစဉ်မှ ဈေးကွက်စီးပွားရေးအကြောင်းပြကာပုဂ္ဂလိကစီးပွားရေးလုပ်ပိုင်ခွင့်များပေးလိုက်သည့်အခါ၌အလုပ်သမားများမှာ (၈၈) အရေးတော်ပုံကြီးတုန်းက လက်ရဲဇက်ရဲနမူနာလုပ်ပြခဲ့သောအခြေအနေများကြောင့် အင်အားစုရုံသာရှိခဲ့သည်။ မိမိတို့၏လုပ်အားနှင့် လုပ်ခမမျှတခြင်းအပေါ် တောင်းဆိုသောတိုက်ပွဲများကိုကားမလုပ်နိုင်ခဲ့ကြပေ။ ယူနီဖောင်းဝတ်အစိုးရမှ အရပ်ဝတ်အစိုးရသို့ပြောင်းလဲလိုက်သော ယခုလိုအချိန်မျိုး၌ အလုပ်သမားတို့၏တောင်းဆိုမှုတိုက်ပွဲဝင်မှုများမှာ စက်ရုံတိုင်းလိုလိုတွင်ပေါ်ပေါက်လာပါတော့သည်။ ပုဂ္ဂလိကလုပ်ပိုင်ခွင့်များလာသလောက်အရင်းရှင်များသည်စက်ရုံ၊ အလုပ်ရုံများ၊ အများအပြားတည်ဆောက်လာကြသည်။

ရန်ကုန်နှင့် မန္တလေးကဲ့သို့သောမြို့ကြီးများတွင် အများအပြားရှိလာ၏။ ထိုကဲ့သို့အလုပ်ရုံစက်ရုံများရှိလာသော်လည်း အစိုးရကအဆိုပါစက်ရုံအလုပ်ရုံပိုင်ရှင်လုပ်ငန်းရှင်များသတ်မှတ်ရမည့်စည်းကမ်းများလိုက်နာရမည့်ဥပဒေများ၊ လုပ်ခလစာနှင့် အလုပ်ချိန်များကို တိတိကျကျစံနှုန်းသတ်မှတ်၍ဥပဒေများပြဋ္ဌာန်းခဲ့ခြင်းမရှိပေ။ အလုပ်သမားများအပေါ် လုပ်ခလစာနည်းနည်းဖြင့် အချိန်ပိုခိုင်းများပြုလုပ်ကာကျွန်များသဖွယ်ခိုင်းစေလာကြပါတော့သည်။

စစ်တမ်းကောက်မည်ဟုဆိုကာတချို့မြို့များတွင် လှုပ်ရှားခဲ့ကြသော်လည်း ယနေ့အထိမသိရှိကြသေးပေ။ ထိုသို့မသတ်မှတ်ရသေးလေလေ၊ အလုပ်ရှင်များကအကြိုက်တွေ့လေလေဖြစ်သည်။ လူမမာမျက်ဖြူဆိုက်လေလေ၊ ဆရာကြိုက်လေလေဆိုသလိုပေါ့။ အလုပ်ရှင်များက လုပ်ခကိုလည်းမှန်မှန်မပေးပေ။ နှစ်လနေမှတစ်ခါ၊ သုံးလနေမှ တစ်ခါပေးတတ်သလိုအချိန်ပိုကြေးကိုလည်း အတိအကျမပေးတော့ဘဲလျှော့၍ပေးကြ၏။

**အလုပ်ချိန်ဆိုသည်မှာ** ကမ္ဘာ့အလုပ်သမားများလုပ်ရသည့်တစ်နေ့ (၈) နာရီထက်ပို၍ တချို့ (၁၂) နာရီအထိလုပ်ကြရပြီး အချိန်ပိုကြေးလည်းမပေးပေ။ အလုပ်သမားဝန်ကြီးဌာနကလည်း လျစ်လျူရှုထားခဲ့လေသည်။ ယခုအခါရွှေပြည်သာတို့၊လှိုင်သာယာတို့တွင် အလုပ်သမား ၁၀၀၀ ကျော်၊ ၂၀၀၀ ခန့်မှာဆန္ဒပြနေသော အလုပ်သမားတိုက်ပွဲကြီးဖြစ်လာပေပြီ။

ထိုတိုက်ပွဲများဖြစ်လာရသည်မှာလည်း အစိုးရက အနိမ့်ဆုံးလုပ်ခလစာကိုမသတ်မှတ်ပေးနိုင်သောကြောင့် အလုပ်သမားများသည် မိမိတို့ရသင့်ရထိုက်သည့်လစာကိုတောင်းနေကြခြင်းဖြစ်ပေ၏။ အလုပ်ချိန်နှင့် လုပ်ခမှာကွာခြားလွန်းသောကြောင့် မိမိတို့စားဝတ်နေရေးနှင့် ရရှိသော လစာကို တွက်ချက်ကာလခတိုးပေးရေးအတွက် သပိတ်မှောက်ကြလေသည်။ အလုပ်ရုံထဲတွင် သပိတ်မှောက်ပါက ပိုင်ရှင်ကပိုင်နက်ကျူးလွန်မှုဖြင့် တရားစွဲပေမည်။ ထို့ကြောင့် အလုပ်ရုံအပြင်ဘက်တွင် ဆန္ဒပြသပိတ်မှောက်ကြလေသည်။ ဆန္ဒပြသည်ဆိုသည်နှင့် အလုပ်ရုံတံခါးပေါက်များတွင်လည်းလုပ်နိုင်သည်။ အလုပ်ရုံနောက်တွင်လည်းလုပ်နိုင်သည်။ အလုပ်သမားဝန်ကြီးဌာနမှာအလုပ်သမားများဘက်မှရပ်တည်ရမည့်အစားရဲခေါ်ကာသပိတ်စခန်းကိုဖြိုဖျက်ခဲ့လေသည်။ ထိုစဉ်ရဲကတဖန်အလုပ်သမားများကပင်အကြမ်းဖက်သလိုလိုပြောဆိုခဲ့ကြပြန်သည်။

အလုပ်သမားဝန်ကြီးဌာနမှတာဝန်ရှိသူများ၏လုပ်ရပ်ကိုအလုပ်သမတစ်ဦးပြောဆိုသည်မှာ သူတို့ပြဿနာကိုဖြေရှင်းပေးမည်ဟုအလုပ်သမားဝန်ကြီးဌာနမှလာသောအရာရှိတစ်ဦးကပြောပြီးအလုပ်ရှင်၏ရုံးခန်းထဲဝင်ပြီးဘာမှဖြေရှင်းမပေးဘဲပြန်သွားသည်။ တာဝန်မဲ့သောလုပ်ရပ်ဖြစ်သည်။ ယခုလည်းသပိတ်မှောက်ဆန္ဒပြသောအလုပ်သမားများကိုရဲနှင့် စွမ်းအားရှင်များကအကြမ်းဖက်ရိုက်နှက်ပြီး ဖမ်းဆီးကာသပိတ်ကိုဖြိုခွဲလိုက်တော့သည်။ ထိုသို့လုပ်ရုံဖြင့်ပြဿနာမှာပြီးသွားမည်မဟုတ်ပေ။ စက်ရုံတစ်ရုံ၊ နှစ်ရုံတိုက်ပွဲဝင်နေရာမှစက်ရုံ (၁၀) ရုံ (၁၅) ရုံ၊ ထို့နောက်စက်ရုံအားလုံး၊ နောက်အထွေထွေသပိတ်ကြီးဖြစ်လာပါက အလျှော့မပေးလိုသောအလုပ်ရှင်များကိုတာဝန်ရှိသောအလုပ်သမားဝန်ကြီးဌာနကဖြေရှင်းပေးရမည်ဖြစ်သည်။

အလုပ်သမားများမှာ တမင်ဆူပူအောင်ဖန်တီးလို၍သပိတ်မှောက်ခြင်း၊ ဆန္ဒပြခြင်းမဟုတ်ပေ။ ဖိနှိပ်ချုပ်ခြယ်ခြင်း၊ လုပ်အားနှင့် လုပ်ခမမျှတခြင်းတို့ကြောင့် ဆန္ဒပြ၊ သပိတ်မှောက်ရခြင်းဖြစ်သည်ကို အလုပ်သမားများဘက်မှ စာနာထောက်ထားစဉ်းစားတွေးခေါ်ကာမျှမျှတတမှန်မှန်ကန်ကန်ဆုံးဖြတ်သင့်ပါသည်။

**သမိုင်း** တို့မည်သည်ပယ်ဖျက်၍ရကောင်းသောအရာမဟုတ်ပေ။ထို့ပြင် **စာနယ်ဇင်းတိုင်း ခေတ်သမိုင်း** ဆိုသည့်စကားနှင့်အညီခေတ်စနစ်တိုင်းတွင် သူ့ခေတ်နှင့်သူ့စာနယ်ဇင်းများရှိခဲ့ကြရာအဆိုပါစာနယ်ဇင်းများတွင် သူ့ခေတ်သူ့ခေတ်သမိုင်းများကိုဖော်ပြခဲ့ကြပြီးဖြစ်၏။ သို့ဖြစ်၍နိုင်ငံသားတိုင်းသည် **ကိုယ့်သမိုင်းကိုယ်ရေးနေကြသူများဖြစ်ပါကြောင်း။**



The HOT NEWS
Vol - 5, No - 239, Apr 24 - 30, 2015

# သတ္တဝါတစ်ခု ကံတစ်ခုပါလား

**မအေးဆွေ**

၁၉၅၅ ခုနှစ်တုန်းကပေါ့။ ဒေးဗစ်ဟစ်မင်းဆိုသူဟာ မွေးကင်းစကလေးတစ်ယောက်ကို တောစပ်နားမှာတွေ့ခဲ့ပါတယ်။ သူဟာနောက်ထပ်၅၈ နှစ်ကြာသူမကိုထပ်ရှာပါသေးတယ်။

အဖြစ်ကတော့ ဒီလိုပါ။ အလွန်ရှည်လျားတဲ့ နေ့တစ်နေ့ရဲ့ ညနေပိုင်းမှာပေါ့။ သူ့အိမ်နဲ့ သိပ်မဝေးတဲ့ အင်ဒီးယားနားပြည်နယ် ရစ်ချ်မောင့်ဒေသမှာ ရှဥ့်အမဲလိုက်ဖို့ရောက်လာတာဖြစ်ပါတယ်။ ဒေးဗစ်ဟာ အသက် ၁၄ နှစ်ပဲရှိသေးတယ်။ ခြီစည်းရိုးခတ်ထားတဲ့ အဝေးပြေးလမ်းမကြီးဘေးမှာ သူ့အဘိုးနဲ့ ထိုင်နေရင်းရှဥ့်တွေကို အရေခွံခွာနေကြတာဖြစ်ပါတယ်။ ထိုင်နေရင်းတောထဲက အသံတစ်သံကြားနေရပါတယ်။ စက်တင်ဘာလရဲ့ အရွက်တွေကြွေသံလား။ တစ်ခုနဲ့တစ်ခု အရွက်တွေလေတိုက်လို့မြည်သံလား။ ငှက်တွေသစ်ကိုင်းပေါ်မှာ ပျံလိုက်နားလိုက်လုပ်နေကြတဲ့အသံလား။ မသဲကွဲပါဘူး။

နောက်ထပ်သူကြားတာကတော့ ချိုးကူသံလိုလို ဘာလိုလိုဆိုတော့ သူ့အဘိုးကိုကြားလားလို့ မေးလိုက်ပါတယ်။ သူ့အဘိုးက တိရစ္ဆာန်တစ်ကောင်ဖြစ်လိမ့်မယ်လို့ပြောပါတယ်။ တိရစ္ဆာန်တွေရဲ့အသံတွေကို ဒေးဗစ်ကအမြဲကြားနေကျမို့ ဒါကထူးခြားတယ်လို့ဆိုပါတယ်။ သူထပြီး သွားကြည့်ဦးမယ်လို့ ပြောလိုက်တယ်။ တောနဲ့အဝေးပြေးလမ်းကို ခြားထားတဲ့ခြံစည်းရိုးကိုကျော်ပြီး အသံလာရာကို သွားလိုက်တယ်။ စိုက်စိုက် စိုက်စိုက်နဲ့ သွားရင်းတွေ့ပါပြီ။ ကလေးလေးတစ်ယောက်။

ပေါင်းပင်တွေ၊ မြက်ပင်တွေကြားမှာ မြုပ်နေတဲ့ ဆံပင်နက်နက်နဲ့ မိန်းကလေး။ စိုနေတဲ့မျက်နှာသုတ်ပဝါတစ်ခုနဲ့ ထွေးထားတာ။ ဒေးဗစ်ဟာ ဒီမှာကလေးလေးတစ်ယောက်အဘိုးရေလို့ လှမ်းအော်ပြောတယ်။

ဒေးဗစ်က သူ့အဘိုးကို လှမ်းအော်ပြောလိုက်တော့ အဘိုးရောက်လာပြီး ကြည့်တယ်။ ဒေးဗစ်ကို မကိုင်နဲ့တဲ့။မွေးခါစပဲရှိသေးတယ်။ ချက်ကြိုးတောင်မဖြတ်ရသေးဘူး။ ကလေးလေးက နှုတ်ခမ်းတွေတောင်ပြာနေပြီ။ ဒါပေမဲ့ အသက်ရှင်နေသေးတယ်။

တို့သူကို မကိုင်မိဖို့အရေးကြီးတယ်တဲ့။စေတနာက ဝေဒနာဖြစ်သွားနိုင်တယ်တဲ့။ သူ့ကို ကယ်ဖို့ အမြန်ဆုံးလုပ်ရတယ်။ အနီးအနားက အိမ်တစ်အိမ်သွားပြီး ရဲကိုခေါ်လိုက်ရတယ်။ ရဲကလည်း အမြန်ဆုံးကလေးကိုခေါ်ပြီး ရစ်ချ်မောင့်မှာရှိတဲ့ ဆေးရုံကို ပို့ပေးလိုက်တယ်။

ညဘက်မှာ ဒေးဗစ်က သူတွေ့ခဲ့သမျှတွေကို ရဲအား အကုန်ပြောပြလိုက်တယ်။ ကလေးဟာလည်း အားနည်းပြီး အအေးမိနေပုံရတယ်။ အချိန်မီဆေးရုံကို ပို့ပေးလိုက်တဲ့အတွက် ကလေးရဲ့အခြေအနေဟာကောင်းသွားလိမ့်မယ်လို့သိပြီးသားပါ။ လူမှုကယ်ဆယ်ရေးအလုပ်သမားတွေက ကလေးကို နာမည်တောင်ပေးထားကြတယ်။ ဘေဘီရိုးစ်အင်ဝိန်းဆိုပြီးတော့ဖြစ်ပါတယ်။ ရိုးစ်ကမြို့နာမည်၊ ဝိန်းကခရိုင်နာမည်ဖြစ်ပါတယ်။

လအနည်းငယ်ကြာတဲ့အခါမှာတော့ ဒေးဗစ်ကို အလယ်တန်းကျောင်းအုပ်ကြီးက သူ့ရုံးခန်းကိုလာဖို့ ခေါ်ပါတယ်။ သူလည်း သူနာပြုနှစ်ယောက်ကို မြင်တော့ အံ့အားသင့်သွားတယ်။ ကလေးချီထားတဲ့ တစ်ယောက်ကပြောတာက "ငါတို့သူ့ကို ခေါ်ခဲ့တယ်။ မင်းကိုနှုတ်ဆက်ဖို့တဲ့။ သူ့ကိုမွေးစားမယ့် လူပေါ်လာပြီတဲ့" သူဟာအရင်တုန်းကနဲ့ မတူဘဲ ကျန်းမာဝဖြိုးနေပါတယ်။ အဲဒါကတော့ ၁၉၅၅ ခုနှစ်ဖြစ်ပါတယ်။

နှစ်များကြာလာတဲ့အခါမှာတော့ ဒေးဗစ်ရဲ့အဘိုးဟာ ရိုးစ်အင်ကို ဘယ်ကိုများရောက်နေလဲလို့ ခြေရာကောက်လိုက်သေးတယ်။ အင်ဒီးယားနားရဲ့မွေးစားစာရင်းတွေကိုလည်း စုံစမ်းတယ်။

ဒေးဗစ်ကတော့ ရိုးစ်အင်ကို သူ့ခေါင်းထဲက ထုတ်လိုက်ပြီ။ သူ့အထက်တန်းအောင်တဲ့အခါမှာ စစ်မှုထမ်းသုံးနှစ်သွားရသေးတယ်။ ပြန်လာတော့ မိသားစုနဲ့ အဘိုးအဘွားရှိရာ ဖရောရီဒါကိုသွားတယ်။ ၁၉၆၆ ခုမှ သူဆောက်လုပ်ရေးမှာ အလုပ်ရတယ်။ ဂေလီဆိုသူ ဇနီးနဲ့လက်ထပ်တယ်။ သားနှစ်ယောက်ထွန်းကားတယ်။ ၂၀၀၆ မှ ဒေးဗစ်တို့မိသားစုတင်နစ်စီကို ပြောင်းသွားကြတယ်။

ဒေးဗစ်ဘဝကတော့ ပြည့်စုံပါရဲ့၊ တစ်ခါတစ်ရံ နှုတ်ခမ်းပြာကလေးနဲ့ တောထဲမှာတွေ့တဲ့ ကလေးလေးကို သူ့အတွေးထဲရောက်လာတယ်။ သူ့အသက်မှ ရှင်ရဲ့လား။ ပျော်ရွှင်မှုကောရှိရဲ့လားဆိုတာ တွေးမိတယ်တဲ့။ တစ်ခါတလေလည်း ရစ်ချ်မောင့်ကိုသွားပြီးစုံစမ်းဖြစ်သေးတယ်တဲ့။

ကလေးဘဝမှာ အီလင်ဟာ မွေးစားမိဘတွေကိုချစ်ပါတယ်။ မွေးစားမိဘတွေကတော့ မာဝင်နဲ့ မာဂါတို့ဖြစ်တယ်။ သူ့အမုန်းဆုံးကတော့ မျက်နှာနဲ့ဘယ်ဘက်လက်မောင်းကို တန်းနေတဲ့ အမာရွတ်ပဲဖြစ်တယ်။ ဒါတွေက ဘာဖြစ်တာလဲလို့ သူ့အမေကို မေးတယ်။ သူ့အမေလည်း ဝါးတားတားပဲဖြေလိုက်တယ်။ အီလင်ကတော့ သူ့အမေဟာ တစ်ခုခုဖုံးကွယ်ထားတာရှိမယ်လို့ထင်ပါတယ်။

ဘာပဲပြောပြော အီလင်ကိုသူတို့မွေးစားတာဟာ တကယ့်သားသမီးအရင်းလိုချစ်ကြပါတယ်။ ရေကူးသင်ပေးတာတို့၊ အကသင်တာတို့၊ မွေးနေ့ပွဲလုပ်ပေးတာတို့၊ အပျော်ခရီးထွက်တာတို့ စသည်ဖြင့် သူ့အတွက် အများကြီးငွေအကုန်အကျခံပါတယ်။ သူ့မိသားစုဟာ မေရီလင်းကနေကာလီဖိုးနီးယားကို ပြောင်းတဲ့အချိန်တုန်းက သူ့အသက် ၉ နှစ်ပဲရှိသေးတယ်။ အဲဒီအချိန်တုန်းကလည်း သူစီးဖို့မြင်းတစ်ကောင်ဝယ်ပေးထားတယ်။

၁၉၈၂ ခုနှစ်မှာ သူ့အသက် ၂၇ နှစ်ရှိပါပြီ။ သူ့မှာ ကလေးနှစ်ယောက်လည်း ရနေပါပြီ။ အီလင်ဟာ သူ့ဘဝနိဒါန်းပဟေဠိဆန်တဲ့ ရှုပ်ထွေးမှုတွေကို လိုက်လံရှာဖို့ဆုံးဖြတ်လိုက်ပါတယ်။ သူ့ရဲ့မွေးစာရင်းက ရစ်ချ်မောင့်မှာဆိုတော့ အဲဒီမြို့ကစာကြည့်တိုက်တွေမှာ ၁၉၅၅ ခုနှစ်က သတင်းစာတွေရှာပါတယ်။ ၁၉၅၅ စက်တင်ဘာဆေးရုံရဲ့ ကြေညာချက်ကိုသွားတွေ့ပါတယ်။ ပထမစာမျက်နှာခေါင်းကြီးပိုင်းမှာ "မွေးကင်းစ မိန်းကလေးဘော့စ်တွန်တောထဲမှာတွေ့ရှိခြင်း"ဆိုပြီး တွေ့လိုက်ပါတယ်။

သတင်းစာမှာရေးထားတဲ့ အကြောင်းအရာလေးက စက်တင်ဘာ ၂၂ ရက် ၁၉၅၅ ခုနှစ် အသက် ၁၄ နှစ်ရှိဒေးဗစ်ဟစ်မင်းဆိုသူက အသံတစ်သံကြားလို့ တောထဲသွားကြည့်တဲ့အခါ မွေးကင်းစ မိန်းကလေးကိုတွေ့ရလို့ ကယ်ခဲ့တာဖြစ်တယ်။ ပြီးတော့ သတင်းစာမှာမြို့တော်ရဲ့ Cordell ကော့ဒဲကိုလည်း သွားစုံစမ်းတယ်။ သူ့ဖြစ်စဉ်တွေအားလုံးကိုပြောပြလိုက်တဲ့အခါ အီလင်ဟာ အံ့ဩနေတယ်။ သူ့ဘဝရဲ့ အစနဲ့အခုအထိ သိနေတာဖြစ်တယ်။

အခုဆိုရင် ဒေးဗစ်ဟစ်မင်းဟာ ၂၀၁၃ ခုမှာ အသက် ၇၃ နှစ်ရှိနေပြီဖြစ်တယ်။ အီလင်ဖုန်းဆက်လိုက်တဲ့အခါမှာ ဒေးဗစ်ကလည်း တွေ့ချင်ကြောင်း စကားလည်းပြောချင်ကြောင်း၊ စကားပြောချင်လွန်းလို့ ဘာပြောရမှန်းမသိတောင်ဖြစ်နေပါတယ်။ သူ့အိပ်မက်တွေကို ဒေးဗစ်ဟာ ၅၈ နှစ်တောင်ကြာခဲ့တဲ့ အကြောင်း။ အီလင်ကလည်း သူ့ဘဝဟာ ကောင်းမွန်ပြီး ပျော်ရွှင်တဲ့မြေး ၄ ယောက်တို့ရရှိနေကြောင်း။ ဘဝကကောင်းမွန်တဲ့ အကြောင်းတတ်တတ်ကြွကြွပြောပြပါတယ်။

ပြီးခဲ့တဲ့ မေလကတော့ အီလင်နဲ့ ဒေးဗစ်တို့ အင်ဒီယားနားပြည်နယ် ရစ်ချ်မောင့်မြို့ ဘလူးကလပ်မှာ မျက်နှာချင်းဆိုင်တွေ့ကြပါတယ်။ သူ့ကို တွေ့တဲ့နေရာကို ဒေးဗစ်က သွားပြပါတယ်။ သူတို့မြေးအဘိုး ရှဥ့်အရေခွာတဲ့နေရာ၊ သူ့ကိုလာပစ်ထားတဲ့နေရာ၊ မြက်ထူထူနဲ့ သစ်ကိုင်းခြောက်တွေရှိတဲ့နေရာ၊ သူ့ကိုပွေ့ပြီး ဒေးဗစ်ကျော်တက်လာတဲ့ ဆူးကြိုးတွေရှိတဲ့နေရာ။

အီလင်ဟာ ဒေးဗစ်ကို သေသေချာချာကြည့်ပြီး "အကယ်၍သာ ရှင်ကျွန်မကိုမကယ်ခဲ့ရင် ကျွန်မသေပြီပေါ့နော်" ငါ့ကို ဘုရားသခင်က ကယ်ဖို့ညွှန်လိုက်သလိုပါပဲတဲ့။ ၅၈ နှစ်လုံးလုံး ဒီကလေးလေးအတွက် ငါပူနေရတာ။ ဒါဟာဖြင့် နတ်သမီးပုံပြင်လိုပါပဲ။ အလွန်ဆိုးရွားတဲ့ နိဒါန်းနဲ့အလွန်အံ့ဩစရာကောင်းတဲ့ နိဂုံးချုပ်လိုက်သလိုပဲ။

Ref.Manch 2015 R.D

## ကမ္ဘာမှာ မြန်မာနိုင်ငံရှိနေသရွေ့ ရခိုင်လူမျိုးတွေလည်း ရှိနေရမယ်ဟုဆို




၁၂ ကြိမ်မြောက်ရခိုင်ရိုးရာ သင်္ကြန်ပွဲတော်(ရန်ကုန်)ကို ရန်ကုန်မြို့၊ သဃ်န်း ကျွန်းမြို့နယ်သုဝဏ္ဏအားကစားကွင်း၌ ကျင်းပရာဧပြီလ ၁၆ ရက်(မဟာသင်္ကြန် အတက်နေ့)ညနေ ၅ နာရီတွင် ပိတ်ပွဲအခမ်းအနားသို့ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်တက်ရောက်၍ အမှတ်တရစကားပြောကြားခဲ့ကြောင်း သိရသည်။

"၂၀၁၅ ရခိုင်ရိုးရာသင်္ကြန်ပွဲတော်ကို ပြဿနာတစ်စုံ တစ်ရာမရှိဘဲ အောင်မြင်စွာကျင်းပနိုင်တာဟာ ရခိုင်အမျိုးသားအမျိုးသမီးတွေ စည်းလုံးညီညွတ်ကြလို့ပါ။ ၂၀၁၆ ရိုးရာ သင်္ကြန်ပွဲတော်မှာလည်း အခုလိုပဲပျော်ပျော်ရွှင်ရွှင်စည်းလုံးညီညွတ်စွာနဲ့ ညီအစ်ကိုမောင်နှမတွေ ပြန်ဆုံကြရအောင်၊ စည်းလုံးညီညွတ်မှုကြောင့်ကမ္ဘာမှာမြန်မာနိုင်ငံရှိသရွေ့ ရခိုင်လူမျိုးတွေလည်းရှိနေရမယ်"ဟု ဦးဇော်အေးမောင်ကပြောကြားသည်။ ၎င်းနောက်ရိုးရာသင်္ကြန်ပွဲတော် ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးအေးမောင်က ကျေးဇူးတင်စကားပြောကြားခြင်း၊ ရခိုင်စာပေနှင့်ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌဒေါ်စောခင်တင့်က ရခိုင်ရိုးရာသင်္ကြန်ပွဲတော်အစဉ်အလာအကြောင်းကို ရှင်းလင်း ပြောကြားခြင်းနှင့် ဦးထွန်းအောင်သာရေးစပ်သီကုံးသောဂျို့အလှုနှင့်ခါသင်္ကြန်သီချင်းအားဝိုင်းဝန်းသီဆို၍ ရေသဘင်ပိတ်ပွဲပြီးဆုံးခဲ့သည်။

ရခိုင်ရိုးရာသင်္ကြန်ပွဲတော်၏ အနှစ်သာရဖြစ်သောနံ့သာသွေးပွဲတော်ကို ဧပြီလ ၁၂ ရက်နေ့လယ် ၁ နာရီတွင်ရခိုင်ပြည်နယ်ဓမ္မာရုံ၌ကျင်းပပြီး ဧပြီ ၁၃ ရက် (သင်္ကြန်အကြိုနေ့) နံနက်၉ နာရီတွင် ဓမ္မာရုံအတွင်း ပူဇော်ထားရှိသော မဟာမုနိပုံစံတူဗုဒ္ဓရုပ်ပွားတော် ၃ဆူအားနံ့သာရည်တို့ဖြင့် သပ္ပာယ် ကြည်ညိုကြကြောင်း၊ မွန်းလွဲပိုင်းတွင်သုဝဏ္ဏအားကစား ကွင်းရှိရေလောင်းမဏ္ဍပ်များကို ဖွင့်လှစ်ပြီး နံနက် ၉ နာရီမှ ညနေ ၄ နာရီ အထိရေကစားမဏ္ဍပ် ၁၈ခုဖြင့် စည်ကားသိုက်မြိုက်စွာရေပက်ကစားကြကြောင်း သိရသည်။

နံ့သာသွေးပွဲတော်တွင် ရခိုင်ပြည်နယ်ရှိ မြို့နယ်များမှ အသင်း အဖွဲ့ပေါင်း (၁၅)ဖွဲ့ ပါဝင်ယှဉ်ပြိုင်ကြရာ စောင့်လေမျိုးနွယ်ရခိုင် မောင်မယ်အသင်းကပထမဆု၊ ပုဏ္ဏားကျွန်း (ဦးရာဇ်ရင်သမီးမိတောက်မွှီး) အသင်းကဒုတိယဆု၊ မြေပုံမြို့နယ် (ဟန်တာကမ်းသူ) အသင်းက တတိယဆုအသီးသီးဆွတ်ခူးခဲ့ကြောင်း သိရသည်။

ရခိုင်ရိုးရာသင်္ကြန်ပွဲတော်ကို ၂၀၀၄ ခုနှစ်မှစ၍ ရန်ကုန်၊ သာကေတ၊ တိုင်းရင်းသားကျေးရွာ၌ ပထမအကြိမ်အဖြစ် စတင်ကျင်းပလာခဲ့ရာ ၁၂ ကြိမ်တိုင်တိုင် ရှိခဲ့ပြီး ၂၀၁၃ ခုနှစ် ၁၀ ကြိမ်မြောက်ပွဲတော်မှစ၍ သုဝဏ္ဏအားကစားကွင်း၌ ဆက်လက် ကျင်းပလာခဲ့ကြောင်း၊ နှစ်စဉ် ရေကစားမဏ္ဍပ်များအပြင် ရိုးရာအစားအသောက်နှင့်လက်မှုပစ္စည်းအရောင်းဆိုင်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပကြကြောင်းသိရှိရသည်။

**မိုးမြင့်ဆွေ**

The HOT NEWS
Vol - 5 No - 239, Apr 24 - 30, 2015



# ကျန်ရစ်မယ့် ဖြူဖြူကျော်သိန်း

နာမည်ကျန်ရစ်မယ်လို့အမည်ပေးထားတဲ့ သီချင်းခွေအကြောင်း အင်တာဗျူးတွေမှာ မကြာခဏပြောဖြစ်တဲ့ ဖြူဖြူကျော်သိန်းက မကြာခင်ရက်အတွင်း အဲဒီတေးစုထွက်တော့မယ်လို့ ဆိုလိုက်ပါပြီ။ ဒီတေးစုက ဖြူဖြူကျော်သိန်းရဲ့ ယခင်ထွက်ရှိပြီးတဲ့ တေးစုများနဲ့မတူ ထူးခြားမှုများစွာရှိနေပါတယ်။ The Scare Rock အမည်ရရော့ခ်တီးဝိုင်းအဖွဲ့က တေးစုမှာ ပါတဲ့ သီချင်းများအားလုံးကိုရေးသားခြင်းဖြစ်ကာ အကြောင်းအရာပိုင်း၊ စကားလုံးဖွဲ့စည်းမှုအပိုင်းများတွင်ထူးခြားဆန်းသစ်မှုများရှိကြောင်း ဖြူဖြူကျော်သိန်းက ပြောပါတယ်။



ကမ္ဘာကျော်ခဲ့တဲ့ "We Found Love" သီချင်းအဆိုတော် ရီဟားနားက သူမရဲ့ အဖော်သူငယ်ချင်းမ ၂ ယောက်နဲ့ ကိုကင်းရှူနေတဲ့ပုံကို သူမရဲ့တွစ်တာ အကောင့်ပေါ်တင်ပြီး "ကိုကင်းသုံးတာက တကယ့်ကိုဆိုးရွားတဲ့ကိစ္စပါပဲ။ဆေးလိပ်၊ ဆေးရွက်ကြီး ဒါတွေကကောဘာထူးလဲ။ အားလုံးလူသားတွေကို ညာနေတာ"ဟု စလမ်းတွေကို ရွတ်ပြနေပါတယ်။ အဲဒါက သူမရဲ့အသစ်ထွက်မယ့် အခွေထဲက ဗွီဒီယိုကလစ်တစ်ခုပါ။"Don't Wake Me Up" သီချင်းနဲ့ ကမ္ဘာကျော်ခဲ့တဲ့ ခရစ်ဘရောင်းကအဖေတစ်ယောက်ရဲ့ဘဝကို နှစ်နှစ်ခြိုက်ခြိုက် လက်ခံလိုက်ပြီလို့ ဆိုတယ်။ တွဲခဲ့တဲ့ ရီးစားဟောင်း (မော်ဒယ်နီယာဂတ်ဇ်မင်းနဲ့ ဇာတ်လမ်းပြတ်ပြီး တစ်နှစ်ကျော်ကျော်အကြာမှာဂတ်ဇ်မင်းက သမီးလေး တစ်ယောက်ရပြီလို့အတိအလင်းကြေညာလိုက်တော့ ဘရောင်းက သိလိုစိတ်တွေ ပြင်းထန်လာခဲ့တယ်။ဆက်သွယ်မှုတွေ လုပ်ပြီးမှတော့ ၉ လသမီးလေးနဲ့ သူနဲ့တွဲပြီးရိုက်တဲ့ဓာတ်ပုံတွေကို အွန်လိုင်းပေါ်တင်ဖြစ်ခဲ့တယ်။ သမီးလေးက သူနဲ့တော်တော်တူလို့ အရမ်းဝမ်းသာနေတဲ့ ဘရောင်းက "အဖေတစ်ယောက်အဖြစ်နဲ့ ဘာကိုမဆိုရင်ဆိုင်ပါတော့မယ်""လို့ ဆိုတယ်။ဒေးလီးတယ်လီဂရက် မဂ္ဂဇင်းက ပင်တိုင်စာရေးဆရာမ ပီပါမစ်ဒယ်တန်ကဝေလငါးအသားအစိမ်းစားရတာနဲ့ ပတ်သက်ပြီး သူမရဲ့အတွေ့အကြုံတွေကို ရှင်းပြပြီးနောက် ဝေဖန်သံတွေ ညံစီသွားတယ်။ အယ်လီဇာအလန် (တွဲဖက်ဒါ ရိုက်တာ)က ""ပီပါက စိတ်သိပ် မနံ့ဘူးထင်တယ်။ ဝေလငါးအသားဆိုတာ မီးတော်တော်ကင်ရ တာ။ဒါပြီးတော့ ရေပန်ဒါအသားတို့ ဆင်သားတို့စားပြ ဦးမှာလား" လို့ဆိုတယ်။ ယခုနှစ် ဒီဇင်ဘာ ၁၈ ရက်နေ့မှာ ရုံတင်မယ့် "Star War: The Forc e Awakens." မှာ မင်းသားကြီး ဟယ်ရီဆင်ဖို့ဒ် ကသူငယ်ငယ်က ရိုက်ခဲ့တဲ့ အင်ဒီယား နားဂျုံးကားထဲကလိုပဲ ခပ်ကြမ်းကြမ်းလေးလုပ်ပြထားတယ်တဲ့။လင်းနို့လူသားနဲ့ စူပါမင်းတို့ တွဲပြီး "Dawn of Justi ce" ကို ပုံဖော်တော့မယ်တဲ့။ မဟာလူသား တို့ရဲ့ စွမ်းစွမ်းတမံ လှုပ်ရှားမှုတွေကို မကြာခင်မြင်တွေ့ရမှာပါ။ သိဂီရ



# မောင်မျိုးမင်း ကျောက်ထုတ်

ကျောက်ကပ်မှာတည်တဲ့ကျောက်ကို(၃)ကြိမ်မြောက်ခွဲစိတ်ခြင်းအဖြစ် ဗန်ကောက်က Phyathai-3ဆေးရုံမှာဒါရိုက်တာမောင်မျိုးမင်း(ရင်တွင်းဖြစ်)ခံယူ ခဲ့တယ်လို့သတင်းများကဆိုပါတယ်။လွန်ခဲ့တဲ့ ခြောက်နှစ်ဝန်းကျင်က စတင်ဖြစ်ပွားခဲ့တဲ့ ကျောက် ကပ်မှာတည်-တဲ့ကျောက်ကို ရန်ကုန်မှာတစ်ကြိမ်၊ ဗန်ကောက်မှာနှစ်ကြိမ်ခွဲစိတ်ရခြင်းဖြစ်ကြောင်း၊ သကြၤန်အတက်နေ့ကဆေးရုံတက်ရောက်၍ ဧပြီ (၂၃) တွင် ရန်ကုန်သို့ ပြန်ရောက်ကြောင်း၊ ယခုအခါသက် သာပျောက်ကင်းပြီဖြစ်ကြောင်း သတင်း များကဆိုပါတယ်။



# အဆင့်မြင့်နည်းပညာနှင့်ပညာရေး သုံးတတ်လျှင်ဆေး၊ မသုံးတတ်လျှင်ဘေး

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးမူဝါဒများကို နိုင်ငံရေးမှအစပြု၍ ဆောင်ရွက်နေချိန်တွင် High Tech အဆင့်မြင့်နည်းပညာများလည်း အပြိုင်အဆိုင် ဝင်ရောက်လျက်ရှိရာ ဆက်သွယ်ရေးလုပ်ငန်းတွင် မရှိမဖြစ် အသုံးပြုရသော Hand Set များနှင့် Sim Card များကို လူတိုင်းအသုံးပြုနိုင်သောဈေးနှုန်းဖြင့် ကုမ္ပဏီများအပြိုင်အဆိုင်ရောင်းချလျက်ရှိကြောင်း၊ လူတိုင်းကိုင်တွယ်အသုံးပြုနိုင်သောHand Set များတွင် High Tech Hand Set များသည် လူငယ်ကျောင်းသားထု၏နှစ်သက်စွဲလမ်းစရာဖြစ်လာပြီး တစ်ဟုန်ထိုးဝင်ရောက်လျက်ရှိရာ ပညာရှာသောအရွယ်ကျောင်းသားကလေးငယ်များအတွက် သုံးတတ်လျှင်ဆေးဖြစ်ပြီး မသုံးတတ်လျှင်ဘေးအန္တရာယ်ရှိကြောင်း ကျောင်းဆရာအသိုင်းအဝိုင်းမှ ကြားသိရသည်။





"ကျွန်တော်က ပညာဒါနကျောင်းကို တည်ထောင်ပြီး ၅တန်းကနေ ၁၀ တန်းအထိ သင်ကြားပေးနေပါတယ်။ အပျိုပေါက်၊ လူပျိုပေါက်အရွယ်လို့ ပြောလို့ရတဲ့ ၈တန်းကျောင်းသားတွေမှာ ဖုန်းတွေပါလာကြတယ်။ အဲဒါကို အကျိုးရှိရှိသုံးဖို့ သင်ခန်းစာတွေကို ဖုန်းထဲမှာအသံသွင်းပေးတယ်။ အိမ်ရောက်တဲ့အခါ ပြန်ပြီးနားထောင်နိုင်ဖို့ပါ။အဲဒါကစာအတွက်အထောက်အကူဖြစ်စေဖို့ လုပ်ပေးတာဆိုတော့ ကောင်းကျိုးပေါ့ဗျာ"ဟု ဥက္ကလာပမြို့နယ်ရှိ အမြင်သစ်ပညာဒါနကျောင်းမှ ဆရာတစ်ဦးကပြောသည်။

"ဆိုးကျိုးကဘာလဲဆိုတော့ ဖုန်းထဲမှာ Game တွေပါလာပြီး စာမသင်ခင်မှာ ဆော့ကြတယ်။ ဖုန်းနဲ့အချင်းချင်းရောက်တတ်ရာရာပြောတဲ့ Chatting ထိုင်ကြတယ်။ Facebook သုံးကြတယ်။ သီချင်းနားထောင်ကြတယ်။ အဲဒီအဆင့်မြင့်နည်းပညာဖုန်းတွေကို အကျိုးရှိတဲ့ဘက်မှာ သုံးတာထက်စာရင် အခြားသောနည်းလမ်းတွေအတွက် သုံးတာက ပိုများနေတော့ ကလေးတွေအတွက် ဘေးအန္တရာယ်ဖြစ်လာနေတယ်ဆိုတာ ဆရာတွေသိသလို မိဘတွေလည်းသိကြမှာပါ" ဟု ဖုန်း၏ဆိုးကျိုးမှ ကလေးအရွယ်ကျောင်းသားများ ဘေးဖြစ်နိုင်ပုံကို ၎င်းက ထောက်ပြသည်။

"အချို့မိဘတွေက သူတို့သားသမီးလေးတွေ ပညာရည်အဆင့်တတ်လာတဲ့အတွက် ဖုန်းဝယ်ပေးတယ်။ အချို့မိဘတွေကျတော့ ကိုယ့်သားသမီးမျက်နှာမငယ်အောင် ဝယ်ပေးကြပြန်တယ်။ ကလေးတွေ စာကြိုးစားဖို့ မျှားခေါ်ရင်းနဲ့ အဲဒီလိုဝယ်ပေးတာ Side effect လို့ခေါ်တဲ့ ဘေးထွက်ဆိုးကျိုးတွေကို ရင်ဆိုင်ကြရတယ်။ အဲဒီတော့ ဒီကလေးတွေမှာ နည်းပညာပိုင်း အဆင့်မြင့်လာတာနဲ့အမျှ အကျိုးရှိရှိအသုံးချနိုင်အောင် ကျောင်းတွေက ဆရာတွေရော၊ မိဘတွေပါ ထိန်းသိမ်းကြပ်မတ်ပြီး ဖုန်းတွေကို ပေးကိုင်စေချင်ပါတယ်။ ဒီနည်းပညာကို အသုံးမပြုပြန်ရင်လည်း ကျွန်တော်တို့ ခေတ်နောက်ကျကျန်ခဲ့မယ်။ အသုံးပြုပြန်တော့လည်း နည်းပညာရဲ့ကျေးကျွန်တွေဖြစ်သွားနိုင်တယ်။ပညာရေးဘက်မဟုတ်ဘဲ အခြားဘက်မှာ သုံးစွဲပြန်ရင်လည်း ကလေးတွေမှာ ဘေးအန္တရာယ်ရှိတယ်။ ဒါကြောင့် ဆရာတွေ၊ မိဘတွေအနေနဲ့ အကောင်းဆုံးနည်းလမ်းတစ်ခုကိုရှာဖွေပြီးတော့ ထိန်းကျောင်းပေးရမှာပါ။ ဒီဖုန်းအသုံးပြုတာနဲ့ပတ်သက်ပြီး အသိဉာဏ်မြှင့်ပေးမယ်။ ဆိုးကျိုးနဲ့ကောင်းကျိုးကို ကလေးတွေ ဝေခွဲပိုင်းခြားသိလာပြီး ဆင်ခြင်သုံးသပ်နိုင်ရင် ကျွန်တော်တို့သွားနေတဲ့ ဒီမိုကရေစီနိုင်ငံရဲ့ ပညာရေးမြင့်တက်လာမှာပါ" ဟု ၎င်းကဆက်လက်ပြောကြားသည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ အစိုးရကျောင်းများ၊ ပုဂ္ဂလိကကျောင်းများတွင် စာသင်ချိန်၊ ကျောင်းတက်ချိန်များတွင် ကျောင်းသားများ ဖုန်းကိုင်တွယ်အသုံးပြုခြင်းကို တင်းကြပ်စွာတားမြစ်ထားကြောင်း သိရသည်။

မိုးမြင့်ဆွေ



# ရန်ကုန်စည်ပင်ရောင်းထားတဲ့ ဗိုလ်ဗထူးအိမ်ရာ မေလမှာ ဖွင့်လှစ်မည်

တန်းဖိုးမျှအိမ်ရာစီမံကိန်းများထဲမှ တစ်ခုဖြစ်သည့် ဗိုလ်ဗထူးအိမ်ရာမှ ပထမအဆင့်ဆောက်လုပ်ပြီးစီးသည့် တိုက်ခန်းများကို မေလထဲတွင် ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်းသိရသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၄ ရပ်ကွက်ရှိ ဗိုလ်ဗထူးလမ်းမကြီးပေါ်၌ ဆောက်လုပ်နေသည့် အိမ်ရာစီမံကိန်းကြီးကို ၂၀၁၄ ခုနှစ် ဇူလိုင်လတွင် စတင်ဆောက်လုပ်ခဲ့ရာ ပထမအဆင့်ဖြစ်သည့် ရှစ်လွှာတိုက်ခန်း ၁၄ လုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ကြိုတင်ရောင်းချပေးပြီးဖြစ်သောကြောင့် လက်ရှိတွင် အပြီးသတ်ဆောက်လုပ်ပြီး၍ မေလတွင် ဖွင့်လှစ်ပေးမည်ဖြစ်ခြင်းဖြစ်သည်။

အဆိုပါ အိမ်ရာစီမံကိန်းကို ပထမ၊ ဒုတိယ၊ တတိယအဆင့်ဆင့် ဆောက်လုပ်မည်ဖြစ်ပြီး ပထမအဆင့်ပြီးစီးကာ ဒုတိယအဆင့်စီမံကိန်းကို မြေ ၁၅ ဧကအကျယ်အဝန်းထဲ၌ ရှစ်လွှာတိုက် ၂၈ လုံး ထပ်မံဆောက်လုပ်မည်ဖြစ်ပြီး စီမံကိန်းကြီးပြီးဆုံးရန်အတွက် အချိန် ၂ နှစ်မျှ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

အိမ်ရာများ ဆောက်လုပ်ရာတွင် ထိုင်းနည်းပညာကို အသုံးပြုထားသည့်အတွက်အုတ်စီပြီးဆောက်လုပ်ခြင်းထက် ခိုင်ခန့်မှုရှိကြောင်း၊ ထိုင်းနည်းပညာမှာ အပြင်မှာပုံစံလောင်းပြီးမှ အိမ်ရာများတွင်အဆင်သင့်ချိတ်ဆက်တပ်ဆင်သည့်နည်းဖြစ်ကြောင်း သိရသည်။

ယခုဖွင့်လှစ်ပေးမည့် ၁၄ လုံးမှာ တစ်ယူနစ်လျှင် ၄ ခန်းပါဝင်ပြီး ၈ လွှာဖြစ်သောကြောင့် တိုက်တစ်လုံးလျှင် ၃၂ ခန်းပါဝင်ကြောင်း၊ စီမံကိန်းအိမ်ရာတွင် ဓာတ်လှေကား၊ ကလေးကစားကွင်း၊ ဈေးဝယ်စင်တာ၊ ကျန်းမာရေးစင်တာ၊ နားနေဆောင်များပါထည့်သွင်းဆောက်လုပ်ပေးထားကြောင်း သိရသည်။ HN-018

# လီဆူးအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ တိုင်းနှင့်ပြည်နယ် ၃ ခုတွင် ဝင်ရောက်ယှဉ်ပြိုင်မည်

လီဆူးအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတွင် ဧပြီလအတွင်း ကောက်ယူထားသည့် စစ်တမ်းအရ ပါတီဝင်ဦးရေ ၄သောင်းကျော်ရှိလာပြီး ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် မန္တလေး၊ ရှမ်းနှင့် ကချင်ပြည်နယ်တို့တွင် အဓိကဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

လီဆူးအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီသည် ၂၀၁၅ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် မေလ ၄ရက်နှင့် ၅ရက်တို့တွင် မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့တွင် ပါတီဗဟိုညီလာခံကျင်းပကာ ရွေးကောက်ပွဲအောင်နိုင်ရေး၊ ဗဟိုအလုပ်မှုဆောင်သစ်ရွေးချယ်ရေးနှင့် ကိုယ်စားလှယ်လောင်းများကို ရွေးချယ်သွားမည်ဟု လီဆူးအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ ဥက္ကဋ္ဌ ဦးလာလူးက ပြောသည်။

"အဓိကတော့ ကျွန်တော်တို့ပါတီအနိုင်ရရှိမယ့် နေရာတွေမှာ ဝင်ရောက်ယှဉ်ပြိုင်သွားမှာပါ။ အနည်းဆုံး ၁၀ မြို့နယ် ဝင်ရောက်ယှဉ်ပြိုင်မယ်။ အခက်အခဲရယ်လို့ သိပ်ပြီးမရှိပါဘူး" ဟု ဦးလာလူးက ဆိုသည်။

လီဆူးအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီအနေဖြင့် ရှမ်းပြည်နယ်တွင် မိုးမိတ်၊ မန္တလေးတိုင်းတွင် မိုးကုတ်၊ ကချင်ပြည်နယ်တွင် မြစ်ကြီးနား၊ ပူတာအို၊ ဝိုင်းမော်ဒေသများတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ရည်ရွယ်ထားသည့်အပြင် တိုင်းရင်းသားရေးရာဝန်ကြီးနေရာအတွက်လည်း ပြင်ဆင်ထားသည်ဟု သိရသည်။

"အဓိကတော့ ရှမ်းပြည်နယ်နဲ့ ကချင်ပြည်နယ်တို့မှာ အနိုင်ရရှိဖို့မျှော်လင့်ထားတယ်။ အဓိက ယှဉ်ပြိုင်ရမယ့်ပါတီရယ်လို့မရှိပါဘူး။ ကျွန်တော်တို့ အနိုင်ရနိုင်တဲ့ဒေသတွေမှာပဲ အရွေးချယ်ခံမှာဖြစ်တဲ့အတွက်ကြောင့်ပါ" ဟု လီဆူးအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှအတွင်းရေးမှူး ဦးအားခီဒါခူးကပြောသည်။

လီဆူးအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှာ ၂၀၁၃ခုနှစ် ဒီဇင်ဘာလ ၁၇ရက်တွင် စတင်ဖွဲ့စည်းခဲ့သည့် ပါတီတစ်ခုဖြစ်သော်လည်း ၂၀၁၅ ခုနှစ်ကုန်ပါကပါတီဝင် တစ်သိန်းကျော်ရှိလာမည်ဟုလည်း ခန့်မှန်းထားသည်။

လီဆူးအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီအနေဖြင့် ၎င်းတို့ယှဉ်ပြိုင်မည့်ဒေသများတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ကချင်ပြည်နယ်ဒီမိုကရေစီပါတီ၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီတို့ဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မင်းအုံသွန်း(မြစ်မခ)

The HOT NEWS

Vol - 5, No - 239, Apr 24 - 30 , 2015



# ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၈) ပုဒ်မ ၃၈၆ ကို အသက်ဝင်ဆောင်ရွက်ပေးစေချင်

**မျိုးထွန်း(ကျွန်းသား)**

(၂၄. ၂. ၂၀၁၅) ရက်နေ့ထုတ် The Voice နေ့စဉ်သတင်းစာ စာမျက်နှာ (၁၆) ပါ သတင်းနဲ့ (၂၆. ၂. ၂၀၁၅) ပြည်ထောင်စုနေ့စဉ် သတင်းစာ စာမျက်နှာ (၄) သတင်းထောက် နေထက်ဝေ ရေးသား တဲ့ 'ကြုံရဆုံရ သေမင်းခံတွင်းဝ' ကောက်စာ ဖေဖော်ဝါရီလ ၂၁ ရက် အချိန်နာရီပြန် ၂ ချက်တီး ဝန်းကျင်လောက်ကိုင်မြို့သို့သွားရောက်သတင်းရယူခဲ့တဲ့ သတင်းသမား (၅) ဦး၊ ကြက်ခြေနီနှစ်ဦး၊ ယာဉ်မောင်းတစ်ဦးအပြင်ပါစင်ကျော်ရွာအနီးက ကူညီတင်ဆောင်ခဲ့တဲ့ စစ်ဘေးရှောင်ပြည်သူအမျိုးသားတစ်ဦး၊ အမျိုးသမီး (၂) ဦး၊ ကလေးငယ်နှစ်ဦးတို့ စီးနင်းလိုက်ပါတဲ့ ကြက်ခြေနီ ယာဉ်တစ်စီးလုံထန်ရွာအထွက်မှာ ကိုးကန့်လက်နက်ကိုင်တပ်ဖွဲ့များရဲ့ စောင့်ကြိုပစ်ခတ်ခြင်းခံရတဲ့အချိန်ကြုံတွေ့ရတဲ့အကြောင်းဖတ်ရှုရတဲ့အပေါ် ဆောင်းပါးရေးပါရစေ။

ယနေ့လူငယ်အများစုဟာ မှိုလိုပေါက်နေတဲ့ အရက်ဆိုင်၊ ဘီယာဆိုင်တွေမှာ နံနက်အရုဏ်ကျင်းချိန်မှ နေဝင်မိုးချုပ်သောက်စားမူးယစ်အချိန်ကုန်နေကြပါတယ်။ ဒီလိုသောက်စားမူးယစ်မှုနဲ့အတူ ရာဇဝတ်မှုကျူးလွန်တာတွေကိုလည်း သတင်းစာနဲ့ ဂျာနယ်များမှာဖတ်ရှုနေရပြီး မအိုဆေးလို့တင်စားပြောသလိုအရွယ်ငယ်ငယ်နဲ့ သေဆုံးနေကြတာတွေဟာ တိုင်းပြည်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဆုတ်ယုတ်နေရတာတွေပါပဲ။ အရက်၊ ဘီယာနဲ့ တင်ပြီးသလားဆိုတော့လည်း ဒါတင်မကသေးပါဘူး။ မူးယစ်ဆေးသုံးစွဲမှုတွေနဲ့အတူ မိဘပိုက်ဆံထိုင်ဖြုန်းပြီး အချိန်ကုန်လမ်းမများနဲ့ကလပ်များ KTV နဲ့ အနှိပ်ခန်းတွေမှာ စည်ကားနေတာတွေကိုလည်း တွေ့နေရပါတယ်။

လူငယ်အများစုရဲ့ ကာယဗလကြံ့ခိုင်မှုနဲ့ စည်းကမ်းပိုင်းတွေမှာလည်း အားရကျေနပ်လောက်စရာ မမြင်ရပါဘူး။ သေသပ်တဲ့ ဝတ်စားဆင်ယင်မှု၊ စည်းကမ်းစနစ်ကျတဲ့လှုပ်ရှားဆောင်ရွက်မှုတွေမရှိသလိုတိကျတဲ့ အချိန်လေးစားမှုတွေ ပျောက်ဆုံးနေတာပါပဲ။ လူငယ်ဆိုတာ သွက်လက်ဖျတ်လတ်ရမယ်။ ကျန်းမာကြံ့ခိုင်ရမယ်။ ကျန်းမာကြံ့ခိုင်မှုအားနည်းလာရတာဟာလည်း အားကစားကွင်းနဲ့ လေ့ကျင့်ရေးခန်းမတွေလုံလောက်မှုမရှိတာကလည်း အဓိကတိုင်းပြည်ရဲ့ အားနည်းချက်ပါ။ ကလေးတွေ ယခု စာသင်ကြားရေးစနစ်အားနည်းချက်ကြောင့် ကျောင်းနဲ့ကျူရှင်၊ ကျူရှင်နဲ့ပိုင်း၊ ဂိုက်နဲ့ အဆောင်တို့နဲ့ နပန်းလုံးရင်းအချိန်တွေကုန်နေကြရတာဟာလည်း သော့ချက်ကျတဲ့ပြဿနာတစ်ရပ်ပါပဲ။

ယနေ့ခေတ် လူငယ်အများစုကို ကြည့်ရင် ယောကျ်ားလေးဖြစ်ပေမဲ့ မိန်းမဆန်ဆန် လှပချင်မှုနဲ့အတူ နားကပ်၊ နားဆွဲ၊ ဆံပင်၊ ပုံစံအမျိုးမျိုးပြုပြင်၊ အရောင်စုံခြယ်သပြီး ကန့်ကယနှင့် မိန်းမဆန်တဲ့ ခပ်ပျော့ပျော့ပုံစံလူငယ်တွေကို မြင်တွေ့ရတဲ့အပေါ် နောင်တစ်ချိန်တိုင်း ပြည်တာဝန်ကို ပခုံးပြောင်းတာဝန်ယူကြတဲ့အခါ ကျွန်တော်တို့ဘယ်လိုယုံကြည်စွာနဲ့စိတ်ချထားရမလဲဆိုတာစိုးရိမ်မိပါတယ်။

အမေရိကန်ပြည်ထောင်စု၊ တောင်ကိုရီးယားနိုင်ငံတွေမှာလည်း အရွယ်ရောက်သူ၊ ကျန်းမာသန်စွမ်းသူများ၊ စစ်မှုမထမ်းမနေရပြဋ္ဌာန်းထားတဲ့အတွက် ကိုရီးယားဇာတ်ကားတွေမှာ သရုပ်ဆောင်တွေ၊ ကျော်ကြားသူတွေ (၂) နှစ် စစ်မှုထမ်းဆောင်ပြီးကြောင်း၊ သတင်းတွေလည်းဖတ်ရပါတယ်။ မြန်မာနိုင်ငံမှာလည်း စစ်သည်တော်ဟောင်း တစ်ဦးရဲ့ ပြောကြားချက်ကို စိတ်ထဲစွဲမြဲစွာမှတ်မိနေတဲ့ တပ်ကြပ်ကြီးဟောင်းတစ်ဦးပြန်လည်ရွတ်ဆိုပြတဲ့စကားရပ်လေးကိုလည်းမျှဝေပါရစေ။ 'ငါ့သားများစစ်ထဲဝင်ရင်လေ၊ သူ့ကိုပြောလိုက်စမ်းပါကွာ။ စစ်တပ်ဆိုတာ အမှန်တကယ်လိုက်နာနိုင်ရင် တကယ့်ယောကျ်ားကောင်း၊ ယောကျ်ားမြတ်ကြီးဖြစ်အောင်သင်ကြားပေးတဲ့ကျောင်းကြီးပေါ့'ဆိုတဲ့စကားပါ။

လစ်သူယေးနီးယား နိုင်ငံမှာလည်းစစ်မှုမထမ်းမနေရစနစ်ကို ပြန်လည်ကျင့်သုံးမယ်ခေါင်းစဉ်နဲ့ ၂၆. ၂. ၂၀၁၅ ရက်နေ့ထုတ် မဇ္ဈိမသတင်းစာမှာ ရေးသားချက်ကိုလည်း ကောက်နုတ်ဖော်ပြပါရစေ။ ဒေသတွင်းယူကရိန်းနိုင်ငံမှာ ရန်လိုတိုက်ခိုက်မှုများ တိုးမြှင့်ဖြစ်ပေါ်နေခြင်းကြောင့် နိုင်ငံတွင်းအမျိုးသားလူငယ်များ စစ်မှုမထမ်းမနေရစနစ်ကိုပြန်လည်ကျင့်သုံးသွားမှာဖြစ်ကြောင်း၊ လစ်သူရေးနီးယားအစိုးရ၊ စစ်ဘက်အကြီးအကဲများ၊ အစိုးရအဆင့်မြင့်အရာရှိကြီးများနဲ့ တွေ့ဆုံဆွေးနွေးပြီးလစ်သူရေးနီးယား သမ္မတဒါလီယာဂရီဘော်စကိုင်တီက ဖေဖော်ဝါရီလ (၂၄) ရက်နေ့တွင်ပြောကြားသွားခဲ့ပါတယ်။ ပထမဆုံးစစ်မှုထမ်းမယ့်အသုတ်မှာ အသက် (၁၉) နှစ်မှ (၂၇) နှစ်ကြား အမျိုးသားဦးရေ (၃၀၀၀) ထိပါဝင်မှာဖြစ်ပြီး ၎င်းတို့ဟာ (၉) လကြာတာဝန်ထမ်းဆောင်ရမယ်လို့ဖတ်ရှုရပါတယ်။

The Voice နေ့စဉ်သတင်းစာ ၂၇. ၂. ၂၀၁၅ ရက်နေ့ထုတ် သတင်းစာပါ ပြည်သူ့စစ်မှုထမ်းဥပဒေ တစ်နှစ်အတွင်းအကောင်အထည်ဖော်ရန် လွှတ်တော်တွင်းဆွေးနွေးခေါင်းစဉ်ဖြင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးမန်းကံညွန့်က ဖေဖော်ဝါရီ (၂၆) ရက်နေ့က ကျင်းပတဲ့ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်းဥပဒေတွင် ဆွေးနွေးစဉ်ဝင်ရောက်ဆွေးနွေးခဲ့ကြောင်းနဲ့ တပ်မတော်အစိုးရလက်ထက်တွင် ပြဋ္ဌာန်းထားတဲ့ပြည်သူ့စစ်မှုထမ်းဥပဒေအရအသက် (၁၈) နှစ်မှ (၃၅) နှစ်အတွင်းရှိ အမျိုးသားအားလုံး အသက် (၁၈) နှစ်မှ (၂၇) နှစ်အတွင်းရှိ အမျိုးသမီးအားလုံးစစ်မှုထမ်းဆောင်ရန်ပြဋ္ဌာန်းထားပြီး ပညာရှင်အဆင့်အတွက် အသက် (၃၅) နှစ်မှ (၄၅) နှစ်မှ (၄၅) နှစ်အထိအကျုံးဝင်ကြောင်းရေးသားချက်ကိုလည်းဖတ်ရှုရပါတယ်။

ဆောင်းပါးအစပြန်ကောက်ရရင်တော့ သတင်းသမား (၅) ဦးရဲ့ လုံထန်းရွာအတွက်တိုက်ပွဲအတွေ့အကြုံကိုရေးသားချက်ပါအခြေခံစစ်ပညာမသင်ထား၊ မတက်ထားတဲ့အတွက် တိုက်ပွဲနဲ့ရင်ဆိုင်ကြုံတွေ့စဉ်မှာ တွေ့ကြုံရတဲ့အခက်အခဲတွေကြောင့် ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အခန်း (၈)၊ ပုဒ်မ ၃၈၆ ဖြစ်တဲ့ 'နိုင်ငံသားတိုင်းသည်ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန်တာဝန်ရှိသည်' လို့ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့် ပုဒ်မ ၃၈၆ ကို အသက်ဝင်စေချင်ပါတယ်။

ယခုလူငယ်များဟာ တိုင်းပြည်ချစ်စိတ်၊ စည်းကမ်းစနစ်ကျနစွာနဲ့ ခွန်အားဗလကြံ့ခိုင်တောင့်တင်းဖို့ဆိုတာဟာလည်း သူတို့ကိုယ်တိုင်မဆောင်ရွက်တဲ့အပေါ်မှာ ဥပဒေအရသာ ထိန်းကျောင်းဆောင်ရွက်သင့်ပါကြောင်း ပြောပါရစေ။

## အဖြည့်ခံ

ပြန်တွေးကြည့်ရင် ဝမ်းနည်းစရာကောင်းသလို သံဝေဂရစရာလည်း ကောင်းနေ၏။ သစ်မရောက် ခင်ဝါးကူသလို၊ ဒါမှမဟုတ် "ပန်းစံပယ်နန်းအလယ် မပေါ်ခိုက်ဟာမို့၊ အလိုက်တော်ကြံသင့်ရုံပ၊ ခံပွင့်ကိုကုံး"ခဲ့ကြလေသလား။

"အဖြည့်ခံ"ဆိုသည့် စကားသုံးလုံးရဲ့ နိမ့်ကျမှုက အားငယ်စရာ သိမ်ငယ်စရာကောင်း နေသည်မှန်သော်လည်းလိုအပ်တဲ့ ယာယီအချိန်လေးမှာလိုအပ်သလို ဖြည့်စွက်အထောက်အကူ ပြုပေးခဲ့တာလေးတွေကို ကျေးဇူးတင် နားလည်ပေးနိုင်မည်ဆိုရင်ပဲ အဖြည့်ခံ လေးတို့ရဲ့ဘဝ နှစ်သိမ့်ဆုလေးနှင့်သာ ကျေနပ်နေရပေမည်။

ဟိုတစ်ချိန်တုန်းကတော့ တစ်နေရာဆီကို ဆက်သွယ်စကားပြောချင်သူ မှန်သမျှ အများသုံးတယ်လီဖုန်းရုံလေးတွေဆီလာရောက်ပြီးပြောကြဆိုကြ အဆင်ပြေကြနှင့် အလုပ်ဖြစ် တွင်ကျယ်နေတာတွေကိုကြည့်ပြီး ပီတိဖြစ်ခဲ့ရသည်။ တစ်ခါတစ်ခါများ ဖုန်းလာဆက်သူတွေများနေလို့ လက်မလည်ဘဲ အလုပ်ကျ တန်းစီစောင့်နေရတာမျိုးတွေတောင်ရှိရဲ့။

အခုတော့ ဒီဖုန်းရုံလေးထဲမှာ နေ့တိုင်းအလုပ်ဆင်းဝန်ဆောင်မှု ပေးနေကျကောင်မလေးလည်း မလာတော့တာ ကြာပေပြီ။ လက်ကိုင် ဖုန်းလေးတွေ လူတိုင်းနီးပါးကိုယ်စီကိုင်သုံးနေချိန်မှာ အများသုံးတယ်လီဖုန်းရုံလေးကတော့ အားငယ်နွမ်းဖျော့စွာငြိမ်ချက်သားကောင်းနေ၏။



ကားမှတ်တိုင် တစ်ခုနားတွင် တည်ဆောက်ထားသည့်အတွက် လိုင်းကားစောင့်ရင်း လုပ်ငန်းခွင် မရှိတော့သည့်ဖုန်းရုံလေးရဲ့ တစ်ချိန်ကဖုန်းတင်ရာ နေရာလေးများပေါ်တွင် တက်ထိုင်သူက ထိုင်၊ ပစ္စည်း ပစ္စယတွေတင်သူကတင်နှင့် နောက်ဆုံးပေးဆပ်ခြင်း သဘောလိုက်လျောခွင့်ပြုသည့်ဟန်ဖြင့် ဖုန်းရုံလေးခမျာ ဣန္ဒြေမပျက် သည်းခံနေရရှာသည်။

မနက်ခင်း၊ နေ့လယ်ခင်းနှင့် ညဘက်တွေမှာ လက်ကိုင်ဖုန်းဆိုင်လေးတွေ လူစည်ကားနေသလောက် ဒီဖုန်းရုံလေးမှာတော့ ကျီးနှင့်ဖုတ်ဖုတ်။ အနားက ဖြတ်လျှောက်သွား သူတွေပင် လှည့်မကြည့်ကြတော့။ ဘဝတူအချို့ဖုန်းရုံလေးများဆိုရင် နေဒဏ်မိုးဒဏ်နှင့် လူတွေရဲ့ ဥပေက္ခာပြုမှုဒဏ်ကြောင့် ဖုန်တွေတက်၊ သံချေးတွေကိုက်ကာ ပြိုကျတော့မည့် ဟန်ဖြင့်ယိုင်နဲ့နဲ့ပင်ဖြစ်နေရှာသည်။အလိုရှိတုန်းက ပြုံးပျော်စွာအသုံးတော် ခံခဲ့ရသော်လည်း အလို မရှိတော့သည့်အခါ အဆုံးသာစီရင်လိုက်ပါတော့ဟု ပြောနေသယောင်။

**မျိုးဝင်းအောင်(မြင်းမူ)**

The HOT NEWS
Vol - 5, No - 239, Apr 24 - 30, 2015



# တာဝေးပုံးကြဲလေယာဉ်သစ်အား တရုတ်ထုတ်ဖော်ပြသ



တရုတ်နိုင်ငံကရင်းသည်အနောက်ပိုင်း ပစိဖိတ်သမုဒ္ဒရာ၏ဝေဟင်တွင် ပထမဦးဆုံးသောစစ်ရေးလေ့ကျင့်မှုများပြုလုပ်ခဲ့သည်ဟုကြေညာချက်နှင့်အတူ အမည်နာမဖော်ပြထားခြင်းမရှိသော ဗုံးကြဲလေယာဉ်အမျိုးအစားသစ်၏ပုံများကို ထုတ်လွှင့်ခဲ့သည်။ တရုတ်ကာကွယ်ရေးဝန်ကြီးဌာန၏ ဝက်ဆိုဒ်တွင်စစ်ရေးလေ့ကျင့်မှုသည် တိုင်ပေကျွန်းနှင့် ဖိလစ်ပိုင်ကျွန်းအကြားရှိဘာရှီတူးမြောင်းပေါ်တွင်ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်းဖော်ပြထားသည်။

ဓာတ်ပုံများထုတ်လွှင့်မှုအရစစ်ရေးလေ့ကျင့်မှုသည်တရုတ်နိုင်ငံထုတ်တာဝေးပုံးကြဲလေယာဉ်၏စွမ်းဆောင်နိုင်မှုကို စမ်းသပ်ခြင်းဖြစ်သည်။ ဝမ့်ချိုင်းနားတောင်းသတင်းစာ၏အဆိုအရဓာတ်ပုံများသည် အိတ်ချ်-၆ကေ တာဝေးပုံးကြဲမဟာဗျူဟာလေယာဉ်များဖြစ်ပြီး ၎င်းတို့သည်အချင်းဝက်ကီလိုမီတာ (၂၀၀၀) အတွင်းတိုက်ခိုက်နိုင်စွမ်းရှိသဖြင့် အမေရိကန်တို့၏ဂူအမ်ကျွန်းရှိစစ်စခန်းများအားတိုက်ခိုက်နိုင်စွမ်းရှိကြောင်းဖော်ပြထားသည်။

တရုတ်လေတပ်မှပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီးရှန်းဂျင်ကေကတရုတ်နိုင်ငံနှင့် ဝေးကွာရာအရပ်ရှိဝေဟင်တွင် စစ်ရေးလေ့ကျင့်မှုသည်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၏တိုက်စွမ်းရည်ကိုသိရှိရန်အတွက်ထိရောက်သောနည်းလမ်းဖြစ်ပြီး ကမ္ဘာ့အင်အားကြီးလေတပ်များသည်လည်း ထိုကဲ့သို့ပင်ဆောင်ရွက်လေ့ရှိကြောင်းပြောကြားသည်။

သံတမန်တစ်ဦးကထိုစစ်ရေးလေ့ကျင့်မှုသည်နိုင်ငံရပ်ခြားစစ်ဆင်ရေးများအတွက် ခြေတစ်လှမ်းတက်လှမ်းလာခြင်းဖြစ်ကြောင်းပြောကြားသည်ဟု အာရှ-ပစိဖိတ်သတင်းဝက်ဘ်ဆိုဒ်တွင်ဖော်ပြထားသည်။ ထိုစစ်ရေးလေ့ကျင့်မှုသည်တရုတ်နိုင်ငံကတောင်တရုတ်ပင်လယ်တွင် ဖိလစ်ပိုင်၊ ဗီယက်နမ်၊ တိုင်ဝမ်တို့အပါအဝင်အိမ်နီးချင်းနိုင်ငံများနှင့် မြေပိုင်ဆိုင်မှုအငြင်းပွားနေစဉ်အတွင်းပြုလုပ်ခဲ့ခြင်းလည်းဖြစ်သည်။

ဗိုလ်မှူးကြီးရှန်းကဆက်လက်၍ စစ်ရေးလေ့ကျင့်မှုသည်အပြည်ပြည်ဆိုင်ရာဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မည်သည့်နိုင်ငံ၊ မည်သည့်ပစ်မှတ်ကိုမျှမရည်ရွယ်ဘဲမည်သည့်နိုင်ငံ၊ မည်သည့်ဒေသကိုမျှလည်းခြိမ်းခြောက်မှုမရှိကြောင်းပြောကြားသည်။

တရုတ်အစိုးရကတရုတ်နိုင်ငံ၏စစ်ရေးအသုံးစရိတ်အား ယခုနှစ်တွင် ၁၀% တိုးမြှင့်သွားမည်ဖြစ်ပြီး ဒေါ်လာ ၁၄၅ ဘီလီယံသုံးစွဲမည်ဖြစ်ကြောင်းကြေညာခဲ့သည်ဟုလည်းသိရှိရသည်။

Source:Newsweek

ဥက္ကာအောင်



# မဲဟောင်ဆောင်ဒုက္ခသည်စခန်းတွင်မီးလောင်၍ ဒုက္ခသည်(၇၈၀)အိုးမဲ့ အိမ်မဲ့ ဖြစ်

မဲဟောင်ဆောင်၊ မောင်းခရိုင်ရှိ ဘန်းမိုင်နိုင်ဆွိုင်ဒုက္ခသည်စခန်းတွင် ဧပြီလ (၇) ရက်နေ့က မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် နေအိမ်ပေါင်း (၁၄၈) လုံးမီးလောင်ကျွမ်းခဲ့ပြီး ဒုက္ခသည်ပေါင်း (၇၈၀) အိုးမဲ့အိမ်မဲ့ဖြစ်သွားခဲ့ရသည်။

နံနက် (၁၁) နာရီအချိန်တွင် စတင်လောင်ကျွမ်းသောမီးအား နေ့လယ် (၁) နာရီအချိန်တွင် ငြိမ်းသတ်နိုင်ခဲ့သည်။ ဒုက္ခသည်အိမ်တစ်လုံးတွင် ရေနွေးအိုးတည်ပြီး ရေနွေးအိုးအားမီးဖိုပေါ်တွင် ဆက်လက်ထားရှိခဲ့ရာမှ မီးလောင်ကျွမ်းခြင်းဖြစ်ကြောင်း မောင်းခရိုင်၏အကြီးအကဲ ဆာရာဝတ်သိုင်းချာရွန်က ပြောကြားသည်။

မဲဟောင်ဆောင်ရဲတပ်ဖွဲ့အကြီးအကဲဖြစ်သူ ရဲဗိုလ်ချုပ်ဂျာရတ်လင်စူဝမ်က ရဲတပ်ဖွဲ့သည် မီးလောင်မှုဖြစ်ပွားရခြင်း၏အကြောင်းရင်းမှန်ကိုသိရှိရန်အတွက် မှုခင်းဌာန၏ စစ်ဆေးမှုရလဒ်များကိုစောင့်ဆိုင်းလျက်ရှိကြောင်းပြောကြားသည်။

မီးဘေးဒုက္ခသည်များအား ဒေသခံစာသင်ကျောင်းတစ်ကျောင်းတွင် ယာယီနေရာချထားပေးပြီး နိုင်ငံခြားအဖွဲ့အစည်းအချို့က သောက်သုံးရေများနှင့် ကယ်ဆယ်ရေးပစ္စည်းများ စတင်ဖြန့်ဝေပေးလျက်ရှိကြောင်းလည်း သိရသည်။

ဥက္ကာအောင်

Source:Asia News

# ပျောက်ဆုံးနေသောရေဒီယိုသတ္တိကြွပစ္စည်းသေတ္တာအား ဗီယက်နမ်ရှာဖွေ

ဗီယက်နမ်အာဏာပိုင်များသည် သံမဏိစက်ရုံတစ်ရုံကပျောက်ဆုံးသွား သောရေဒီယိုသတ္တိကြွပစ္စည်းများပါဝင်သည့် ခဲသေတ္တာတစ်လုံးအားရှာဖွေလျက်ရှိကြောင်း အရာရှိတစ်ဦးကဧပြီလ (၈) ရက်နေ့တွင်ပြောကြားလိုက်သည်။

ထိုသေတ္တာတွင် ရေဒီယိုသတ္တိကြွ ရောဂါကုထုံးနှင့်စက်ရုံများတွင် အသုံးပြုနိုင်သော ကိုဘော့-၆၀ ပါဝင်ပြီး နိုင်ငံ၏ တောင်ပိုင်းရှိသံမဏိစက်ရုံမှပျောက်ဆုံးသွားခဲ့ခြင်းဖြစ်သည်။

ပျောက်ဆုံးသေတ္တာသည်ငွေရောင် အဆင်းရှိပြီး အလေးချိန် (၄၅) ကီလိုဂရမ် (ပေါင်၁၀၀)၊အလျား(၄၅)စင်တီမီတာ (၁. ၅ ပေ) နှင့် အနံ (၆) လက်မရှိ ကြောင်းလည်း သိပ္ပံနှင့်နည်းပညာဌာနမှ ထုတ်ပြန်ကြေညာချက်တစ်ရပ်တွင် ဖော် ပြထားသည်။ သေတ္တာတွင်း၌ပါရှိသော ကိုဘော့-၆၀ သည်အရည်များကိုတိုင်း တာရာတွင်အသုံးပြုပြီး သဘာဝပတ်ဝန်းကျင်နှင့် လူတို့၏ကျန်းမာရေးကိုထိခိုက် နိုင်စေကြောင်းလည်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ထိုကိုဘော့-၆၀ သည် ၂၀၁၀ ခုနှစ် အတွင်း သံမဏိစက်ရုံတွင် သံမဏိအရည်ပါဝင်မှုကိုတိုင်းတာရန်အတွက် စက်ရုံကတင်သွင်းခဲ့သောရေဒီယိုသတ္တိကြွပစ္စည်း (၅) မျိုးအနက်တစ်မျိုး အပါအဝင်ဖြစ်ကြောင်းအစိုးရထုတ် တို့င်ထရီသတင်းစာကရေးသားဖော်ပြလိုက်ပြီး ထိုသေတ္တာသည်ယမန်နှစ် နှောင်းပိုင်းကာအထိ စက်ရုံတွင်ရှိနေသေးကြောင်းလည်း ကုမ္ပဏီကအတည်ပြုပြောကြားလိုက်သည်။

ထိုသေတ္တာအားတစ်စုံတစ်ယောက် ကတွေ့ရှိသွားပြီး အကာအကွယ်ပြုထားသည့်ခဲများကိုဖွင့်ဖောက်လိုက်ခြင်းအားဖြင့် ထိုသူနှင့်အခြားသောသူများအား ရေဒီယိုသတ္တိကြွအဆိပ်သင့်မည်ကိုစိုးရိမ်ရကြောင်း၊ ပုံမှန်အကာအကွယ်မရှိဘဲ ကိုဘော့-၆၀ကိုထိတွေ့ပါကကင်ဆာရောဂါ ဖြစ်ပွားနိုင်ကြောင်းလည်းတာဝန်ရှိသူတစ်ဦးကပြောသည်။

Source:AsiaOne ဥက္ကာအောင်

# ဆီးရီးယားတွင် ကာ့ဒ်လူမျိုး (၃၀၀) အား အိုင်အက်စ်ပြန်ပေးဆွဲ



ဆီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်းရှိ စစ်ဆေးရေးဂိတ်တစ်ခုတွင် အိုင်အက်စ်တို့က ကာ့ဒ်လူမျိုးအရပ်သား (၃၀၀) ခန့်အား ဧပြီလ (၆) ရက်နေ့က ပြန်ပေးဆွဲသွားခဲ့ကြောင်း ကာ့ဒ်အရာရှိများနှင့် ဒေသခံသတင်းထောက်တစ်ဦးတို့က ပြောကြားလိုက်သည်။

ကာ့ဒ်အရာရှိများက အိုင်ဒလစ်ပြည်နယ်တွင် လှုပ်ရှားလျက်ရှိသော အယ်ကေးဒါလက်အောက်ခံ အယ်လ်နူဆရာတပ်ဦးမှ ပြန်ပေးဆွဲသွားခြင်းဖြစ်ကြောင်း ပြောကြားကြသော်လည်း လတ်တလောအခြေအနေတွင် ပြန်ပေးဆွဲမှုအတွက် မည်သည့်အုပ်စုတွင် တာဝန်ရှိကြောင်းကိုမူ ရှင်းရှင်းလင်းလင်းမသိရှိရသေးပေ။

အဝေးပြေးကားကြီး (၅) စီးနှင့် မီနီဘတ်စ် (၁) စီးတို့ဖြင့် အဖရင်မှ အလက်ပိုသို့လစာထုတ်ရန် လာရောက်ကြသော လူ(၃၀၀) ခန့်အား စစ်ဆေးရေးဂိတ်တွင် ပြန်ပေးဆွဲခံခဲ့ရခြင်းဖြစ်ကြောင်း ကာ့ဒ်ဒီမိုကရက်တစ်ယူနီယံပါတီ (ပီဝိုင်ဒီ)၏ပြောရေးဆိုခွင့်ရှိသူ နဝပ်ခါလီးလ်ကပြောကြားသည်။

ပြန်ပေးဆွဲခံရမှုကို ဆီးရီးယားနိုင်ငံရှိ အမိက ကာ့ဒ်ပါတီဖြစ်သော ပီဝိုင်ဒီမှ ဒုတိယအရာရှိတစ်ဦးက အတည်ပြုပြောကြားပြီး အဖရင်မြို့မှ သတင်းထောက်တစ်ဦးကလည်း အမျိုးသမီးများအား ပြန်လွှတ်ပေးခဲ့ပြီး အမျိုးသားများနှင့် ကလေးများအားဆက်လက်ဖမ်းဆီးထားကြောင်း၊ ၎င်းတို့သည် ဒါနာတွင်ပြန်ပေးဆွဲခံရခြင်းဖြစ်ပြီး ဒါနာအား အိုင်အက်စ်နှင့် အယ်လ်နူဆရာတို့က ထိန်းချုပ်ထားကြောင်း ပြောကြားသည်။

ပီဝိုင်ဒီက ပြန်ပေးဆွဲမှုနှင့် ပတ်သက်၍ အယ်လ်နူဆရာတပ်ဦးအား ပြစ်တင်ပြောကြားသော်လည်း ဆီးရီးယားနိုင်ငံရှိ လူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့များကမူ ပြန်ပေးဆွဲမှုအတွက် မည်သည့်အဖွဲ့တွင်တာဝန်ရှိသည်ဆိုခြင်းမှာ မရှင်းမလင်းဖြစ်နေသေးကြောင်း ပြောကြားလိုက်သည်။

ဥက္ကာအောင်

Source:AsiaOne

# International

The HOT NEWS
Vol - 5, No - 239, Apr 24 - 30, 2015




ပါကစ္စတန်သို့ရောက်ရှိလာသည့် တရုတ်သမ္မတကြီး ရှီကျင့်ဖျင်





# ပါကစ္စတန်နဲ့ ရွှေလမ်းငွေလမ်းဖောက်လိုက်တဲ့ တရုတ်

ကျော်စိန်

တရုတ်သမ္မတကြီး ရှီကျင့်ဖျင် ဧပြီလ ၂၀ ရက်က ပါကစ္စတန်သို့ ရောက်ရှိခဲ့ငင်း၏ ပါကစ္စတန်ခရီးစဉ်အတွင်း တရုတ်-ပါကစ္စတန် နှစ်နိုင်ငံအကြား လုံခြုံရေးပူးပေါင်းဆောင်ရွက်မှု၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ရင်းနှီးမြှုပ်နှံမှုများ ဆိုင်ရာဆွေးနွေးမည်။

ထိုရင်းနှီးမြှုပ်နှံမှုများအနက် တရုတ်က အမေရိကန်ဒေါ်လာ ၄၆ ဘီလီယံ (ယွမ် ၃၁ ဘီလီယံ) အကုန်အကျခံ၍ ပါကစ္စတန်-တရုတ်မဟာဗျူဟာလမ်းမကြီး (Super highway) တည်ဆောက်ရေး စီမံကိန်းအတွက် သဘောတူစာချုပ်တစ်ရပ်ကို နှစ်နိုင်ငံခေါင်းဆောင်များ ဧပြီလ ၂၀ ရက်က လက်မှတ်ရေးထိုးခဲ့ကြသည်။

ထိုအဝေးပြေးလမ်းမကြီးမှာ ပါကစ္စတန်အနောက်တောင်ပိုင်း ဘလူချီစတန်ပြည်နယ်ရှိ အာရေဗျပင်လယ်ကို မေးတင်လျက်ရှိသည့် ဂွာဒါ (Gwadar) မြို့ငယ်လေးမှ တရုတ်နိုင်ငံရှင်ကျန်းပြည်နယ် ကက်ရှ်ဂါ (Kashgar) မြို့ထိ မိုင် ၁၈၀၀ ရှိ မဟာဗျူဟာ လမ်းမကြီးဖြစ်သည်။

သို့သော် ပါကစ္စတန်ရှိ ဒေသခံတို့က ၎င်းတို့ဒေသကို တကယ်ဖွံ့ဖြိုးတိုးတက်အောင် လက်တွေ့ကျကျ ဆောင်ရွက်နိုင်မလားဆိုသည်ကို သံသယဖြင့် စောင့်ကြည့်နေကြသည်။ ပါကစ္စတန်အစိုးရအနေဖြင့် ဂွာဒါမြို့ဖွံ့ဖြိုးရေး စီမံကိန်းအတွက် ၂၀၀၈ ခုနှစ်ကတည်းက ကြိုးပမ်းခဲ့သော်လည်း မယ်မယ်ရရ ဘာတစ်ခုမှ အကောင်အထည်မဖော်နိုင်ခဲ့၍ ယခုတရုတ်၏ စီမံကိန်းကိုလည်း ယုံကြည်မှုအားနည်းနေသည်။ တရုတ်က သူတို့အကျိုးစီးပွားအတွက် ဗဟိုအာရှဒေသကို ခြေဆန့်ခြင်းဖြစ်သည်ဟု ဒေသခံတို့ကပြောနေကြသည့်အပြင် ဘလူချီစတန်ပြည်နယ်သည် ပါကစ္စတန်အစိုးရကို လက်နက်စွဲကိုင်တိုက်ပွဲဝင်နေကြသည့် လက်နက်ကိုင်များ အခြေပြုရာလည်းဖြစ်သဖြင့် တရုတ်- ပါကစ္စတန် မဟာဗျူဟာ လမ်းမကြီးဖောက်လုပ်ရေး စီမံကိန်းတွင် ဘယ်လိုအခက်အခဲများရှိလာမလဲဆိုတာလည်း စောင့်ကြည့်စရာဖြစ်နေသည်။

ကိုးကား–ရိုက်တာ







# အမေရိကန်-ဖိလစ်ပိုင် ရင်ပေါင်တန်းဖြန့် စစ်ရေးလေ့ကျင့်

ကျော်စိန်

အိမ်နီးချင်းအရှေ့တောင်အာရှနိုင်ငံတစ်ခုဖြစ်သည့် ဖိလစ်ပိုင်သည် ကမ္ဘာ့အင်အားကြီး အမေရိကန်စစ်တပ်နှင့်ပေါင်း၍ ၁၅နှစ်တာကာလအတွင်း ပစိဖိတ်သမုဒ္ဒရာပတ်လမ်း (The Path Way of Pacifc Ocean) အတွင်း ကြီးမားသောစစ်ရေးလေ့ကျင့်မှုတစ်ရပ်ကို မနေ့က (ဧပြီ ၂၀ရက်က) စ၍စတင်ပြုလုပ်သည်။ စစ်ရေးလေ့ကျင့်မှုကာလ ၁၀ရက်ကြာမည်။

ပူးတွဲစစ်ရေးလေ့ကျင့်မှုစစ်ဆင်ရေးအမည်ကို 'ဘော်လ်ကန်တန်'(Balkan-tan-2015) ဟု အမည်ပေးထားသည်။ ဘော်လ်ကန်တန်၏ အဓိပ္ပာယ်မှာ (Shoulder to Shoulder) ဟူ၍ဖြစ်သဖြင့် 'ရင်ဘောင်တန်းဖြန့်' စစ်ရေးလေ့ကျင့်မှုဟု မြန်မာမှုပြုနိုင်သည်။

ပူးတွဲစစ်ရေးလေ့ကျင့်မှု၏ ရည်ရွယ်ချက်မှာ 'တရုတ်၏ကျူးကျော်ရန်စမှုကို အင်အားထိန်းညှိရန်' ဖြစ်သည်ဟု ဆိုသည်။ ပူးတွဲစစ်ရေးလေ့ကျင့်မှုဖွင့်ပွဲအခမ်းအနားကို ဖိလစ်ပိုင်နိုင်ငံ၊ ကွီဇုန်ပြည်နယ်၊ အကွီနာဒို စစ်စခန်းတွင် ပြုလုပ်သည်။ ဖွင့်ပွဲအခမ်းအနားတွင် ဖိလစ်ပိုင်သမ္မတနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး ဖိလစ်ဂိုးလ်ဘာ့ဂ်က "ကျွန်တော်တို့က ဖိလစ်ပိုင်နိုင်ငံကို ဟန်ပြကူညီဆောင်ရွက်နေတာမဟုတ်ဘူး။ တကယ်လို့ ဖိလစ်ပိုင်နိုင်ငံအနေနဲ့ လုံခြုံရေးအရ အကျဉ်းအကြပ်တွေ့လာမယ်ဆိုရင် ထိထိရောက်ရောက်ကူညီဆောင်ရွက်သွားဖို့ဖြစ်တယ်" စသည်ဖြင့် ပြောသွားသည်။ အမေရိကန်သံတမန်တော်ကြီးတစ်ဦးက ဖိလစ်ပိုင်၏ စစ်ရေးကိစ္စများကို လူသိရှင်ကြားထုတ်ဖော်ပြောသွားသည်။

တစ်ချိန်တည်းတွင် ဖိလစ်ပိုင် ကာကွယ်ရေးဦးစီးချုပ်ကလည်း "တောင်တရုတ်ပင်လယ်ထဲက အငြင်းပွားနေတဲ့ စပရက်တလီကျွန်းကျောက်တန်းတွေအပေါ်မှာ တရုတ်နိုင်ငံက စစ်စခန်းတည်ဆောက်ဖို့ မြေဖို့နေတာတွေဟာ ရန်စတာဖြစ်တယ်။ ဒီလုပ်ရပ်တွေကို ရပ်ပါ" ဟု တရုတ်ကိုသတိပေးလိုက်သည်။

စစ်ရေးလေ့ကျင့်မှုတွင် အမေရိကန်စစ်တပ်တောတွင်းစစ်ဆင်ရေး အထူးတပ်ဖွဲ့ (Jungle Army Base) က စစ်သည် ၁၀၀၀ တို့ စစ်ထွက်ဝတ်စုံအပြည့်အစုံဖြင့် ပါဝင်မည်ဖြစ်ပြီး စစ်သည်အင်အားဖြည့်ရန် အုပ်ချုပ်ထောက်ပံ့ဆိုင်ရာ စစ်ရေယာဉ်များနှင့် လိုအပ်က စစ်ဆင်ရေးတာဝန်ထမ်းဆောင်ရန် အက်ဖ် ၁၈တိုက်လေယာဉ်များပါ ဖြန့်ခွဲလေ့ကျင့်လျက်ရှိသည်။ ဖိလစ်ပိုင်စစ်တပ်က စစ်သည် ၁၀,၀၀၀ ပါဝင်သည်ဟု သိရသည်။ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ဖိလစ်ပိုင်နိုင်ငံ လူဇုန်ကျွန်းအနီး ပင်လယ်ပြင်တွင် ပြုလုပ်မည်ဖြစ်ပြီး စစ်ရေယာဉ်၊ တိုက်လေယာဉ်များက လက်တွေ့ပစ်ခတ်လေ့ကျင့်မည်ဟု အမေရိကန်စစ်ဘက်က ပြောသည်။

သမ္မတအိုဘားမားက "တရုတ်ဟာ အိမ်နီးချင်းနိုင်ငံငယ်တွေအပေါ် အင်အားပြ ခြိမ်းခြောက်လွှမ်းမိုးဖို့ ကြိုးပမ်းနေတယ်" ဟု စွပ်စွဲပြောကြားသည်။

တစ်ချိန်တည်းတွင် တရုတ်ကလည်း "စပရက်တလီကျွန်းများအနီး ဖြစ်ပေါ်လာတဲ့ ပြဿနာတွေအတွက် အမေရိကန်၊ ဖိလစ်ပိုင်နဲ့ ဗီယက်နမ်နိုင်ငံတွေအပေါ်မှာ တာဝန်ရှိမယ်" ဟုမဆိုင်းမတွတုံ့ပြန်ပြောကြားလျက်ရှိသည်။

အလားတူ ဖိလစ်ပိုင်ရှိ ကွန်မြူနစ် (Leftwing) အချို့က မနီလာရှိ အမေရိကန်သံရုံးရှေ့သို့ ချီတက်ပြီး အမေရိကန်သည် တရုတ်ကို လူဆိုးကြီး (Bogey-man) အဖြစ်စွပ်စွဲပြီး ဖိလစ်ပိုင်တွင် အမေရိကန်တို့ စစ်စခန်းတည်ဆောက်ရန် ကြိုးပမ်းနေသည်ဟု ဆန္ဒပြကြသည်။

ကိုးကား–ဖော့စ်နယူးစ်



## စက်ရုပ်များဖြင့် ဝန်ဆောင်မှုပေးသော ဂျပန်၏ကမ္ဘာ့ပထမဦးဆုံး ဟန်းနားနားဟိုတယ်

ဂျပန်၏ နာဂါဆာကီလုပ်ငန်းစုက လူသားများနှင့် အနီးစပ်ဆုံးတူညီသည့် စက်ရုပ်များဖြင့်ဝန်ဆောင်မှုပေးသော ကမ္ဘာ့ပထမဦးဆုံးဟိုတယ်ကိုဖွင့်လှစ်ရန် စီစဉ်နေသည်။ ဟိုတယ်အမည်ကို **ဟန်းနားနား**ဟု အမည်ပေးထားပြီးဆန်းကြယ်ခြင်းဟု အဓိပ္ပာယ်ရသည်။ ဟိုတယ်မှာနာဂါဆာကီရှိဟက်စတန် ဘော့ရှ်အရပ်တွင် တည်ရှိပြီး ပထမ အဆင့်အနေဖြင့် ၇၂ ခန်းပါသော နှစ်ထပ်ဆောင်ကိုလာမည့် ဇူလိုင် ၁၇ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ကာ ဒုတိယ အဆင့်အနေဖြင့် နောက်ထပ် ၇၂ ခန်းပါ သော အဆောင်ကို ၂၀၁၆ ခုနှစ်တွင် ထပ်မံဖွင့်လှစ်သွားမည်ဟု သိရသည်။

HN-NI

## နှစ် ၂၀၀၀ သက်တမ်းရှိ မက္ကဆီကိုတူးမြောင်းမှ ရှေးဟောင်းပစ္စည်းများတွေ့ရှိ



ယမန်နှစ်ကရှေးဟောင်းသုတေသန ပညာရှင်များသည်နှစ်ပေါင်း (၂၀၀၀) သက်တမ်းရှိသော မက္ကဆီကိုတူးမြောင်း တစ်ခုအားမက္ကဆီကိုရှေးဟောင်းမြို့ တော်တေအိုတီဟွာကန်တွင်တူးဖော်ရာ မှရှေးဟောင်းပစ္စည်းအရေအတွက် ထောင်နှင့်ချီ၍တွေ့ရှိခဲ့ရပြီးနောက်ထပ် တွေ့ရှိသောအခန်း (၃) ခန်းတွင်ပိုမို အရေးကြီးသောအရာများတွေ့ရှိရလိမ့်ဦး မည်ဟုထင်မှတ်ထားကြသည်။

သမိုင်းကြောင်းအရဘီစီ ၁၀၀ ခုနှစ်ဝန်းကျင်တွင်တည်ထောင်ခဲ့သော တေအိုတီဟွာကန်မြို့သည် အေဒီ ၇၅၀ ခုနှစ်ခန့်အထိ မက္ကဆီကိုနိုင်ငံ၏အဓိက မြို့ဖြစ်ခဲ့ပြီး ထိုမြို့ကောင်းစားစဉ်အခါက လူပေါင်း ၁၂၅၀၀၀ ခန့်နေထိုင်ခဲ့ကြ သည့်မက္ကဆီကိုနိုင်ငံ၏အကြီးမားဆုံးမြို့ နှင့် ကမ္ဘာပေါ်တွင်ဆဋ္ဌမမြောက်အကြီး မားဆုံးမြို့ဖြစ်ခဲ့သည်။ ထိုမြို့သည် ဘာသာရေးအချက်အချာမြို့ဖြစ်လာခဲ့ပြီး မြို့၏ဗိသုကာလက်ရာများ၊ မိဆိုအမေရိ ကန်ပိရမစ်များနှင့် ၎င်းတို့၏ပရဝုဏ်များ၊ စုပေါင်းလူနေအိမ်ရာများကြောင့် နာမည် ကျော်ကြားခဲ့သည်။

ယနေ့အချိန်တွင် တေအိုတီဟွာ ကန်သည်မက္ကဆီကိုမြို့စွန်ရှိအရေးကြီး သော ရှေးဟောင်းသုတေသနနေရာ တစ်ခုဖြစ်လာပြီး သုတေသီများကထိုမြို့ နှင့် ထိုမြို့တွင်နေထိုင်ခဲ့ကြသူများ အကြောင်းကို ယနေ့တိုင်သုတေသနပြု လျက်ရှိနေကြသေးသည်။

လွန်ခဲ့သည့်နှစ်ပေါင်း ၂၀၀၀ ကမြေ အောက်တွင်နစ်မြုပ်ပျောက်ကွယ်နေခဲ့ သောပေ (၃၄၀) (၁၀၃ မီတာ) ရှည်လျား သည့်တူးမြောင်းအားဆာဂျီယိုဂိုမက်ဇ် နှင့်၎င်း၏အဖွဲ့ကမကြာသေးမီကပင်တူး မြောင်းအဆုံးသို့တိုင်ရောက်ရှိခဲ့သည်။၎င်း တို့သည်ဆင်းတုများ၊ပုတီးစေ့များ၊အိုးများ၊ ခရုခွံများနှင့်တိရစ္ဆာန်အရိုးများစသည့် ပစ္စည်းများအားတွေ့ရှိစုဆောင်းခဲ့ကြသည်။

ဂိုမက်ဇ်နှင့် အဖွဲ့သည်မြွေဘုရား ကျောင်းတော်၏အောက်အနက် (၅၉) ပေ၊ (၁၈ မီတာ) ခန့်ရှိ အဝင်ဝတွင် ပူဇော်သက္ကာပစ္စည်းအမြောက်အများကို တွေ့ရှိခဲ့ကြသည်။ သုတေသီများက ထိုနေရာသည်မြို့အားအုပ်ချုပ်သူများ၏ သင်္ချိုင်းဂူဖြစ်လိမ့်မည်ဟုယူဆကြသည်။ သို့ရာတွင် ယခုချိန်ထိ၎င်းတို့၏ရုပ်ကြွင်း များကိုမူတွေ့ရှိရခြင်းမရှိသေးပေ။

တူးဖော်ရေးအဖွဲ့သည်ယနေ့ချိန်ထိ အသစ်တွေ့ရှိရသည့်အခန်းများအား အနက် (၂) ပေ (စင်တီမီတာ ၆၀) ခန့် ထိသာတူးဖော်နိုင်သေးသည်။တူးဖော် ရေးလုပ်ငန်းများအား နောက်ထပ်တစ် နှစ်ခန့်ဆက်လက်ဆောင်ရွက်ရမည်ဖြစ် ကြောင်း လည်းသိရှိရသည်။

Source:AP

ဥက္ကာအောင်

## ကမ္ဘာ့အသက်အကြီးဆုံးအမျိုးသမီးအဖြစ် (၆) ရက်ကြာနေထိုင်ခဲ့ရသူ



ယခင်သီတင်းပတ်ကမှ အသက်ရှင် လျက်ရှိသည့် ကမ္ဘာ့အသက်အကြီးဆုံး အမျိုးသမီးကြီးဖြစ်လာခဲ့သူ ဂါထရူဝီဗာ သည် အာကင်းဆက်ပြည်နယ်ရှိ သက် ကြီးရွယ်အိုစောင့်ရှောက်ရေးဌာနတစ်ခု၌ အသက် (၁၁၆)နှစ်အရွယ်တွင် ကွယ်လွန် သွားခဲ့ပြီဖြစ်ကြောင်း အရာရှိများက ဧပြီ လ (၆) ရက်နေ့တွင်ပြောကြားလိုက် သည်။

ဝီဗာက အသက်ရှည်ခြင်း၏အဓိက သော့ချက်မှာ လူများအား ကြင်နာစွာ ဆက်ဆံခြင်းပင်ဖြစ်ကြောင်း ပြောကြား ခဲ့ပြီးသူမသည် သက်ကြီးရွယ် အိုများနှင့် ပတ်သက်သည့် သတင်းများအား ဖတ်ရှု ရန် နှစ်သက်ကြောင်း အာကင်းဆပ် ပြည်နယ်၊ ကမ်ဒင်းမြို့ရှိ ဆေးဘားအုတ် ကျန်းမာရေးနှင့် ပြန်လည် နေရာချထား ရေးဗဟိုဌာန၏ စီမံခန့် ခွဲရေးမှူး ကေသီ လန်ဂလီ ကပြောကြားလိုက်သည်။

ဝီဗာအား အာကင်းဆပ်ပြည်နယ် အတွင်း တက္ကဆက်ပြည်နယ်နှင့် နယ် စပ်အနီးတွင် ၁၈၉၈ခုနှစ်၊ ဇူလိုင်လ (၄) ရက်နေ့တွင်မွေးဖွားခဲ့ကာ ငယ်ရွယ်စဉ်က အိမ်ဖော်အဖြစ်အလုပ်လုပ်ကိုင်ခဲ့သည်။ ဝီဗာကွယ်လွန်သွားသောအခါ ယခု လက်ရှိကမ္ဘာ့အသက်အကြီးဆုံး အမျိုး သမီးမှာ ဂျယ်ရာလင်းတယ်လီဖြစ်ပြီး သူမအား ၁၈၉၉ ခုနှစ် မေလ (၂၃) ရက် နေ့တွင်မွေးဖွားခဲ့သဖြင့် အသက် (၁၁၆) နှစ်ပြည့်ရန် (၁)လသာလိုတော့သည်။

တယ်လီသည် အရက်မသောက်၊ ဆေးလိပ်မသောက်သူဖြစ်ပြီး သူမသည် တစ်ကြိမ်တည်းသာ အာသီးခွဲစိတ်ကုသ မှုခံယူခဲ့ဖူးသူဖြစ်သည်။

ဧပြီလ (၁) ရက်နေ့ကကွယ်လွန် သွားခဲ့သော ဂျပန်နိုင်ငံမှ အသက် (၁၁၇) နှစ်ရှိ မီစာအိုအိုကာဝါသည် ကမ္ဘာ ပေါ်တွင် အသက်အကြီးဆုံးနေထိုင် သွားခဲ့ရသည့် အမျိုးသမီးကြီးအဖြစ် မှတ်တမ်းတင်ထားနိုင်ခဲ့ကြောင်းလည်း သိရသည်။

ဥက္ကာအောင်

Source:Reuters



## ကမ္ဘာပေါ်တွင် ကုန်ကူးမှုအခံရဆုံးသောသတ္တဝါ

သေးငယ်၍အကြေးခွံများဖုံးလွှမ်း နေသည့်အာရှမျိုးရင်းသင်းခွေချပ်သည် ကံမကောင်းအကြောင်းမလှစွာဖြင့်ပင် ကမ္ဘာပေါ်တွင်ကုန်ကူးမှုအခံရဆုံးနို့တိုက် သတ္တဝါအဖြစ်သရဖူဆောင်းထားနိုင်ခဲ့ သည်။ သင်းခွေချပ်သည်တစ်ကိုယ်လုံး အကြေးခွံများဖြင့် ဖုံးလွှမ်းထားသဖြင့် ထူးခြားသောသတ္တဝါဖြစ်နေပြီး ၎င်း၏ ပြင်ပအသွင်အပြင်မှာ ကောင်းကျိုးထက် ဆိုးကျိုးပေးနိုင်မည့်ပုံပေါက်နေသည်။ သို့ရာတွင်၎င်းတို့၏အကြေးခွံသည် အ ရေပြားရောဂါများအတွက် တိုင်းရင်းဆေး ရာဆေးဖော်စပ်ရာတွင်အသုံးဝင်ပြီး ၎င်း တို့၏အသားအားအရသာရှိသည်ဟုယူဆ သောတရုတ်နိုင်ငံတွင်အသားတစ်ပေါင် လျှင်ဒေါ်လာ(၁၅၀)တန်ကြေးရှိနေသည်။

ထိုထက်ပို၍ဆိုးသည်မှာ သင်းခွေ ချပ်များသည်မျိုးတုံးပျောက်ကွယ်မည် ကိုစိုးရိမ်ရသော သတ္တဝါများ၏ဖော်ပြခံရ သည့်ပုံများတွင် တွေ့မြင်ရသောဆင်၊ ကျားစသည့်သားပေါက်များကဲ့သို့ပွဲ့ဖက် ချင်စရာမကောင်းသဖြင့် လူအများက သင်းခွေချပ်များအား အာရုံစူးစိုက်မှု နည်းပါးကြခြင်းလည်းဖြစ်သည်။

သင်းခွေချပ်များသည်လူအများက ၎င်းတို့အကြောင်းမသိရှိသေးမီတွင်ပင် မျိုးတုံးပျောက်ကွယ်သွားမည့်အန္တရာယ် နှင့် ရင်ဆိုင်နေရကြောင်း ဗြိတိန်မင်းသား ဝီလျံကပြောကြားလိုက်ပြီး မင်းသား၏ ပြောကြားချက်က ထိုသတ္တဝါများအား အထောက်အကူမဖြစ်စေပါကတိရစ္ဆာန် ချစ်သည့်အခြားအဖွဲ့အစည်းတစ်ခုဖြစ် သောပို့ခ်မွန်အဖွဲ့ကသင်းခွေချပ်များအား လူအများအာရုံစိုက်လာအောင်ဆောင်ရွက် သွားမည်ဖြစ်ကြောင်းလည်းသိရှိရသည်။

ဥက္ကာအောင် Source:AsiaOne




"စွန့်လွှတ်စွန့်စားတဲ့စိတ်နဲ့ အသက်ပေးဆပ်ခဲ့သူတွေရဲ့နောက်ဆုံးနားခိုရာနေရာလေးမှာ အညတရစစ်သည် ဗိမာန်ရယ်လို့ကဗ္ဗည်းထိုးရက်လေသလား...."

"အမွန်မြတ်ဆုံး စွန့်လွှတ်သူတို့ရဲ့ ဂူဗိမာန်လိုမျိုး၊ သူရဲကောင်းတို့နားခိုရာနေရာလိုမျိုး--စသဖြင့် ရင်ထဲအသည်းထဲထိသွားစေမယ့် ကဗ္ဗည်းစာသားမျိုးကိုတော့ရေးထိုးသင့်တာပေါ့..."




## နိုင် / ကျဉ်း၃၀၀ခန့်ရှိပြီးအများစုမှာကျန်းမာရေးချို့ယွင်းနေကြပြီးဆေးကုသခွင့်ကောင်းစွာမရရှိ

စာ-၁၁ သို့

## ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် အုပ်ချုပ်ခွင့်ကိုလက်မခံပါက ပဋိပက္ခများရပ်တန့်မည်မဟုတ်

စာ-၅ သို့

## အမျိုးသားရင်ကြားစေ့ရေး လေးနက်ထိရောက်သော မူဘောင်ချမှတ် ဆောင်ရွက်သင့်ပြီ

စာ-၁၀ သို့

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၏ အပြောနှင့်အလုပ် အမြဲထုတ်သော်

စာ-၁၉ သို့

"ဒေါ်လာရှစ်သိန်းခွဲလောက် သွားမြင်နေလို့မရဘူး။ ပိုဒက်စ်တာအဖွဲ့ကို ငှားတယ်ဆိုတာက အရေးကြီးတယ်။ ဒီလောက်တော့ပေးရမှာပဲ။ ကိုယ်မှသွားလုပ်လို့မရတာ။ ဥပမာပေးရရင်ဘာနဲ့တူလဲဆိုတော့ထောင်ထဲကမိတ်ဆွေတစ်ယောက်ဆီမိသားစုကိုစွစာတစ်စောင်ပို့ချင်တယ်ဆိုရင် ထောင်ဝါဒါကိုမုန့်ဖိုးပေးရသလိုပါပဲ။ ကိုယ်မှသွားလို့မရတာ . . .အစိုးရနဲ့ အာဏာရပါတီနာမည်ကောင်းရဖို့အတွက်ဆိုတဲ့စကားလုံးကြီးကတော့ဉာဏ်နည်းတဲ့သူတွေသုံးသပ်ချက်ပဲ။ ဒီလော်ဘီကြောင့်အစိုးရကိုအမြင်ကြည်လင်စေတယ်ထားဦး၊ အစိုးရအပေါ်အမြင်ကြည်လင်မှတော့ အဲဒီတိုင်းပြည်လည်း ကောင်းပြီပေါ့။ ဒီလိုတွေးရမယ်..." စာ-၉သို့



"တချို့အချက်အလက်တွေမှာတော့နိုင်ငံရေးသမားတွေအနေနဲ့မပေါ့ဆသင့်ဘူးလို့မြင်ပါတယ်။ ဒီကနေ့လက်ရှိ တိုင်းပြည်မှာဖြစ်ပျက်နေတဲ့အခြေအနေအရပ်ရပ်သည် တကယ်ကိုဒီမိုကရေစီနိုင်ငံအဖြစ်ပြောင်းလဲလိုတဲ့ဆန္ဒရှိသော မရှိသောဆိုတာသိနိုင်ပါလိမ့်မယ်။ ဒါကိုလည်းနိုင်ငံတကာသိအောင်ပြောဆိုရှင်းပြဖို့လိုပါတယ်။ တစ်ဖက်ကတော့အစိုးရအနေနဲ့ဒေါ်လာရှစ်သိန်းမကလို့သန်းနဲ့ချီပြီးတော့ပဲအကုန်အကျခံခံ ကိုယ့်နိုင်ငံအတွက် တကယ်ပြုပြင်ပြောင်းလဲလိုတဲ့ဆန္ဒရှိတယ်ဆိုရင်အခုလိုကုမ္ပဏီတွေမငှားဘဲပြည်သူလူထုလက်ခံနိုင်အောင် တကယ်လုပ်ပြ ဖို့ပဲလိုပါတယ်..." စာ-၃၃သို့

